
www.burmeseclassic.com

# နှစ်တစ်ရာ
# ကမ္ဘာ့စုံထောက်ဝတ္ထုတိုများ [၃]

မြသန်းတင့်

ဒုတိယအကြိမ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

*မာတိကာ*


၁။ သူ့နယ်လား ကိုယ့်နယ်လား

၂။ အမေပျောက်မှု

၃။ မိန်းမဟူသည် ယစ်မျိုးရည်သို့

၄။ လုပ်ကြံမှုလော မတော်တဆလော

၅။ လည်သူစားတမ်း

၆။ စတုရန်းမယ်ဂျိန်း

၇။ ဇာတ်လိုက်မင်းသား အရှုပ်တော်ပုံ

၈။ အရိပ်မသိ အရောင်မသိ


www.burmeseclassic.com

www.burmeseclassic.com

## ၁။ သူ့နယ်လားကိုယ့်နယ်လား

ဇတ်ဆောင်စုံထောက် — အဲလဇတ်ကင်ပီယန်

စတင်ပေါ်ပေါက်သည့်နှစ် — ၁၉၂၈ ခုနှစ်

(အင်္ဂလိပ်စာရေးဆရာ မာဂျရီအယ်လင်ဟမ်၏ ဝတ္ထုတိုတစ်ပုဒ် ဖြစ်၍ ဇာတ်ဆောင်စုံထောက်မှာ အဲလဇတ် ကင်ပီရန် ဖြစ်သည်။ စုံထောက် ဝတ္ထုတိုကောင်း တစ်ပုဒ်ဖြစ်သည်ဟု ဆိုကြသည်။)

ထိုနေ့ညက လန်ဒန်တွင် အလွန်ပူအိုက်သည်။ မြို့ထဲရှိ ကျွန်တော်တို့ ပန်းချီစတူဒီယို အမိုးမှ ကောင်းကင်ပေါက်ကြီးကို ဖွင့်အိပ်ရ၏။ ကြပ်ခိုးတွေအောက်သို့ လွင့်ကျလာသည့်တိုင် လေရလျှင် တော်ပြီဟု သဘောထားကာ အမိုးကောင်းကင်ပေါက်ကို ဖွင့်ရခြင်း ဖြစ်သည်။ လန်ဒန်မြို့ တစ်မြို့လုံး အိုက်စပ်စပ်ကြီးဖြစ်လျှက် ရှိသဖြင့် တော်တော်နှင့် မအိပ်နိုင်ကြ။

အစောထုတ် ညနေပိုင်း သတင်းစာများတွင် လူသတ်မှုအကြောင်း ပါပြီးပြီ။ ညနေသုံးနာရီ သတင်းစာ ရောက်လာကတည်းက ထိုအကြောင်းကို ကျွန်တော် ဖတ်ပြီးပြီ။ ကျွန်တော်သည် သတင်းစာကို ပျင်းပျင်းရိရိ ဖတ်နေ၏။ မျက်ခွံတွေလေးပြီး အိပ်ချင်နေသဖြင့် ပုံနှိပ်စာလုံး များသည် ဝိုးတိုးဝါးတား ဖြစ်နေကြ၏။

အဖြစ်အပျက်က ထူးထူးဆန်းဆန်း မဟုတ်။ ခပ်ရိုးရိုးဟု ကျွန်တော် ထင်သည်။ တစ်ဝက် လောက် ဖတ်ပြီးသည့်အခါတွင်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် သတင်းစာကို အဲလဗတ်ကင်ပီရန်ထံသို့ ပစ်ပေးလိုက်သည်။

အဲလဗတ်ကင်ပီရန်သည် နေ့လည်စာစားရန် ပြန်လာရင်း အပူရှိန်ပြင်းသဖြင့် ချောင်ထဲတွင် ငြိမ်၍ထိုင်နေ၏။ မျက်မှန်နောက်မှ သူ့မျက်လုံးများက မျက်တောင် တဖျတ်ဖျတ်ခတ်နေကြသည်။

သတင်းစာများက ထိုလူသတ်မှုကို (ကိုးကုတ် သေနတ်ပစ်မှု) ဟု ခေါင်းတပ်ကြသည်။

အချက်အလက်များ ကလည်း ရှင်းသည်။

ထိုနေ့ နံနက်စောစော တစ်နာရီလောက်တွင် လန်ဒန်မြို့ အရှေ့မြောက်ပိုင်း ဗက်ကေး ရှင်းလမ်း တစ်လျှောက်တွင် တာဝန်ကျနေသည့် ပုလိပ် တစ်ယောက်သည် လူတစ်ယောက် ဒယီးဒယိုင်ဖြင့် လျှောက်လာကာ လမ်းပေါ်တွင် လဲကျသွားသည်ကို မြင်လိုက်ရ၏။ ထိုညမှာ ပူအိုက်သည့်အတွက် အပူရှိန်ကြောင့် မူးမေ့လဲကျသွားခြင်း ဖြစ်သည်ဟု ထင်သဖြင့် တာဝန်ကျ ပုလိပ်သားသည် ထိုလူ၏ လည်စည်းကို ဖြုတ်ပေးပြီးနောက် သူနာတင် ကားတစ်စီးကို လှမ်းခေါ်လိုက်သည်။

သို့ရာတွင် သူနာတင်ကား ရောက်လာသည့် အခါတွင်မူ ထိုလူမှာ အသက်မရှိ တော့သည့် အတွက် အလောင်းကို ရင်ခွဲရုံသို့ ယူသွား၏။ ပခုံး ညှပ်ရိုးနှစ်ဖက်ကြားတွင် သေနတ်မှန်၍ သေဆုံးသွားခြင်းဖြစ်၏။

ကျည်ဆံသည် ကိုယ်တွင်းသို့ ဝင်သွားကာ လက်ဝဲဘက် အဆုတ်ကို ဖောက်ထွက်သွား၏။ ထို့နောက် နှလုံးကို ဖြတ်သွားကာ ခန္ဓာကိုယ် ရင်ရိုးကြားထဲတွင် ညပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် ပုလိပ်မှာ ဘာသံမျှ မကြားရသဖြင့် အသံတိတ် ကိရိယာတပ်ထားသော သေနတ်ဖြင့် ခပ်လှမ်းလှမ်းမှနေ၍ ပစ်ခြင်း ဖြစ်သည်ဟု ယူဆစရာ ဖြစ်နေ၏။

အဲလဗတ် ကင်ပီရန်သည် ထိုသတင်းကို ဖတ်နေသည့်တိုင် စိတ်ဝင်စားခြင်း မရှိလှ။ ပူလောင် အိုက်စပ် နေရသည့်အထဲတွင် အဖြစ်အပျက် ကလည်း ဘာမျှ ထူးထူးခြားခြားမရှိ။ ကင်ပီရန်သည် ကြမ်းပေါ်တွင် ခြေဆင်းထိုင်ရင်း သတင်းစာကို စိတ်မပါ့တပါနှင့် ဖတ်နေသည်။

'ဒီလိုပဲ သေနေကြတာပါဗျာ၊ သိပ်မဆန်းတော့ပါဘူး'

ဟု ပြောကာ အတန်ကြာ တိတ်ဆိတ်နေ၏။ ထို့နောက်မှ

'အလို နေရာကတော့ တကယ့် နေရာပဲဗျို့၊ ဗက်ကေးရှင်းလမ်း ဆိုပါကလား၊ မာဂျရီ၊ ခင်ဗျားကော အဲဒီလမ်းကို ရောက်ဖူးသလား'

ကျွန်တော်က သူ့အမေးကို မဖြေ။ လူတစ်ယောက် သေသွားသည့် အတွက် စိတ်မကောင်း ဖြစ်နေသည်။

ခဏကြာလျှင် စတန်စလောအုတ် ရောက်လာကာ ထိုအမှုနှင့် ပတ်သက်၍ အသေးစိတ် ပြောပြသည်။ အုတ်သည် ညနေ လေးနာရီ လောက်တွင် ကင်ပီယန်ကို လာရှာခြင်းဖြစ်၏။ ထိုစဉ်က အုတ်မှာ စုံထောက် အင်စပက်တော်ဖြစ်ပြီး အရေးအကြောင်းရှိလျှင် ကင်ပီယန် ဆီသို့ လာ၍ တိုင်ပင်လေ့ရှိသည်။ သူတို့နှစ်ယောက် ဆက်ဆံရေးမှာ တော်တော် ထူးဆန်းသည့် ဆက်ဆံရေးဖြစ်၏။ ကင်ပီယန်သည် အပျော်တမ်း အလွတ်စုံထောက်ဖြစ်ပြီး အုတ်မှာ ဝါရင့် စုံထောက် အင်စပက်တော်ကြီး ဖြစ်သည့်တိုင် သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် လေးစားစွာ ဆက်ဆံလေ့ ရှိကြ၏။

www.burmeseclassic.com

www.burmeseclassic.com

အုတ်သည် အရေးတကြီးဖြင့် ပေါက်လာ၏။

'ခင်ဗျား အနားတင် ဖြစ်တဲ့အမှုပဲဗျ၊ အမှုကတော့ တော်တော် ထူးဆန်းတဲ့ အမှု'

ဟု ဆိုကာ အုတ်သည် ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

သူတို့ နှစ်ယောက်သည် အပူရှိန်ကြောင့် စကားမပြောနိုင်ကြသေးဘဲ အတန်ကြာမျှ တိတ်ဆိတ်စွာ ထိုင်နေကြသည်။ အုတ်က

'အမှုက အောက်တန်းစား ရာဇဝတ်မှုပါဗျာ၊ လူဆိုးဂိုဏ်းချင်း ပစ်ကြခတ်ကြတာ၊ ခင်ဗျားတို့ ကတော့ စိတ်ဝင်စားချင်မှ ဝင်စားမှာပဲ၊ ဒါပေမယ့် ကျွန်တော့အဖို့တော့ စိတ်မဝင်စားလို့ မဖြစ်ဘူးဗျ။ ပထမအကြောင်းက လူသတ်သွားတယ်လို့ အစွဲခံရတဲ့သူဟာ ဒီလို လုပ်မယ့် လူစားမျိုး မဟုတ်ဘူး။ ဒုတိယ အကြောင်းကတော့ ကောင်မလေးနဲ့ ပတ်သက်လို့ ကျွန်တော် တွက်တာ မှားသွားတယ်။ ဒီနှစ်ချက်ကြောင့် ဒီအမှုကို ကျွန်တော် စိတ်ဝင်စားတာ'

'ဟောဒီ ကောင်မလေးတွေဟာ ဒီအတိုင်းချည်းပဲဗျာ။ ဘယ်တော့မှ စိတ်မချရဘူး'

အုတ်က ဂျိုးဆက်ဖင်းဆိုသည့် မိန်းကလေး တစ်ယောက် အကြောင်းကို ပြောပြ၏။

ကျွန်တော် ကိုယ်တိုင်မှာမူ သူပြောသည့် မိန်းကလေးကို တစ်ခါမှ မမြင်ဘူးပါ။ ကျွန်တော်တို့ နှစ်ယောက်သည် အင်စပက်တော် အုတ် ပြောသည့် စကားများကိုသာ နားထောင်နေကြသည်။

အုတ်၏ အပြောအရ ဂျိုးဆက်ဖင်းဆိုသည့် မိန်းကလေးမှာ ဒိုနိုဗန်ဆိုသည့် ခေါင်းတစ်ယောက်၏ အိမ်မှ မိန်းကလေးတစ်ယောက် ဖြစ်ကြောင်းသိရ၏။ ခပ်ပိန်ပိန်၊ ရင်ပြားပြား၊ ခပ်ပင်နက်နက် ၊ မျက်နှာ

www.burmeseclassic.com

ရှည်ရှည်နှင့် ဖြစ်သည်။ အဝတ်အစားဝတ်လျှင် ဇာအင်္ကျီ များကို ဝတ်တတ်ပြီး ရွှေကြိုး၊ ရွှေလက်ဝါးကပ်တိုင်၊ ရွှေရင်ထိုး စသည်တို့ကို ဝတ်လေ့ရှိ၏။ အသက်မှာ နှစ်ဆယ်ခန့် ရှိလေပြီ။

ဒိုနိုဗန်မှာ အသက် သုံးဆယ့်ငါးနှစ်ခန့်ရှိပြီး ထောင်လည်း ဆယ်နှစ်ကျခဲ့ဖူးသည်။

'လုယက်မှုနဲ့ ထောင်ဆယ်နှစ် ကျဖူးတယ်ဗျာ။ သူလွတ်လာလို့ ကောင်မလေးနဲ့ တွေ့တော့ ကောင်မလေးက ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်။ အဲဒီကတည်းက ကောင်မလေးကို အပိုင် သိမ်းထား လိုက်တာပဲ'

ကျွန်တော်တို့သည် သူ့စကားများကို စိတ်ဝင်စားစွာ နားထောင် နေကြသည်။

ထိုစဉ်က အုတ်က ဂျွန်နီဂီးလ်ချစ် အကြောင်းကို ဆက်ပြော၏။ ဂျွန်နီမှာ သေသူ၏ အမည်ဖြစ်၏။ သူ့အဆိုအရ ဂျွန်နီနှင့် ဂျိုးဆက်ဖင်းတို့ နှစ်ယောက် ချစ်နေကြကြောင်းဖြင့် ပြောပြသည်။

'ကျွန်တော်လည်း ဒီလောက်စိတ်ကူးယဉ် တတ်တဲ့လူ တစ်ယောက် မဟုတ်ပါဘူးဗျာ။ ဒါပေမဲ့ သူတို့နှစ်ယောက်ရဲ့ အချစ်ကို ကြည့်ပြီး အချစ်ဆိုတာ တော်တော် တန်ခိုး စွမ်းပကားကြီးတဲ့ အရာ ပါလား ဆိုတာ သဘောပေါက်သွားတယ်'

အင်စပက်တော် အုတ်သည် စကားကို ဖြတ်၍ ပြုံးလိုက်ရင်း

'မိန်းမစိတ်များ ဘယ်လောက် ဆန်းကျယ်သလဲဆိုရင် သူနဲ့ ကြိုက်နေတဲ့ ဂျွန်နီ သေသွားတာကိုတော့ ရင်ခွဲရုံအထိ အလောင်းကို လာကြည့်တယ် ။ ဒါပေမဲ့ ဂျွန်နီကို သတ်တဲ့ လူသတ်သမားကျတော့ အဲဒီအချိန်တုန်းက လူသတ်သမားဟာ ဒီမှာမရှိပါဘူးလို့ ပြောပြီး

www.burmeseclassic.com

www.burmeseclassic.com

လူသတ်သမားကို အကာအကွယ် ပေးပြန်သဗျ၊ ထားပါလေ၊ သူ့သက်သေ ထွက်ချက်က ဒီလောက် အရေးမကြီးဘူးပဲ ထားပါ၊ ကျွန်တော် ပြောချင်တာက မိန်းမတွေ စိတ်ဆန်းကျယ်ပုံကို ပြောတာပါ'

ကင်ပီယန်က စိတ်ဝင်စားစ ပြုလာကာ

'အသေးစိတ် ကလေးတွေ ပြောပြစမ်းပါဦး၊ ကျွန်တော်တို့က ညနေ သတင်းစာကိုပဲ ဖတ်ရသေးတယ်၊ ညနေထုတ်ထဲမှာ သိပ်စုံစုံ လင်လင် မပါဘူး'

အင်စပက်တော် အုတ်က သူ့ကို စိတ်ပျက်လက်ပျက်ဖြင့် လှမ်းကြည့်လိုက်ရင်း

'ဒီအကြောင်းကို ပြောရတာ တော်တော် စိတ်ပျက်စရာ ကောင်းတယ်ဗျာ၊ အဖြစ်အပျက်က ဘာမှ မဆန်းပါဘူး၊ ဒါပေမယ့် မဆန်းပဲနဲ့ ခက်နေတာ။ ဒါကြောင့် ခင်ဗျားဆီကို ကျွန်တော်လာခဲ့တာ၊ ကျွန်တော်နဲ့ အတူလိုက်ပြီး အခင်းဖြစ်တဲ့ နေရာကို ကြည့်နိုင်မလား'

အပူရှိန် ပြင်းလွန်းသည့်အတွက် အားလုံးငြိမ်သက် နေကြသည်။ အင်စပက်တော် အုတ်သည် မြေဖြူတစ်ချောင်းကို ကောက်ကိုင်ကာ ကိုယ်ဟန်ပြမယ် ထိုင်လေ့ရှိသည့် ကုလားထိုင်ပေါ်တွင် ကောက်ချစ်ပြ လိုက်သည်။

'ဟောဒါက ဗက်ကေးရှင်းလမ်းဗျ။ အလျားကတော့ တစ်မိုင်နီးပါး လောက် ရှိမယ်။ အဲဒီလမ်းမ တစ်ဝိုက်မှာ ကုန်လှောင်ရုံကြီးတွေပဲ ရှိတယ်။ ခု ကျွန်တော်ဆွဲပြတဲ့ နေရာက သဲတွေ ထည့်ထားတဲ့ပုံးကြီး၊ အဲဒီ သဲပုံးကြီးဟာ ပုလိပ်နှစ်ယောက် တာဝန်ကျတဲ့ ရပ်ကွက်နှစ်ခုကို ပိုင်းထားတဲ့နေရာဗျ။ သဲပုံးရဲ့ ဒီဘက်မှာ ပုလိပ်တစ်ယောက်၊ ဟိုဘက်မှာ ပုလိပ်တစ်ယောက်၊ အဲဒီ သဲပုံးက နေပြီး လက်ဝဲဘက်ကို

www.burmeseclassic.com

www.burmeseclassic.com

ဆယ်ကိုက်လောက် သွားလိုက်ရင် မီးသွေးကျင်းလမ်းကို ရောက်တယ်၊ မီးသွေးကျင်းလမ်း ဆိုတာက တစ်ဘက်ပိတ် လမ်းကြားကလေး၊ လမ်းဘေး တစ်ဘက်တစ်ချက်မှာ ကုန်လှောင် ရုံကြီးတွေရဲ့ နောက်ကျောရှိတယ်။ အဲဒီ လမ်းထိပ်အဆုံးမှာ လက်ဖက်ရည် ဆိုင်ကလေး တစ်ဆိုင်ရှိတယ်၊ လက်ဖက်ရည်ဆိုင်က အလင်းဆိုင်ဗျ၊ အဲဒီနားမှာ စာပုံနှိပ်တိုက်ကြီး နှစ်တိုက်လောက် ရှိတယ်ဗျ။ အဲဒီက အလုပ်သမားတွေ လာလာပြီး လက်ဖက်ရည် သောက်ကြတယ်။ လက်ဖက်ရည် ဆိုင်ကတော့ တရားဝင် ဗန်းပြထားတဲ့ အလုပ်ပေါ့လေ၊ အမှန်ကတော့ လက်ဖက်ရည်ဆိုင်ဟာ ဒိုနိုဗန်ရဲ့ ဌာနချုပ်ဗျ၊ သူ့ဒုစရိုက်ဌာနချုပ်၊ ဂျိုးဇက်ဖင်းက အဲဒီဆိုင်မှာ ဆိုင်ထိုင်ရတာဗျ၊ ကောင်မလေး ခမျာမှာ တစ်နေ့လုံး ဆိုင်ထိုင်ရတာဗျ၊ သူ့ကို ကြည့်လိုက်ရင် အဲဒီမှာချည်းပဲ အမြဲတမ်း ၄တ်တုတ် တွေ့ရတယ်။’

အုတ်က စကားရပ်လိုက်၏။ ကျွန်တော်သည် သူပြောသည့် စကားများကို နားထောင်ရင်း ပူလောင် အိုက်စပ်သည့် ညဥ့်ကိုပင် မေ့လျော့သွားကာ သူပြောသည့် ဆိုင်ထိုင်ကောင်မလေး ဂျိုးဇက်ဖင်းကို မြင်ယောင်နေသည်။ ခဏကြာလျှင် အင်စပက်တော် အုတ်သည် စကားကို ဆက်ပြောနေသည်။

‘အဲဒီ လက်ဖက်ရည်ဆိုင်မှာ အပေါ်ထပ် ထပ်ခိုးကလေး တစ်ခုရှိတယ်ဗျ၊ ဒုတိယထပ်မှာ ဆိုပါတော့၊ အဲဒီ ကျွန်တော်တို့ မိတ်ဆွေကြီး ဒိုနိုဗန်က ညနေဆိုရင် အဲဒီမှာ စခန်းချတယ်။ သူ့မှာလည်း သူ့အပေါင်းအသင်းနဲ့ သူဆိုပါတော့လေ၊ ဒီတော့ သူ့ကို ကျွန်တော်တို့ အလစ် ဝင်ဖမ်းရမှာပဲ’

www.burmeseclassic.com

www.burmeseclassic.com

အင်စပက်တော် အုတ်သည် သူဆွဲထားသည့် ပုံကြမ်းကို ငုံ့ကြည့်နေ၏။ ထို့နောက် သဲပုံးလုပ်ထားသည့် ခုံနှင့် တစ်ပေအကွာ တွင် ရပ်လိုက်ပြီးလျှင် မြေဖြူနှင့် ဝိုင်းပြလိုက်ကာ

'ဂျွန်နီ သေနေတဲ့နေရာက ဒီနားတစ်ဝိုက်မှာဗျ။ ပုလိပ်က ဒီနေရာ တည့်တည့်မှာ ရှိနေတယ်။ အဲဒီကနေပြီး ဂျွန်နီဟာ လမ်းဓါတ်မီးတိုင် နားရောက်တော့ ယိုင်တီးယိုင်တိုင် ဖြစ်ပြီး လဲကျသွားတာကို မြင်လိုက်ရတယ်။ ဒါနဲ့ သူက ဟိုဘက်ရပ်ကွက်ထဲမှာ ရပ်နေတဲ့ ပုလိပ်ကို လှမ်းခေါ်ပြီး သူနာပြုကား တစ်စီးကို ခေါ်လိုက်တယ်။ ဒီအထိတော့ ပြဿနာ ဘာမှ မရှိသေးပါဘူး။ လွယ်ပါတယ်။ ဒါပေမဲ့ စဉ်းစားစရာ တစ်ချက်ရှိတယ်။ ပထမတစ်ချက် စပစ်လိုက်တုန်းက ဒိုနိုဗန်ဟာ ဘယ်ရောက်နေသလဲ။ ဘယ်နားကနေပြီး ပစ်တာလဲ ဆိုတဲ့အချက်ပဲ။ အဲဒီအချိန်တုန်းက လမ်းထဲမှာ ပုလိပ်နှစ်ယောက် ရှိနေတယ်နော်။ ဒါကို ခင်ဗျား သတိထားပါ။ သေနတ်ပစ်မှု စဖြစ်တဲ့ အချိန်တုန်းက နဲဗားစထရိလမ်းက ပုလိပ်တစ်ယောက်က ကုန်လှောင်ရုံ ကိုပတ်ပြီး ပတ်တရောင် လှည့်နေတယ်။ ဒါပေမဲ့ ဖိလစ်ကုတ်လမ်းက ပုလိပ်ကတော့ အနားတစ်ဝိုက်မှာ ရှိနေတယ်။ အချင်းဖြစ်တဲ့နေရာနဲ့ ကိုက်လေးဆယ် လောက်ပဲဝေးတယ်။ ဂျွန်နီ လဲကျသွားတာကို သူပဲ မြင်လိုက်တာပဲ။ ဒါပေမယ့် သေနတ်သံတို့ ဘာတို့တော့ မကြားလိုက် ရဘူးတဲ့၊ ကဲ ဒီတော့ ကျွန်တော်သိချင်တာက သေနတ်ကို ဘယ်က ပစ်လိုက်တာလဲ၊ လမ်းတစ်ခု လုံးမှာလဲ ပုန်းကွယ်ရာဆိုလို့ တစ်နေရာမှ မရှိဘူး။'

'ဒိုနိုဗန်ဟာ လက်ဖက်ရည်ဆိုင်ထဲက ဘယ်တုန်းက ထွက်လာတာ လဲ။ ဘယ်လို ထွက်လာခဲ့သလဲ။ ပြီးတော့ ဘယ်လိုလုပ်ပြီး လက်ဖက်

www.burmeseclassic.com

www.burmeseclassic.com

ရည်ဆိုင်ထဲကို ပြန်ရောက်သွားတာလဲ၊ လမ်းဘေး တစ်ဖက် တစ်ချက်မှာရှိတဲ့ ကုန်လှောင်ရုံ နံရံကြီးတွေက ကွန်ကရစ်နံရံ အထူကြီးတွေ ဗျ၊ ဘေးကနေ တွယ်ပြီး တက်လာလို့လဲ မရဘူး။ အမိုးပေါ်က တက်လာဖို့ဆိုတာကလည်း မဖြစ်နိုင်ဘူး။ ကုန်လှောင်ရုံ အမိုး ကြီးတွေက အမြင့်ကြီးတွေ။ လက်ဖက်ရည်ဆိုင်က အသက်ကယ်လှေ ကလေးလို ဖြစ်နေပြီး ကုန်လှောင်ရုံကြီးတွေက ပင်လယ်ကူး သင်္ဘောကြီးတွေလို ဆိုတော့ ဘယ့်နှယ်လုပ်ပြီး ဂျွန်နီကို သေနတ်နဲ့ ပစ်သလဲဆိုတဲ့ အချက်ပဲ။ ဒါကို ကျွန်တော် စဉ်းစားလို့ မရဘူး'

'ဒါကတော့ သူပစ်တာ မဟုတ်ဘူးလို့ပဲ တွေးစရာ ရှိတော့တာပေါ့ဗျ'

ဟု ကျွန်တော်က ပြောလိုက်၏။ အုတ်သည် ကျွန်တော့်ကို သနားသလို လှမ်းကြည့်လိုက်ကာ

'ဒိုနိုဗန်ကို ကျွန်တော် ကောင်းကောင်းသိတာပေါ့၊ အင်္ဂလိပ်လူမျိုးထဲမှာ သေနတ် ကိုင်တာဆိုလို့ သူတစ်ယောက်ပဲရှိတယ်။ ဒိုနိုဗန်ဟာ နယူးယောက်မှာ သူ့ ဂိုဏ်းသားတွေနဲ့အတူ ထောင်ငါးနှစ်ကျခဲ့ဘူးတယ်။ အဲဒီလို အမှုတစ်ခု ကျူးလွန်ခဲ့တယ်ဆိုရင် ဒိုနိုဗန်ဟာ တော်တော်လေး ငြိမ်ကျသွားပြီး ဘာမှလည်း ကောင်းကောင်းမွန်မွန် မလုပ်တော့ဘူးတဲ့၊ ဂျွန်နီက သူ့ဂိုဏ်းသားတွေ ထဲက တစ်ယောက်လေ။ ဒီတုန်းမှာ ဂျွန်နီက ကောင်မလေးနဲ့ ဖြစ်နေရော၊ ဖြစ်ရုံတင် မကဘူး၊ ဂိုဏ်းကိုလည်း ကလန်ကဆန် လုပ်လာတာကိုး၊ ဒီတော့ ဒိုနိုဗန်ဘက်က နေပြီးကြည့်ရင် သူ့မှာ နှစ်ထပ်ကွမ်း အရှော်ကားခံရသလို ဖြစ်နေတာပေါ့၊ ကောင်မလေးကိုလည်း အလုခံ လိုက်ရသေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com

သစ္စာဖောက်တာ ကိုလည်း ခံလိုက်ရ သေးတယ်ဆိုတော့ နာမယ် ဆိုလည်း နာစရာပေါ့’

အုတ်က ခဏာရပ်၍ ပြုံးလိုက်သည်။

‘ဒီတော့ ဒိုနိုဗန်ဘက်ကနေပြီး ကြည့်မယ်ဆိုရင် ဂွန်နီကို အပြတ်ရှင်းရမှာပဲ။ မရှင်းဘဲ နေလို့မဖြစ်ဘူး။ ခုရှင်းမလား နောင် ရှင်းမလား၊ အချိန်ကိုပဲ ရွေးရမှာပဲ။ သူ့ဂိုဏ်းသားတွေ အားလုံး ကလည်း ဂွန်နီကို ရှင်းမယ်လို့ မျှော်လင့် နေကြတယ်။ ဒီပြင်ဂိုဏ်းတွေ ကလည်း ဂွန်နီ့ ကိစ္စကို သူဘယ်လို ဖြေရှင်းမလဲဆိုတာ စောင့်ကြည့် နေကြတယ်။ ဒိုနိုဗန်ကလည်း ဂွန်နီဆိုတဲ့ ကောင် နောက်တစ်ခါ ဆိုင်ထဲကို လာရဲလာကြည့်၊ အဲဒီအခေါက်ဟာ ဆိုင်ကို သူနောက်ဆုံး လာတာ ဖြစ်စေရမယ်လို့ ကြိမ်းထားတယ်။ ဒါနဲ့ မနေ့ညဉ့် တုန်းက တော့ ဂွန်နီကလည်း ရောက်လာတယ်။ ဂွန်နီကို မြင်တော့ ကောင်မလေးက မြန်မြန် ထွက်သွားဖို့ပြောတယ်။ ဒီတင် ဂွန်နီလည်း လမ်းကြား လေးထဲက ပြန်ထွက်လာခဲ့တယ်။ လမ်းချိုးရောက်တော့ ကွေ့ပြီး လမ်းမအတိုင်း လျှောက်လာခဲ့တယ်။ အဲဒီလို လျှောက်လာ တုန်းမှာ ဒိုနိုဗန်က ပစ်သတ်လိုက်တာပဲ။ ဒီမှာ ကင်ပီယန် တစ်ခြား နည်းဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဒီနည်းပဲ ဖြစ်ရမယ်။ ဆရာဝန် ကတော့ ပွဲခြင်းပြီးသေတာ ဖြစ်ရမယ်တဲ့။ သေသူ ဟာ ကျည်ဆံမှန်ပြီး သုံးလေးလှမ်း အပြင် မလျှောက်နိုင်တော့ပဲ လဲကျ သွားတာတဲ့၊ နောက်ကျောတည့်တည့်ကို ကျည်ဆံ မှန်သွားတာတဲ့၊ သေနတ်ကျည်ဆံ ကို ကြည့်လိုက်တော့ ဒိုနိုဗန်ရဲ့ သေနတ်ကျည်ဆံပဲ၊ ထက်ထိတော့ သေနတ်ကို ရှာလို့ မတွေ့သေးဘူး။ ဒါပေမယ့် ကျွန်တော်တို့ လိုချင်နေတဲ့ သေနတ်မျိုး သူ့ဆီမှာ တစ်လက်ရှိမှာ သေချာပါတယ်။ ခု

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့မှာ အရေးအကြီးဆုံး သက်သေ အထောက်အထား လိုနေတယ်။ ဒိုနိုဗန်ဟာ ဘယ်နေရာမှာ ရပ်နေပြီး ဘယ်လို ပစ်လိုက်သလဲ ဆိုတာကို ကျွန်တော်တို့ သက်သေ ခိုင်ခိုင် လုံလုံ ရပြီ ဆိုရင် ဒိုနိုဗန်ကို ကျွန်တော်တို့ ကောက်ဖမ်းလိုက်ရုံပဲ ရှိတော့တယ်'

ကင်ပီယန်သည် သူ့ကို လှမ်းကြည့်လိုက်၏။ မျက်မှန်နောက်မှ မျက်လုံးများသည် တစ်စုံ တစ်ရာကို လေးနက်စွာ တွေးတောသည့်ဟန် ပေါ်နေသည်။

'ဒီအချိန်မှာ ဒိုနိုဗန်မရှိဘူး၊ တခြားကို သွားနေတယ်လို့ တွက် သလား'

အုတ်က ပုခုံးကို တွန့်လိုက်ရင်း

'ဟင့်အင်း၊ ဒိုနိုဗန်ဟာ တစ်ချိန်လုံး အပေါ်ထပ်က အခန်းလေး ထဲမှာ ရှိနေတယ်။ ဘယ်ကိုမှ မသွားဘူးလို့ ထွက်ထား တယ်။ ဒီအတိုင်းပဲ တလျှောက်လုံး ထွက်နေတယ်၊ သူ့ကို သတ်ဦး၊ ကောင်မလေးကတော့ ပြောင်းထွက်မှာ မဟုတ်ဘူး။ ဒီအတိုင်း ထွက်မှာပဲ၊ သေကာနီး သွားစစ် ရင်လည်း ဒီအတိုင်းပဲ ထွက်မှာပဲ၊ သူနဲ့ ကြိုက်တဲ့ငနဲက အသတ်ခံရလို့ ပူပူနွေးနွေးပဲ ရှိသေးတယ်၊ ကောင်မလေးက ဒီလို ထွက်ရက်တာတော့ အံ့သြလို့မဆုံးဘူးဗျာ၊ တကယ်ပဲ၊ အေးလေ၊ သူလည်း သူတို့ဂိုဏ်းရဲ့ သစ္စာကို စောင့်ရတာ ဖြစ်ချင်ဖြစ်မှာပေါ့။ အကြောင်းရှိလို့ ဖြစ်မှာပေါ့။ တစ်ခုတော့ ရှိတယ်ပေါ့ဗျာ၊ သူ့ကို ဘာမှ မမေးရသေးခင်မှာ သူက ဒိုနိုဗန်ဟာ တစ်ချိန်လုံး အပေါ်ထပ် အခန်းကလေးထဲက ဘယ်မှ မသွားပါဘူးလို့ ပြောတာကတော့ နည်းနည်း လွန်တာပေါ့'

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်လား၊ ခင်ဗျားတို့က မစစ်ဆေးသေးဘဲနဲ့ သူကိုယ်တိုင်က စပြီး ပြောတာလား'

ဟု ကင်ပီယန်က မေးလိုက်သည်။ အုတ်က ခေါင်းငြိမ့်ပြလိုက်၏။ သေးငယ်ပြာလဲ့သည့် သူ့မျက်လုံးများသည် တောက်ပလာကြသည်။

'အစစ်ခံတာမှ ဂတ်ထဲကို အပြေးအလွှား ရောက်လာပြီး အစစ်ခံတာ ခင်ဗျ။ ပြောတာမှ ဒီလိုဟာမျိုး ကျွန်တော်လည်း တွေ့ဖူးပါတယ်။ ဒီတစ်ခါတော့ တော်တော် နှလုံးနာတယ်ဗျာ။ ဒါနဲ့ ကျွန်တော်လည်း သူ့ကို အော်ငေါက်ပြီး သွား....... ရင်ခွဲရုံမှာရှိတဲ့ နင့်အကောင် အလောင်းကို သွားကြည့်ချည်ဦး၊ ကြည့်ပြီးမှ နင့်ထွက်ချက်ကို ပြန်အစစ်ခံလို့ ပြောလွှတ်လိုက်တယ်'

'ခင်ဗျားကလည်း ရက်စက်လိုက်တာဗျာ၊ ဒီတော့ ကောင်မလေးက ဘာပြန်ပြောသလဲ'

'အို.......ထုံးစံအတိုင်းပေါ့ဗျာ။ ငိုယိုနေတာပေါ့၊ ထားပါလေ၊ ဒါက ဒီလောက် စိတ်ဝင်စားစရာ မကောင်းပါဘူး။ ဂျိုးဇက်ဖင်းလို ကောင်မလေးတွေ ဘာလုပ်လုပ် မလုပ်လုပ် အရေးမကြီးပါဘူး။ သူလည်း သူတို့ကို ကာကွယ်ရမှာပေါ့။ သူက ဒီလောက် ပြောနေလို့လည်း ကျွန်တော်တို့ သူ့ကို စကားထဲ ထည့်ပြောနေရတာ။ နို့မို့ရင် ပြောစရာတောင် လိုမှာမဟုတ်ဘူး။ ကျွန်တော်တို့ အဖို့ အရေးကြီးတာက ဒိုနိုဗန်ပါ။ ခု ကျွန်တော် သိချင်တာက ဒိုနိုဗန်ဟာ ဘယ်ကနေပြီး ဘယ်လိုလုပ် ပစ်လိုက်သလဲ ဆိုတာပဲ သိချင်တယ်။'

တယ်လီဖုန်း မြည်လာသဖြင့် အုတ်က ကျွန်တော့ကို လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော့်ဆီကို လာတာထင်တယ်၊ ခဏနေအုံးဗျာ။ ကျွန်တော် နားထောင်ကြည့် လိုက်ဦးမယ်။ ဂုတ်စာသင်ကြီးကို ခင်ဗျား ဖုန်းနံပါတ် ပေးခဲ့တယ်။'

အုတ်သည် တယ်လီဖုန်းကို ကောက်၍ နားထောင်လိုက်သည်။

တယ်လီဖုန်းကို နားထောင်ရင်း သူ့မျက်နှာသည် ပြောင်းသွား၏။ ကျွန်တော်တို့ နှစ်ယောက်သည် သူ့ကို စောင့်ကြည့် နေကြ၏။ အတန်ကြာ နားထောင်နေပြီးနောက် အုတ်က

'အင်း ဟုတ်လား။ ဘာပဲဖြစ်ဖြစ် ကိစ္စရှိပါဘူးလေ။ ရပါတယ်။ ဟုတ်လား။ ဟင် ဘာဖြစ် လို့ဒီလို လုပ်တာလဲ၊ ဘာ၊ ဟုတ်လား၊ အင်း ငါထင်သားပဲ၊ ဟုတ်ပြီ၊ ဟုတ်ပြီ'

အုတ်၏ မျက်နှာသည် အကြီးအကျယ် အံ့အားသင့်ဟန်ကို ပြနေ၏။

ခပ်စောစောက သတင်းတစ်ခုကိုရ၍ တအံ့တသြ ဖြစ်နေစဉ် နောက်ထပ် သတင်းတစ်ခုကို ကြားလိုက်ရသည့် အတွက် ပို၍ အံ့သြ ထိတ်လန့် သွားဟန်ရှိ၏။

'ဘာရယ်၊ ဟုတ်မှလည်း လုပ်ပါကွာ၊ မသေချာပဲ မပြောပါနဲ့'

တစ်ဖက်လူက ဆက်ပြောနေသည်။ နားခွက်ထဲမှ လာနေသည့် သူ့အသံကို သဲ့သဲ့ကလေး ကြားနေရ၏။ အင်စပက်တော် အုတ်မှာကား စိတ်တိုသည်ထက် တိုလာခဲ့လေပြီ။

'ဟုတ်ပြီ။ ဟုတ်ပြီ။ နားလည်ပြီ။ ရူးနေလို့ ဖြစ်မှာပေါ့ကွာ။ အေးလေ ဟုတ်မှာပေါ့။ ပုထုဇဉ်ဆိုတာ အရူးချည်းပဲ မဟုတ်လား'

အုတ်သည် ပါးစပ်မှ တစ်ချက် ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲလိုက် ပြီးနောက် တယ်လီဖုန်းကို ချိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ဘာလဲဗျ။ ခုထက်ထိ ဒိုနိုဗန်ဟာ ထပ်ခိုး အခန်းလေးထဲမှာ ရှိနေတယ်လို့ ထွက်နေတုန်းပဲ တဲ့လား'

ဟု ကင်ပီယန်က မေးလိုက်၏။

'ဟုတ်တယ်ဗျ၊ အောက်ထပ်မှာရှိတဲ့ ပုံနှိပ်တိုက် အလုပ်သမား နှစ်ယောက်ကလည်း ဒိုနိုဗန်ဟာ အဲဒီနေ့ညက တစ်ညနေလုံး အပြင်မထွက်ဘူးလို့ ကျမ်းကျိန် ထွက်ထားကြတယ်။ ပုံနှိပ်တိုက် အလုပ်သမား တွေကတော့ စိတ်ခါတ်အရ ကျန်းကျန်းမာမာ လူတွေပါ။ သူတို့ ထွက်ချက်တွေက အားကိုးရမှာပါ။ ဒါပေမယ့် သူတို့တစ်တွေ ဘယ်လိုပဲ ထွက်ထွက် ဂျွန်နီကို သတ်တာကတော့ ဒိုနိုဗန် သတ်တာ ပါဗျာ။ ဒါတော့ သေချာတယ်။ ကျွန်တော် စဉ်းစားလို့ ရသလောက် ဆိုရင် ဒိုနိုဗန်ဟာ ကုန်လှောင်ရုံကြီးတစ်ခုရဲ့ ထောင့်ချိုး ကနေပြီး လှမ်းပစ်တာဗျ။ ဗျို့ ကင်ပီယန်၊ ဘယ်လိုလုပ် ပစ်နိုင်မလဲ ဆိုတာ စဉ်းစားကြည့်စမ်းဗျာ။'

ဟု လှမ်းပြောလိုက်လေ၏။ အဖြေမပေါ်နိုင်သဖြင့် ရှက်နေပုံ ရသည်။

'ကျွန်တော် စဉ်းစားလို့ ရသလောက်တော့ နှစ်မျိုးဖြစ်နိုင်တယ်ဗျ။'

'ဒါဖြင့်လည်း မြန်မြန်ပြောစမ်းဗျာ၊ နိဒါန်းတွေ ဘာတွေ လုပ်မနေနဲ့၊ ကဲ ဆိုစမ်း။'

ဟုပြောရင်း မျက်နှာကို လက်ကိုင်ပုဝါဖြင့် သုတ်လိုက်၏။ ကင်ပီယန်က ချောင်းတစ်ချက် ဆိုးလိုက်ပြီး

'တစ်ချက်က အပူရှိန်ဗျာ၊ နောက်တစ်ချက်က ခင်ဗျားတို့ ကွန်ကရစ် ကုန်လှောင်ရုံနံရံကြီး တွေဗျာ။'

www.burmeseclassic.com

www.burmeseclassic.com

အင်စပက်တော် အုတ်က ပါးစပ်မှ ဆဲလုံးတစ်လုံး ထွက်လာသည်၊ ထို့နောက် ကင်ပီယန်ကို တောင်းပန်၏။

'ကဲပါဗျာ၊ အပူရှိန်တွေ ဘာတွေ ပြောမနေပါနဲ့၊ ပြောမယ့်ကိစ္စကို မြန်မြန်ပြောစမ်းပါ၊ ကွန်ကရစ် နံရံတွေက ဘာဖြစ်သလဲ'

ကင်ပီယန်သည် ထိုင်ခုံပေါ်တွင်ရေးထားသည့် မြေပုံဇယားကွက်ကို ငုံ့ကြည့်နေသည်။

'ဟောဒီမှာ ကုန်လှောင်ရုံထောင့်ဗျ။ လက်ဝဲဘက်ကတော့ ဂျွန်နီလဲကျသေဆုံး သွားတယ် ဆိုတဲ့ လမ်းမီးတိုင်ရယ်၊ အဲဒီအတိုင်း လက်ဝဲလက်ကို ဆက်လျှောက်သွားလို့ ရှိရင် ပုလိပ် တစ်ယောက်၊ နဲဗားစထရိ လမ်းကြားထဲကို ဝင်ပြီး ကွက်လပ်တစ်ခုကို သွားကြည့်နေတယ်။ သူ့ကို လမ်းမက နေကြည့်ရင် မမြင်ရဘူး။ သူကလည်း မမြင်နိုင်ဘူး။ မီးသွေးကျင်းရဲ့ လက်ယာဘက် မှာလည်း ပုလိပ် တစ်ယောက်ရှိတယ်။ ဒီတော့ တွေးကြည့်ရင် လူသတ်သမားဟာ ကွန်ကရိ နံရံကြီးနှစ်ဖက်နဲ့ ပုလိပ်နှစ်ယောက်ရဲ့ ကြားမှာရောက်နေတယ်။ ဒါကြောင့် အဲဒီကြားထဲမှာ ရှိရမယ်လို့ တွက်နိုင်တယ်'

ကင်ပီယန်သည် အင်စပက်တော် အုတ်ကို မရဲတရဲဖြင့် လှမ်းကြည့်လိုက်၏။

'ဒီတော့ ပုလိပ်တစ်ယောက်ဟာ နံရံကြီးတစ်ချပ်လို စိတ်ချရတယ်ဗျ။ အဲ ပုလိပ် တစ်ယောက်ဟာ နံရံကြီးတစ်ချပ်လို စိတ်မချရတဲ့ အခါလည်း ရှိတတ်တယ်။ အပူရှိန်သိပ်ပြင်းတဲ့ အချိန်မျိုးကျတော့ ကျွန်တော်တို့ လန်ဒန်ပုလိပ်ဟာလဲ နံရံကြီးတစ်ချပ် မဟုတ်တော့ဘူးဗျ။ မဟုတ်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com

အုတ်သည် သူ့ကို စူးစိုက်ကြည့်နေ၏။ သူ့မျက်လုံးများသည် မှေးသွားကြ၏။

'ဟုတ်တယ် ကင်ပီယန်၊ ခင်ဗျား ပြောတာ မှန်နိုင်တယ်၊ ဟုတ်တယ်'

သူတို့ နှစ်ယောက်သည် ခုံပေါ်တွင် မြေဖြူနှင့်ဆွဲထားသည့် ဇယားကို ကြည့်နေကြသည်။ အုတ်က ကိုယ်ကိုကိုင်းကာ လမ်းကျဉ်း ကလေးထဲ အဝင်တစ်နေရာကို ကြက်ခြေခတ်ပြလိုက်၏။

'အဲဒီနေရာဟာ လမ်းမီးတိုင်ပဲဗျ၊ ကဲ ကျွန်တော့်ကို တယ်လီဖုန်း လှမ်းပေးလိုက်စမ်းပါဗျာ။ ကျွန်တော် ဆက်ပြီးသည် အထိ ခဏစောင့်ပါဦး'

အုတ်က စိတ်အားထက်သန်စွာ စကားပြောလျှက်ရှိစဉ် ကျွန်တော် တို့က ကင်ပီယန်အား အကျိုးအကြောင်း မေးမြန်း ကြည့်ကြသည်။ ယန်က ခါတိုင်းကဲ့သို့ပင် ချိုသာနူးညံ့စွာဖြင့်

'ဟောဒီမှာ သဲပုံးကို တွေ့တယ်မဟုတ်လား။ အဲဒီသဲပုံးဟာ ပုလိပ်နှစ်ယောက် တာဝန်ကျတဲ့ နယ်နှစ်ခုကြားမှာ နယ်နမိတ်ပဲဗျ။ အဲဒီညက ပူလည်း ပူအိုက်လေတော့ ပုလိပ်မောင်က တော်တော်လေး ပင်ပန်းနေပြီ။ ဒီတုန်းမှာ သူ့နယ်ထဲက လမ်းမီးတိုင် အောက်မှာ လူတစ်ယောက် မူးမေ့ပြီး လဲကျသွားတာကို မြင်လိုက်ရတယ်။ ပုလိပ်မောင်က စိတ်ထဲမှာ သူ့နယ်ထဲမှာ ဖြစ်တာမဟုတ်လို့ သိပ်ပြီး တာဝန် မယူချင်ဘူး။ ဒီတင် လူကလည်း သေးသေးညှက်ညှက်ဆိုတော့ မောင်ကဟာ လဲကျသွားတဲ့လူကို သဲပုံးရဲ့တစ်ဖက် လမ်းခါတ်မီးတိုင် အောက်ကို ရွှေ့မယ်လို့ စိတ်ကူးရတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒါမှ သူ့တာဝန် ကင်းမှာကိုး။ ဟိုဘက်နယ်ထဲမှာ လဲကျနေတော့ သူ့တာဝန် မဟုတ်တော့ ဘူးပေါ့။ ပုလိပ် မောင်ခရဲ့ တာဝန်ဖြစ်သွားပြီ။ ဒီတင် အလောင်းကိုရွှေ့ပြီး တစ်ဖက်ကို သွားထားပြီး ပြန်တော့မလို့ ကုန်းကြည့်နေတုန်းမှာ ပုလိပ်မောင်ခ သူ့ဆီကိုရောက်လာတယ်။ မောင်ခကတော့ ဟိုလူသေနတ်မှန်ပြီး သေတယ်ဆိုတာ မသိသေးတော့ သူ့စိတ်ထဲမှာလည်း ဘာမှ ထွေထွေထူးထူး မဖြစ်သေးဘူးပေါ့။ အမှန်ကတော့ လမ်းကျဉ်းကလေး အဝကို လက်ဖက်ရည်ဆိုင် အပေါ်ထပ်က ကြည့်ရင် တည့်တည့်ကြီး မြင်နေရတယ်ဗျ။ နောက်တစ်နေ့ကျမှ လူသတ်မှု ဆိုတာလည်း သိရော ပုလိပ်မောင်ကဟာ သူအလောင်း သွားရွှေ့တာကို ဘာမှမပြောတော့ပဲ အသာကလေး ငြိမ်နေလိုက်တယ်။ သူ့တာဝန်ဖြစ်နေပြီကိုး'

အုတ်က တယ်လီဖုန်းကို ချလိုက်ပြီးနောက် ဝမ်းသာအားရဖြင့်

'ပုလိပ်မောင်က ကတော့ ဒီနေ့မနက်ပဲ ခွင့်ယူသွားတယ်ဗျ။ လူကတော့ လူကောင်းပါပဲ။ ဒါပေမယ့် အလောင်းကို သူပဲ ပထမဆုံး တွေ့တာပဲ ဖြစ်ရမယ်။ ဒါပေမယ့် သေနတ်ပစ် ခံရတယ်လို့ မထင်ဘဲ အပူမိပြီး သေသွားတာလို့ ထင်ပုံရတယ်။ သူ့ကို မေးတာ စစ်တာတွေ အလုပ်ခံချင်ပုံ မကျဘူး။ အစတုန်းက ဒီလိုမမြင်ခဲ့ဘူးဗျာ၊ တကယ်ပဲ'

ကျွန်တော်တို့ အားလုံးသည် အတန်ကြာမျှ ငြိမ်သက်နေကြသည်။ ကျွန်တော်က

'ဒါဖြင့် ကောင်မလေးကကော ဘယ်ရောက်သွားသလဲ'

အင်စပက်တော် အုတ်က မျက်မှောင်ကုတ် လိုက်ပြီးနောက် မကျေမချမ်းဖြင့် မဲ့လိုက်သည်။

www.burmeseclassic.com

'ကောင်မလေး အဖြစ်ကတော့ သနားစရာပဲ ၊မတော်တဆ ဖြစ်တာလား တော့မသိဘူး၊ မြင်လိုက်ရတဲ့ လူရဲ့ အဆိုအရကတော့ တမင်ဖြစ်တာလား မတော်တဆ ဖြစ်တာလားဆိုတာ ခွဲလို့ မရဘူးတဲ့'

ကျွန်တော်တို့သည် သူ့ကို စိုက်ကြည့်လိုက်၏။ အုတ်က အကျိုးအကြောင်းကို ရှင်းပြသည်။

'ကျွန်တော် ပြောတယ်မဟုတ်လား၊ ကောင်မလေးက တရားခံကို အလီဘိုင် ထွက်ချက် ပေးတုန်းမှာ ကျွန်တော့်စာသင်က ကျွန်တော့်ကို လှမ်းအကြောင်းကြား လိုက်တယ်လေ၊ ကောင်မလေးဟာ ဒီနေ့မနက် ရင်ခွဲရုံကို သွားကြည့်ပြီး ပြန်အလာမှာ မော်တော်ကားတစ်စီး အောက်ကို ထိုးလှဲချလိုက်တယ်ဗျ။ ပွဲချင်းပြီးပဲတဲ့'

အုတ်သည် ခေါင်းကို ယမ်းလိုက်၏။ သူ့ကို ကြည့်ရသည်မှာ စိတ်မချမ်းမသာ ဖြစ်နေပုံ ရသည်။

'ဂတ်တဲကို လာတုန်းကတော့ အမှန်အတိုင်း အစစ်ခံဖို့ လာတာဖြစ်မယ်ဗျ၊ ဒါပေမယ့် သူတို့ ဂိုဏ်းသားတွေက အပေါ်ထပ်မှာ ဘယ်သူမှ မရှိဘူးလို့ အထွက်ခိုင်း ထားလိမ့်မယ်၊ ကံအားလျော်စွာ အလောင်းက နေရာရွှေ့သွားပြီး အခြားတစ်နေရာကို ရောက်သွားတဲ့ အခါကျတော့ ထွက်ချက်ကို အပြင်ခိုင်းလိုက်တယ်။ သူတို့လူ ဒိုနိုဗန်ဟာ အပေါ်ထပ်မှာပဲ ရှိတယ်လို့ အထွက်ခိုင်းလိုက်တယ်၊ ဒီတင် ကောင်မလေးလဲ နေရာပြောင်းပြီး ထွက်ရတာပဲ၊ ကံတရားက တော်တော် ရယ်စရာ ကောင်းတယ်နော်၊ အလောင်းက လမ်းကျဉ်းလေးထိပ်မှာ ရှိတုန်းက သူတို့လူကို အပေါ်ထပ်မှာ မရှိဘူးလို့ ဘူးခံဖို့ အထွက်ခိုင်းတယ်၊ နောက်ကျတော့ တာဝန်မဲ့တဲ့ပုလိပ်က အလောင်းကို တစ်နေရာမှာ ရွှေ့ထားလိုက်တဲ့ အခါကျတော့ သူတို့လူဟာ ဘယ်ကိုမှ

www.burmeseclassic.com

www.burmeseclassic.com

မသွားပါဘူးလို့ အထပ်ခိုး အပေါ်ထပ်မှာ ရှိပါတယ်လို့ ပြင်ပြီး အထွက်ခိုင်းရတယ်။ ဖြစ်ချင်တိုင်းလဲ မဖြစ်ရ ဆိုတာ ဒါမျိုးပဲ ထင်ပါရဲ့'

အုတ်က ကင်ပီယန်ကို လှမ်းကြည့်လိုက်သည်။

'အင်း၊ ဒီတစ်ချီမှာတော့ ခင်ဗျားတွက်နည်းက လူ့သဘာဝတွေကို ထည့်မတွက်ဘဲ ပုလိပ် မောင်ကနဲ့ မောင်ခကို ကြည့်ပြီး တွက်တာ မှန်သွားပြီဗျာ။ တကယ်လို့သာ သူတို့နှစ်ယောက် ကိုယ့်နယ်ကို တာဝန်သိသိ စောင့်ကြတယ်ဆိုရင် ဒီအမှုကို စဉ်းစားရတာ တော်တော် လွယ်မှာပဲ'

ကင်ပီယန်သည် မည်သို့မျှ ဝေဖန်ခြင်းမပြုပဲ ခပ်မဆိတ် နေလေ၏။

( အင်္ဂလိပ် စာရေးဆရာ Magery Allinghan ၏ Tha Border Line Caseကိုဘာသာပြန်သည်)

www.burmeseclassic.com

## ၂။ အမေပျောက်မှု

ဇာတ်ဆောင်စုံထောက် မစ္စတာပက်ပါး။
စတင်ပေါ်ပေါက်သည့်နှစ် ၁၉၂၉ ခုနှစ်။

(အင်္ဂလိပ်စာရေးဆရာ ဆာဘေဆီသွန်မဆင်၏ ဝတ္ထုတိုတစ်ပုဒ် ဖြစ်ပြီး ပင်တိုင်ဇာတ်ဆောင် စုံထောက်မှာ ပက်ပါးဖြစ်သည်။ ၁၉၂၉ ခုနှစ်ထုတ် ဂျွန်ကာဆယ် မဂ္ဂဇင်းတွင် ပထမဆုံး ပါဝင်ခဲ့သည်။)

စုံထောက် မစ္စတာပက်ပါး၏ အရည်အချင်းနှင့် ပတ်သက်၍ သံသယရှိသည် ဆိုလျှင် မစ္စက် ဖရေဇာ၏ အမှု၌ သူ စုံထောက်ပုံကို ကြည့်၍ ထိုသံသယတို့သည် ကျွန်တော့်ရင်ထဲတွင် ပြေပျောက်သွားပြီ ဟု ဆိုနိုင်ပါသည်။ ထိုအမှုနှင့် ပတ်သက်၍ သူ၏ ပထမကောက်ချက်ကို ပယ်ဖျက်လိုက် ရသည့်တိုင် နောက်ဆုံးတွင် ထိုအမှုကို သူ ထုတ်ဖော် ဖြေရှင်းနိုင်ခဲ့ပါသည်။

တစ်နေ့သ၌ ကျွန်တော်သည် ရုံးခန်းသို့ ရောက်သွားရာ ပက်ပါးသည် လက်နှိပ်စက်ဖြင့် ရိုက်ထားသည့် စာရွက်တစ်ရွက် ကိုဖတ်ရင်း မျက်မှောင်ကုတ်လျက် ရှိပါသည်။ ထိုစာရွက်မှာ ပြင်သစ် သတင်းစာ တစ်စောင်တွင်ပါသည့် သတင်းတစ်ပုဒ်ကို ဘာသာ ပြန်ထားခြင်း ဖြစ်ဟန် တူပါသည်။ ထိုစာရွက် နှင့်အတူ ရှေ့တွင် အမှာစာတိုလေး တစ်စောင်ကိုလည်း တွေ့ရပါသည်။ အမှာစာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

*ပက် အခု ကိစ္စမှာ ခင်ဗျားကိုင်ရမည့်ကိစ္စ ဖြစ်ပါသည်။ မူရင်း သတင်းကို မကြာမီ ကျွန်တော် ပို့ပေးပါမည်။ သို့ရာတွင် ပြင်သစ်ဘာသာ နှင့်ဖြစ်၍ ခင်ဗျား နားလည်ချင်မှ နားလည် ပါမည်။*

*ဝင်စတန်စလက်*

မစ္စတာပက်ပါးကို သူ့ အပေါင်းအသင်းများက 'ပက်'ဟု အတိုကောက် ခေါ်ကြောင်းကို ထိုအခါကျမှ ကျွန်တော် သိရပါသည်။ ပူးတွဲ ပေးပို့လိုက်သည့် သတင်းစာဖြတ်ပိုင်းမှာ စကော့အမျိုးသမီး တစ်ဦးဖြစ်သူ မစ္စက်ဖရေဇာ တစ်ယောက် ပါရီမြို့တွင် ထူးဆန်းစွာ ပျောက်ဆုံးသွားမှုနှင့် ပတ်သက်ပါသည်။ နောက်ထပ် သိရသော သတင်းများအရ အဖြစ်အပျက် အသေးစိတ်မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

မစ္စက် ဖရေဇာနှင့် သမီးဖြစ်သူ မေရီတို့သည် (အီတလီပြည်) နေပယ်ကျွန်းသို့ ဆောင်းရာသီ အားလပ်ရက် ခရီးထွက်လာခဲ့ကြသည်။ ဧပြီလကုန်တွင် နေပယ်မှ ပါရီသို့ လာခဲ့ကြသည်။ မီဒီဘူတာသို့ ရောက်သည့်အခါ၌ မီးရထား အလုပ်သမား တစ်ယောက်သည် သေတ္တာကြီး တစ်လုံးကို ရထားပေါ်မှချကာ မျက်နှာပြဲပြဲ၊ မုတ်ဆိတ် နီနီနှင့် ရထားသမား တစ်ယောက်ကို ခေါ်သည်။ မြင်းရထားသမားက ထိုသေတ္တာကြီးကို မတင်နိုင်ဟု ငြင်းသည်။ မစ္စက်ဖရေဇာမှာ ပြင်သစ် စကား ကောင်းစွာတတ်သူ ဖြစ်သည့်အတွက် ထိုသေတ္တာကြီးကို တင်ဖို့ ပြောရာ နောက်ဆုံး၌ ဖရန့်ဒင်္ဂါး ဆယ်ပြားဖြင့် ဈေးတည့်ကြသည်။ ကမ်ဘုံလမ်းရှိ သူတို့တည်းနေကျ တည်းခိုရိပ်သာ တစ်ခုဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com

‘သဟာယ’ တည်းခိုရိပ်သာသို့ လာခဲ့ကြ၏။ ထို တည်းခို ရိပ်သာမှာ ငွေကြေးများစွာ မတတ်နိုင်သော အင်္ဂလိပ် ခရီးသည်များ မကြာခဏ တည်းခိုလေ့ ရှိသော နေရာဖြစ်သည်။ တည်းခိုရိပ်သာသို့ ရောက်သည့် အခါတွင် သေတ္တာကြီးမှာ ကြီးလွန်း သည့်အတွက် မိမိ မြင်းရထား ထိုင်ခုံမှ စပရိန်များ ပျော့ကုန်ပြီ ဖြစ်ကြောင်း အနည်းဆုံး ဆယ့်ခြောက် ဖရန့် ပေးရမည် ဖြစ်ကြောင်းဖြင့် ရထားသမားက တောင်းသည်။ မေရီကလည်း မပေးနိုင်ဟု အတင်း ငြင်းကာ နောက်ဆုံးတွင် ဆယ့်နှစ် ဖရန့်ပေးသည်။ ရထားသမားက အင်္ဂလိပ်များသည် ကပ်စေးနဲကြောင်းဖြင့် တည်းခိုရိပ်သာမှအစောင့်ကို အော်ကျယ် ဟစ်ကျယ် ပြောနေသည်။

မေရီသည် သူတို့ ပြောဆိုနေသည်ကို နားမထောင်တော့ဘဲ တည်းခိုရိပ်သာထဲသို့ ဝင်လာ ခဲ့ရာ ဧည့်ခန်းထိုင်ခုံတစ်လုံးပေါ်တွင် လှဲနေသော မိခင်ဖြစ်သူ မစ္စက်ဖရေဇာကို တွေ့ရ၏။ မေရီသည် တည်းခိုရိပ်သာ မှတ်ပုံတင် စာရင်းအထက်တွင် “ဒူးဟော့နန်”ဆိုသည့် နာမည်တစ်ခုကို တွေ့ရပြီး အမည်ကို ကျကျနန ရေးထားသည့်အတွက် အရေးကြီးသည့် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ကြောင်း အကဲခတ်လိုက်မိ၏။

မိမိတို့အခန်းမှာ တည်းခိုရိပ်သာ အရှေ့ပိုင်းတွင် ဖြစ်၏။ အခန်းမှာ ရှေးခပ်ကျကျအခန်း တစ်ခုဖြစ်၍ သစ်သားကုတင်တစ်လုံး၊ ကွာကျနေသော ပန်းရိုက်နံရံကပ်စက္ကူ၊ အမွေးခပ်တုံးတုံး ကော်ဇော တစ်ချပ်တို့သာ ရှိ၏။ သို့ရာတွင် အခန်းမှာ သန့်သန့်ရှင်းရှင်းပင်။ မေရီသည် မိခင် ဖြစ်သူ မစ္စက်ဖရေဇာကို လှေခါးမှ တွဲခေါ်လာခဲ့ကာ အိပ်ယာပေါ်တွင် လှဲနေစေသည်။ မစ္စက်ဖရေဇာမှာ လွန်စွာ အားကုန်လျက် ရှိသည့်ပုံမျိုးဖြစ်၏။ တည်းခိုရိပ်သာ အလုပ်သမား

သည် သေတ္တာကြီးကို မနိုင့်တစ်နိုင် ထမ်းလာကာ ကြမ်းပေါ်သို့ ချလိုက်သည်။ မစ္စက်ဖရေဇာမှာ အိပ်ယာ ပေါ်တွင် လှဲရင်း ငြီးတွား လျက်ရှိလေပြီ။ သမီးဖြစ်သူက စိုးရိမ်တကြီး မေးသည့်အခါတွင် မိမိမှာ အလွန် နေထိုင်မကောင်း ဖြစ်နေကြောင်း၊ အိပ်လိုက်လျှင် ကောင်းသွား မည်ဖြစ်ကြောင်း လေသံ သဲ့သဲ့ လေးဖြင့်ပြောသည်။ သို့ရာတွင် မစ္စက် ဖရေဇာကို ကြည့်ရသည်မှာ မျက်နှာ တစ်ခုလုံးနီရဲပြီး ရောင်အမ်းအမ်း ဖြစ်နေသည်ကို တွေ့ရ၏။ မေရီသည် ဆရာဝန် ခေါ်လျှင် ကောင်းမည်ဟု ယူဆကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

တည်းခိုရိပ်သာ အုပ်ချုပ်ရေးမှူးက မိမိတို့ တည်းခိုရိပ်သာမှာ ဆရာဝန်တစ်ဦးရှိကြောင်း၊ သူ့အမည်မှာ ဒူးပွန့် ဖြစ်ကြောင်း၊ မိမိတို့ တည်းခိုရိပ်သာသို့ ရောက်လာသည့် အင်္ဂလိပ်ဧည့်သည်များ နေထိုင် မကောင်းဖြစ်လျှင် သူ့ကိုပင် ခေါ်လေ့ရှိကြောင်း၊ ငါးမိနစ်အတွင်း ရောက်လာမည် ဖြစ်ကြောင်းဖြင့် ပြောသည်။ ချက်ချင်းဆိုသလိုပင် ဒေါက်တာဒူးပွန့် ရောက်လာသည်။ ပြင်သစ် ဆရာဝန်များ ထုံးစံ အတိုင်း ပုပုဝိုင်းဝိုင်း ဖြစ်ပြီး ပေါက်ပြားပုံ မုတ်ဆိတ်မွေးကို ညှပ်ထား ၏။ မေရီက ဖြစ်ပုံပျက်ပုံကို သူ နားလည်သမျှ ပြောပြသည်။ ဆရာဝန်က မည်သို့မျှမပြောဘဲ နားထောင်နေ၏။ လူနာကို စစ်ဆေး ကြည့်ရှုပြီးနောက် ထိုင်ရာမှထ လိုက်ကာ ....

'သိပ်စိုးရိမ်စရာ မရှိပါဘူး၊ ဆေးမှာလိုက်မယ်၊ မင်းဒီမှာ ထိုင် စောင့်နေ၊ ခုပြန်လာခဲ့မယ်။'

မစ္စက်ဖရေဇာမှာ အားအင်ကုန်ခမ်းလျက် ရှိချေပြီ။ အသက်ရှူနှုန်း မြန်ပြီး ကယောင်ကတမ်း ဖြစ်နေသည်။ ဆရာဝန်မှာ တော်တော်နှင့် ပေါ်မလာသေး။ ဤတွင်မေရီသည် စိုးရိမ်တကြီး ဖြစ်လာကာ

www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်ခေါ်ရန် အောက်ထပ်သို့ဆင်းသည့် လှေကားထိပ်သို့ ထွက်လာခဲ့သည်။ ဆရာဝန်မှာ တယ်လီဖုန်းရုံထဲသို့ ဝင်၍ စကားပြောနေသဖြင့် ခေါ်၍မရ။ ဆရာဝန်သည် အရေးတကြီး ပြောနေဟန်ရှိ၏။ အုပ်ချုပ်ရေးမှူးမှာမူ တယ်လီဖုန်းရုံနားတွင် ရစ်ဝဲရစ်ဝဲလုပ်ရင်း နားထောင်နေ၏။ သူ့အမေ အရေးတကြီးမဟုတ်လျှင် အဘယ်ကြောင့် ဤမျှပျာယာခတ် နေကြသနည်း။ မေရီသည် ကြာရှည်အောင့်အည်း မနေနိုင်တော့။ လှေကားမှ ဆင်းလာခဲ့စဉ် တယ်လီဖုန်းရုံထဲမှ ထွက်ကာ အပေါ်သို့ တက်လာသော ဆရာဝန်နှင့် ဆုံမိကြသည်။ ဆရာဝန်သည် အိပ်ခန်းဆီသို့ တက်လာကာ ....

'ကလေးမကလည်း အမေနားမှာ မနေဘဲ ဘာဖြစ်လို့ ဆင်းလာရတာလဲ၊ ကဲ နားထောင်၊ ကျုပ်ပြောမယ်၊ သူတို့ဆေးပို့လာရင် ကြာနေလိမ့်မယ်၊ ဒီတော့ ကျုပ်လိုတဲ့ဆေး မင်းမြန်မြန် သွားယူချည်၊ ဟောဒီလိပ်စာအတိုင်းသွား၊ ဟိုရောက်တော့ လိုတဲ့ဆေးကို ပေးလိမ့် မယ်။ ရရင် ချက်ချင်း ပြန်လာခဲ့၊ မင်းဖို့ ရထားအဆင်သင့် ငှားထား တယ်၊ မင်းအမေကို ကျုပ်စောင့်ကြည့် လိုက်မယ်၊ စိတ်ချသာသွားပါ၊ မကြာပါဘူး၊ ချက်ချင်း ပြန်ရောက်လာမှာပါ'

သူပြောသည့်အတိုင်း လုပ်ရုံမှတစ်ပါး အခြားနည်းလမ်းမရှိတော့။ မေရီသည် လှေကားမှ ပြေးဆင်းလာကာ ရထားဖြင့် ခပ်သုတ်သုတ်လာခဲ့သည်။ နေဝင်သွားလေပြီ။ ကျဉ်းမြောင်းသော လမ်းကလေးများအတိုင်း ခပ်သုတ်သုတ် မောင်းလာစဉ် မှောင်သည်ထက် မှောင်သွားလေပြီ။ သူပြောသည့် ဆေးဆိုင်ကို တော်တော်နှင့် မရောက်နိုင်သေး။ ရထားသည် ဆိန်းမြစ်ကို ဖြတ်ကူး လာခဲ့ကာ နောက်ရပ်ကွက် တစ်ခုမှ လမ်းကြားလေးအတိုင်း မောင်းလာခဲ့ပြန်သည်။ မေရီမှာ စိတ်ပူစပြု

www.burmeseclassic.com

www.burmeseclassic.com

လာခဲ့လေပြီ။ ရထားသမားကို မေးသည့်အခါတွင် ရောက်တော့မည်ဟု ခပ်တိုတိုသာ ဖြေ၏။ တိုက်တန်းလျားကြီး တစ်ခုရှေ့သို့ ရောက်သည့် အခါတွင် ရထားသည် ထိုးရပ်လိုက်၏။ ခရီးဝေးသည့်တိုင် ရထားခက မဖြစ်စလောက်သာ ရှိသဖြင့် အံ့သြနေသည်။

မေရီသည် ငါးထပ်အထိ တက်လာကာ တိုက်ခန်းတစ်ခုရှေ့သို့ အရောက်တွင် ခေါင်းလောင်းကို နှိပ်လိုက်၏။

တံခါးပွင့်လာကာ ပန်းရိုက်ဝတ်ရုံ ညဝတ်အင်္ကျီကြီးကို ဝတ်ထားသည့် အမျိုးသမီး တစ်ယောက်က သူလာမည်ကို သိပြီး သည့်နှယ် ဆီးကြိုသည်။ အမျိုးသမီးသည် မေရီကို ခပ်သေးသေး ဧည့်ခန်းတစ်ခုထဲသို့ ခေါ်သွားပြီးနောက် အေးအေးဆေးဆေး ထိုင်ခိုင်း သည်။ ဆရာဝန်မှာ မကြာမီ ပြန်ရောက်လာမည် ဖြစ်ကြောင်း၊ မစ္စက် ဖရေဇာ နေမကောင်းသည့်အတွက် သွားကြည့်သည့် အကြောင်း ပြောဆိုကာ၊ ပါရီ၏ အံ့သြဖွယ်တို့ကို ပြောပြလျှက်ရှိ၏။ ထို့ပြင် မေရီ ကိုလည်း ပါရီကို အရင်က ရောက်ဖူးသလား၊ ကမ္ဘာ့မြို့တော်ကြီး ဖြစ်သည့် ပါရီကို သဘောကျသလား၊ အဝတ်အစားတွေ ဘာတွေ ဝယ်သေးသလား၊ အို........မဝယ်ရသေးဘူးလား စသည့် လားပေါင်း များစွာ မေးနေသည်။ ထိုစဉ် တယ်လီဖုန်းလာပြန်သည်။ တယ်လီဖုန်း ဆိုသည့် အရာသည် အလွန် စိတ်ပျက်စရာကောင်း၍ အနှောင့်အယှက် ပေးသော အရာဖြစ်ကြောင်း ပြောဆိုကာ အခန်းထဲသို့ ဝင်သွားသည်။ အထဲမှ စကားပြောသံများကို တစ်ဝက်တစ်ပျက် ကြားနေရ၏။ ဘာ....ဘာ၊ ဘယ်အချိန်အထိရယ်၊ ဆယ့်တစ်နာရီ ဟုတ်လား..... ဟုတ်ပြီလေဟု ပြောပြီးနောက် အသံသည် ရပ်တန့်သွား၏။ မေရီသည် ဧည့်ခန်းတွင်ထိုင်၍ မိနစ်အတန်ကြာမျှ စောင့်နေသည်။ သို့ရာတွင်

www.burmeseclassic.com

www.burmeseclassic.com

အိမ်သည်က ထွက်၍မလာသေး။ နာရီဝက်ခန့် ကြာသွားသည်။ ဧည့်ခန်းထဲမှနာရီသည် ရှစ်နာရီကို ပြနေ၏။ မိမိလက်မှနာရီကမူ ကိုးနာရီ ခွဲနေလေပြီ။ အိမ်ရှင် အမျိုးသမီးက ကြာလှချည့်။ သူ နောက်ထပ် မစောင့်နိုင်တော့။ စကားများသည့် အိမ်ရှင် အမျိုးသမီး ကိုလည်း သက်ာမကင်း ဖြစ်လာသည်။ မိမိသည် ထောင်ချောက်တစ်ခု အတွင်းသို့ ရောက်နေပြီလော ဟုလည်း စိုးရိမ်စပြုလာသည်။ သူသည် အိမ်ရှေ့ခန်းသို့ အသာ ထွက်လာခဲ့ကာ တံခါးကြီးကို တွန်းကြည့်လိုက်သည်။ တံခါးက သော့ပိတ်လျက်။ မိမိသည် ထောင်ချောက်ထဲသို့ ကျနေလေပြီ။

'အစ်မကြီး၊ အစ်မကြီး' ဟု ကြောက်ကြောက်ဖြင့် လှမ်းအော်မိသည်။ ဧည့်ခန်း တံခါးဘေးတွင် တယ်လီဖုန်း စကားပြောခန်းသို့ ဝင်သည့် တံခါးမကြီး ရှိသည်။ တံခါးကို ခေါက်ကြည့်၏။ ဘာသံမှ မကြားရ။ လက်ကိုင်ကို လှည့်ကြည့်သည်။ လက်ကိုင်ကလည်း သော့ပိတ်လျှက်သား။ တံခါးကို တဝုန်းဝုန်း မည်အောင် ထုကြည့်သည်။

ထိုစဉ် တံခါးသည် ဗြုန်းကနဲ ပွင့်လာကာ ဒေါသအမျက် ခြောင်းခြောင်းဖြင့် ရပ်နေသော အိမ်ရှင်အမျိုးသမီးကို တွေ့လိုက်ရသည်။ သူ့ကို ပိတ်လှောင်ထားသည်လား။ မဖြစ်နိုင်။ သည်အခန်းထဲတွင် မိမိတို့ နှစ်ယောက်ရှိသည်။ အပြင်ဘက်က တံခါးကို သူ့လည်း သော့ခတ် ထားဟန်မတူ။ သူလည်း သည်အိမ်ထဲမှာပင် ရှိနေသည် မဟုတ်လော။ အကယ်၍ သော့ခတ်ချင်း ခတ်သည် ဆိုလျှင်လည်း အိမ်ရှင် အမျိုးသမီးမှအပ မည်သူမျှမဖြစ်နိုင်။ ဆာရာဝန် ပြန်ရောက်လာသည် ဆိုလျှင်မူ မိမိလည်း ပြန်ထွက်နိုင်တော့မည်။ အိမ်ရှင်

www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးသည် အိတ်ထဲသို့ နှိုက်၍ သော့ရှာနေသည်ကို မေရီ မြင်လိုက်ရ၏။ ဟုတ်သည်။ မိမိတို့နှစ်ယောက်တည်း သည်အိမ်ထဲတွင် ပိတ်မိနေကြပြီ။ သို့ရာတွင် နေပါဦး။ သူတို့ကို မည်သူက သော့ခတ်သွားသနည်း။ အဖြစ်အပျက်ကမူ တော်တော် ထူးဆန်းသည်။ အမျိုးသမီးက သော့ကို ထုတ်လိုက်ပြီး တံခါးကို ဖွင့်လိုက်သည်။ အမျိုးသမီးက တံခါးကို ပြန်မပိတ်မီ မေရီသည် တံခါးကြားမှ အတင်းတိုး ထွက်ကာ ပြေးဆင်းလာခဲ့သည်။ နောက်မှ 'မတ်မွိုင်ဇယ်' ဟု တကြော်ကြော် ခေါ်သံကို ကြားနေရသည်။

လမ်းမသို့ ပြန်ရောက်သည့်အခါတွင် အမေ့အကြောင်းကို တွေးမိကာ စိုးရိမ်လာပြန်သည်။ မိုးက တဖွဲဖွဲ ကျစ ပြုလာသည်။ ယာဉ်ရထား ဆို၍လည်း တစ်စီးမျှမမြင်။ ခြေကျင် သွားနေသည့် လမ်းသွားလမ်းလာတို့ကိုပင် တစ်ယောက်မှမတွေ့ရ။ တိတ်ဆိတ်၍ လူသူကင်းမဲ့နေသည့် လမ်းများကို တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်လာခဲ့၏။ ခဏကြာလျှင် ယာဉ်ရထားတစ်စီး မီးရောင်ကို မြင်လိုက်ရပြီး ရပ်သွားကာ ခရီးသည်များ ဆင်းနေသည်ကို မြင်ရသည်။ ရထား ပြန်ထွက်ခါနီးတွင် မေရီသည် နောက်မှ ပြေးလိုက်ကာ ရထားပေါ် အတင်းတက်လိုက်၏။ ရထားက အငှားယာဉ် ဖြစ်၏။ မေရီသည် သူ့အငှားယာဉ်အား လိပ်စာကို ပေးလိုက်ပြီးနောက် ရထားထဲတွင် နောက်မှီကို မှီ၍ ထိုင်လိုက်သည်။ မည်မျှကြာကြာ သွားရဦးမည် မသိသေး။ လမ်းမကြီးနှစ်လမ်း၊ တံတားတစ်ခု၊ ကွန်ကော့ရပ်ကွက်၊ ကန်ဘုံလမ်း၊ ထို့နောက် ငါးမိနစ်အတွင်း မေရီသည် သူ့တည်းခိုရိပ်သာသို့ ပြန်ရောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

တည်းခိုရိပ်သာ တံခါးခေါင်းလောင်းကို နှိပ်လိုက်သည်။ တည်းခိုရိပ်သာ အလုပ်သမား တစ်ယောက် ရောက်နေပြီ။ စောစောက သူထွက်လာစဉ်က အလုပ်သမား မရှိတော့။ အလုပ်သမားက ကိစ္စကို မေး၏။ သူက အခန်းကို ပြန်မည်ဟု ပြောသည်။ အလုပ်သမားက ဝင်ခွင့်ပြု လိုက်ပြီးနောက် သူ့အမည်ကို မေး၏။ မေရီဖရေဇာ။ မှတ်ပုံတင်ပြီးသား ဟုတ်မဟုတ် မေး၏။

'ဟုတ်တယ်။ မှတ်ပုံတင်ပြီးသားပါ။'

'ဒါဖြင့် မှတ်ပုံတင်စာရင်းကို ကြည့်ရဦးမယ်၊ အခန်းကို သူလိုက်ပြမယ်'

ဟု ဆိုသည်။ သို့ရာတွင် မှတ်ပုံတင်ထဲတွင် သူတို့သားအမိနာမည်ကိုလည်း မတွေ့။ သူတို့ အထက်က ဒူးဟော့န့်၏ အမည်ကိုလည်းမတွေ့ရ။ ထိုစဉ်က သူတို့နှင့်အတူ စာတစ်မျက်နှာ ထဲတွင် ပါရှိသော လူများ၏ အမည်ကိုလည်းမတွေ့ရ။

'ဒါဟာ သဟာယ တည်းခိုရိပ်သာ မဟုတ်လားရှင်'

'ဟုတ်ပါတယ်၊ ခင်ဗျား တည်းခိုရိပ်သာ မှားလာတယ်ထင်တယ်။'

မေရီသည် အောက်ခန်း ပတ်ပတ်လည်ကို လှည့်ကြည့်လိုက်၏။ အတူတူပင်။ မိမိ၏အခန်းမှာ ပထမထပ် အခန်းနံပါတ်လေး ဖြစ်ကြောင်း ပြောပြလိုက်၏။

အလုပ်သမားက အခန်းစာရင်းကိုလှန်ကြည့်လိုက်ရင်း

'အခန်းနံပါတ်လေးမှာ ဘယ်သူမှမရှိဘူးခင်ဗျ'

'ဒါဖြင့် အုပ်ချုပ်ရေးမှူးကို ခေါ်ပေးပါရှင်'

ထိုကိစ္စမှာ လုံးလုံးမဖြစ်နိုင်။ အချိန်မတော်ကြီး အုပ်ချုပ်ရေးမှူးကို နှိုးပေးလျှင် သူ့အလုပ် ပြုတ်လိမ့်မည်။ မတ်မွိုင်ဇယ်သည်

www.burmeseclassic.com

တည်းခိုရိပ်သာ မှားလာဟန် တူကြောင်း တည်းခိုရိပ်သာကို လိုက်ရှာသည်က ပိုကောင်းလိမ့်မည် ထင်ကြောင်း၊ တစ်ဖက်လမ်းမှ တည်းခိုရိပ်သာ တစ်ခုခု ဖြစ်လိမ့်မည် ထင်ကြောင်း.....။ သို့ရာတွင် မေရီကလည်း အလျှော့မပေး။ အုပ်ချုပ်ရေးမှူးကို ခေါ်မပေးနိုင်လျှင် မိမိဘာသာ သွားခေါ်မည် ဖြစ်ကြောင်း၊ သို့မဟုတ်လျှင်လည်း အခန်းတိုင်းကို လျှောက်ကြည့်မည် ဖြစ်ကြောင်း ပြောပြသည်။ ထိုအခါတွင်မှ အလုပ်သမားသည် လေးတိလေးကန်ဖြင့် ထွက်ခွာသွား၏။

ထိုစဉ် အုပ်ချုပ်ရေးမှူး အမျိုးသမီးသည် ညဝတ်အင်္ကျီကြီး ဖိုးရိုးဖားယား၊ ဆံပင်ကောက်သည့် ဆံညှပ်တွေကို တွယ်ထားလျက်ဖြင့် အပြင်သို့ ရောက်လာသည်။ ခပ်စောစောက သူတွေ့ခဲ့သည့် အုပ်ချုပ်ရေးမှူး အမျိုးသမီးပင်ဖြစ်သည်။ မျက်နှာကခပ်တင်းတင်း။ စကားပြောက ဆောင့်အင့်အင့်။

'ဘာကိစ္စလဲ'

'ရှင် ကျွန်မကိုသိပါတယ်နော်၊ ကျွန်မအမေဆီကို သွားချင်လို့ပါ။'

အုပ်ချုပ်ရေးမှူးက သူ့စကားကို နားမလည်သလို ကြည့်နေသည်။

'ရှင်းအောင်ပြောစမ်းပါ၊ ရှင့်ကိုလည်း ကျွန်မ တစ်ခါမှ မမြင်ဖူးပါကလား'

မေရီက ရှင်းပြသည်။ ဧည့်မှတ်ပုံတင်စာရင်းကို ပြန်ကြည့်၏။ အမျိုးသမီးက သူပြောသည့် စကားကို တစ်လုံးမှ နားမလည်ကြောင်း၊ ထိုနေ့ ညနေကလည်း တည်းခိုခန်းသို့ မည်သည့်ဆရာဝန် ကိုမျှ မခေါ်ကြောင်း၊ မိမိတို့ထံ လာရောက် တည်းခိုနေသူ များထဲမှ နေထိုင်မကောင်းဖြစ်သူ ဆို၍လည်း တစ်ယောက်မျှ ရှိသည်ဟု ပြောသံ မကြားရကြောင်း၊ သို့ရာတွင် တည်းခိုရိပ်သာ မှားလာပြီး အချိန်လင့်နေ

www.burmeseclassic.com

www.burmeseclassic.com

သည့်အတွက် ယခုတစ်ညကိုမူ တည်းခိုခွင့်ပြုမည် ဖြစ်ကြောင်း မနက်လင်းသည့် အခါတွင် ဗြိတိသျှ ကောင်စစ်ဝန်ရုံးသို့ သွား၍ တိုင်သင့်ကြောင်းဖြင့် ပြော၏။

သို့ဖြင့် မေရီသည် ဒုတိယအထပ်ရှိ အခန်းတစ်ခန်းကို ရသည်။ အားလုံး တိတ်ဆိတ်ငြိမ်သက် သွားသည့်အခါ၌ မေရီသည် ဖယောင်းတိုင်တစ်တိုင်ကို ကောက်ယူကာ အခန်းမှ အသာလစ်ထွက် ခဲ့ပြီးနောက် သူ့အမေကိုရှာရန် အောက်ဆုံးထပ် အခန်းနံပါတ် ၄ သို့ လာခဲ့သည်။ အခန်းနံပါတ် များကို တံခါးပေါ်တွင် ရေးထား၏။ အခန်းထဲသို့ ဝင်ကြည့်သည်။ သူတို့ နေခဲ့သည့် အခန်းမဟုတ်။ ဟောင်းနွမ်းနေသော နံရံကပ်စက္ကူပေါ်တွင် နှင်းဆီပန်းပွင့်ကြီးတွေ မရှိ။ နံရံကပ်စက္ကူများမှာ အပြာပိန်းပြောင်စက္ကူများ ဖြစ်သည်။ ကုတင်ကလည်း သစ်သားကုတင်မဟုတ်။ နောက်ဆုံးပေါ် ကြေးကုတင်ကြီး ဖြစ်သည်။ ကြမ်းခင်းကော်ဇော ကလည်း အဟောင်းမဟုတ်။ အသစ်စက်စက်ကြီး။ မျက်နှာသစ်ခွက်ကလည်း အပေါ်တွင် ကျောက်ဖြူသား အုပ်ထားသည့် မဟော်ဂနီ မျက်နှာသစ်ခွက်။ ပန်းကန် လက်ဖက်ရည်ကရား စသည်တို့ကလည်းမတူ။ စားပွဲ ကုလားထိုင် တွေကလည်းမတူ။ သူတို့နေခဲ့သော အခန်း မဟုတ်သည်က သေချာသည်။

မေရီ အကြီးအကျယ်မောသွား၏။ မေရီသည် သူ့အခန်းသို့ ပြန်လာကာ မောမောဖြင့် အိပ်ပျော်သွားသည်။ မနက်လင်းသည့်အခါ သူ့အခန်းသို့ ကော်ဖီ ရောက်လာ၏။ အခန်းခပေးရင်း အောက်သို့ ဆင်းသည့်အခါတွင် သူ့အိတ်ထဲ၌ အကြွေ တစ်ပြားမှမရှိ။ အုပ်ချုပ်ရေးမှူး အမျိုးသမီးသည် မနေ့ညက တိုတိုတောင်းတောင်း ဆက်ဆံ

www.burmeseclassic.com

www.burmeseclassic.com

မိသည်ကို စိတ်မကောင်း ဖြစ်နေဟန်ရှိ၏။ ယနေ့ မနက်တွင်မူ သာသာကြည်ကြည် ယဉ်ယဉ်ကျေးကျေး။

ဆယ်နာရီခွဲတွင် မေရီသည် သူ့အဖြစ်အပျက်ကို ဗြိတိသျှ လက်ထောက် ကောင်စစ်ဝန်ကို ပြောပြလျက်ရှိ၏။ လက်ထောက် ကောင်စစ်ဝန်ကလည်း ဘာမှမတတ်နိုင်။ အကောင်းဆုံးမှာ အင်္ဂလန်တွင်ရှိသည့် ဆွေမျိုးများကို အကြောင်းကြားပါ ဟုသာ ပြောနိုင်သည်။ လက်ထောက် ကောင်စစ်ဝန်ကို ကြည့်ရသည်မှာ သူပြောသည့်စကားကို ယုံကြည်ဟန်မရှိ။ မေရီက ကင်ဆင်တန် ရပ်ကွက်ရှိ သူ့ဦးလေး တစ်ယောက်၏ လိပ်စာကို ပေးသည်။ လက်ထောက် ကောင်စစ်ဝန်ကို သူတို့ရုံးမှ လုပ်ဖော်ကိုင်ဖက်တစ်ယောက်နှင့် သူ့ကိုမိတ်ဆက်ပေး၏။ ထိုလူကို သူ့ဇနီးကိုခေါ်ကာ မေရီကို နေ့လည်စာစားရန် ခေါ်သွား၏။ ထိုလူမှာ ကောင်စစ်ဝန်ရုံးမှ ဆရာဝန်ဖြစ်ပြီး သူ့စိတ် မှန်မမှန်ကို အကဲခတ်ကြည့်ဟန်တူ၏။ သူ့အဖြစ်အပျက်ကို ပြန်ပြောသည့်အခါတွင် ယုံကြည်သူ ဆို၍ ဆရာဝန်ကတော် တစ်ယောက်သာ ရှိ၏။ ဆရာဝန်ကတော်က သူ့ကို လက်ထောက် ကောင်စစ်ဝန်နှင့် ထပ်အတွေ့ခိုင်းပြီး သူကိုယ်တိုင် တည်းခိုရိပ်သာသို့ လိုက်ပို့မည်ဟု ဆိုသည်။ ကောင်စစ်ဝန်က အုပ်ချုပ်ရေးမှူးကို တွေ့ပြီးနောက် အကျိုးအကြောင်းကို ရှင်းပြကာ တည်းခိုရိပ်သာ အစေခံ များကို မေးမြန်းစစ်ဆေး ကြည့်လိုကြောင်း ပြောသည်။ အုပ်ချုပ်ရေးမှူးကြီးက သက်ဆိုင်ရာ ပုလိပ်ဘက်မှ အရာရှိများပါလျှင် ခွင့်ပြုမည် ဖြစ်ကြောင်း ဖြင့် သဘောတူသည်။

မေရီက အဖြစ်အပျက်ကိုပြောပြ၏။ ပုလိပ်အရာရှိက သက်သေ နှစ်ယောက်ဖြစ်သည့် ရထားသမားနှင့် ဒေါက်တာဒူးပွန်တို့ကိုခေါ်၍

www.burmeseclassic.com

စစ်ဆေးရမည် ဖြစ်ကြောင်းဖြင့် ပြောပြသည်။ ဂတ်စာရေးက တယ်လီဖုန်း သွားပြောနေစဉ် တည်းခိုရိပ်သာ အုပ်ချုပ်ရေးမှူးက လက်ထောက် ကောင်စစ်ဝန် မေးမြန်းသမျှကို ဖြေကြားလျက်ရှိ၏။

အုပ်ချုပ်ရေးမှူးက ယခု မေရီဆိုသည့် အမျိုးသမီးကို သူ တစ်ခါမျှ မတွေ့ဘူးကြောင်း။ ယမန်နေ့ ညကြီးမိုးချုပ် ရောက်လာသည့်အခါတွင်မှ တွေ့ဖူးခြင်း ဖြစ်ကြောင်း။ မည်သည့်ဆရာဝန်ကိုမျှ ခေါ်ဖူးခြင်း မရှိကြောင်း။ တည်းခိုရိပ်သာတွင် နေထိုင်မကောင်းသူ ဆို၍လည်း တစ်ယောက်မျှ မရှိကြောင်းဖြင့် ပြောပြ၏။ လက်ထောက် ကောင်စစ်ဝန်သည် တည်းခိုရိပ်သာဧည့်စာရင်းကို စစ်ဆေးကြည့်နေစဉ် အခေါ်လွှတ်လိုက်သည့် ရထားသမားရောက်လာသည်။

ရထားသမားကလည်း ယခု မေရီဆိုသည့် အမျိုးသမီးကို တစ်ခါမျှ မတွေ့ဘူးကြောင်း။ သေတ္တာကြီးတစ်လုံး သူ ရထားပေါ် တင်လာသည် ဆိုသည်မှာလည်း မဟုတ်ကြောင်း။ ယမန်နေ့က ဤ တည်းခိုရိပ်သာသို့လည်း မည်သည့် ခရီးသည်ကိုမျှ ပို့ခဲ့ခြင်း မရှိကြောင်း။ မိမိသည် နိုင်ငံခြား ခရီးသည်များကို လိုက်ပို့လေ့ ရှိသော်လည်း ဤ တည်းခိုရိပ်သာသို့ လိုက်မပို့သည်မှာ ကြာပြီဖြစ်ကြောင်းဖြင့် ပြောပြသည်။

ကောင်စစ်ဝန်၏ အမူအရာကို ကြည့်ရသည်မှာ မေရီသည် စိတ်ဂယောင်ချောက်ချား ဖြစ်ပြီး ပြောနေခြင်းဖြစ်သည်ဟု ထင်ပုံရ၏။ ကောင်စစ်ဝန်ရုံးသို့ ရောက်သည့်အခါတွင် ထူးထူး ထွေထွေ စဉ်းစား ချိန်မရ။ လန်ဒန်သို့ ကြေးနန်းရိုက်ထားသဖြင့် သူ့ဦးလေးဖြစ်သူ ရောက်နေလေပြီ။ လန်ဒန်မြို့ ဗီးကားရိတ်လမ်းတွင် နေထိုင်သည့် သူ့ဦးလေး မစ္စတာ အင်ဒါဆင်မှာ ကူညီရိုင်းပင်းတတ်သူ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ချေ။ မစ္စတာ အင်ဒါဆင်သည် အစ်မဖြစ်သူ မစ္စက်ဖရေဇာနှင့် စကားများပြီး အခေါ်အပြော မလုပ်သည်မှာ ကြာလှပေပြီ။ ယခု ကောင်စစ်ဝန်ရုံးမှ ကြေးနန်းကို ရသည့်အခါတွင် သူ မလာချင်လှ။ သို့ရာတွင် ဇနီးဖြစ်သူက ကိုယ့်တွင် ဝတ္တရားရှိသည်ဟု တိုက်တွန်းသဖြင့် လာခဲ့ရခြင်း ဖြစ်သည်။ မစ္စတာ အင်ဒါဆင်သည် လက်ထောက်ကောင်စစ်ဝန်နှင့် ခဏမျှ တွေ့ဆုံ စကားပြောဆိုပြီးနောက် မိမိတို့သည် ညနေ လေးနာရီ ရထားဖြင့် ဂါရီနူဒေါ့သို့ လိုက်မည် ဖြစ်ကြောင်းဖြင့် ပြောဆိုခြင်းပြုသည်။

သူတို့ ခရီးမှာ စိတ်ညစ်ညူးစရာ ကောင်းလှ၏။ မစ္စတာ အင်ဒါဆင်သည် သူ့အစ်မ အကြောင်းကို များများမပြော။ ရာသီဥတု အကြောင်းကိုသာ ပြောလာ၏။ မေရီကလည်း သူ ပြောသမျှကို တစ်လုံးချင်းသာ ဖြေသည်။ ဦးလေး၏ ဇနီးဖြစ်သူကမူ သူ့ကို ဖက်လှဲတကင်း ပြောသည် မှန်ပါ၏။ သို့ရာတွင် သူ့အဒေါ်ကလည်း သူ့အမေအကြောင်းကို သိပ်မပြောလှ။ ပါရီသို့ သွားသည့်အကြောင်း၊ နေပယ်သို့ သွားသည့်အကြောင်းကိုလည်း မေးမြန်းခြင်းမပြု။ ရထား ဆိုက်သည့်အခါတွင် ညဉ့်နက်လေပြီ။ ထို့ကြောင့် စကားများများ မပြောတော့ဘဲ အိပ်ရာသို့ ဝင်သွား ခဲ့ကြသည်။ မေရီမှာမူ တစ်ညလုံး အိပ်မပျော်ချေ။

များမကြာမီတွင် ထိုအဖြစ်အပျက် အသေးစိတ်ကို ကျွန်တော် သိခဲ့ရခြင်းဖြစ်သည်။ ပထမတွင် ကျွန်တော်တို့ ရသည့် သတင်းမှာ ပြင်သစ် သတင်းစာတွင်ပါသည့် သတင်းတိုကလေး တစ်ပုဒ်သာ ဖြစ်၏။ မစ္စတာ ပက်ပါးမှာ ထိုကိစ္စကို အပတ်တကုတ် စဉ်းစားလျက် ရှိ၏။ ကျွန်တော့် အမြင်မှာ ထိုကိစ္စမှာ ရှင်းရှင်းကလေးဟု မြင်သော်

www.burmeseclassic.com

www.burmeseclassic.com

လည်း သူ့ကို အနှောင့်အယှက်မပေးလိုသဖြင့် အသာပင် ငြိမ်နေလိုက်ပါသည်။

ကျွန်တော့်အထင်တွင် မေရီဆိုသည့် မိန်းကလေးသည် အာရုံကြောအားနည်းကာ ကယောင်ကတန်းတွေကို လျှောက်ပြောနေသည်ဟု ထင်ပါသည်။ မေရီသည် မေ့တိမေ့လျော့ ဖြစ်မည်။ ထို့နောက် အဝတ်အစား သေတ္တာတွေ ပျောက်မည်။ ထို့နောက် သူကိုယ်တိုင် ဘယ်နေရာ တည်းခိုမှန်းမသိဘဲ ယောင်ချာချာ ဖြစ်နေလိမ့်မည်။ တည်းခိုရိပ်သာ မှားပြီး ရောက်လာခြင်း ဖြစ်ရမည်။ ယခုလောက်ဆိုလျှင် သူ့အမေကလည်း သူ့ကိုရှာနေရော့မည်။ မစ္စတာပက်ပါးသည် ဓာတ်ခွဲခန်းထဲမှာ စာအုပ်တစ်အုပ်ကို ယူလာ၏။ ထိုစာအုပ်မှာ အမေရိကန် လျှို့ဝှက်သတင်းများ အကြောင်း ရေးထားသည့် စာအုပ်ဖြစ်သည်။ ပက်ပါးသည် တုတ်တိုသော လက်ချောင်းများဖြင့် စာရွက်များကို လှန်ကြည့်နေသည်။ ကျွန်တော်က ထိုအမှုနှင့်ပတ်သက်၍ သူ့တွင် ကောက်ချက် စွဲပြီးသားရှိပြီလောဟု မေးသည့် အခါတွင် မည်သို့မျှမပြော။ သူရှာနေသည့် စာမျက်နှာကို တွေ့သည့်အခါတွင် ဖတ်လိုက်သည်။

'ခင်ဗျား ထင်မြင်ချက်ကို အရင်သိချင်တယ် မစ္စတာ ဂျုန်း။'

ဟု ကျွန်တော့်ကို ပြော၏။

ကျွန်တော်က ကျွန်တော့်ထင်မြင်ချက်ကို ပြောသည့်အခါတွင် သူက ဟက်ခနဲ တစ်ချက် ရယ်လိုက်ပြီး . . . .

'မဟုတ်သေးဘူးဗျ။ ခု ကောင်းမလေး ပြောနေတာတွေဟာ အမှန်တွေ။'

www.burmeseclassic.com

www.burmeseclassic.com

'ဒါဖြင့် လူသတ်မှုလို့ ခင်ဗျား ထင်တယ်ပေါ့။ ကောင်မလေးက သူ့အမေကို သူ ပြန်သတ်တယ်ပေါ့'

'မဟုတ်ပါဘူးဗျာ။ တောက်တီးတောက်တဲ့။'

သူ့အသံမှာ အောင်မြင်သည့်အသံ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချသည့်အသံ တို့ ပါနေသည့်အတွက် အဖြေကို တွေ့ပြီး ဖြစ်လိမ့်မည်ဟု ကျွန်တော်ထင်၏။ မျှော်လင့်ကြီးစွာဖြင့် သူ့အဖြေကို ကျွန်တော် စောင့်စားနေသည်။

'ကောင်မလေးကို ပါရီမြို့ တစ်ဘက်ခြမ်းကိုခေါ်သွားပြီး အဲဒီမှာ နာရီပေါင်းများစွာ ပိတ်လှောင် ထားတယ်ဆိုတာ ခင်ဗျား သတိမထားမိဘူးလား။'

'သူ့ကို တစ်ခြားကို ဖယ်ထုတ်ထားတယ်ပေါ့။'

'ပြန်လာတော့ ကောင်မလေး နေတဲ့အခန်းဟာ လုံးဝပြောင်းလဲနေတယ်ဗျ။ နံရံကပ်စက္ကူ ကလည်း အသစ်၊ စားပွဲတွေ၊ ကုလားထိုင်တွေကလည်း အသစ်၊ ကော်ဇောကလည်း အသစ်'

'ဒါဖြင့် ကောင်မလေးမရှိတုန်း အခန်းကို ပြုပြင်ပြောင်းလဲထားတယ်ပေါ့။ ဘာဖြစ်လို့ ဒီလို လုပ်တာလဲဗျ။ ဒီလိုလုပ်တယ်ဆိုရင် အမေကို သတ်လို့ဖြစ်မှာပေါ့။'

'သူတို့ သားအမိနှစ်ယောက်ဟာ နေပယ်ကျွန်းက ပြန်လာတယ်ဆိုတာ ခင်ဗျားသိတယ် မဟုတ်လား။'

'သိတယ်လေ။ ဒါနဲ့ ဘယ်လိုပတ်သက်လို့လဲ။'

'နေပယ်က မာဖီးယား လူဆိုးတွေ အကြောင်းကို ခင်ဗျား ကြားဖူးတယ် မဟုတ်လား။'

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါတွင် ကျွန်တော့် ခေါင်းထဲတွင် အတွေးတစ်ခု ရေးရေး ပေါ်လာတော့သည်။

'ဒါဖြင့် မာဖီးယာဂိုဏ်းက ပြန်ပေးဆွဲတယ်လို့ ခင်ဗျား ဆိုလိုချင်တာပေါ့။'

'ဟုတ်တယ်ဗျ။ အဖွားကြီးဟာ နေပယ်မှာ ရောက်တုန်းက နိုင်ငံရေးတွေ ဘာတွေထဲမှာ ရှုပ်ရှုပ်ယှက်ယှက် လုပ်ခဲ့လိမ့်မယ်။ ဒီတွင် မာဖီးယားဂိုဏ်းက သူ့ကိုလိုက်ပြီး လုပ်ကြံလိမ့်မယ်။ ဒါကို အဖွားကြီးက သိတယ်။ ပထမ သူ့ကို ရထားပေါ်မှာ အဆိပ်ခတ် သတ်ဖို့ကြံတယ်။ စားသောက်တွဲမှာရှိတဲ့ စားပွဲထိုး တစ်ယောက်က သူ့အစားအသောက် ထဲမှာ အဆိပ်မှုန့် နည်းနည်း ထည့်လိုက်တယ်။ ဒါပေမဲ့ အဖွားကြီးကလည်း အာဂအမျိုးသမီး။ အဆိပ်ကလည်း သိပ်မပြင်းတော့ ဘာမှမဖြစ်ဘူး။ မူးရုံ မော်ရုံလောက်ပဲ ဖြစ်ခဲ့တယ်။ ဒီတွင် သူတို့ ပါရီအထိ လိုက်လာပြီး သူတို့ လုပ်ငန်းကို အကောင် အထည်ဖော်တာ ဖြစ်လိမ့်မယ်။ ပထမ ဒီဂိုဏ်းဟာ တည်းခိုရိပ်သာက အုပ်ချုပ်ရေးမှူးကို ခြိမ်းခြောက်မယ်။ ရထားသမားကို ခြိမ်းခြောက်မယ်။ ပြီးတော့ သမီးလုပ်တဲ့ ကောင်မလေးကို တခြားကို ခေါ်ထုတ်မယ်။ ပြီးတော့ ပရိဘောဂ တွေကိုလည်း အသစ်လဲ ထားလိုက်တယ်။ ပြီးတော့ . . . '

'ဒါဖြင့် ဆရာဝန်ကကော'

'ဘယ်ကလာ ဆရာဝန် ရမှာလဲဗျာ။ အဲဒီလူက ပါရီက မာဖီးယားဂိုဏ်း ခေါင်းဆောင်ဗျ။ ဒီလူ ဘယ်သူလဲဆိုတာ ကျွန်တော် ချက်ချင်း ဆွဲပြလို့ရပါတယ်'

'ဒါဖြင့် မစ္စက်ဖရေဇာဆိုတဲ့ အဖွားကြီး သေရှာပြီပေါ့'

www.burmeseclassic.com

www.burmeseclassic.com

'သေချင်မှတော့ သေဦးမယ်။ သူ့စာရွက်စာတမ်းတွေကို မွှေနှောက် ရှာဖွေနေတုန်းမှာ သူ့ကို ပြန်ပေးဆွဲထားတဲ့ သဘောပေါ့။ သူတို့တောင်းတဲ့ငွေကို မပေးနိုင်ရင် အဖွားကြီးကို စိန်းမြစ်ထဲ ပစ်ချကြမှာပဲ။ မနက်ဖြန်လောက်မှာ ဖြစ်ဖြစ်၊ ကြာသပတေးနေ့ လောက်မှာ ဖြစ်ဖြစ် ကိစ္စပြတ်အောင် လုပ်လိမ့်မယ်ထင်တယ်။'

'မစ္စက်ဖရေဇာဟာ နေပယ်ကျွန်းက နိုင်ငံရေးကိစ္စတွေထဲမှာ ပါမယ်ဆိုတာ ခင်ဗျား သိလို့လား မစ္စတာ ပက်ပါး'

'ဒီလိုပဲ ပါနေကျတာပဲ မဟုတ်ဘူးလား။ တကယ်လို့ မပါဘူး ဆိုရင်လည်း မာဖီးယား ဂိုဏ်းက ပါတယ်လို့ ယူဆလို့ ဖြစ်မှာပေါ့'

'ဘယ်လိုပဲဖြစ်ဖြစ် အဖြစ်ကတော့ စိတ်မချမ်းသာစရာကြီးပါဗျာ။ ဒီကိစ္စကို ခင်ဗျား ဘယ်လိုလုပ်ဖို့ စိတ်ကူးသလဲ'

'မာဖီးယားဂိုဏ်းက ကျွန်တော့်ကို အဆက်အသွယ် မလုပ်ခင် ကျွန်တော်က အဲဒီဂိုဏ်းကို အဆက်အသွယ် လုပ်ကြည့်ရမှာပေါ့။ ဒီတော့ ဒီအပတ်အတွင်းမှာ ပါရီမြို့ထဲမှာ ခင်ဗျားကို ခိုင်းစရာ ကလေး နည်းနည်း ရှိနေတယ်ဗျ။ ခင်ဗျားက ပြင်သစ်စကား ကောင်းကောင်း တတ်တယ်မဟုတ်လား'

ပက်ပါးသည် ထိုင်ရာမှထ၍ ကုတ်အင်္ကျီကို ကောက်ဝတ် လိုက်၏။ ကျွန်တော့် ခေါင်းထဲတွင်မူ ပြန်ပေးဆွဲခံရသည့် အဖွားကြီး အတွက် စိတ်မကောင်းဖြစ်ရင်း ကလပ်သို့ ထွက်လာခဲ့သည်။

ကလပ်ရှိ ဆေးလိပ်သောက်ခန်းသို့ ရောက်သည့်အခါတွင် ဂျင်မီဘွိုက် တစ်ယောက်တည်းကိုသာ တွေ့ရ၏။ ဂျင်မီက သတင်း စာကို ထိုးပြရင်း

www.burmeseclassic.com

www.burmeseclassic.com

'အမေရိကန်စုံထောက် ပက်ပါးနဲ့ ခင်ဗျားနဲ့ တော်တော်ရင်းနှီးတယ်လို့ ပြောတယ်။ မစ္စက်ဖရေဇာနဲ့ မာဖီးယား ဂိုဏ်းကိစ္စက ဘယ့်နှယ်လဲဗျ။ သတင်းစာတွေက ရေးနေကြ ပါကလား။'

ဟု ပြောကာ တစ်နေရာကို လက်ညှိုးထိုး ပြလိုက်၏။ သတင်းထောက် ဆိုသည့် လူသားသည် တော်တော် နှိုက်နှိုက်ချွတ်ချွတ် လိုက်နိုင်သူများ ဖြစ်သည်။ သူတို့အနံ့ရသည်ဆိုလျှင် မည်သည့်အရာကိုမျှ အလွတ်မခံ။ သတင်းစာထဲတွင် ပါသည့်သတင်းမှာ ပြင်သစ် သတင်းစာများထဲတွင် ဖော်ပြခဲ့သည့် သတင်းကို အင်္ဂလိပ်ဘာသာဖြင့် ထပ်မံဖော်ပြထားခြင်း ဖြစ်၏။ သတင်းထဲ၌ နာမည်ကျော် အမေရိကန်စုံထောက် ပက်ပါးအား အမှုကို အပ်နှံထားကြောင်း ယခုအချိန်တွင် မစ္စတာ ပက်ပါးက လိုက်လံစုံစမ်းလျက် ရှိသဖြင့် စိတ်ဝင်စားဖွယ်အဖြစ်အပျက်များကို သိရလိမ့်မည်ဟု မျှော်လင့်ကြောင်း မစ္စက်ဖရေဇာ၏ ကိစ္စမှာ လျှို့ဝှက်ဂိုဏ်းအချို့၏ လက်ချက်ဟု ယူဆရကြောင်း အကယ်၍သာ မစ္စတာ ပက်ပါးက ထိုအမှုကို ပေါ်အောင် စုံစမ်း ထောက်လှမ်းခြင်း မပြုနိုင်တော့လျှင် နောင်တွင် အင်္ဂလိပ်ခရီးသည်များမှာ လုံခြုံမှု ရှိတော့မည် မထင်ကြောင်းဖြင့် ရေးသားထား၏။

ဂျင်မီက . . .

'မစ္စက် ဖရေဇာ ဆိုတာ ဘယ်သူလဲဆိုတာ ကျွန်တော် သိချင်တယ်ဗျာ။ အမည်ကတော့ သာမန် မှည်ရိုးမှည့်စဉ် နာမည်ပါပဲ။ ကျွန်တော် လူပျိုတုန်းက ဒီနာမည်မျိုးနဲ့ သားအမိနှစ်ယောက် တွေ့ခဲ့ဖူးသေးတယ်။ သူတို့က ဟန့်စတတ်နယ်မှာ နေတာဗျ။ နိုင်ငံခြားတို့ ဘာတို့ကိုတော့ သိပ် ခရီးထွက်လေ့ မရှိပါဘူး။ သူတို့ကတော့

www.burmeseclassic.com

လူကောင်း တွေပါဗျာ။ ဘုရား သိကြားမလို့ သူတို့တော့ မဖြစ်ပါစေနဲ့လို ဆုတောင်းရတာပဲ။'

ကျွန်တော်ကမူ သူတို့အကြောင်းကို ဘာမျှ မသိသေးကြောင်း၊ မည်သည့်နေရာတွင် နေသည်ဟု မသိကြောင်းလည်း ပြောပြ၏။

'ပက်ပါးဆိုတဲ့ လူကတော့ မကြာခဏ သတင်းစာထဲကို ပါတတ်တာပဲဗျ။ ဒီတော့'

ထိုစဉ် ကလပ်စားပွဲထိုး တစ်ယောက်ဝင်လာကာ ဂျင်မီအား နှုတ်ဆက်ပြီးနောက်...

'ဆရာ့ဆီကို တယ်လီဖုန်းလာနေတယ်'

ဟု လာပြောသည်။

ဂျင်မီသည် ထသွားပြီးနောက် ခဏကြာလျှင် စိတ်တုန်လှုပ်ချောက်ချားစွာဖြင့် ပြန်လာပြီး

'မစ္စတာဂျုံးရေ တော်တော် ထူးဆန်းတာပဲဗျို့၊ ကျွန်တော့်ကို တယ်လီဖုန်း ခေါ်တာ ဘယ်သူ လို့ထင်သလဲဟင်၊ မေရီဖရေဇာဗျ၊ ကင်ဆီတန်ကို ချက်ချင်းလာခဲ့ပါလို့ ကျွန်တော့်ဆီကို ဖုန်းဆက်တယ်ဗျ။ ခင်ဗျား နေ့လည်စာ စားပြီးပြီလား၊ ကျွန်တော်နဲ့ လိုက်ခဲ့စေချင်တယ်ဗျာ။ သူ့ကို ကူညီနိုင်မယ့် လူရှိရင်လည်း ပါရီကို အမြန်ဆုံး လွှတ်ပေးစမ်းပါတဲ့။'

ကျွန်တော့်မှာ နေ့လည်စာ မစားရသေးပါ။ သူလည်း စားရသေးဟန်မတူပါ။ သို့ရာတွင် ကျွန်တော်တို့ နှစ်ယောက်စလုံး နေ့လည်စာကို မစားနိုင်ကြတော့။ လမ်းတွင် သူက မေရီဖရေဇာမှာ သူတို့ဦးလေး၏ အိမ်တွင် မျက်နှာငယ်ငယ်ဖြင့် နေရကြောင်း၊ သူ့ကို အားလုံးက

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကယောင်ချောက်ချား ဖြစ်နေသည်ဟု သတ်မှတ်ထားကြကြောင်း ဖြင့် ပြောပြပါသည်။

ကျွန်တော်တို့ ရောက်သွားသည့်အခါတွင် မေရီဖရေဇာမှာ နေ့လည်စာ စားလျှက်ရှိ၏။ သို့ရာတွင် ကျွန်တော်တို့ အသံကို ကြားသည်နှင့် ထမင်းစားခန်းထဲမှ ချက်ချင်း ထွက်လာသည်။ မေရီမှာ ရုပ်ချောချော၊ သေးသေးသွယ်သွယ် ဖြစ်၍ အသက်နှစ်ဆယ့်ငါး နှစ်ခန့်ရှိလေပြီ။ သူ့ကို ကြည့်ရသည်မှာ အတော် စိတ်ချောက်ချား နေဟန်ရှိ၏။

ခဏကြာလျှင် မေရီဖရေဇာသည် အဖြစ်အပျက်ကို သူကိုယ်တိုင် ပြောပြ၏။ ဂျင်မီသည် ကျွန်တော့် အကြောင်းကို မည်သို့ ပြောထား သည်မသိ၊ မေရီကမူ ကျွန်တော့ကို စုံထောက်တစ်ယောက် ကဲ့သို့ ဆက်ဆံသည်ကို တွေ့ရ၏။

သူ့စကားကို နားထောင်ပြီးသည့် အခါတွင် ပက်ပါးပြောသကဲ့သို့ မေရီသည် ကယောင် ချောက်ချားပြောနေခြင်း မဟုတ်ပဲ အမှန်ကို ပြောနေကြောင်း ကျွန်တော် သိလိုက်ပါသည်။

'မေရီ သဘောတူတယ်ဆိုရင် ဟောဒီက မစ္စတာဂျုံးက နောက် သဘော်ာနဲ့ ပြင်သစ်ကို လိုက်သွားမှာပဲ'

ဟု ဂျင်မီက ပြောလိုက်သည့်အခါတွင် ကျွန်တော်ကိုယ်တိုင် မှာလည်း အံ့အားသင့်သွားပါသည်။ ပက်ပါးကို မတိုင်ပင်ပဲ ကျွန်တော် ဘာမှ လုပ်၍မရပါ။

ဂျင်မီက

'ကျွန်တော်က ပြင်သစ်စကားလည်း ကောင်းကောင်းမတတ်ဘူး၊ ပြီးတော့ မနက်ဖြန်မှာလည်း အမှုတစ်ခုကို လိုက်စရာ ရှိသေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com

နို့မို့ရင် ကျွန်တော်ကိုယ်တိုင် လိုက်ပါတယ်။ သတင်းစာတွေ ရေးတဲ့အတိုင်း ဆိုရင်တော့ ခင်ဗျားနဲ့ ပက်ပါးကလည်း အမှုအကြောင်းကို သိသင့်သလောက် သိနေပြီ မဟုတ်လား။ ဒီတော့ ပူပူနွေးနွေး ရှိတုန်းမှာ ခင်ဗျားတို့နှစ်ယောက် လိုက်နိုင်ရင် ပိုကောင်းတာပေါ့။ အဖြစ်အပျက်ကို မေရီပြောနေတုန်းမှာ နာမည်တွေကိုလည်း ရေးမှတ်ထားလိုက်တယ် မဟုတ်လား။ ဘယ့်နှယ်လဲ၊ ခင်ဗျားလိုက်မယ် မဟုတ်လား'

ကျွန်တော် နာရီကို ကြည့်လိုက်သည်။

ယခုလိုက်သွားလျှင် လေးနာရီ ရထားကို မီနိုင်သေးသည်။

ရုံးချုပ်ရှိ ကျွန်တော့်အထက်မှ လူကြီးကလည်း ထိုကိစ္စနှင့်ပတ်သက်၍ ကျွန်တော့်ကို ပါရီသို့ စီစဉ်ထားသည်ကို တွေ့ရပါသည်။ ကျွန်တော်သည် ကလပ်သို့ ပြန်လာကာ ပါရီသို့ တစ်ရက်နှစ်ရက် သွားဦးမည်ဖြစ်ကြောင်း၊ ပါရီသို့ ရောက်နေသည့်အတွင်း မျက်စိနားတို့ကို ဖွင့်ထားမည် ဖြစ်ကြောင်းဖြင့် ပက်ပါးထံ စာတစ်စောင် ကောက်ခြစ်ပစ်ခဲ့၏။ အရေးရှိလျှင် ဆက်သွယ်ရန်အတွက် ကျွန်တော့်ပါရီ လိပ်စာကိုလည်း ပေးပစ်ခဲ့၏။

လမ်းတစ်လျှောက်တွင် ကျွန်တော်သည် အမှုအကြောင်းကိုသာ စဉ်းစားခဲ့သည်။ ပက်ပါး တွေးထားသည့်အတိုင်း သမီးကို တစ်ခြားသို့ လွှတ်ထားပြီး အမေကိုခေါ်သွားကြခြင်းဖြစ်ကြောင်း၊ သူတို့တည်းသည့် တည်းခိုရိပ်သာ အခန်းများကို အသစ်ပြင်ဆင် မွမ်းမံထားကြောင်း ဖြစ်သည် ဆိုသည့် ပက်ပါး၏ ကောက်ချက်သည် ရုတ်တရက် ကြည့်လျှင် အတွေးခေါင်သည်ဟု ထင်ရသည့်တိုင်အောင် အချက်အလက်များက ထိုကောက်ချက်ကို အတည်ပြုသကဲ့သို့ ရှိနေကြောင်း

www.burmeseclassic.com

တွေ့ရ၏။ သို့ရာတွင် ဧည့်တည်းခိုရိပ်သာ မှတ်ပုံတင် စာအုပ်မှ စာရွက်ကိုမူ မည်သည့်အကြောင်းဖြင့် ဆုတ်ထားရသနည်း။

ပါရီသို့ ရောက်လျှင် ကျွန်တော်သည် ဘူတာရုံမှနေ၍ သဟာယ တည်းခိုခန်းသို့ တန်းလာခဲ့သည်။ တည်းခိုရိပ်သာသို့ ရောက်သည့် အခါတွင် ကျွန်တော့်ကို အုပ်ချုပ်ရေးမှူး အမျိုးသမီးက ဆီးကြို၏။ အမျိုးသမီးကို ကြည့်ရသည်မှာ တော်တော်တန်တန် ခြိမ်းခြောက်၍ ကြောက်မည့်အစားထဲက မဟုတ်ဟု ကျွန်တော် အကဲခတ်လိုက်သည်။

ကျွန်တော်သည် ဒုတိယအထပ်ရှိ နောက်ကျောဘက်မှ အခန်း တစ်ခန်းကို ရလိုက်၏။ မနက် ကိုးနာရီထိုးသည့်အခါတွင် အောက်ထပ်သို့ ဆင်းလာကာ ကျွန်တော်သည် စာပေသမား ဖြစ်ကြောင်း၊ ဆရာဝန်၏ အကြံပေးချက်အရ ကျန်းမာရေးအတွက် ခရီး ထွက်လာခဲ့ခြင်း ဖြစ်ကြောင်း၊ တည်းခို ရိပ်သာတိုင်းတွင် အောက်ထပ် ရှေ့ခန်းကိုသာ ငှားနေခဲ့ကြောင်း၊ ယခု ဤတည်းခိုရိပ်သာ တွင်လည်း အောက်ထပ်ရှေ့ခန်းတစ်ခန်းကို လိုချင်ကြောင်း၊ အခန်းခပိုပေးရမည် ဆိုလျှင်လည်း အကြောင်းမဟုတ်ကြောင်းဖြင့် ပြော၏။ အမျိုးသမီးက ကျွန်တော့်အတွက် စိတ်မကောင်းဖြစ်သည့်တိုင် ကျွန်တော် လိုချင်သည့် အခန်းကိုမူ မပေးပါ။ အခန်းများမှာ ငှားပြီးနေသဖြင့် ထိုလူများကို အခြားသို့ပြောင်းရွှေ့ ပေးရမည်ဆိုလျှင် မဖြစ်နိုင်ကြောင်း ပြောပြ၏။ တည်းခိုရိပ်သာ အထပ်တိုင်းရှိ မျက်နှာစာအခန်းများ မှာလူပြည့်နေပြီ။ ကျွန်တော်ကလည်း အလျှော့မပေးပါ။ တည်းခိုရိပ်သာကို ကျွန်တော် သဘောကျကြောင်း၊ သို့ရာတွင် နောက်ကျောဘက်မှ အခန်းများကိုမူ မလိုချင်ကြောင်း ကျွန်တော်သည် ပြင်သစ်ပြည်၌ ခရီးသွားအတွေ့ အကြုံများကို အင်္ဂလိပ် သတင်းစာများတွင် ဆောင်းပါးရေးမည်ဖြစ်ရာ

www.burmeseclassic.com

www.burmeseclassic.com

အကယ်၍ ကျွန်တော်လိုချင်သည့် အခန်းမျိုးကိုရလျှင် တည်းခိုရိပ်သာ၏အမည်ကို ကျွန်တော့် ဆောင်းပါးများထဲတွင် ထည့်ပေးမည်ဖြစ်ကြောင်း ယခုအတိုင်းဆိုလျှင်မူ.....

'ဘုရားရေ....ရှင်က စာရေးဆရာလား။ ဒီလိုဆိုရင် အခန်းသစ်တစ်ခန်းတော့ ရှိတယ်ရှင့်၊ အခန်းမှာ ဆေးပြန်သုတ်ထားတာ၊ လူတောင် မနေရသေးဘူး၊ အဲဒီအခန်းကို ကြည့်မလား'

မစ္စက်ဖရေဇာ နေသွားသည့်အခန်းကို မြင်လိုက်ရသည့်အခါတွင် ကျွန်တော် ဝမ်းသာသည်မှာ ဆိုဖွယ်ရာမရှိတော့ပြီ။ သို့ရာတွင် ကျွန်တော်သည် ကျွန်တော့်ခံစားချက် မပေါ်အောင် မနည်းဖုံးကွယ်ထားလိုက်ရ၏။ အခန်းမှာ မေရီဖရေဇာ ပြောလိုက်သည့်အတိုင်း တစ်ထေရာတည်း ဖြစ်နေသည်။ ကျွန်တော့် ပစ္စည်းများကို အောက်ထပ်သို့ ချလာခဲ့ပြီးနောက် အခန်းတံခါးကို သော့ချ၍ ပိတ်လိုက်သည်။ ပထမဆုံး ကျွန်တော်လုပ်ရမည့် အလုပ်မှာ ပရိဘောဂအသစ်များကို မည်သူက အရေးတကြီး ရွှေ့ပေးသနည်း ဆိုသည့်ကိစ္စကို စုံစမ်းရန်ဖြစ်သည်။ ပရိဘောဂများတွင် တိုက်ဆိုင်၏အမည် မပါချေ။ သို့ရာတွင် ကော်ဇောကို လှန်ကြည့်လိုက်သည့်အခါ စုတ်ပြတ်နေသည့် ပြေစာ စာရွက် တစ်ပိုင်းတစ်စကို ကံအားလျော်စွာ သွားတွေ့သည်။

ပြေစာ စာရွက်ပေါ်တွင် အောက်ပါအတိုင်း တွေ့ရသည်။

*ယန်း*

*စိန့်ဂျက်လမ်းမကြီး၊ ပါရီ။*

အမှုနှင့်ပတ်သက်၍ ကျွန်တော့် ထောက်ခံချက်မှာ ပို၍ ခိုင်မာသွားလေပြီ။ မစ္စက်ဖရေဇာကို ပြန်ပေးဆွဲသွားခြင်းမှာ လျှို့ဝှက်ဂိုဏ်းများ လက်ချက်ထက် အခြားအကြောင်း များလည်း ရှိနိုင်သေး

www.burmeseclassic.com

www.burmeseclassic.com

ကြောင်း တွေ့လာရ၏။ ထို့ပြင် နေပယ်မှလာသည့် သတင်းတစ်ပုဒ်ကို ဖတ်လိုက်သည့် အခါတွင်လည်း နောက်ထပ် သဲလွန်စ တွေ့လာရပြန်သည်။ အကယ်၍ ကျွန်တော် တွေးသည့်အတိုင်း မှန်ခဲ့လျှင် ဤသည်မှာ ပက်ပါး၏ ပထမ တွေးလုံးကြောင့် ဖြစ်ပါသည်။

ကျွန်တော်သည် ကော်ဇောအောက်မှ တွေ့ရသည့် ပြေစာစာရွက်ပိုင်းကလေးကို အိတ်ထဲသို့ ထည့်ကာ စိန့်ဂျက်လမ်းမကြီး အတိုင်းလိုက်ပြီး၊ နံပါတ် ၃၊၁၃၊၂၃ စသည်တို့ကို လိုက်ကြည့်ပါသည်။ သို့ရာတွင် (ယန်း)အမည်ဖြင့် အဆုံးသတ်သည့် ဆိုင်နာမည်ဆို၍ တစ်ခုမှမတွေ့ပါ။ နောက်ဆုံး နံပါတ် ၃၃ ရောက်သည့် အခါတွင်မူ ဆိုင်ပြတင်းတွင် ‘ဂရော့ယန်း’ ဟူသောအမည်ကို ရွှေစာလုံးဖြင့် ထိုးထားသည့် ဆိုင်တစ်ဆိုင်ကို သွားတွေ့ပါသည်။ ထိုဆိုင်မှာ နံရံကပ်စက္ကူများ၊ နံရံသုတ်ဆေးများနှင့် ရေချိုးခန်းသုံး ပစ္စည်းများ ရောင်းသည့်ဆိုင် ဖြစ်ပါသည်။

ကျွန်တော်သည် ဆိုင်ထဲသို့ ခပ်တည်တည် ဝင်လာခဲ့ကာ နံရံကပစက္ကူဒီဇိုင်းများကို အပြခိုင်းပါသည်။ ဆိုင်ထိုင်က ကျွန်တော့်ကို နံရံကပ်စက္ကူ ပုံစံတစ်ရာလောက် ပြပါသည်။ သို့ရာတွင် ကျွန်တော့်စိတ်တိုင်းကျ တစ်ခုမျှမတွေ့ပါ။ ကျွန်တော် လိုချင်သော အပြာရောင်မျိုးကို မတွေ့ဟု ကွန်တော်ကပြောပြီး မန်နေဂျာကို တွေ့ချင်သည်ဟု ကျွန်တော်က ပြောပါသည်။ မန်နေဂျာမှာ ဆိုင်နောက်ခန်းထဲတွင်ရှိရာ ကျွန်တော်က တွေ့ချင်သည့်အခါတွင် စိတ်မပါ့တပါဖြင့် ထွက်လာပါသည်။

‘ကျွန်တော်လိုချင်တဲ့ ဒီဇိုင်းတွေကို ခင်ဗျားတို့ မပြသေးဘူးဗျ။’

‘ဒါအကုန်ပဲခင်ဗျ၊ ဒီပြင်တော့ မရှိတော့ဘူး’

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော် လိုချင်တဲ့ဒီဇိုင်းမျိုးက သဟာယဟိုတယ် ပထမထပ်က ရှေ့ခန်းတစ်ခန်းမှာ ခင်ဗျားတို့ကပ်ပေးလိုက်တဲ့ ဒီဇိုင်းမျိုးဗျာ၊ လွန်ခဲ့တဲ့ ကြာသပတေးနေ့က တည်းခိုခန်းရိပ်သာက စပါယ်ရှယ်အော်ဒါပေးလို့ နှစ်နာရီလောက် အတွင်းမှာ ခင်ဗျားတို့ ကပ်ပေး ခဲ့တယ်လေ။ မှတ်မိတယ် မဟုတ်လား။'

မန်နေဂျာ၏ မျက်နှာထား ရုတ်တရက် ပြောင်းသွားသည့်အတွက် ကျွန်တော် ဝမ်းသာသွားသည်။ သူနှင့် စတွေ့လိုက်ရစဉ် မန်နေဂျာသည် အလွန်သဘောကောင်းသည့် နံရံကပ်စက္ကူဆိုင်ပိုင်ရှင် ပြင်သစ်တစ်ယောက်ဖြစ်၏။ သို့ရာတွင် ကျွန်တော်နှင့် စကားပြောပြီးသည့် အခါတွင်မူ ထိုအမူအရာသည် ရုတ်တရက်ပင် ပြောင်းသွားခဲ့လေပြီ။ ထိတ်လန့်ခြင်း၊ အံ့သြခြင်း၊ အောင့်အည်း ထားရသည့်ဒေါသ စသည်တို့သည် သူ့မျက်နှာပေါ်တွင် အထင်းသား ပေါ်လာကြသည်။ ထိုလူသည် ကျွန်တော့်ကို စကားတစ်လုံးမှ ပြန်မပြောနိုင်တော့ဘဲ အံကြီး တကြိတ်ကြိတ်ဖြင့် ကြည့်နေသည်ကို တွေ့ရ၏။

'ဘာလဲ အကုန် ရောင်းပစ်လိုက်ပြီလား၊ ဒီလိုဆိုရင်လည်း ရပါတယ်ဗျာ၊ နေပါစေတော့'

ဟုဆိုကာ ကျွန်တော် ထွက်လာခဲ့သည်။

ကျွန်တော်သည် နောက်တစ်နေရာသို့ ထွက်လာခဲ့၏။ နံရံကပ်စက္ကူဆိုင် ပိုင်ရှင်မှာမူ တယ်လီဖုန်းတစ်လုံးဖြင့် အလုပ်များနေပေလိမ့်မည်။

အာရွန်ဒီဆေးရပ်ကွက်ရှိ ဂတ်တဲတွင် တာဝန်ကျနေသည့် ပုလိပ်အရာရှိသည် ယဉ်ကျေးဖော်ရွေသည့်တိုင် ရာဇဝတ်ဝန်နှင့် တွေ့ချင်သည်ဟု ကျွန်တော် ပြောသည့်အခါတွင် များစွာ နှစ်သက်ပုံမရချေ။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကလည်း အလျှော့မပေးပါ။ ကျွန်တော်သည် လန်ဒန်တိုင်းသတင်းစာကြီးမှ သတင်းထောက်ဖြစ်ပြီး မစ္စက်ဖရေဇာ၏ အမှုကိုလာရောက်စုံစမ်းခြင်း ဖြစ်ကြောင်း ပြောပြပါသည်။ ထိုအခါတွင်မှ ပုလိပ် အရာရှိသည် ကျွန်တော့်ကို ရာဇဝတ်ဝန်ရုံးခန်းသို့ ခေါ်သွား၏။ ရာဇဝတ်ဝန်မင်းမှာလည်း ကျွန်တော့်ကို သက်ာမကင်း ဖြစ်နေပုံရပြီး ခပ်တိုတို ခပ်ပြတ်ပြတ်ပင် ဆက်ဆံ၏။

'ရာဇဝတ်ဝန်မင်းကို ကျွန်တော် တစ်ခု မေးပါရစေခင်ဗျာ၊ တည်းခိုရိပ်သာတစ်ခုက စာမှတ်ပုံတင် စာရင်းတစ်ရွက်ကို ဆုတ်ဖြဲဖျောက်ဖျက်ပစ်တာဟာ ရာဇဝတ်မှု မသက်ရောက်ပေဘူးလား'

'ခင်ဗျား ပြောစရာရှိတာကို ပြောပါလေ၊ ကျုပ် နားထောင်နေပါတယ်'

'ကျွန်တော်ကတော့ ရာဇဝတ်မှုတစ်ခုလို့ မြင်တယ်ဗျ၊ ခု ကျွန်တော် လာတဲ့ကိစ္စက သဟာယဟိုတယ် အုပ်ချုပ်ရေးဆိုင်ရာတွေက အင်္ဂလိပ်အမျိုးသမီး မစ္စက်ဖရေဇာနဲ့ မေရီဖရေဇာဆိုတဲ့ အင်္ဂလိပ်အမျိုးသမီးနှစ်ယောက်ရဲ့ အမည်ကို စာရင်းက ဖျောက်ဖျက်ပစ်တဲ့ကိစ္စကို စုံစမ်းဖို့ လာတာပဲ'

ရာဇဝတ်ဝန်၏မျက်နှာမှာ မသာယာဖြစ်လျှက်ရှိ၏။ ကျွန်တော့်ကို ဘာမှ ပြန်မပြောဘဲ နှုတ်ခမ်းကို ကိုက်နေသည်။

'ဒီလို ဆိုရင်လည်း ကိစ္စမရှိပါဘူး၊ မပြောဘဲ နေလို့ရပါတယ်၊ ထားပါတော့'

ဟုဆိုကာ ပြန်ထွက်မည်ပြုလိုက်သည်။ အပေါက်ဝသို့ရောက်မှ သူ့ဘက်သို့ လှည့်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော့်လို လန်ဒန်တိုင်း သတင်းထောက် တစ်ယောက်အဖို့ ဒီလောက်သိရပြီ ဆိုရင်လည်း ကျေနပ်ပါတယ်၊ ပါရီပုလိပ်အဖွဲ့ အကြောင်းကို ဟုတ်တိုင်းမှန်ရာ ရေးလိုက်ရုံပေါ့ မဟုတ်ဘူးလား၊ ကုန်စည်ပြပွဲကြီး လုပ်လုနီးမှာ ပုလိပ်ရောဂါ ဖြစ်နေတယ်လို့ ရေးလိုက်ရုံပေါ့'

ကျွန်တော်သည် တည်းခိုရိပ်သာသို့ ပြန်လာခဲ့သည်။ ယခုလောလောဆယ်တွင်မူ ကျွန်တော့အတွက် ဘာမျှ လုပ်စရာ မရှိတော့။ စောင့်စရာ ရှိသည်ကို စောင့်ရုံမျှသာ ကျန်တော့သည်။ ယခုအချိန်ဆိုလျှင် သက်ဆိုင်သူတို့၏ တယ်လီဖုန်းများသည် အလုပ်များနေကြပေလိမ့်မည်။ အုပ်ချုပ်ရေးမှူး အမျိုးသမီး၏ မျက်လုံးတို့မှာ ဒေါသဖုံးလျှက် ရှိကြ၏။ သို့ရာတွင် ကျွန်တော့်ကိုမူ ကြာကြာ မျက်နှာချင်းမဆိုင်ပါ။ ကျွန်တော်သည် တည်းခိုရိပ်သာစောင့်ကို ကျွန်တော့်လိပ်စာကတ်ပြား ပေးခဲ့ပြီး ဧည့်သည် တစ်ယောက် လာလျှင် ကျွန်တော့်ကို အကြောင်းကြားရန် မှာခဲ့ကာ အရက်ခန်းထဲတွင် ထိုင်စောင့်နေသည်။ ကြာကြာ မစောင့်လိုက်ရပါ။ ခဏကြာလျှင် အုပ်ချုပ်ရေးမှူး အမျိုးသမီး ကိုယ်တိုင် ပေါက်လာကာ ကျွန်တော့်ကို တွေ့လိုသည့် ဧည့်သည် ရောက်နေကြောင်း လာပြောသည်။ ကျွန်တော့် ဧည့်သည်မှာ ပြည်ထဲရေးဝန်ကြီးဌာနမှ မွန်ဆီယာဗွန်ရှန့် ဆိုသူဖြစ်၏။ စကားပြော ဖော်ရွေချိုသာသည့် လူတစ်ယောက် ဖြစ်ပြီး ပိုးဦးထုပ် တစ်လုံးကို ဆောင်းကာ ဖရော့ကုတ်အင်္ကျီကို ဝတ်ထား၏။

'မစ္စတာဂျုန်းနော်။ တွေ့ရတာ ဝမ်းသာလိုက်တာဗျာ'

မွန်ဆီယာ ဘွန့်ရှန့်သည် အခန်းထဲမှ ထွက်သွားသော အုပ်ချုပ်ရေးမှူး အမျိုးသမီးကို သေချာစွာ ကြည့်နေသည်။ သူထွက်သွား

www.burmeseclassic.com

www.burmeseclassic.com

သည့်အခါတွင်မှ တံခါးကို သေချာစွာပြန်ပိတ်လိုက်၏။ ကျွန်တော်က သူ့ကို ကုလားထိုင်တစ်လုံး ထိုးပေးပြီး အထိုင်ခိုင်းပါသည်။

'ကျွန်တော့်ကို ခင်ဗျားနဲ့တွေ့ဖို့ ဝန်ကြီးကိုယ်တိုင်က ခိုင်းလိုက်တာခင်ဗျ၊ အမှန်ကတော့ ဝန်ကြီးကိုယ်တိုင် လာမလို့ပါပဲ၊ ဒါပေမဲ့ သမတအိမ်တော်ကို ခေါ်တာနဲ့ သွားနေရလို့ ကိုယ်တိုင် မလာနိုင်တာပါ။ ခုကိစ္စက အရေးကြီးတဲ့ ကိစ္စဖြစ်လို့ ကျွန်တော့်ကို ချက်ချင်း လွှတ်လိုက်တာပါ။ ခုကိစ္စမှာ သူ့လက်အောက် ပုလိပ်အရာရှိအချို့ဟာ တာဝန်မကင်း ဖြစ်နေတဲ့အတွက် အခုလို ကျွန်တော့်ကို လွှတ်လိုက်တာပါ။ ပြဿနာကို ဒီလို ဖြေရှင်းတာမျိုးကို သူလည်း မကြိုက်ပါဘူး၊ လွန်ခဲ့တဲ့ တစ်ရက် နှစ်ရက်လောက်က မိတ်ဆွေကြီးတို့ အင်္ဂလိပ် အမျိုးသမီးနဲ့ သူ့သမီးတစ်ယောက် ပါရီကို ရောက်လာတယ်တဲ့၊ တည်းခိုရိပ်သာမှာ နေမကောင်းဖြစ်လို့ ဆရာဝန်ကို ခေါ်တယ်တဲ့။ ဆရာဝန်က စစ်ကြည့်တဲ့ အခါကျတော့ အမျိုးသမီးက နေပယ်ကျွန်းကနေပြီး အကျိတ် ပုလိပ်ရောဂါ ကူးလာတာကို တွေ့ရတယ်တဲ့။ ဒါနဲ့ ဆရာဝန်က ပုလိပ်ကို အကြောင်းကြားတော့ ပုလိပ်ကလည်း လန့်ဖျပ်ပြီး ဆေးရုံကို ပို့လိုက်တယ်တဲ့။ အမှန်ကတော့ ပုလိပ်အနေနဲ့ အမျိုးသမီးရဲ့ သမီးကို အကြောင်းကြားရမယ်။ ဒါပေမဲ့ ဘယ်ကိုမှ အကြောင်း မကြားတော့ပဲ အမျိုးသမီးရဲ့ သမီးကို တစ်နေရာကိုပို့ထားလိုက်ပြီး သူ့ကိုတော့ ဆေးရုံကို တင်လိုက်တယ်။ ဆေးရုံ ရောက်တော့ အဲဒီညမှာပဲ အမျိုးသမီးကြီး သေသွားတယ်။ ပုလိပ် အနေနဲ့ အမျိုးသမီးကို အမှန်အတိုင်း ဖွင့်မပြောတော့ ဖုံးကွယ်ထား သလို ဖြစ်နေတာပေါ့။ ဒါကြောင့်မို့ သက်ဆိုင်ရာ အရာရှိတွေကို

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ရာက အရေးယူဖို့ စီစဉ်နေပြီလို့ ကျွန်တော့်ကို အပြောခိုင်းလိုက်ပါတယ်'

'ခင်ဗျားကတော့ သေသူ အမျိုးသမီးကြီးရဲ့ ဆွေမျိုးသားချင်း မဟုတ်လား၊ ပြီးတော့လန်ဒန် သတင်းစာလောက က လူ ဖြစ်နေတော့ ကျွန်တော်တို့ အဖို့ ခက်နေတာပေါ့။ ခုတော့ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျေနပ်ဖို့ ဝန်ကြီးက တောင်းပန်ခိုင်း လိုက်ပါတယ်။ အမျိုးသမီးကိုတော့ ပယ်ရီလာချေ သုသာန်မှာ ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးပါပြီ၊ ဟောဒီမှာ သေစာရင်းလက်မှတ်နဲ့ အမှတ်အသား နံပါတ်ကို ဝန်ကြီးက အပို့ခိုင်းလိုက်ပါတယ်။ ဆွေမျိုးများကိုယ်စား လူကြီးမင်းက လက်ခံပေး စေချင်ပါတယ်တဲ့။ တကယ်လို့ အခြား အစီအစဉ် တစ်ခုခု လုပ်ချင်တယ် ဆိုရင်လည်း ပြောပါတဲ့။ လုပ်ပေးပါမယ်တဲ့။ အဲ ဝန်ကြီးက တောင်းပန်ချင်တာ တစ်ခုရှိပါတယ်တဲ့။ အဲဒါကတော့ ဒီကိစ္စဟာမတော်မဆ ဖြစ်သွားတဲ့အတွက် ဒီအကြောင်းကို သတင်းစာတွေ ထဲမှာတော့ မပါစေချင်ပါဘူးတဲ့။ မပါအောင် လုပ်ပေးပါလို့ မှာလိုက်ပါတယ်။ အထူးသဖြင့် ပါရီမှာ ကုန်စည်ပြပွဲကြီး လုပ်လုနီးမှာ ခုလို ပုလိပ်ရောဂါဖြစ်တယ် ဆိုတဲ့ သတင်းကို တတ်နိုင်သမျှ ဖုံးဖိထား စေချင်ပါတယ်။ ဒီတော့ ဒါနဲ့ပတ်သက်လို့ ကျွန်တော် စိတ်ချပါရစေ'

အရာရှိက ကျွန်တော့်ကို ယဉ်ကျေးသိမ်မွေ့စွာ ပြော၏။ သို့ရာတွင် ကျွန်တော် မကျေနပ်။ ကျွန်တော့်တွင် သက်သေ အထောက်အထားတွေ ရှိသည်။ ထို့ကြောင့် ပါရီရှိ ဗြိတိသျှကောင်စစ်ဝန် ရုံးသို့ တိုင်ကြားစရာ ရှိသည်တို့ကို တိုင်ကြားပြီး လန်ဒန်သို့ ပြန်ရုံသာ ရှိတော့၏။

www.burmeseclassic.com

www.burmeseclassic.com

လန်ဒန်သို့ ရောက်လျှင် မစ္စ မေရီဖရေဇာထံသို့ ပထမဆုံး သွားရမည်ဖြစ်၏။ မစ္စမေရီဖရေဇာ ကလည်း ထိုကိစ္စကို လောလော ဆယ်တွင် အုတ်အော်သောင်းတင်း ဖြစ်လိုဟန် မရှိပါ။ ကျွန်တော်သည် ပက်ပါးအား အချို့အချက်များကို ချန်လှပ်၍ပြောရန် ဆုံးဖြတ်လိုက်၏။ အကယ်၍ ပက်ပါးက သတင်းစာ ဆရာများထံ စကားကျွံသွားလျှင် ထိုကိစ္စသည် သတင်းစာများထဲတွင် ပါလာနိုင်မည် မဟုတ်ပါလော။ သတင်းစာဆရာ ဆိုသည်မှာ ဘယ်တော့မှ နှုတ်လုံသည်မဟုတ်။

ပက်ပါးထံသို့ ကျွန်တော် ရောက်သည့်အခါတွင် သူက

'ဘယ့်နှယ်လဲဗျ၊ ပါရီမှာ ဘယ်လိုအခြေအနေ ရှိသလဲ'

'နည်းနည်း အေးတယ်ဗျ၊ ပြီးတော့ မိုးလည်း နည်းနည်း ရွာနေတယ်'

'ဟုတ်လား၊ မစ္စက်ဖရေဇာရဲ့ ကိစ္စကော ဘာများ ကြားသေးသလဲ'

'ခင်ဗျား တွက်တဲ့အတိုင်းပါပဲ၊ ကောင်မလေး မရှိတုန်းမှာ အခန်းထဲက ပရိဘောဂတွေကို လဲထားလိုက်ကြတာပေါ့'

'မာဖီးယားဂိုဏ်းက အကျပ်ကိုင်လို့လား'

'မာဖီးယားဂိုဏ်းကလား ဘာလားတော့ မသိဘူးဗျာ၊ နေပယ်ကျွန်း နဲ့တော့ ပတ်သက်နေတာပဲ၊ ပုလိပ်ကတော့ အမှိုးသမီး သေပြီလို့ပဲ ယူဆနေကြတယ်၊ ဗြိတိသျှ ကောင်စစ်ဝန်ကတော့ ဒီကိစ္စကို သူ စုံစမ်း ကြည့်မယ်လို့ ပြောလိုက်တယ်ဗျ၊ ဒီအချိန်မှာ ဟိုးလေးတကျော်ဖြစ်ရင် အားလုံး အစီအစဉ်တွေ ပျက်ကုန်လိမ့်မယ်တဲ့'

'ပျက်ပျက်၊ မပျက်ပျက်ဗျာ၊ ခုမှတော့ တာဝန်ရှိတဲ့လူကို အရေးယူကြမှာ မဟုတ်တော့ပါဘူး။ မယုံရင် ခင်ဗျား စောင့်ကြည့် နေပါ'

www.burmeseclassic.com

www.burmeseclassic.com

'ပက်ရေ ဒီတစ်ချီမှာလည်း ခင်ဗျားမှန်ပါလိမ့်မယ် ထင်တာပဲ'

(အင်္ဂလိပ်စာရေးဆရာ Sir Basil Thompson ၏ The Vanishing of Mrs.Fraser ကို ပြန်ဆိုသည်။)

www.burmeseclassic.com

www.burmeseclassic.com

## ၃။ မိန်းမဟူသည် ယစ်မျိုးရည်သို့

ဇာတ်ဆောင်စုံထောက် — မစ္စတာပူးလ်။
စတင်ပေါ်ပေါက်သည့်နှစ် — ၁၉၃၀ ခုနှစ်။

(အင်္ဂလိပ်စာရေးဆရာ ဟင်နရီဝိတ်၏ ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ၁၉၃၀ခုနှစ်တွင် ထုတ်ဝေသည့်လန်ဒန်မဂ္ဂဇင်းတွင် စတင်ပါရှိသည်။ လူကြိုက်များလာခဲ့သဖြင့် နောင်တွင် ထိုစုံထောက်ကို မဏ္ဍိုင် ဇာတ်ဆောင် ထားကာ စုံထောက်ဝတ္ထုတို များကို ရေးခဲ့သည်။ ယခု ဝိတ်၏ စုံထောက်ဝတ္ထုတိုများမှ တစ်ပုဒ်ကို ဖော်ပြလိုက်ပါသည်။)

'ကြည့်ရတာကတော့ ထုံးစံအတိုင်း မိန်းမကိစ္စပဲဖြစ်မှာပေါ့'

ထိုစကားများကို ပြောဆိုလိုက်သူမှာ ယူနီဖောင်း ဝတ်ထားသည့် ပုလိပ်အရာရှိ တစ်ယောက် ဖြစ်သည်။ ပုလိပ်အရာရှိမှာ အရပ် ထောင်ထောင်မောင်းမောင်း၊ သြဇာအာဏာ ပေးတတ်သည့် ဟန်အမူ အယာ ရှိ၏။ သူနှင့်အတူ ပါလာသူမှာ စူးရှ တောက်ပြောင်သည့် မျက်လုံးပြာများနှင့် ခပ်တင်းတင်း စေ့နေသည့် နှုတ်ခမ်းများရှိ၍ အရပ်ဝတ် အရပ်စားတို့ကို ဝတ်ဆင်ထားသည့် လူရွယ် တစ်ယောက်ဖြစ်၏။ ထိုလူမှာ စီအိုင်ဒီခေါ် မှုခင်းစုံစမ်း ထောက်လှမ်း ရေးဌာနမှ အင်စပက်တော် ပူးလ်ဟု လန်ဒန်မှုခင်း လောကမှ သိထား ကြသည့် လူတစ်ယောက်ဖြစ်၏။ သူတို့ နှစ်ယောက်သည် ရွံ့စပ်စပ် ရှိနေသည့် မြက်ခင်းပြင် အစပ်တွင် ရပ်နေကြခြင်းဖြစ်၏။ သူတို့ရှေ့ ကွက်လပ် တစ်ခုပေါ်တွင် လူနှစ်ယောက် လဲကျနေကြ၏။ တစ်ယောက်

မှာ အဖြူရောင်ခါးပြတ်အင်္ကျီ၊ အနက်ရောင် ကုတ်အင်္ကျီ၊ အနက်ရောင် လည်စီး စသည့် ညနေခင်းဝတ်စုံတို့ကို ဝတ်ဆင်ထား၏။ နောက် တစ်ယောက်မှာ အနက်ရောင် ခါးပြတ်အင်္ကျီကို ဝတ်ဆင်ထား၏။ နှစ်ယောက်လုံးမှာ အသက် မရှိကြတော့ပြီ။ သူတို့လက်ထဲတွင် ပစ္စတို တစ်လက်စီကို ဆုပ်ကိုင်ထားကြသည်ကို တွေ့ရ၏။ နှစ်ယောက် စလုံး၏ အင်္ကျီရင်ဘတ်တွင်လည်း သွေးများ စွန်းပေလျက် ရှိသည်ကို တွေ့ရ၏။

'အင်း......မိန်းမကိစ္စလား၊ ပိုက်ဆံ ကိစ္စလားတော့ မသိဘူး။ ဒီခေတ်မှာ နိုင်ငံရေးကြောင့်တော့ ဒီလို မလုပ်ကြတော့ဘူး ထင်ပါရဲ့၊ နို့ နေစမ်းပါဦး။ ဒီအလောင်းတွေကို ဘယ်သူတွေ့လာတာလဲ'

'ကျွန်တော့်ဂါတ်ထဲက စာသင် ရော်ဗင်တွေ့လာတာဗျ။ ဒီနေ့ မနက်စောစော တောအနီးက ပေတရာလမ်းပေါ်မှာ မီးတွေဖွင့် လျက်သားနဲ့ ကားတစ်စီး တွေ့တယ်၊ လူလည်း တစ်ယောက်မှ မတွေ့ဘူးလို့ လယ်သမားတစ်ယောက်က သတင်းလာပို့တယ်။ ဂါတ်ထဲက စာသင် ရော်ဗင်က ဘိုင်စကယ်တစ်စီး ကောက်နင်းပြီး လိုက်ကြည့်တော့ လယ်သမားကြီး လာပြောတဲ့အတိုင်း ကားကို တွေ့တာပဲ။ ဒါနဲ့ တောထဲကို လျှောက်ကြည့်တော့ ဒီအလောင်း နှစ်လောင်းကို သွားတွေ့တယ်။ ဒီတင် ရော်ဗင်လည်း ဂတ်တဲကို ပြန်လာပြီး ကျွန်တော့်ဆီကို ဖုန်းဆက်တယ်။ ကျွန်တော်က အင်းစိန်းမှာ ရုံးထိုင်တာကိုး။ ဒါနဲ့ ကျွန်တော်လည်း မှူခင်းဆရာဝန်ကို ခေါ်လိုက် လာပြီးကြည့်တယ်။ နောက် စကော့တလန်ယာဒ်ကို ဆက်တော့ ခင်ဗျား ရောက်လာတာပဲ။ မှူခင်းဆရာဝန် ဒေါက်တာဝန်းမား ကတော့

www.burmeseclassic.com

www.burmeseclassic.com

သေတာကို အတည်ပြုချက် ပေးပြီးပြီ။ ကျွန်တော်လည်း လိုတော့မှ ခေါ်မယ်ဆိုပြီး သူ့ကို ပြန်လွှတ်လိုက်တယ်'

ပူးလ်သည် စဉ်းစားနေဟန်ဖြင့် မေးကိုပွတ်နေသည်။

'အမှန်ကတော့ ဒီကိစ္စက ခင်ဗျားတို့ ပုလိပ်ကရှင်းရင် ဖြစ်နိုင်တဲ့ ကိစ္စမျိုးပဲဗျ။ ဘယ်လိုများ စဉ်းစားမိလို့ ကျွန်တော်တို့ စီအိုင်ဒီကို ခေါ်ရတာလဲ'

အင်စပက်တော်ကောက်က ရယ်လိုက်သည်။

'ကျွန်တော့်မှာ စဉ်းစားစရာကလေးတွေ ရှိနေတယ်ခင်ဗျ။ ခင်ဗျား သေသေချာချာ ကြည့်ပါအုံးလေ။ သေသေချာချာ ကြည့်ရင် တွေ့လာမှာ ပေါ့ဗျ'

ပူးလ်က ခေါင်းညိတ်လိုက်၏။

'တကယ်လို့သာ ဒီအမှုဟာ နှစ်ယောက်ချင်း ချိန်းသတ်တာမျိုး မဟုတ်ရင်တော့ ခြေရာတွေဟာ တော်တော် အရေးကြီးလိမ့်မယ်၊ ဒီနား တစ်ဝိုက်က မြေကြီးတွေမှာ ခြေရာတွေဘာတွေများ ပျက်နေပြီလား'

'ခုထိတော့ မပျက်သေးပါဘူး၊ ရော်ဘင်က သူသွားကြည့်တဲ့ လမ်းကို ကျွန်တော့်ကို ပြတယ်။ အလောင်းတွေနားကို လုံးဝမကပ်ဘူး ခင်ဗျ။ အနီးဆုံးကပ်ရင် ဆယ်ပေလောက် အထိပဲ ရောက်မယ်။ ကျွန်တော်နဲ့ ဆရာဝန်ကလည်း တခြားဘယ်ကိုမှ မသွားဘဲ သူသွားတဲ့ လမ်းအတိုင်း လိုက်ခဲ့ကြတာပဲ။ ခု ခင်ဗျားနဲ့ ကျွန်တော် လျှောက်ခဲ့ကြ သလိုပေါ့။ ဒီနေရာအထိ ရောက်ပေမယ့် မြေကြီးတွေ ဘာတွေ အနေအထား မပျက်ပါဘူး။ သူတို့ခြေရာနဲ့ ကျွန်တော့်ခြေရာတွေကို ကောင်းကောင်းခွဲလို့ ရပါတယ်။ ကဲ ခင်ဗျားရှေ့ကသွား'

www.burmeseclassic.com

www.burmeseclassic.com

ပူးလ်သည် အလောင်းနှစ်လောင်းကို အတန်ကြာမျှ ငေးစိုက်ကြည့် နေ၏။ တစ်ယောက်မှာ လူလတ်ပိုင်း အရွယ်ဖြစ်ပြီး အရပ်မနိမ့် မမြင့်ဖြစ်သည်။ ငါးပေ ဆယ်လက်မ လောက်ရှိသည်။ သို့ရာတွင် ကိုယ်လုံးကိုယ်ပေါက် ထွားကျိုင်းခြင်းမရှိ။ အခြား တစ်ယောက်မှာ သူ့ထက်ငယ်ဟန်ရှိပြီး အရပ်အမောင်းလည်း သူ့လောက်မရှိ။ အဝတ်အစားကို ရိုးကျကျ ဝတ်တတ်သူဖြစ်ပြီး (ပူးလ်၏ အမြင်အရ ဆိုလျှင်) ရင်အုပ်ကျယ်ကျယ်နှင့် ဖြစ်၏။ ထိုလူမှာ တစ်ဖက်စောင်း လျက်လဲနေပြီး လက်တစ်ဖက်ကို နောက်သို့ ပစ်ထား၏။ သူ့လက်ထဲ၌ ကိုလ်တ်ပွိုင့် ၃၈ ပစ္စတိုတစ်လက်ကို ကိုင်ထားသည်။ ခြေရာများကို သိရန် အတွက် ခြေထောက်ကို ကြည့်လိုက်သည့် အခါတွင် ခြေထောက် များမှာ ခပ်သေးသေး ဖြစ်သည်ကို တွေ့ရ၏။ သူ့ခန္ဓာကိုယ်နှင့် ခြေထောက်မှာ လိုက်ဖက်ခြင်း မရှိချေ။ ဖိနပ်မှာ ဦးချွန်းဖိနပ် ဖြစ်၏။ အခြား တစ်ယောက်၏ ဖိနပ်မှာ ကြီး၍ ပုံကလည်း ဦးချွန်းမဟုတ်ပဲ လေးထောင့်ပုံဖြစ်၏။ သူတို့နှစ်ယောက်၏ ခြေရာများကို အလွယ်တကူပင် ခွဲခြား၍ရနိုင်၏။

ဖိနပ်ဦးကားကြီးနှင့် လူမှာလည်း စောင်းလျက် လဲနေ၏။ ဒူးနှစ်ဖက်မှာ အနည်းငယ် ကွေးနေပြီး ခြေကျင်းဝတ်မှာ အတွင်းသို့ ကွေးနေသည်ကို ထူးဆန်းစွာတွေ့ရ၏။ သူ့လက်ထဲတွင်လည်း အလားတူပင် ပွိုင့် ၃၈ ကိုလ်တ် ပစ္စတိုတစ်လက်ကို ဆုပ်လျက်သား တွေ့ရ၏။ သူတို့နှစ်ယောက်သည် အနီးကပ်၍ တစ်ယောက်ကို တစ်ယောက် ပြိုင်တူလောက် ပစ်မိကြခြင်း ဖြစ်ပုံရ၏။ အနီးကပ်သည် ဆိုသော်လည်း ရုပ်အကြိုပေါ်တွင် ယမ်းခိုးများ စွဲနေသည့်တိုင်အောင် နီးကပ်ခြင်းမရှိကြချေ။

www.burmeseclassic.com

www.burmeseclassic.com

အဖြစ်ကမူ တော်တော် ဆန်းသည်။ ယနေ့ ခေတ်မျိုးတွင် နှစ်ယောက်ချိန်း၍ သေနတ်ဖြင့်ပစ်သည့် ကိစ္စမျိုးကို ဘယ်မှာတွင်မျှ မကြားဖူးတော့။ သူတို့နှစ်ယောက်မှာမူ သဲကြီးမဲကြီးဖြင့် တစ်ယောက်ကိုတစ်ယောက် အသေပစ်သတ် ခဲ့ကြပုံရ၏။

'ဘယ်သူတွေလဲ ဆိုတာကော သိပလား'

အင်စပက်တော်ကောက်က အိတ်ထဲမှ စာရွက်အချို့ကို ထုတ်လိုက်သည်။

'ဟောဒီဘက်က တစ်ယောက်ကတော့ ချက်စ်ဟန့်ကဗျ။ အမည်က ဂျော့ဟွန်းတဲ့၊ နောက်တစ်ယောက်မှာတော့ မှတ်ပုံတင်ရှာလို့ မတွေ့သေးဘူး။ ဒါပေမယ့် ဂျူလီယန်ဒီလန်း၊ ကင်ဒိုနာစံအိမ်၊ ပွတ်တနေလို့ လိပ်တပ်ထားတဲ့ စာအချို့တော့ တွေ့ရတယ်။ သူတို့နှစ်ယောက် အကြောင်းကိုတော့ ကျွန်တော်လည်း ကောင်းကောင်း မသိဘူး။ ချက်စ်ဟန့် ကတော့ ကျွန်တော့်အပိုင်ထဲကပဲ။ ခုတော့ အဲဒီ ဟွန်းဆိုတဲ့လူ အကြောင်းကို စုံစမ်းခိုင်းထားတယ်'

'ဟုတ်ပြီလေ၊ ဒီလိုဆိုရင် ဂျူလီယာဒီလန်းဆိုတဲ့လူ အကြောင်းကို စုံစမ်းဖို့ စကော့တလန်ယာဒ်ကို ကျွန်တော် ဖုန်းဆက်လိုက်မယ်။ ဟွန်းဆိုတဲ့လူရဲ့ ခြေကျင်းဝတ်က အတွင်းကို ကောက်ဝင်နေတာကတော့ နည်းနည်း ဆန်းနေတယ်'

ပူးလ်က အသက်ခပ်ကြီးကြီးလူ၏ အလောင်းမှ ခြေထောက်တစ်ဖက်ကိုကိုင်ကာ ခြေချင်းဝတ်ကို ဆန့်ကြည့်၏။ သို့ရာတွင်မရ၊ နောက်တစ်ယောက်၏ ခြေထောက်မှာ ဆန့်တန်းလျက် ရှိသည့်တိုင် တောင့်တင်းလျက် ရှိ၏။

'ဘယ်အချိန်လောက်က သေတယ်လို့ ဆရာဝန်ကပြောသလဲ'

www.burmeseclassic.com

www.burmeseclassic.com

'သူကတော့ မနေ့ညဉ့်က ဆယ့်နှစ်နာရီနဲ့ သုံးနာရီကြားမှာလို့ ပြောတာပဲ၊ ဟွန်းဆိုတဲ့လူရဲ့ အလောင်းက ပိုပြီးတောင့်နေပြီတဲ့၊ ဒါပေမယ့် သူက အသက်ပိုကြီးတော့ သွေးကြောတွေ ဘာတွေကလည်း ပိုမာနေတယ် ထင်ပါရဲ့'

ပူးလ်သည် ဟွန်း၏လက်ထဲတွင် ဆုပ်ထားသည့် ပစ္စတို သေနတ်ကို ခက်ခက်ခဲခဲဖြင့် ဖြေယူရ၏။ ထို့နောက် ကျည်ကပ်ကို ထုတ်ပြီး အထဲမှ ကျည်ဆံများကို သွန်ချလိုက်၏။ တစ်ဖန် ပြောင်းထဲ သို့ ငုံ့ကြည့်နေ၏။

'သေနတ်က အော်တိုမက်တစ် သေနတ်ဆိုတော့ ဘယ်နှစ်ချက် ပစ်ထားတယ်ဆိုတာ ပြောဖို့ တော်တော်ခက်တယ်၊ ခြောက်လုံးပြူး ရိုးရိုးကတော့ ပစ်ပြီးရင် ကျည်ဆံအခွံက ပြောင်းထဲမှာ ကျန်နေရစ်တာ မဟုတ်လား။ ဒီတော့ ကျည်ဆံခွံ ကြည့်လိုက်ရုံနဲ့ ဘယ်နှစ်ချက် ပစ်လိုက်တယ်ဆိုတာ အလွယ်တကူ သိနိုင်တယ်။ ဒီကောင်ကတော့ ပစ်ပြီးတာနဲ့ တစ်ပြိုင်နက် အော်တိုမစ်တစ် ကျည်ဆံထည့်ပြီးသား ဖြစ်တော့ ပြောင်းကိုကြည့်လို့ မရတော့ဘူး၊ မြေကြီးပေါ်က ကျည်ဆံခွံ ကို လိုက်ကြည့်မှ သိတော့မှာပဲ။ မြေကြီးပေါ်မှာ လိုက်ရှာလို့လည်း အားလုံး တွေ့ချင်မှ တွေ့တတ်တာ၊ ခင်ဗျားက လက်နက်ပါရဂူလား ပြောင်းကိုကြည့်ပြီး ဘယ်နှစ်ချက် ပစ်ပြီးသားဆိုတာ ပြောနိုင်ပါ့မလား'

အင်စပက်တော် ကောက်က ခေါင်းကိုခါယမ်းရင်း

'ဟင့်အင်း၊ ကျွန်တော်တော့ မပြောနိုင်ဘူး၊ ကျွန်တော်တင် မဟုတ်ပါဘူးလေ၊ တစ်ခြား လူတွေလည်း ပြောနိုင်မယ် မထင်ပါဘူး၊ ဒါပေမယ့် ကျွန်တော့်အထင် ပြောရမယ် ဆိုရင်တော့ တစ်ချက်စီ လောက်ပဲ ပစ်သေးတယ် ထင်တယ်၊ ဒီလောက်ကပ်ပစ် နေတာပဲဗျာ၊

www.burmeseclassic.com

www.burmeseclassic.com

တစ်ချက်စီပစ်ရုံနဲ့ ထိနိုင်ပါတယ်။ ဒါကတော့ လွယ်လွယ်ကလေးနဲ့ စဉ်းစားလို့ ရပါတယ်'

ပူးလ်က ပြုံးလိုက်၏။

'အင်း ဒါကတော့ နောက်မှစုံစမ်းရမယ့် ကိစ္စပေါ့လေ'

ဂျူလီယန်၏ ပစ္စတိုသေနတ်ကိုလည်း အလားတူ စစ်ဆေးကြည့်ကြ၏။ ပူးလ်က ...

'ကျည်ဆံတွေ ကျည်ဆံခွံတွေကို လိုက်မရှာခင်မှာ ခြေရာတွေကို ကြည့်ချင်သေးတယ်ဗျာ'

မြက်မပေါက်ဘဲ ပြောင်နေသည့် မြေကြီးမှာ ပျော့နေသဖြင့် ခြေရာများကို ကောင်းစွာ မမြင်နိုင်သည့်တိုင် မြက်တောတစ်ဝိုက်တွင်မူ မြက်ပင်များ ထူထပ်စွာ ပေါက်လျက်ရှိသည်ဖြစ်၍ ခြေရာကို လိုက်ရှာရန် မလွယ်ကူပေ။ အလောင်းများ လဲကျနေသည့်မြေပေါ်တွင်မူ ပူးလ်သည် ခြေရာများကို မနည်း ခွဲခြားယူနေသည်။ သို့ရာတွင် တောစပ်အနီးရှိ သစ်ပင်များ အောက်တွင်မူ မြက်ပင်တို့မရှိဘဲ ရေညှိများဖုံးအုပ်လျက် ရှိသည်ကို တွေ့ရ၏။ ပူးလ်သည် သေသူနှစ်ယောက်၏ဖိနပ် တစ်ဖက်စီကိုကိုင်၍ စစ်ဆေးကြည့်သဖြင့် သူတို့နှစ်ယောက်၏ ခြေရာများကို ထင်ရှားစွာ ခွဲခြားနိုင်၏။ နှစ်နေရာ လောက်မှအပ ဖိနပ်ဦးချွန်စီးသည့် ဂျူလီယန်၏ ခြေရာမှာ အခြားတစ်ယောက်၏ ခြေရာထက် ပို၍နက်သည်ကို မြင်ရ၏။ ဖိနပ်ဦးကား၏ ခြေရာမှာ ဦးချွန်း၏ ခြေရာပေါ်တွင် ထပ်လျက်သားတွေ့ရ၏။

ပူးလ်သည် ထိုခြေရာများကို အချိန်အတန်ကြာ၍ သေချာစွာ စစ်ဆေး ကြည့်ရှုနေသည်။ ထို့နောက် အလောင်းများ အနီးတွင် ရပ်နေသည့် အင်စပက်တော်ကောက်ကို လှမ်းခေါ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

'သူတို့ နှစ်ယောက်အနက် ဘယ်သူကပိုပြီး အလေးချိန်များမယ် ထင်သလဲ'

အင်စပက်တော်က အလောင်းနှစ်ခုကိုကြည့်လိုက်ရင်း

'ဟွန်းကပိုပြီး အလေးချိန်များမှာပေါ့၊ သူက အရပ်ပိုမြင့်တာပဲ၊ ဂျူလီယန်ကတော့ ပိုပြီး ရင်အုပ်ကျယ်ချင် ကျယ်မှာပေါ့လေ'

'ခြေရာကို ကြည့်လိုက်ရင်တော့ ဂျူလီယန်ကပိုပြီး အလေးချိန် များတယ်ဗျ။ သူ့ခြေရာ တွေကိုကြည့်ပါလား၊ ဟွန်းရဲ့ခြေရာထက် အများကြီး နက်နေတာပဲ'

အင်စပက်တော် ကောက်သည် သူ့အနီးတွင်ရှိသည့် ခြေရာ များကို သေချာစွာ ငုံ့ကြည့်နေသည်။ ပူးလ်က

'အင်း အဖြစ်ကတော့ ဆန်းတာပဲ၊ ဒီလူနှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက်သတ်ဖို့ ဒီနေရာကို လာခဲ့ကြတာပဲ၊ သူတို့နှစ်ယောက် အနီးကပ်ပစ်ကြပုံနဲ့ သေနတ်တွေထဲကို ကျည်အပြည့် ထိုးထားပုံကိုကြည့်လေ။ ပြီးတော့ နှစ်ယောက်စလုံး အသတ်ခံ ရမှာကိုလည်း သိပ်ပြီး ကြောက်ရွံ့ပုံ မရဘူး၊ ဒီခြေရာတွေကို ကြည့်လိုက်ရင် ဂျူလီယန်က ရှေ့ကဗျ။ ဟွန်းက နောက်က။ တကယ်ဆိုရင် ဟွန်းက နောက်က နေပြီး ပစ်ထည့်လိုက်လို့ ရတယ်။ အေးလေ လူ့စိတ် ဆိုတာကလည်း အဆန်းသားကလား။ ကဲ ကျွန်တော်တို့ ချက်စ်ဟန့်ကို သွားကြဦးစို့။ မသွားခင်ဒီမှာ ကျည်ဆံခွံ ကလေးတွေများ တွေ့မလားလို့ ရှာလိုက်ဦးမယ်။ အလောင်းတွေ ကိုတော့ ဆရာဝန်ဆီကို ပို့လိုက်တာပေါ့။ အလောင်းတွေကို အချိန်ခိုင်း ကြည့်လိုက်ပါဦး။ ကျွန်တော် ချက်စ်ဟန့်ဘူတာမှာ ရှိနေမယ်'

www.burmeseclassic.com

www.burmeseclassic.com

အလောင်းများတစ်ဝိုက် မြေကြီးပေါ်တွင် လျှောက်၍ရှာကြည့်သည့်အခါ ထင်သည့်အတိုင်းပင် ကျည်ကဒ် အလွတ်နှစ်ခုကို တွေ့ရသည်။ မြက်ပင်များမှာ အတန်ငယ်ရှည်နေသည့်တိုင် နောက်ထပ်ရှာ၍တွေ့နိုင်မည်မဟုတ်ဟု ပူးလ်က ယူဆသည်။ ထို့နောက်ပူးလ်သည် မော်တော်ကားကို စစ်ဆေးပြန်သည်။ မော်တော်ကားမှာ မြင်းဆယ့်နှစ်ကောင်အားရှိ မောရစ်ဆလွန်းကားဖြစ်ပြီး အတော်ပင်သစ်လွင်နေသေး၏။ ထိုင်ခုံကူရှင် များမှာလည်း အစွန်းအထင်း မရှိသဖြင့် မည်သည့်သဲလွန်စကိုမှ နောက်ထပ် ရှာ၍မရတော့ချေ။ ပူးလ်သည် မော်တော်ကားနှင့် စာသင်ကြီးရော်ဘင်ကို သူနှင့်အတူ ထည့်လိုက်ရန် ခွင့်တောင်းပြီးနောက် ကားကိုချက်စ်ဟန့်သို့ မောင်းယူလာခဲ့သည်။

မစ္စတာဂျော့ဟွန်းမှာ အိမ်ထောင်ရှိသူ တစ်ယောက်ဖြစ်ကြောင်း သားသမီး ထွန်းကားခြင်း မရှိကြောင်း၊ ဝက်သစ်ချပင် ဟုခေါ်သော အိမ်ငယ်ကလေး တစ်ဆောင်တွင် နေထိုင်လျက်ရှိကြောင်း၊ ဒေသခံ ပုလိပ်ထံမှ ကြားခဲ့ရ၏။ ပူးလ်သည် ထိုသတင်းကို ကျန်ရစ်သူဇနီးအား အကြောင်းကြားပေးရန်နှင့် နောက်ထပ် သတင်းပလင်းများကို စုဆောင်းရန်အတွက် ရွာထဲရှိ ခရစ်ယာန် တရားဟောဆရာထံသို့ လာခဲ့သည်။

တရားဟောဆရာ မစ္စတာဂျိန်းပါတေကယ်မှာ အသက်ခပ်ကြီးကြီး လူတစ်ယောက်ဖြစ်ပြီး သနားတတ်သူ တစ်ယောက်ဖြစ်၏။ ထိုသတင်းကို ကြားသည့်အခါတွင် များစွာ စိတ်ထိခိုက်လျက်

'အင်း ကလေးမလေး သနားပါတယ်ဗျာ၊ ဖြစ်မှဖြစ်ရလေ' ဟု တဖျစ်ဖျစ်တောက်တောက် ပြောဆိုကာ သေသူဟွန်း၏ ဇနီးကို အကြောင်းကြားရန် ထွက်သွား၏။ တရားဟောဆရာ၏ မိန်းမက သေသူဟွန်းတို့ လင်မယားနှင့်ပတ်သက်၍ သူသိသမျှတို့ကို ပြောပြ၏။

www.burmeseclassic.com

www.burmeseclassic.com

ဟွန်းတို့လင်မယားမှာ လွန်ခဲ့သည့် လေးနှစ်ခန့် သူတို့ လက်ထပ်ပြီးခါစ အချိန်မှစ၍ ဝက်သစ်ချ ငါးပင်အိမ်သို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ကြောင်း၊ သူတို့လင်မယားကို ကြည့်ရသည်မှာ ပျော်ရွှင်ချမ်းမြေ့ ၍ တစ်ယောက်ကိုတစ်ယောက် ကြင်ကြင်နာနာ ရှိကြကြောင်း၊ သို့ရာတွင် ကြာလာသည့်အခါ၌ ယောကျ်ားထက် ဆယ်နှစ်လောက်ငယ်ပြီး ရုပ်ချောသလောက် စိတ်လှုပ်ရှားလွယ်သည့် မိန်းကလေးတစ်ယောက်ဖြစ်သည့် ကွီရီလ်ဟွန်းမှာ မြို့စွန်ဆင်ခြေဖုံးတွင် နေရထိုင်ရသည်ကို ငြီးငွေ့လာဟန်တူကြောင်း၊ ဤတွင် ယောကျ်ားကလည်း သူ့မိန်းမကို တစ်ပတ်လျှင် နှစ်ညသုံးည စသည်ဖြင့် လန်ဒန်မြို့ထဲရှိ ပြဇာတ်များ၊ ကပွဲများသို့ ခေါ်သွားလေ့ရှိကြောင်း၊ သို့ရာတွင် ပင်ပန်းစွာအလုပ်လုပ်ရသည့် သူ့ယောကျ်ားအဖို့ တာဝန်ကြီးလာကြောင်း၊ နောက်ပိုင်းတွင် သူ့မိန်းမကို ခေါ်ရန် ဝန်လေးလာခဲ့ကြောင်းဖြင့် ပြောပြသည်။

ယောကျ်ားက သူ့ကို အေးအေးစက်စက် ဖြစ်လာသည့် အခါတွင် မိန်းမကလည်း မျက်နှာများချင် လာကြောင်း၊ ရုပ်ရည် ကလည်း အသင့်အတင့် ရှိသည့်အတွက် သူနှင့် ပလူးပလဲ လုပ်လိုသည့် ယောကျ်ား အများအပြားရှိကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်၍ ကြီးကြီးကျယ်ကျယ် ပြောစရာ မရှိသည့်တိုင် အပုပ်နံ့ အနည်းငယ် ထွက်လာကြောင်း၊ ကွီရီလ်ဟွန်းသည် လန်ဒန်မှ လူရှုပ်လူပွေ တစ်ဦးနှင့် ဘာလိုလို ဖြစ်နေသည်ဟု ကြားရကြောင်း၊ သူတို့ လင်မယားနှစ်ယောက်တွင် တွယ်တာရန် သားသမီးလည်း မရှိသည့်အခါတွင် အပျက်ပျက်နှင့် ယခုအခြေအနေသို့ ရောက်လာခြင်း ဖြစ်ကြောင်း။

တရားဟောဆရာ ပြန်လာသည့်အခါ၌ ယောကျ်ားပျောက်ဆုံးသဖြင့် အကြီးအကျယ် စိတ်ပူနေသည့် မစ္စတာဟွန်းမှာ ထိုသတင်းကို

ကြားရသည်တွင် ပူဆွေးသောက ရောက်လျက်ရှိကြောင်း၊ ယခုအချိန်မျိုးတွင် သူ့ကို သွား၍ စစ်ဆေးမေးမြန်းဖို့ မကောင်းကြောင်းဖြင့် ပြောပြ၏။ ပူးလ်သည် တရားဟောဆရာကို မယုတ်မလွန် ဖြေပြီးနောက် နှုတ်ဆက်ကာ မစ္စဟွန်း၏အိမ်သို့ ကားကို တန်းမောင်းလာခဲ့သည်။ အိမ်ရှေ့သို့ ရောက်လျှင် ကားကိုရပ်၍ စာသင်ရော်ဘင်ကို ကားပေါ်တွင် ထားခဲ့ပြီး သူတစ်ယောက်တည်း အိမ်ဆီသို့လာခဲ့၏။

ခြံဝင်းမှ အိမ်ဆီသို့ အဝင်လမ်းမှာ ကိုက်ငါးဆယ်ခန့်ရှိရာ ထိုလမ်းပေါ်တွင် မော်တော်ကား ဘီးရာများကို တွေ့ရသည်။ ထိုတာယာမှ အရာများမှာ သူတို့စီးလာသည့် မောရစ်ကား တာယာမှ အရာများနှင့် အတူတူပင်ဖြစ်သည်။ ယမန်နေ့ညဉ့် ကိုးနာရီနှင့် ဆယ့်တစ်နာရီကြားတွင် မိုးသည်းထန်စွာ ရွာခဲ့ကြောင်းကို ပုလိပ်ထံမှ သိရ၏။ ကားသည် အပြင်ထွက်သွားလျှင် ကိုးနာရီမတိုင်မီ ပြန်ရောက်လာပြီး ည ၁၁ နာရီနောက်ပိုင်းမှ အပြင်သို့ ပြန်ထွက်သွားပုံရသည်။

မျက်လုံးတွေ နီရဲလျက်ရှိသည့် အိမ်ဖော်တစ်ယောက်က တံခါးကို ဖွင့်ပေးပြီးနောက် မစ္စဟွန်းမှာ ဧည့်ခန်းထဲတွင် ရှိကြောင်း၊ စိတ်ထိခိုက်ကာ ငိုယိုလျှက် ရှိကြောင်းဖြင့် ပြောပြ၏။ ပူးလ်သည် မီးဖိုချောင်မှ ထမင်းချက်နှင့် စကားတစ်ခွန်းနှစ်ခွန်း ပြောလိုကြောင်းပြော၍ လိုက်လာခဲ့ရာ အခန်းတစ်ခုရှေ့သို့ ရောက်သည့်အခါတွင် အိမ်ဖော်က လက်ညှိုးထိုးပြ၏။ ပူးလ်သည် တံခါးဝတွင် အသာရပ်နေလိုက်သည်။ အခန်းထဲမှ ရှိုက်ကြီးတငင် ငိုနေသံကို ကြားရသည်။ တရားဟော ဆရာက အကျိုးအကြောင်းကို သွားပြောသည်မှာ နာရီဝက်ခန့် ကြာပြီ ဖြစ်သည့်တိုင် မစ္စဟွန်းမှာ ယခုထက်တိုင် အငိုမရပ်သေးချေ။

www.burmeseclassic.com

www.burmeseclassic.com

မီးဖိုသို့ရောက်သည့်အခါတွင် ထမင်းချက်ကို မတွေ့ရချေ။ ထမင်းချက်မှာ ဒီဗွန်ရှိုင်းယားတွင် သူ့ညီမ တစ်ယောက်၏ မင်္ဂလာဆောင်ရှိသဖြင့် ယမန်နေ့ကတည်းက ခွင့်ယူ၍ ပြန်သွားကြောင်း သိရ၏။ မိမိကိုလိုက်ပြသည့် အိမ်ဖော်အီသယ်မှာမူ ဤအိမ်တွင် မအိပ်ဘဲ မြို့ထဲသို့ပြန်ကာ မိဘများနှင့် အတူအိပ်သည်ဟု သိရ၏။ ယမန်နေ့ညဥ့် ၇ နာရီ ၄၅မိနစ်တွင် မစ္စတာဟွန်းအား အအေးစိမ်ညစာကို ပြင်ပေးခဲ့ကြောင်း၊ ထိုအချိန်က မစ္စက်ဟွန်းမှာ မြို့ထဲသို့ သွားနေပြီး ညမိုးချုပ်သည်အထိ ပြန်ရောက်လာခြင်း မရှိကြောင်း၊ မိမိမှာ ပန်းကန်ခွက်ယောက်များကို ဆေးကြော၊ အိပ်ရာများကို ခင်းပေးပြီးနောက် ညဉ့် ၁၀နာရီတွင် အိမ်သို့ပြန်လာခဲ့ ကြောင်းဖြင့် ပြောပြ၏။ ထို့ကြောင့် နောက်ပိုင်းတွင် အိမ်ထဲ၌ မည်သို့မည်ပုံ ဖြစ်ပျက်သည်ကို ပြောနိုင်သည့် အခြားသက်သေ တစ်ယောက်မှ မရှိတော့ချေ။ ထိုနေပက မစ္စတာဟွန်းထံသို့ တခြား ဧည့်သည် လာမလာကိုလည်း ပြောနိုင်သူ မရှိတော့ချေ။ မိမိပြန်မှ ဧည့်သည် ရောက်လာလျှင်လည်း ဖြစ်နိုင်ကြောင်းဖြင့် ပြောပြ၏။ မစ္စတာဟွန်းမှာ တစ်ယောက်တည်း ညစာစားသည်ဖြစ်စေ၊ ဧည့်သည် နှင့်စားသည် ဖြစ်စေ ညဥ့်ဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်လေ့ရှိသည် ကိုလည်း သိရ၏။

သို့ဖြင့် အတန်ကြာအောင် မေးမြန်းပြီးနောက် ပူးလ်သည် မစ္စက်ဟွန်းရှိရာ ဧည့်ခန်းသို့ လာခဲ့သည်။ သူ့သခင်မအား တံခါး ခေါက်ပြီး ခွင့်တောင်းရန် အီသယ်ကိုလည်း မနည်းနားချယူရ၏။

မစ္စက်ဟွန်းမှာ အညိုရောင်အင်္ကျီကို ဝတ်ဆင်ထားပြီး ဆိုဖာ တစ်လုံးပေါ်တွင် လှဲလျက်ရှိ၏။ ခြေထောက်တွင် ငွေချည်ထိုး

www.burmeseclassic.com

ခြုံစောင်တစ်ထည်ကို ရစ်ပတ်ထား၏။ ပူးလ်ဝင်သွားသည့် အခါတွင် ဆိုဖာပေါ်မှ မထပဲ လှဲမြဲလှဲနေပြီး ခပ်ယဲ့ယဲ့အပြုံးဖြင့် ဆီးကြို နှုတ်ဆက်ကာ ကုလားထိုင်တစ်လုံးကို ညွှန်ပြ၏။ သူ့မျက်လုံး များမှာ နီရဲလျက်ရှိသည့်တိုင် မျက်နှာမှာ ဖြူရော်ခြင်းမရှိပဲ သွေးရောင်လွှမ်း လျှက်ရှိ၏။ သူ့ပုံကို ကြည့်ရသည်မှာ သောကရောက်သည်ထက် စိတ် တုန်လှုပ်ချောက်ချားသည့် ပုံသဏ္ဍာန်က ပို၍ပေါ်လွင် ထင်ရှားလျက် ရှိ၏။

ပူးလ်က ထုံးစံအတိုင်း ယခုကဲ့သို့ အနှောင့်အယှက် ပေးရသည်ကို ဝမ်းနည်းကြောင်း တောင်းပန်ပြီးလျှင် သေသူ သူ့ခင်ပွန်းနှင့် မည်သည့် အချိန်က နောက်ဆုံး တွေ့လိုက်ရသနည်းဟု ပြောင်ပြောင်ပင် မေးလိုက်၏။

'မနေ့မနက်က သူ ဘူတာရုံ(ရှိုက်သံ) သွားခါနီးမှာပါ၊ ညနေပိုင်း ကျတော့ ကျွန်မလည်း မြို့ထဲကို ဈေးဝယ် ထွက်လာပါတယ်။ အဲဒီ နောက် လုံးဝ မတွေ့တော့ပါဘူး၊ ဒုက္ခပါပဲ'

ဟု ဆိုကာ မစ္စက်ဟွန်းသည် ဆိုဖာပေါ်တွင် မှောက်လိုက်ကာ မျက်နှာကိုအပ်၍ ရှိုက်ကြီးတငင် ငိုနေပြန်သည်။

ပူးလ်သည် သူ့အငို အရှိန်သတ်အောင် တစ်မိနစ်မျှ စောင့်နေ ရသည်။

'မစ္စတာ ဂျူလီယန် ကိုကော နောက်ဆုံး ဘယ်အချိန်က တွေ့လိုက်သလဲ'

ရှိုက်သံသည် ချက်ချင်း ရပ်သွား၏။ မစ္စက် ဟွန်းသည် ခေါင်းကို ဆတ်ကနဲမော့ကာ ပူးလ်ကို ကြည့်လိုက်သည်။ သူ့မျက်လုံး များသည် အံ့သြဟန်ဖြင့် ပြူးကျယ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

'ရှင်... ဘယ်သူ၊ ဂျူလီယန် ဟုတ်လား၊ သူက ဘယ်သူလဲ'

'ခင်ဗျားယောကျ်ားနဲ့ အတူသေနေတဲ့လူ ခင်ဗျ၊ ခင်ဗျားတို့ မိတ်ဆွေထဲက မဟုတ်ဘူးလား'

မစ္စက်ဟွန်းသည် ခေါက်ကနဲ ထထိုင်လိုက်၏။ သူ့မျက်လုံး များမှာ တလက်လက်တောက်နေသည်။

'ရှင် ဘာစကားတွေ ပြောနေတာလဲဟင်၊ ရှင်ဘာသဘောနဲ့ ဒီလို မေးနေတာလဲ၊ ကြည့်ကြပါဦးရှင်၊ ကြောက်စရာကောင်းလိုက်တာ'

'ဘယ်သဘောနဲ့မှ ပြောတာမဟုတ်ပါဘူး၊ ကျွန်တော်က ရိုးရိုးမေး'

'မဟုတ်ပါဘူး၊ ရှင်က သဘောတစ်မျိုးနဲ့ မေးတာမဟုတ်လား၊ ကျွန်မနဲ့ မရှင်းမရှင်း ဖြစ်နေတယ်ထင်လို့ မေးတာမဟုတ်လား၊ ကျွန်မ ကိစ္စနဲ့ ပတ်သက်ပြီး သူတို့နှစ်ယောက် ချိန်းပြီး သေနတ်နဲ့ပစ်တယ်လို့ ပြောချင်တာမဟုတ်လား၊ ကျွန်မ ဘယ်လိုလုပ်ရမလဲ၊ ရှင်တို့ ပြောတာ တွေဟာ ရက်စက်လှချည်လားရှင်၊ ကြောက်စရာ ကောင်းလိုက်တာ'

မစ္စက်ဟွန်း၏ မျက်လုံးများထဲတွင် ဒေါသ၏ အရိပ်အရောင်ကို မမြင်ရချေ။ သို့ရာတွင် သူ့မျက်လုံးများထဲတွင် အရောင်တစ်မျိုး လက်နေသည်ကို မြင်ရသည်။ စိတ်တုန်လှုပ် ချောက်ချားမှုကြောင့် လော။ ကလေးမလေး သနားပါတယ် ဆိုသော တရားဟောဆရာ၏ ဇနီး ပြောသွားသည့် စကားကို ပူးလ် ချက်ချင်းသိလိုက်ရသည်။

ပူးလ်၏ မျက်နှာထားသည် ချက်ချင်းပြောင်းသွား၏။ပူးလ်သည် ထိုင်ရာမှ ထလိုက်သည်။ စကာပြောသည့် အခါတွင် သူ့အသံက အေးစက် စူးရှနေသည်။

'မစ္စက်ဟွန်းကို သတိပေးဖို့ ကျွန်တော့်မှာ ဝတ္တရားရှိတယ်လို့ ထင်တယ်ခင်ဗျ။ တရားဥပဒေအရ ကြည့်ရင် လူသတ်မှုကတော့

www.burmeseclassic.com

ကျူးလွန်ခဲ့ပြီးပြီ၊ အခြေအနေတွေကို အားလုံး ခင်ဗျားသိပြီးသား ဖြစ်တော့ ပုလိပ်ကို တစ်စုံတစ်ရာ ဖုံးကွယ်ထားမယ်ဆိုရင် ဒီကိစ္စမှာ ကြံရာပါ တစ်ယောက်အနေနဲ့ အစွဲခံရလိမ့်မယ်၊ မစ္စတာ ဂျူလီယန်ကို ခင်ဗျားသိလား မသိဘူးလား ဆိုတာကို ပုလိပ်အနေနဲ့ စုံစမ်းလိုက်ရင် လွယ်လွယ်ကလေးပါ။ ချက်ချင်းသိမှာပါ။ ဒီတော့ ပြောစရာရှိရင် ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ပြောစေချင်ပါတယ်'

သူပြောသည့် စကားများသည် စုံထောက်ဝတ္ထုများ ထဲမှ စုံထောက်တစ်ယောက်၏ စကားလုံးများနှင့်တူနေကြောင်း ပူးလ်သိ၏။ သို့ရာတွင် မတတ်နိုင်ပြီ။ မစ္စက်ဟွန်းသည် ထိုသို့ပြောမှ နားလည်သည့်အတွက် ထိုအတိုင်းပင် ပြောရတော့မည်။ ထိုအတိုင်းပင် အဖြေထွက်လာ၏။ မစ္စက်ဟွန်းသည် ပြင်၍ ထိုင်လိုက်ပြီးနောက် အသံ ခပ်တိုးတိုးဖြင့် ဖြောင့်ချက်ပေးသည်။ ဂျူလီယန်သည် သူနှင့်ရင်းနှီး ကျွမ်းဝင်နေသူ ဖြစ်ကြောင်း၊ သူတို့ နှစ်ယောက်၏ အခြေအနေကို သူ့ယောကျ်ား ရိပ်မိသွားကြောင်း၊ မနေ့ညက သူနှင့် ဂျူလီယန်တို့ မြို့ထဲတွင်အတူ ထမင်းစားခဲ့ကြပြီး ကပွဲသို့ သွားခဲ့ကြကြောင်း၊ ဂျူလီယန်က ထိုကိစ္စကို ဟွန်းနှင့် ရှင်းချင်သည် ဟုပြောပြီး လိုက်လာခဲ့ကြောင်း၊ အောက်ထပ်မှာ ဆူဆူညံညံ ပြောဆိုနေသံများကို နာရီဝက်ခန့် ကြားနေရကြောင်း၊ ထို့နောက် အိမ်ရှေ့တံခါးမကြီး ပိတ်သွားသံကို ကြားလိုက်ရကြောင်း၊ ကားရုံတံခါးဖွင့်သံ၊ ကား ထုတ်သံ၊ ကားစက်နှိုးသံ၊ ကားမောင်းထွက်သွားသံ တို့ကို ကြားလိုက် ရကြောင်း၊ ထို့နောက်တွင် မည်သို့ ဖြစ်ကြသည်ကိုမူ မိမိလည်း မပြောနိုင်ကြောင်း၊ နောက်ဆုံးရထားနှင့်ပြန်ရန် ဘူတာရုံသို့ လိုက်ပို့ ခြင်းလည်း ဖြစ်နိုင်ကြောင်းဖြင့် ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်မလည်း တစ်ညလုံး အိပ်လို့မပျော်တော့ ပါဘူးရှင်။ ဘာများဖြစ်ကြမလဲလို့ တထိတ်ထိတ် ဖြစ်နေတယ်။ ဒီနေ့မနက် ကျတော့သာ မစ္စတာပါတေကယ် ရောက်လာပြီး သူတို့နှစ်ယောက်စလုံး သေတဲ့ အကြောင်းကို လာပြောတော့တာပါဘဲ။ ကျွန်မကိစ္စနဲ့ ပတ်သက်လို့ နှစ်ယောက်ချိန်းပြီး ပစ်သတ်ကြတာတဲ့၊ ကျွန်မစနက်ကြောင့် ဖြစ်ရတာပါ၊ ကျွန်မ မကောင်းတာပါရှင်'

မျက်ရည်များ ရှိုက်သံများ၊ တသိမ့်သိမ့် လှုပ်နေသော ပခုံးများမှာ ဇာတ်ပွဲကြည့်သူတို့ မြင်ဘူးနေသော လှုပ်ရှားမှုမျိုးဖြစ်၏။ အမျိုးသမီးကိုကြည့်ရသည်မှာ ဟန်ဆောင်နေခြင်း ဖြစ်သည်ဟု ပူးလ်က တွေးလိုက်မိသည်။

ပူးလ်သည် စက်ဆုပ်သွား၏။ သူ့အနီးတွင်လည်း မနေလိုတော့။ နောက်တွင် သူ့ကို ပြန်စစ်ဆေးဖို့ လိုကောင်းလိုလိမ့်မည်။ သို့ရာတွင် ယခု လောလောဆယ်တွင်မူ စိတ်ရောကိုယ်ပါ ခဏ နားချင်နေသည်။ ယခုအမှုသည် နှစ်ယောက်ချင်း ချိန်းသတ်ကြသည့် သာမန်ကိစ္စလော၊ သို့တည်းမဟုတ် လူသတ်မှုလော ဆိုသည်ကို မဆုံးဖြတ်မီ တစ်ချက်နှစ်ချက်လောက်ကိုမူ ရှင်းရဦးမည်။

ပူးလ်သည် ကားဆီသို့ ပြန်လာခဲ့ကာ ရောဗင်နှင့်အတူ သေသူ၏ ကားကလေးကို ချက်စ်ဟန့်ဂတ်တဲသို့ မောင်းလာခဲ့သည်။ ဂတ်တဲသို့ ရောက်လျှင် စာသင်ကြီးက အလောင်းများ စစ်ဆေးနေသည့် ဆရာဝန်၏စစ်ချက်ကို ဆီးမေးသည်။ သေသူနှစ်ယောက်စလုံးမှာ သေနတ်ဒဏ်ရာများကြောင့် သေဆုံးခဲ့ကြောင်း၊ ယမန်နေ့ညဥ့် သန်းခေါင်နှင့် မနက်သုံးနာရီကြားတွင် သေဆုံးခဲ့ကြခြင်း ဖြစ်သည်ဟု ဆရာဝန်၏ စစ်ချက်တွင်ဖော်ပြထားသည်။ ထိုဒဏ်ရာများသည် ကိုယ့်ဘာသာကိုယ် ပစ်၍

www.burmeseclassic.com

ရသော ဒဏ်ရာများလော ဆိုသည်ကိုမူ အထောက်အထား ရှာမတွေ့၊ ဟွန်း၏ ကိုယ်အလေးချိန်မှာ ၁၂ စတုန် ၁၂ အောင်စဖြစ်ပြီး၊ ဂျူလီယန်၏ ကိုယ်အလေးချိန်မှာ ၁၁ စတုန် ၈အောင်စရှိသည်ဟု ဖော်ပြထား၏။

ခပ်စောစောက မစ္စက်ဟွန်း၏ အမူအရာကို ကြည့်၍ စက်ဆုပ်ခြင်း ဖြစ်ခဲ့ရသည့် ပူးလ်သည် ထိုအချက်များကို သိလိုက်ရသောအခါတွင် စိတ်အားထက်သန်စ ပြုလာပြန်၏။ ဟွန်းသည် သူ့ပြိုင်ဖက်ထက် တစ်စတုန်ကျော်ကျော်မျှ များနေ၏။ သို့ရာတွင် သူ့ခြေရာများသည် အဘယ်ကြောင့် တိမ်နေရသနည်း။ အဘယ်ကြောင့် မထင်မရှားဖြစ်နေရသနည်း။

ပူးလ်သည် မိနစ်နှစ်ဆယ်မျှ ထိုင်၍ တွေးနေသည်။ ထို့နောက်တွင်မူ အမှုနှင့် ပတ်သက်၍ သိရသည့် အချက်အလက်များကို မူတည်ကာ ကောက်ချက်တစ်ခုကို ဆွဲပြီးခဲ့လေပြီ။ ပူးလ်သည် ဟွန်း၏ မောရစ်ဆလွန်းကားကလေးကို ဂတ်တဲနောက်ဖေး ကွက်လပ်ထဲသို့ မောင်းသွားကာ ကားကို မှန်ဘီလူးဖြင့် သေချာစွာ စစ်ဆေးကြည့်ရှုပြန်သည်။ သို့ရာတွင် သူ့ကောက်ချက်ကို ထောက်ခံ အတည်ပြုပေးမည့် သဲလွန်စဆို၍ တစ်ခုမျှ ရှာမတွေ့ချေ။ လက်နက် လိုင်စင်မှတ်ပုံတင်စာရင်းကို ပြန်ကြည့်သည့်အခါတွင် အချက်အလက်တစ်ခုကို ရလိုက်သဖြင့် ဟွန်း၏အိမ်သို့ ပြန်လာခဲ့သည်။ ဤတစ်ကြိမ်တွင်မူ ပူးလ်သည် အိမ်နောက်ဖေးပေါက်ဆီသို့ လာခဲ့ပြီး တံခါးကို ခေါက်လိုက်သည်။ အိမ်ဖော် အီသယ်သည် ထိတ်လန့်ဟန်လှုပ်သော မျက်နှာဖြင့် ထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com

'မစ္စတာဟွန်းရဲ့ အဝတ်အစားလဲခန်းကို ငါကြည့်ချင်တယ်။ မစ္စက်ဟွန်း မသိပါစေနဲ့'

အီသယ်သည် မျက်လုံးမျက်ဆန် ပြူးနေ၏။ သို့ရာတွင် မည်သို့မျှမပြောဘဲ သူ့ကို ခေါ်သွား၏။ မစ္စတာဟွန်း၏ အဝတ်အစားခန်းမှာ ခပ်သေးသေးဖြစ်သည့်တိုင် သပ်ရပ်၏။ မဟော်ဂနီရောင် အဝတ်ဗီရိုကြီး တစ်လုံး၊ ဖိနပ်ဗီရိုကို သေချာစွာ ကြည့်သည်။ ဖိနပ်ဗီရိုကို ဖွင့်လိုက်ပြီး အထဲမှ ဖိနပ် ခုနစ်ရန်ကို ဆွဲထုတ်လိုက်ကာ ကြမ်းပြင်ပေါ်တွင် စီချထားလိုက်သည်။ အနက်ရောင် ဖိနပ်နှစ်ရန်၊ အညိုရောင် တစ်ရန်၊ ဂေါက်ရိုက်ဖိနပ် တစ်ရန်၊ တင်းနစ်ဖိနပ် တစ်ရန်၊ ညဝတ်ဖိနပ် အဟောင်းတစ်ရန်နှင့် အနီရောင် ခြေညှပ်ဖိနပ် တစ်ရန်တို့ ဖြစ်၏။

နောက်ဆုံး ဖိနပ်တစ်ရန်မှလွဲလျှင် ကျန်ဖိနပ်များမှာ ဖိနပ်တစ်ပုံစံတည်းမှ ချုပ်သော ဖိနပ်များဖြစ်သည်။ ကူးလ်သည် သူယူလာသော သေသူ၏ ဖိနပ်တစ်ဖက်ကို အတက်ချီကေ့စ်ထဲမှ ထုတ်ယူလိုက်သည်။ ထို့နောက် ထိုဖိနပ်ကိုပါ ရှေ့တွင်ချထားသည့် ဖိနပ်များနှင့် ယှဉ်ကြည့်လိုက်သည်။ ထိုဖိနပ်မှာလည်း ဖိနပ်ပုံစံ တစ်ခုတည်းမှ ချုပ်သော ဖိနပ်ဖြစ်ကြောင်း တွေ့ရ၏။

'သူ့မှာ ဖိနပ် ဘယ်နှစ်ရန်လောက် ရှိသလဲ။ ပွဲသွားပွဲလာဝတ်တဲ့ ဖိနပ်တွေ ရှိဦးမှာပေါ့'

ဟု ပူးလ်က မေးလိုက်သည်။

အီသယ်မှာ နားမလည်သော အမူအရာများဖြင့် ဖိနပ်များကို ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

'မပြောတတ်ဘူးရှင့်။ ဘာဆိုင်လို့လဲရှင့်။ ဒီနေ့မှာ စိတ်ကလည်း တစ်မျိုးဖြစ်နေတော့ ကျွန်မဖြင့် ဘာမှကို မမှတ်မိဘဲ ဖြစ်နေတယ်'

'ဒါဖြင့် မင်းဘာကို မှတ်မိသလဲ'

ဟု ပူးလ်က ရုတ်တရက် ကောက်မေးလိုက်၏။

'မြို့ထဲကို စီးသွားတဲ့ ဖိနပ်ကို ကျွန်မ တိုက်ပေးရတာတော့ မှတ်မိတယ်'

'မနေ့ညတုန်းက လန်ဒန်မြို့ထဲကို သွားတုန်းက စီးသွားတဲ့ ဖိနပ်ကို ပြောတာလား၊ အဲဒီဖိနပ်က အောက်ထပ်မှာ ရှိဦးမှာပေါ့'

'မဟုတ်ဘူးရှင့်၊ သူ့မှာ မြို့ထဲသွားဖို့ ဖိနပ်နှစ်ရန်ပဲ ထားတယ်၊ ခု ဖိနပ်က အဲဒီထဲက တစ်ရန်ပါ'

'ဒီဖိနပ်တွေကို မင်းပဲ အမြဲတိုက်တယ်ပေါ့၊ ဘယ်တုန်းက တိုက်သလဲ'

ထုံးစံအတိုင်း ဆိုရင်တော့ မနက်မှာ တိုက်တာပဲ၊ ညနေပိုင်း ကျတော့ သူက ချွတ်ပစ်ခဲ့တယ်၊ ကျွန်မက အောက်ထပ်ကို သိမ်း သွားတယ်၊ မနက်ကျတော့ သူက ဒိပြင်ဖိနပ်နဲ့ ဒိပြင်ဝတ်စုံကို ဝတ်သွားတယ်။ မနက်စာ စားပြီး ပန်းကန်ခွက်ယောက်တွေကို သိမ်းပြီးမှ တိုက်ပေးတာချည်းပါပဲ'

'ဒီနေ့မနက် ကျုပ်လာတော့ မင်း ပန်းကန်ခွက်ယောက်တွေကို သိမ်းပြီးပြီလား'

'မသိမ်းရသေးပါဘူး၊ အောက်ထပ်ကိုတော့ ယူသွားခဲ့ပါပြီ၊ ဒါပေမယ့် မနက်က ဆရာ့ကိစ္စကလည်း ဖြစ်၊ ဆရာကတော်ကလည်း စိတ်ထိခိုက်နေတော့ ကျွန်မလည်း ဘာလုပ်ရမှန်း မသိဘဲ ကတုန် ကယင် ဖြစ်နေပါတယ်'

www.burmeseclassic.com

www.burmeseclassic.com

'ဒါဖြင့် ဖိနပ်တွေကို ဘယ်အချိန်က နောက်ဆုံးတိုက်ခဲ့သလဲ'

'မတိုက်မိဘူး ထင်တာပဲရှင့်၊ တိုက်မိတယ် ဆိုရင်လည်း ကျွန်မ အချိန်ကိုတော့ ကောင်းကောင်း မမှတ်မိတော့ဘူး'

ပူးလ်က ဖိနပ်နှစ်ရန်ကို ကောက်ယူလိုက်သည်။

'မနေ့က မြို့ထဲသွားတော့ သူ ဘယ်ဖိနပ်ကို စီးသွားသလဲ'

မေးခွန်းက ဖြေဖို့မလွယ်၊ သူ့လက်ထဲတွင် ရှိနေသည့် ဖိနပ်နှစ်ရန်က အဆင်တူ ဆိုက်တူ။ သို့ရာတွင် အီသယ်သည် သူ့ အလုပ်ကိုသူ ကောင်းကောင်းသိပုံရ၏။ ဖိနပ်နှစ်ရန်ကို သေချာစွာ ကြည့်နေပြီးနောက် ပူးလ်၏ ဝဲဘက်လက်ထဲတွင် ကိုင်ထားသည့် ဖိနပ်ကို ပြသည်။

'အဲဒီဖိနပ်ရှင့်၊ ဖိနပ်က တံဆိပ်ကလေးက ကွာသွားပြီ။ မနေ့ မနက်က ကျွန်မ ကောင်းကောင်း သတိထား လိုက်မိတယ်'

'ဒီဖိနပ်ကို သေသေချာချာ ကြည့်စမ်း၊ မင်းတိုက်ခဲ့သလား မတိုက်ခဲ့ဘူးလား ဆိုတာကို ပြောနိုင်ပါ့မလား'

'ရှင် ဒါတော့ မပြောတတ်ဘူးရှင့်၊ ဖိနပ်က ပြောင်နေတော့ တိုက်သလား မတိုက်ဘူးလား ဆိုတာကို ဘယ့်နှယ်လုပ်မှ မပြောတတ် တော့ဘူး'

ဟု အီသယ်က စိတ်ဆိုးမာန်ဆိုးဖြင့် ဖြေသည်။

'မင်း တိုက်ခဲ့သလားဆိုတာပဲ ဖြေပါလေ'

အီသယ်သည် သူ့ကို ကြည့်နေ၏။ ထို့နောက် ဖိနပ်ကိုလည်း ကြည့်သည်။။ ဖိနပ်ကို ဖင်ပြန်ခေါင်းပြန် ကြည့်လိုက်ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com

'ဒီဖိနပ်ကိုတော့ ကျွန်မ မတိုက်ခဲ့ဘူးရှင့်။ ဒီဖိနပ်က ဆရာစီးသွားတဲ့ ဖိနပ် မဟုတ်လား။ အတွင်းဘက်မှာ ပြောင်လက်မှ မနေတာ'

အီသယ်သည် ဖိနပ်နှစ်ရန်ကို ဆွဲယူကာ ခြားနားချက်ကို ပြနေသည်။

ပူးလ်က ထိုင်ရာမှ ဖြည်းညင်းစွာ ထလိုက်သည်။

'အဝတ်အစားတွေကကော'

အီသယ်သည် ဗီရိုဘက်သို့ သွားမည်ပြုပြီးမှ ရပ်လိုက်သည်။

'မနေ့က မြို့ထဲဝတ်သွားတဲ့ ဒေဗီဝတ်စုံ ရှိတယ်ရှင့်၊ လျှော်မလို့ အောက်ထပ်အခန်းထဲမှာ ပုံထားတယ်'

'ဒါဖြင့် သွားယူချည်စမ်း၊ ဒါပေမယ့် အဲဒီအဝတ် အစားတော့ ဟုတ်မှာ မဟုတ်ပါဘူး'

အီသယ် ဆင်းသွားသည့်အခါတွင် ဗီရိုထဲတွင်ရှိသည့် အဝတ်အစားများကို မွှေနှောက်ရှာကြည့်၏။ သို့ရာတွင် သူစိတ်ဝင်စားစရာ ဟူ၍ တစ်ခုမျှ မတွေ့ရချေ။ အီသယ်ယူလာသည့် အဝတ်အစားများကို ကြည့်လိုက်သည့် အခါတွင်လည်း ဘာမျှမထူးချေ။ ပူးလ်သည် အိတ်ထဲမှ အိတ်ဆောင် မှန်ဘီလူးလေးကို ထုတ်ယူကာ ဖိနပ်ကို နောက်တစ်ခါ ပြန်၍ ကြည့်ပြန်သည်။ ဤတစ်ကြိမ်တွင်မူ သူတွေ့ချင်သည့် အရာကို တွေ့လိုက်ရ၍ ပူးလ်ဝမ်းသာသွားသည်။

'အင်း ဒီလောက်ဆိုရင် လိုက်လို့ရပြီ'

ဟု တစ်ယောက်တည်း ပြောမိသည်။

ပူးလ်သည် အီသယ်ကို ပြန်လွှတ်လိုက်ပြီးနောက် အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ ဧည့်ခန်းနားသို့ ရောက်သည့်အခါ၌ ခဏရပ်ကာ

www.burmeseclassic.com

www.burmeseclassic.com

အထဲသို့ တန်းဝင်လာခဲ့၏။ ဧည့်ခန်းထဲ၌ မစ္စက်ဟွန်းသည် ခြေထောက်ကို ငွေချည်ထိုး စောင်တစ်ထည်ဖြင့် ဖုံးကာ ဆိုဖာပေါ်တွင် လှဲလျက်ရှိသည်ကို တွေ့ရသဖြင့် အံ့သြနေသည်။ သူ့လို စိတ်လှုပ်ရှား လွယ်သည့် မိန်းမမျိုးသည် ဤအနေအထားတွင် ဤမျှကြာကြာ နေလိမ့်မည်ဟု မထင်ခဲ့ချေ။ ပူးလ်သည် အကြောင်းမကြားဘဲ ဝင်လာခဲ့ မိသည့်အတွက် တောင်းပန်ခြင်း ပြုမနေတော့ဘဲ သူသိချင်ရာကို တန်းမေးလိုက်၏။

'ခင်ဗျားယောကျ်ားရဲ့ အဝတ်အစားတွေကို ဘယ်သူ လျှော်ဖွပ်ပေး သလဲဆိုတာ သိချင်တယ်ဗျာ'

မစ္စက်ဟွန်းက သူ့ကို တအံ့တသြကြည့်နေ၏။

'ဘာဖြစ်လို့လဲ၊ အိမ်ဖော်ကောင်မလေး အီသယ် လျှော်ပေး ပါတယ်'

'ဒိပြင်ကော'

'ဒိပြင် ဘယ်သူမှ လျှော်မပေးပါဘူး'

'ခင်ဗျားကိုယ်တိုင်ကော လျှော်ဖွပ်မပေးဘူးလား'

'ဟင့်အင်း၊ လျှော်မပေးပါဘူး။ တစ်ခါတစ်လေ ခြေစွပ်တို့ ဘာတို့ ထိုးပေးတာလောက်ပဲ ရှိပါတယ်'

'ဥပမာ သူ့ဖိနပ်တို့ ဘာတို့ တိုက်ပေးတာတို့ကော မရှိဘူးလား'

မစ္စက်ဟွန်း၏ မျက်နှာပေါ်တွင် စစ်မှန်သော ခံစားချက်ကို ပထမဆုံး မြင်လိုက်ရသည်။ ထိုခံစားချက်မှာ အခြားမဟုတ်၊ အကြောက် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မစ္စက်ဟွန်းသည် မည်သို့မျှမဖြေပဲ သူ့ကို စိုက်ကြည့်နေသည်။ပူးလ်ကလည်း သူ့ကို ပြန်၍ စိုက်ကြည့်လိုက်၏။ အမျိုးသမီး၏ မျက်နှာထားသည် ရုတ်တရက် ပြောင်းသွားသည်။

'အဝတ်အစားခန်းထဲက ပစ္စည်းတွေကို ကျွန်တော်နဲ့အတူ လိုက်ကြည့်ပေးပါလား'

ထိုအခါ၌ကား အမျိုးသမီး၏မျက်နှာမှာ သိသိသာသာ ပြောင်းလဲသွားခဲ့လေပြီ။

'ဘာလုပ်မလို့လဲရှင်၊ ကျွန်မယောကျ်ားသေတဲ့ နေ့မှာ ကျွန်မအေးအေးဆေးဆေး မနေရတော့ဘူးလား၊ ဘာဖြစ်လို့ ကျွန်မကို အနှောင့်အယှက် ပေးချင်ရတာလဲ'

ပူးလ်က ထိုင်ရာမှ ထလိုက်၏။

'ဒါကတော့ ကျွန်တော့် ဝတ္တရားကိုးခင်ဗျ၊ ကျွန်တော့် အနေနဲ့တော့ ရှာကြည့်ရမှာပဲ'

အမျိုးသမီးသည် ထ၍ လိုက်လာတော့မည့်နှယ် ကိုယ်ကို မတ်လိုက်၏။

ထို့နောက် ဆိုဖာပေါ်တွင် ပြန်၍ မှီလိုက်ကာ မျက်နှာကို လက်ဝါးဖြင့်အုပ်၍ ငိုနေပြန်သည်။

'ကျွန်မ သိပ်စိတ်ထိခိုက်တယ်ရှင်။ ဒါတွေကို မလုပ်ချင်ဘူး၊ ကျွန်မအတွက် ဆရာဝန် တစ်ယောက်လောက်ရင်လည်း ခေါ်ပေးပါ'

'ကောင်းပြီလေ'

ဟုဆိုကာ ပူးလ်သည် အခန်းတံခါးဆီသို့ ထွက်လာခဲ့သည်။ သို့ရာတွင် မစ္စက်ဟွန်းမှာ ထိုင်ရာမှ မထသဖြင့် ပူးလ်သည် တံခါးကို ပြန်ပိတ်ပေးပြီး ထွက်လာခဲ့သည်။ မိမိ၏ တိုက်ကွက်သည် အရေးနိမ့်

www.burmeseclassic.com

www.burmeseclassic.com

သွားပြီကို ပူးလ်သိလိုက်သည်။ ပူးလ်သည် မီးဖိုဘက်သို့ လျှောက်လာခဲ့ကာ အီသယ်ကို တစ်စုံတစ်ရာ မှာကြားပြီးနောက် ခြံထဲသို့ ဆင်းလာခဲ့သည်။ ဧည့်ခန်း ပြတင်းပေါက်နားသို့ ရောက်လျှင် ဒူးထောက် ထိုင်ချလိုက်ကာ ပြတင်းပေါက်မှ ခေါင်းပြူ၍ အထဲသို့ ချောင်းကြည့်လိုက်သည်။ မစ္စက်ဟွန်းသည် ဆိုဖာပေါ်တွင် မတ်မတ်ထိုင်လျက် တံခါးမကြီးဆီသို့ စိုက်ကြည့်နေသည်။ သူ့ကို ကျောပေးထိုင်နေခြင်း ဖြစ်သည့်အတွက် သူ့မျက်နှာ အမူအရာကိုမူ မမြင်ရချေ။ သို့ရာတွင် သူ့မျက်နှာ မည်သို့ရှိမည်ကို ပူးလ် အလွယ်တကူ ခန့်မှန်းနိုင်ပါသည်။ အတန်ကြာမျှ ငြိမ်သက်နေပြီးနောက် တံခါးထုသံ ပေါ်လာသည်။ မစ္စက်ဟွန်းမှာ မလှုပ်မယှက် ထိုင်လျက်။ ခဏကြာလျှင် တံခါးထုသံ၊ နောက် တိတ်ဆိတ်သွားပြန်သည်။ ထို့နောက် တံခါးထုသံပေါ်လာလိုက် တိတ်ဆိတ်သွားလိုက်၊ တိတ်သွားလိုက် ထုသံပေါ်လာလိုက် တိတ်သွားလိုက်၊ စိတ်ချောက်ချားစရာကောင်းသဖြင့် စိတ်ဓာတ်ပျော့ညံ့သူဆိုလျှင် လန့်သွားပေလိမ့်မည်။ သို့သော် မစ္စက်ဟွန်းမှာ စိတ်ဓာတ်ကြံ့ခိုင်သူတစ်ယောက် မဟုတ်သည့်တိုင် ထိုအသံများကြောင့် ဘာမျှမဖြစ်သည့်နှယ် ထိုင်မြဲထိုင်လျက်ရှိ၏။ မစ္စက်ဟွန်းသည် မနေနိုင်တော့။ ဖြုန်းခနဲ ထကာ ခြေသံုးလှမ်းလောက် ထပြေးသည်။ အခန်းအလယ် လောက်တွင် ယိုင်တိယိုင်တိုင်ဖြင့် သွားကာ ရုတ်တရက် ရပ်လိုက်၏။ ထို့နောက် ဆိုဖာသို့ ပြန်လာပြီး ထိုင်လိုက်သည်။ ယခုအချိန်၌ ပူးလ်သည် သူ့မျက်နှာကို မြင်ရလေပြီ။ သူ့မျက်နှာမှာ နာကျင်ခြင်း၊ စိတ်ဒုက္ခရောက်ခြင်းတို့ အထင်းသားပေါ်နေသည့် မျက်နှာဖြစ်၏။ ပထမတွင်

www.burmeseclassic.com

မိမိတွေးလုံး မှန်ပြီဟူသော အသိကြောင့် ပူးလ် ဝမ်းအသာကြီး သာသွားသည်။

ပူးလ်သည် အိမ်ထဲသို့ ပြန်ဝင်လာခဲ့ကာ တံခါးကို တဗုန်းဗုန်း ထုနေသည့် အီသယ်ကို မထုရန် ပြောပြီးနောက် သူလိုချင်သည့် သတင်းကို မေးမြန်းနေသည်။ ထို့နောက် စိတ်လေးလေးဖြင့်ပင် ဧည့်ခန်း ထဲသို့ ဝင်လာခဲ့၏။

'မစ္စက်ပတ္တန်းရေ ခင်ဗျားယောကျ်ား အသတ်ခံရမှု ဒါမှမဟုတ် ဂျူလီယန် အသတ်ခံရမှုနဲ့ သက်ဆိုင်နေတယ်ဆိုတဲ့ စွဲချက်နဲ့ ခင်ဗျားကို ကျွန်တော် ဖမ်းရတော့မယ်ခင်ဗျ။ ခင်ဗျားကို ကျွန်တော် မေးခွန်းလေး တစ်ခုနှစ်ခုလည်း မေးချင်သေးတယ်ဗျ။ ဒါပေမယ့် ခင်ဗျားဖြေတဲ့ အဖြေတွေကို သက်သေခံအဖြစ် ရုံးတော်မှာ ကျွန်တော် တင်ရမှာနော်။ ဒီတော့ သေသေချာချာ စဉ်းစားပြီးမှ ဖြေစေချင်တယ်။ တကယ်လို့ မဖြေချင်ဘူးဆိုရင်လည်း မဖြေပဲနေနိုင်ပါတယ်'

ထိုသို့ ပြောနေစဉ် မစ္စက်ပတ္တန်းမျက်နှာမှာ သောကရိပ် လွှမ်းနေရာမှ သတိထားသည့် အရိပ်အရောင်၊ ထိုမှ စိတ်လှုပ်ရှား သွားသည့် အရိပ်အရောင်သို့ ပြောင်းလဲသွားသည်ကို မြင်လိုက်ရ၏။

'မေးပါ၊ ရှင်မေးတဲ့အခါကျမှ ကျွန်မ ဖြေသင့် မဖြေသင့် စဉ်းစား ရမှာပေါ့'

'မနေ့ညက ခင်ဗျား လန်ဒန်မြို့ထဲမှာ ဂျူလီယန်နဲ့အတူ က ခဲ့တယ်မဟုတ်လား'

'က ခဲ့ပါတယ်လို့ ကျွန်မပြောခဲ့ပြီပဲ၊ ဒါဟာ အပြစ်ရှိသလားရှင်'

'ဘာဖြစ်လို့ မတ်တပ်ရပ်လိုက်တာလဲ'

မစ္စက်ပတ္တန်းသည် သူ့ကို စိုက်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

'ဒါကတော့ရှင် ဂျူလီယန်ကလည်း သူ ဒီကို လိုက်လာချင်တယ်၊ ပြီးတော့ ဟိုဒင်း ဂျော့နဲ့လည်း တွေ့ချင်တယ်ဆိုပြီး အို ဒါတွေကိုလည်း ရှင့်ကို ပြောပြီးသားပါရှင်'

'ဒိပြင် အကြောင်းကြောင့် ရပ်တာမဟုတ်လား'

'ဟင့်အင်း၊ ရှင်ဘာတွေပြောနေတာလဲဟင်'

ပူးလ်က ရှေ့နားသို့ တိုးလာကာ

'အခန်း အလယ်ကောင်မှာ ခင်ဗျား ရပ်လိုက်တာဟာ ခြေထောက်တွေ နာနေလို့မဟုတ်လား၊ အခန်းထဲမှာ သုံးလှမ်းလောက်လည်း လျှောက်ပြီးရော ခင်ဗျား ဆက်မလျှောက် နိုင်တော့ဘူးလေ၊ ခင်ဗျား ခြေထောက်တွေ သိပ်နာနေပြီ။ ဒါကြောင့်မဟုတ်လား'

မစ္စက်ဟွန်း၏ မျက်နှာမှ သွေးရောင်သည် ပျောက်သွား၏။ ခပ်စောစောက ဣန္ဒြေဆည် ထားသမျှတို့သည် ပျောက်ကွယ်သွားကာ ကြောက်ရွံ့မှုသည် သူ့မျက်နှာတွင် ပြန်ပေါ်လာ၏။

'ကျွန်တော် ပြောချင်တာက တခြားမဟုတ်ပါဘူး၊ ခင်ဗျား ခြေထောက်တွေဟာ လမ်းမလျှောက်နိုင်အောင် နာနေတယ်။ ဒီလိုနာနေတာဟာလည်း တခြားကြောင့်မဟုတ်ဘူး၊ မနေ့ညက မြို့ပြင်ဘက် စားကျက်တောစပ်က ခင်ဗျားယောက်ျားရဲ့ ဖိနပ်ကိုစီးပြီး မြို့ထဲကို ပြန်လာရလို့ နာတယ်လို့ ပြောချင်တာပဲ၊ မဟုတ်ဘူးလား'

အမျိုးသမီးသည် မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်ပြီး အတန်ကြာမျှ မလှုပ်မယှက်ထိုင်နေ၏။ ပူးလ်က လေသံအေးအေးဖြင့် ဆက်ပြောသည်။

'ဒီရပ်ကွက်က လက်နက်လိုင်စင် မှတ်ပုံတင်စာရင်းအရ ခင်ဗျား ယောက်ျားမှာ ပွိုင့် ၃၈ ကိုလ်တ် သေနတ်တစ်လက် ရှိတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com

လိုင်စင်စာရင်း မှတ်ပုံတင်မှာ တွေ့ရတယ်။ အဲဒီနံပါတ်နဲ့ သေနတ်နှစ်လက်ဟာ သေသူနှစ်ယောက်ရဲ့ လက်ထဲမှာ သွားတွေ့နေရတယ်။ ဒီတော့ အနည်းဆုံး ခင်ဗျားသိတဲ့ အစိတ်အပိုင်း'

အမျိုးသမီးက ခေါင်းကို မော့ကြည့်လိုက်၏။ သူ့မျက်နှာသည် ပို၍ နီရဲလာကာ မျက်လုံးများသည် ပို၍ တောက်ပလာကြ၏။

'ဟုတ်တယ်၊ ကျွန်မသိတယ်။ သိရုံတင်မကဘူး စုံထောက်ကြီးရှင်ဟာ တော်တော်သိတဲ့လူပါလား။ နောက်တော့ ရှင်သိလာမှာပေါ့လေ။ ကျွန်မပြောမယ်။ ဟင့်အင်း။ ကျွန်မကို မတားပါနဲ့၊ ကျွန်မအားလုံးပြောပြပါ့မယ်။ ကျွန်မ စဉ်းစားပြီးမှ လုပ်တာပါ။ ပုလိပ်ဌာနကို မရောက်ခင်မှာ ရှင့်ကို အရင်ပြောလိုက်တာက ပိုကောင်းမယ်လို့ ထင်တယ်။ ဒါကြောင့် ကျွန်မပြောတာပါ။ ဂျူလီယန်က ကျွန်မယောကျ်ားနဲ့ စာရင်းရှင်းချင်လို့ ဒီကိုလိုက်လာခဲ့တယ်လို့ ကျွန်မပြောခဲ့တယ်။ အမှန်ကတော့ ဒီလိုမဟုတ်ပါဘူး။ သူက ကျွန်မယောကျ်ားနဲ့ တွေ့တောင် တွေ့ချင်တာမဟုတ်ဘူး။ ဒါပေမဲ့ ကျွန်မရဲ့ယောကျ်ား အိမ်မှာမရှိချင်ယောင်ဆောင်ပြီး သူ့ကို ဒီခေါ်လာခဲ့တယ်။ ဒီအခန်းထဲမှာ သူတို့နှစ်ယောက်တွေ့ကြတော့ သူတို့မျက်နှာတွေကို စုံထောက်ကြီး တွေ့စေချင်တယ် သိလား၊ နှစ်ယောက်လည်း တွေ့ကြရော ကျွန်မယောကျ်ားကလည်း ရှူးရှူးရှားရှားဖြစ်၊ ဂျူလီယန်ကလည်း စိတ်ကို မထိန်းနိုင်ဖြစ်၊ အို ကျွန်မဖြင့် ကြောက်လိုက်တာရှင်'

အမျိုးသမီးသည် ထိုစဉ်က မြင်ကွင်းကို သတိရဟန်ဖြင့်မျက်လုံးတွေ တောက်ပလာ၏။

'သူတို့နှစ်ယောက် သတ်ကြတော့မှာပဲလို့ ကျွန်မထင်လိုက်မိတယ်၊ ဒါပေမယ့် ဘာမှမဖြစ်ဘူးရှင့်၊ ခဏကြာတော့ သူတို့ နှစ်ယောက်စလုံး

www.burmeseclassic.com

www.burmeseclassic.com

သွေးအေးသွားကြတယ်၊ တကယ်ကတော့ သူတို့နှစ်ယောက်စလုံး သတ္တိရှိကြဟန် မတူပါဘူး၊ သူတို့နှစ်ယောက်ဟာ စိတ်ထဲကသာ အငြိုးဖွဲ့ပြီး မုန်းနေကြတာ တကယ် တွေ့တွေ့ဆိုင်ဆိုင်ကျတော့ နှစ်ယောက် စလုံးက ဘာမှ ပြောရဲကြတာမဟုတ်ဘူး၊ ကျွန်မကတော့ သူတို့ ဒီလိုဖြစ်နေကြတာကို မကြိုက်ဘူး၊ ရှင်းရှင်းလင်းလင်း ဖြစ်စေချင်တယ်၊ ပြောင်ပြောင်တင်းတင်း ဖြစ်စေချင်တယ်။ ပြန်ခါနီးတော့ မိုးရွာနေလို့ ကျွန်မယောကျ်ားက သူ့ကို ဘူတာရုံကို ကားနဲ့ လိုက်ပို့တယ်ရှင့်။ သူလည်း ကားသွားထုတ်ရော ကျွန်မက ကျွန်မ သေနတ်ကို ဂျူလီယန်ကို ပေးလိုက်ပြီး ကျွန်မ ယောကျ်ားကို အပြတ် ရှင်းဖို့ ပြောလိုက်တယ်။ ရုတ်တရက်ကြည့်ရင် သူ့ကိုယ်သူ သတ်သေသွားတဲ့ ပုံမျိုးဖြစ်အောင် လုပ်တာပါ။ ဒါပေမယ့် သူက ဘာမှမလုပ်ဘူးရှင့်။ သေနတ်ကို ကျွန်မကို ပြန်ပေးတယ်။ ဒီတုန်းမှာ ကျွန်မ ယောကျ်ားလည်း ကားထုတ်ပြီး အခန်းထဲ ပြန်ဝင်လာရော ကျွန်မ ကိုယ်တိုင် သူ့ကို သတ်ပစ်လိုက်တာပါပဲ’

‘အဲဒီတုန်းက အိမ်ထဲမှာ ကျွန်မတို့ သုံးယောက်အပြင် တစ်ခြား ဘယ်သူမှ မရှိပါဘူး၊ တစ်အိမ်နဲ့ တစ်အိမ်ဆိုတာလည်း အဝေးကြီး ဆိုတော့ သေနတ်သံတို့ ဘာတို့ကို မကြားရပါဘူး။ ကျွန်မလည်း ကော်ဇောပေါ်ကို ကျလာတဲ့ သွေးတွေကို ဆေးကြော၊ ဂျူလီယန်ကို အရက်တစ်ခွက်တိုက်ပြီး ဒီအလောင်းကြီးကို ဘယ်လိုဖျောက်ပစ် မလဲလို့ စဉ်းစားရတာပေါ့၊ နောက်တော့ ကျွန်မလည်း ကျွန်မ ယောကျ်ားစီးတဲ့ ဖိနပ်ဟောင်း တစ်ရန်နဲ့ သူဝတ်တဲ့ ဖလန်နယ် ဘောင်းဘီဝတ်၊ ဦးထုပ်ကို ဆောင်းပြီး ယောကျ်ားယောင်ဆောင် လိုက်ပါတယ်။ သူ့ဖိနပ်ကို စီးရတာကတော့ ခြေရာကို သူ့ခြေရာလို့

www.burmeseclassic.com

ထင်အောင် စီးရတာပါ။ ဂျူလီယန်ကတော့ အရေးရှိရင် ဘာမှ မကြံတတ်မစည်တတ် တော့ပါဘူး’

‘ကားက အိမ်ရှေ့ဝင်းဝမှာ ထုတ်ပြီးသားဖြစ်နေပါပြီ။ မိုးကလည်း တိတ်သွားပြီ။ ကျွန်မတို့လည်း ကားကို စားကျက်တောကို မောင်းလာခဲ့ပါတယ်။ ဟိုရောက်တော့ ဂျူလီယန်က အလောင်းကို ခု အလောင်းတွေ့တဲ့ မြေပြန့်ကလေးကို သယ်လာခဲ့ပါတယ်။ ကျွန်မက နောက်က လိုက်လာခဲ့ပါတယ်။ ဟိုရောက်တော့ သေနတ်ဒင်ပေါ်မှာရှိတဲ့ ကျွန်မ လက်ရာတွေကို အဝတ်နဲ့ပွတ် တိုက်ဖျက်ပြီး သေနတ်ကို ကျွန်မ ယောကျ်ားလက်ထဲကို ထည့်လိုက်ပါတယ်။ ပြီးတော့လည်း သူ့ကိုယ်သူ သတ်သေတဲ့ ပုံမျိုးဖြစ်အောင် အလောင်းကို နေရာချပါတယ်။ ဂျူလီယန်က အလောင်းကိုလည်း နေသားတကျ ရွှေ့ထားပြီးရော ကျွန်မလည်း ကျွန်မယောကျ်ားရဲ့ စားပွဲအံဆွဲထဲက ယူလာခဲ့တဲ့ ကျွန်မ ယောကျ်ားရဲ့ သေနတ်နဲ့ ဂျူလီယန်ကိုလည်း ပစ်သတ်လိုက်ပါတယ်’

‘ဟုတ်ပါတယ်၊ ဂျူလီယန်ကိုလည်း ကျွန်မသတ်တာပါ သူ့ကို မသတ်ရင် တစ်သက်လုံး ကျွန်မဟာ သူ့လက်ခုပ်ထဲကရေ ဖြစ်နေတော့မှာ မဟုတ်လားရှင်။ သူက ဒီလို ခြိမ်းခြောက်ငွေညှစ်တာမျိုးတို့ ဘာတို့ကို အလွန်လုပ်တတ်တဲ့သူ၊ ကျွန်မသိတာပေါ့၊ ဂျော့ကို သတ်တာကတော့ သူ့ကို ဆက်လက် မပေါင်းသင်း နိုင်တော့လို့ပေါ့။ ဂျူလီယန်ကို သတ်တာကတော့ အို ဒါတွေကို ရှင်နားလည်မှာပါရှင်’

သူ စကားပြောနေစဉ်တွင် အမျိုးသမီး၏ မျက်လုံးများမှာ ခံစားချက်မျိုးစုံ ဖော်ပြလျက်ရှိ၏။ ပူးလ်သည် ကြားဖူးမေးမြန်းခြင်း မပြုတော့ပဲ နားစိုက်ထောင်နေသည်။

www.burmeseclassic.com

'အဲဒီနားတစ်ဝိုက်မှာ မြက်တောက ထူတယ်မဟုတ်လား၊ ဒီနေရာက ကျွန်မတို့ မကြာခဏလာပြီး ပျော်ပွဲစားနေကျ နေရာကလေး ဆိုတော့ ကျွန်မ ကောင်းကောင်းသိတာပေါ့။ ဒီနေရာမှာ ခြေရာ ထင်မယ်ဆိုတာသိတော့ သူ့ဖိနပ်ကြီးကို စီးတာ၊ ကားကနေပြီး ခြေရာ နှစ်ခုတွေ့မယ်။ ပြီးတော့ လက်ထဲမှာလည်း သေနတ်ကိုယ်စီနဲ့ လူနှစ်ယောက် သေနေတာကို တွေ့မယ်ဆိုရင် ချိန်းသတ်တာပဲလို့ ထင်မှာပဲဆိုပြီး ဒီလိုစီစဉ်ရတာပါ။ ခုတော့ မရတော့ဘူးပေါ့။ ရှင် ရှင် ကျွန်မကို ဘာဖြစ်လို့ သံသယဖြစ်တာလဲဟင်'

အမျိုးသမီးက မေးလိုက်၏။ ပူးလ်က မည်သို့မျှ မဖြေ သည့်အခါတွင် သူ့စကားကိုဆက်သည်။

'ကိစ္စပြီးတော့ ကျွန်မလည်း အိမ်ပြန်လာပါတယ်။ အမှန်ကတော့ ဒီလောက်မဝေးပါဘူး။ နှစ်မိုင်လောက်ပဲ ဝေးတာပါ။ ဒါပေမယ့် ဂျော့ရဲ့ ဖိနပ်ကြီးကို စီးလာရတော့ ကျွန်မခြေထောက်တွေ ပေါက်ပြီး အရေတွေ လန်ကုန်တာပေါ့။ ဒါပေမယ့် စိတ်က ထူပူနေတော့ ဒါတွေကို ဂရုမစိုက် နိုင်ဘူးလေ။ အိမ်ရောက်တော့မှသိတာ။ အိမ်ရောက်တော့ ဘောင်းဘီတွေကို မီးရှို့၊ ဖိနပ်ကို ပြန်တိုက်ပြီး အိပ်ရာထဲဝင်ခဲ့တာပဲ။ အိပ်ရာကနိုးတော့ ကျွန်မခြေထောက်တွေ သိပ်နာနေတယ်။ အိပ်ရာ ထဲမှာ ကြာကြာမနေရဲဘူး၊ တော်တော်ကြာ အိမ်အောက်ဆင်းလာလို့ ခြေထောက်က ထော့နဲ့နဲ့ ဖြစ်နေရင် သင်္ကာမကင်း ဖြစ်ကြမယ်။ ဒါနဲ့ စောစောစီးစီး ဧည့်ခန်းထဲဆင်းလာပြီး ဆိုဖာတစ်လုံးပေါ်မှာ ထိုင်နေတာ၊ ရှင်ဘယ်လိုလုပ် သိသွားတယ်ဆိုတာ ကျွန်မ စဉ်းစားလို့ မရဘူးရှင်'

အမျိုးသမီး၏ မျက်နှာသည် ကြောက်ရွံ့ထိတ်လန့်ဟန် ပေါ်လျက် ရှိ၏။ သူ့ မျက်လုံးများသည် ပူးလ်ကို ကျော်ကာ တံခါးဝဆီသို့

www.burmeseclassic.com

www.burmeseclassic.com

စိုက်ကြည့် နေကြသည်။ ပူးလ်သည် ယောင်ယမ်းကာ သူကြည့်ရာဘက်သို့ လှည့်ကြည့်လိုက်သည်။ ထိုစဉ် သေနတ်သံ တစ်ချက်ပေါ်လာ၏။

အင်စပက်တော် ကောက်သည် ကြမ်းပြင်ပေါ်တွင် လဲကျနေသည့် အမျိုးသမီးအလောင်းကို ငုံ့ကြည့်လိုက်ရာမှ.........

'ကျွန်တော်တော့ ဒီလိုမိန်းမမျိုးကို ဒီတစ်ခါပဲ တွေ့ဘူးသေးတယ်ဗျာ'

ပူးလ်က အမျိုးသမီး ပြန်ပြောသည့် အဖြစ်အပျက်ကို အင်စပက်တော် ကောက်ကို ပြောပြသည်။

'အင်း သူတို့အရွယ်ဟာ ကြီးပြင်း လူလား မြောက်တော့လည်း စစ်အတွင်းမှာ လူလားမြောက်ခဲ့ကြရတယ်။ စစ်ပြီးတော့လည်း အကျင့်စာရိတ္တတွေ ပျက်တဲ့ခေတ်နဲ့ ကြုံခဲ့ရတယ်။ လန်ဒန်မှာတော့ ဒီလို အဖြစ်အပျက်တွေ ပြည့်လို့ပါလေ။ ညကလပ်တွေမှာဆိုရင် ဒါမျိုးတွေ ချည်းပဲ။ သူ့လောက်မဆိုးတာ တစ်ခုပဲ ရှိတာပါ။ ဥပမာ ဦးနှောက်ကောင်းတာ၊ သတ္တိကောင်းတာ ဆိုပါတော့။ မျက်လုံးက ကြည့်ရုံနဲ့ သတ္တိကောင်းတဲ့ မိန်းကလေးမျိုးဆိုတာ လွယ်လွယ်နဲ့ သိနိုင်တယ်'

'ကားထဲမှာတော့ သွေးတို့ ဘာတို့ မတွေ့ဘူးနော်'

ဟု အင်စပက်တော်ကောက်က မေးသည်။

'ဘယ်တွေ့မလဲ၊ အမျိုးသမီးက တော်တော်ထက်တဲ့ အမျိုးသမီး၊ အလောင်းကို တစ်ခုခုနဲ့ ပတ်ပြီးတော့ အဲဒီအဝတ်ကို မီးရှို့ပစ်လိုက်မှာပေါ့။ ကျွန်တော်လိုက်ရှာသေးတယ်။ ဒါပေမဲ့ မတွေ့ဘူး'

'နှစ်ယောက်ချင်း ချိန်းသတ်တာ မဟုတ်ဘဲ လူသတ်မှုလို့ ခင်ဗျား ဘာကြောင့် ထင်သွားတာလဲ'

www.burmeseclassic.com

www.burmeseclassic.com

'လူသတ်မှုဆိုတာ ခင်ဗျားလည်း ရိပ်မိမှာပေါ့။ မရိပ်မိရင် ဘာဖြစ်လို့ စီအိုင်ဒီကို ခင်ဗျားတို့ လှမ်းခေါ်မှာလဲ၊ ဒီတော့ အစ ကတည်းက ဒီအမှုဟာ လူသတ်မှုပဲ ဖြစ်ရမယ်လို့ ကျွန်တော် တွက်ထားလိုက်ပြီလေ။ ကျွန်တော့်တွေးလုံးကို ပထမဆုံး အတည်ပြု လိုက်တာကတော့ ဟွန်းရဲ့ ခြေချင်းဝတ်တွေဗျ။ ခြေချင်းဝတ်တွေက ကွေးနေတယ်မဟုတ်လား။ အလောင်းကို ပစ်ချလိုက်ရုံနဲ့တော့ ဒီလောက် မကွေးနိုင်ဘူး၊ နဂိုကတည်းက ခြေခွင်နေမယ် ဆိုရင်လည်း ခြေရာတွေမှာ ခြေခွင်တဲ့ ခြေရာပြရမယ်။ ဒါပေမယ့် ခြေရာတွေကို ကြည့်လိုက်တော့ ဖြောင့်လို့။ ဒီတော့ ခြေမခွင်ဘူးဆိုတာ သိသာ သွားပြီ။ ပြီးတော့ ခြေထောက်တွေ ခွင်နေတာဟာ မော်တော်ကားထဲမှာ အလောင်းကို ထိုးသိပ်ထည့်ခဲ့လို့ တောင့်တင်းစအပြုမှာ ကွေးသွားတာ၊ နောက်တစ်ချက်က ဆရာဝန်ထွက်ချက်၊ ဆရာဝန်က ဟွန်းရဲ့ အလောင်းဟာ အသက်ကြီးလို့ ပိုပြီး တောင့်တင်းနေပြီတဲ့။ အမှန် ကတော့ ဟွန်းဟာ ဒီလောက်လည်း အသက်ကြီးသေးတာ မဟုတ်ဘူး၊ သူက စောပြီးသေလို့ အရင် ပိုပြီးတောင့်နေတာ။ နောက်တစ်ချက်က ခြေရာတွေ၊ ဂျူလီယန်က ဟွန်းလောက် ကိုယ်အလေးချိန် မများဘူး။

ဒါပေမယ့် ဘာဖြစ်လို့ သူ့ခြေရာတွေက နက်ပြီး ဟွန်းရဲ့ ခြေရာ တွေက တိမ်နေရသလဲ၊ တိမ်မှာပေါ့။ ဒီခြေရာတွေဟာ ဟွန်းရဲ့ ခြေရာ လို့ထင်အောင် ဟွန်းရဲ့ ဖိနပ်ကိုစီးလာသူရဲ့ ခြေရာဖြစ်ရမယ်။ ဒါဖြင့် ဟွန်းရဲ့ ဖိနပ်တွေကို ဘယ်သူ ဝင်ယူနိုင်သလဲ၊ သူနဲ့ အရင်းနှီးဆုံး ဖြစ်တဲ့ သူ့မိန်းမပဲ ဖြစ်ရမှာပေါ့။

နောက်တစ်ချက်က သေနတ်လိုင်စင် မှတ်ပုံတင်၊ မှတ်ပုံတင် စာရင်းအရ မစ္စက်ဟွန်းမှာ အလားတူ အော်တိုမစ်တစ် ပစ္စတို

www.burmeseclassic.com

www.burmeseclassic.com

တစ်လက် ရှိတယ်ဆိုတာ တွေ့ရတယ်။ ဒါပေမယ့် ဟွန်းမှာ ခြောက်လုံးပြူး တစ်လက်ရှိတာကို ကျွန်တော် သတိမထားလိုက်မိတာ နာသဗျာ။ အမှန်က အဲဒီသေနတ်ကို အရင်ရှာပြီး သိမ်းထားလိုက်ဖို့ ကောင်းတာ။ ခုတော့ အမျိုးသမီးက ခြောက်လုံးပြူးကို တစ်ချိန်လုံး ကူရှင်အောက်မှာ ထိုးထည့်ထားတာကိုး’

သူတို့ နှစ်ယောက်က လဲကျနေသော အမျိုးသမီးကို အတန်ကြာမျှ တိတ်ဆိတ်စွာ ကြည့်နေကြသည်။ သူ့ခေါင်းမှာ ကြေမွနေသဖြင့် ပူးလ်က သူ့လက်ကိုင်ပဝါ အနီလေးကို အုပ်ထားလိုက်၏။

‘နေစမ်းပါဦး၊ အင်စပက်တော်ကြီး၊ ဒီအမှုဟာ ချိန်းသတ်တဲ့ အမှု မဟုတ်ဘဲ လူသတ်မှုလို့ ခင်ဗျားကော ဘာဖြစ်လို့ ထင်ရတာလဲ’

အင်စပက်တော် ကောက်က ရယ်လိုက်လျက် ...

‘ဒီခေတ်မှာ နှစ်ယောက်ချင်း ချိန်းပြီး သတ်တာမျိုးတွေ မရှိတော့ဘူးလေ၊ နောက်တစ်ချက်ကလည်း ဟွန်းရဲ့ အိမ်အဝင်လမ်းဟာ ကျောက်စရစ်တွေခင်းပြီး၊ အကျအနလုပ်ထားတဲ့ လမ်းဖြစ်ပါလျက်နဲ့ ဂျူလီယန်ရဲ့ ဖိနပ်မှာ ရွှံ့စေးအဖြူတွေ ပေနေတာကိုးဗျ’

(အင်္ဂလိပ် စာရေးဆရာ Hanary Wade ၏ Duello ကို ပြန်ဆိုသည်။)

www.burmeseclassic.com

## ၄။ လုပ်ကြံမှုလော မတော်တဆလော

ဇာတ်ဆောင်စုံထောက် ပါမောက္ခ ပရက်စလေ
စတင်ပေါ်ပေါက်သည့်နှစ် ၁၉၃၁ ခုနှစ်

(အင်္ဂလိပ် စာရေးဆရာ ဂျွန်ရို့ဒ်၏ ဝတ္ထုတစ်ပုဒ်ဖြစ်ပြီး၊ သူ့ဇာတ်ဆောင်မှာ စိတ်ပညာပါမောက္ခ ဒေါက်တာ ပရက်စလေဖြစ်သည်။ အပျော်တမ်း စုံထောက်များထဲတွင် ဆရာဝန်၊ မျက်မမြင်၊ ကောင်းဘွိုင်၊ သိပ္ပံပညာရှင် စသည်တို့ ပါသကဲ့သို့ စိတ်ပညာပါမောက္ခ တစ်ဦးလည်း ပါလာသည်ကို တွေ့ရ၏။ စုံထောက်များထဲတွင် တစ်ချို့က သိပ္ပံပညာ၊ တစ်ချို့က ဆေးပညာအားဖြင့် ကျွမ်းကျင်ရာ ပညာရပ်ဖြင့် ပြဿနာကို ဖြေရှင်းလေ့ရှိရာ ယခု ဇာတ်ကောင်စုံထောက်မှာ သိပ္ပံပညာကို အသုံးပြု၍ ကောက်ချက် ဆွဲသူတစ်ဦးဖြစ်၏။ ထူးခြားသော စုံထောက်ဇာတ်ဆောင် တစ်ယောက်ဖြစ်သည့်အတွက် ဤလက်ရွေးစင် ဝတ္ထုများထဲတွင် ထည့်သွင်းပါသည်။)

အင်စပက်တော် ဟန်းစလက်သည် ညနေထုတ် သတင်းစာ တစ်စောင်ကို လှမ်းပေးလိုက်ရင်း

'ပါမောက္ခကြီးရေ၊ ဟောဒီမှာ ဆရာကြီးစိတ်ဝင်စားမယ့် သတင်း တစ်ပုဒ်ပါတယ်ဗျ၊ သတင်းခေါင်းစဉ်က နာမည်ကျော် ကုန်သည်ကြီး တစ်ဦး အသတ်ခံရတဲ့။ ဆရာကြီး ဖတ်ကြည့်ပါဦး၊ စိတ်ဝင်စားမလား မသိဘူး'

စိတ်ပညာ ပါမောက္ခကြီး ဒေါက်တာပရက်စလေသည် မျက်မှန်ကို ပြင်၍တပ်လိုက်ကာ သတင်းစာကို ဖတ်နေသည်။ ပါမောက္ခကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com

သူ့အတွင်းရေးမှူးဖြစ်သူ ကျွန်ုပ် ဟာရိုးမီယာဖီးတို့သည် ဇွန်လ တစ်ညနေ ညစာစားအပြီးတွင် ပါမောက္ခကြီးနေထိုင်ရာ ဝက်စဘုန်း နေအိမ်တွင် ထိုင်နေကြစဉ် အင်စပက်တော်ဟန်းစလက် ရောက်လာ ကြောင်းကို အစေခံက လာရောက်ပြော၏။

အင်စပက် တော်ဟန်းစလက်မှာ ကျွန်ုပ်တို့၏ မိတ်ဆွေ ရောင်းရင်းကြီး တစ်ဦးဖြစ်လျက်၊ မိမိစုံစမ်းရသော အမှုများနှင့် ပတ်သက်၍ ပါမောက္ခကြီးထံ မကြာခဏ လာရောက်တိုင်ပင် တတ်သူ တစ်ဦးလည်းဖြစ်သည်။ ဟန်းစလက်သည် ပုလိပ်တို့ လိုက်၍ မရ နိုင်သော ဖောက်ထွင်းမှုတစ်ခုနှင့် ပတ်သက်၍ ပါမောက္ခကြီးထံ လာရောက်၍ အကြံဉာဏ် တောင်းလေ့ရှိရာ ယခုလည်း ပြန်ခါနီးတွင် အမှတ်ရသဖြင့် အထက်ပါအတိုင်း ပြောလိုက်ခြင်းဖြစ်သည်။

ဒေါက်တာပရက်စလေက

'ခင်ဗျားအမှုက ဒီလောက်လည်း စိတ်ဝင်စားစရာ မကောင်းလှ ပါဘူးဗျာ၊ သတင်းအဆိုအရ တီးလ်ဗာရီဘူတာကို သုံးနာရီနှစ်ဆယ် ရထားဆိုက်တဲ့အခါမှာ မီးရထားပေါ်တာက တွဲတွေကို လိုက်စစ်တော့ မစ္စတာ ဖာကူဟာဆန်ဆိုတဲ့ လူတစ်ယောက်ရဲ့ အလောင်းကို ပထမ တန်းတွဲ တစ်တွဲပေါ်မှာ သွားတွေ့တယ်တဲ့။ ချိုစောင်းကို တစ်စုံတစ်ခုနဲ့ ခပ်ပြင်းပြင်း အရိုက်ခံရတဲ့အတွက် သေဆုံးသွားပုံ ရတယ်တဲ့။ ဒါပေမယ့် အနီးအနားတစ်ဝိုက်မှာတော့ ဒီလို ဒဏ်ရာမျိုးကို ရစေ လောက်တဲ့ လက်နက်ဆိုလို့ တစ်ခုမှ ရှာလို့မတွေ့ဘူးတဲ့။ သတင်း ထဲမှာပါတဲ့ အချက်အလက်က ဘာမှ ရေရေရာရာမရှိဘူး။ ဒီအတိုင်း ဆိုရင် ကောက်ချက်တွေ တစ်ဒါဇင်လောက်လောက် ထွက်လာနိုင် သေးတယ်'

www.burmeseclassic.com

www.burmeseclassic.com

'ဥပမာ ဘယ်လိုကောက်ချက်မျိုးလဲ ဆရာကြီး'

ဟု ပုလိပ် အင်စပက်တော် ဟန်းစလက်က မေးလိုက်၏။ ဒေါက်တာ ပရက်စလေက မျက်မှောင်ကုတ်လိုက်ကာ

'ခင်ဗျားလည်း ကျွန်တော့်အကြောင်းကို သိသားပဲ၊ ထင်ကြေးတွေ လျှောက်မပြောချင်ဘူးဗျာ၊ အချက်အလက်မရှိဘဲ ထင်ကြေးတွေနဲ့ အလုပ် လုပ်ခဲ့ကြလို့ ကမ္ဘာဦးကတည်းက အမှားတွေ ဒုနဲ့ဒေး တွေ့ခဲ့ရလှပြီ။ သို့သော်လည်း သတင်းကို ဖတ်ပြီး ကျွန်တော့်ခေါင်းထဲမှာ ပေါ်လာတဲ့ ကောက်ချက်တွေထဲက တစ်ခု နှစ်ခုကိုတော့ ပြောလိုက်မယ်။ မစ္စတာ ဖာကူဆန်ဟာ တီးလ်ဗာရီ မရောက်ခင်မှာ အသတ်ခံလိုက်ရပြီး လူသတ်သမားဟာ ရထားပေါ်က ဆင်းသွားတယ်ဗျ။ လက်နက်ကိုတော့ တစ်နေရာရာမှာ ဖျောက်ဖျက်ပစ်ခဲ့တယ်။ ဒါမှ မဟုတ်ရင်လည်း မစ္စတာဖာကူဆန်ဟာ ရထားဆိုက်ခါနီးနေတော့ ရထား အပြင်ဘက်ကို ခေါင်းပြူအကြည့်မှာ ရထားလမ်းဘေးမှာ ရှိတဲ့ အရာတစ်ခုခုနဲ့ တိုက်မိပြီး ဒဏ်ရာရလို့ သေသွားတာရင်လည်း ဖြစ်နိုင်တယ်၊ ဒါမှမဟုတ်ရင်လည်း သူဟာ လက်ယာဘက်မှာ ထိုင်နေတာဆိုလို့ရှိရင် ရထား ပြတင်းပေါက်က ခေါင်းပြူ ကြည့်နေတုန်း မျက်နှာချင်းဆိုင်က လာတဲ့ရထားနဲ့ ပွတ်မိလို့ သေသွားတာရင်လည်း ဖြစ်နိုင်တယ်။ ဒါပေမယ့် သတင်းထဲ ပါတာလောက်နဲ့တော့ ကောက်ချက် ဆွဲလို့ မမှန်နိုင်ဘူး။ ဒီတော့ ဒီထက် သတင်းပြည့်ပြည့် စုံစုံရဖို့ လိုတယ်'

ဟန်းစလက်က ပြုံးလိုက်သည်။ ပါမောက္ခကြီးသည် အချက်အလက်ကို လွန်စွာ အားကိုးသူဖြစ်ပြီး ထင်ကြေးပေးရမည်ကို ဝန်လေးတတ်ကြောင်း သူသိပြီးသားဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

'ပြောလို့သာ ပြောရတာပါလေ၊ အမှုက ကျွန်တော့်လက်ထဲကို ရောက်ချင်မှ ရောက်မှာပါ။ ကျွန်တော့်လက်ထဲ ရောက်ရင်တော့ ဆရာကြီးကို အချက်အလက်တွေ အကုန်ပေးပါ့မယ်။ အမှုက ရိုးရိုး စင်းစင်းဆိုတော့ တစ်ရက်နှစ်ရက်လောက်ဆိုရင် အချက်အလက် တော်တော် ပြည့်ပြည့်စုံစုံ ရမှာပေါ့။ ကဲ ဂွတ်နိုက်ဆရာကြီး'

ဒေါက်တာ ပရက်စလေသည် သူထွက်သွားပြီး တံခါးပိတ်သွားသည်အထိ စောင့်ဆိုင်းနေပြီးမှ

'သူ့အဖို့ ခက်နေပေမယ့် တို့အဖို့တော့ အလွယ်ကလေးတွေဆိုတာ မင်းကို မကြာခဏ ပြောခဲ့ဘူးသားပဲ၊ ဒါပေမယ့် သူက ရိုးရိုးစင်းစင်း လို့ ပြောလိုက်တဲ့ အမှုတိုင်းကတော့ အခက်တွေကြီးပဲ ဖြစ်နေ တတ်တယ်ကွ။ အင်း မကြာခင်ဆိုရင်တော့ သူ့ဆီက နောက်ထပ် သတင်းလေး ဘာလေး ရပါလိမ့်မယ်ထင်ပါရဲ့'

ပါမောက္ခ ပြောသည့်အတိုင်းပင်။ ဟန်းစလက် ကျွန်တော်တို့ဆီ နောက်ဆုံးလာပြောတဲ့နေ့မှာ စနေနေ့ဖြစ်၏။ နောက် ကြာသပတေးနေ့ ညစာစားချိန်လောက်တွင် ဟန်းစလက်သည် အောင်နိုင်သော မျက်နှာ ထားဖြင့် ကျွန်ုပ်တို့ဆီသို့ ရောက်လာပြန်၏။

ဟန်းစလက်က ခရီးရောက်မဆိုက်ပင်

'ဆရာကြီး၊ ဖာကူဟာဆန် အမှုအကြောင်းကို သတိရ သေးတယ်မဟုတ်လား၊ ခု ကျွန်တော့်လက်ထဲကို ရောက်လာပြီခင်ဗျ။ အက်ဆက်နယ်ပုလိပ်က စကော့တလန်ယာဒ်ကို အကူအညီ တောင်းတော့ ရုံးချုပ်က ကျွန်တော့ကို တာဝန်ပေးလိုက်တယ်။ ခု ကျွန်တော် ဖြေရှင်းလိုက်တာ လေးဆယ့်ရှစ်နာရီအတွင်း ရှင်းသွား

www.burmeseclassic.com

www.burmeseclassic.com

ပြီခင်ဗျ။ မနိပ်လားခင်ဗျ။ မစ္စတာ ဖာကူဟာဆန် အသတ်ခံရတာက......’

ဒေါက်တာ ပရက်စလေက လက်ကို ကာပြလိုက်ရင်း

‘ခင်ဗျား မစ္စတာ ဖာကူဟာဆန် လူသတ်မှုက ထားစမ်းပါဦးဗျာ။ ကျွန်တော် မကြာခဏ ပြောခဲ့တဲ့အတိုင်း ဒီကိစ္စတွေမှာ ကျွန်တော် စုံစမ်းတယ်ဆိုတာက ဝါသနာအရ ဦးနှောက်ကို အလုပ်ပေးချင်လို့ စုံစမ်းတာခင်ဗျ။ တစ်နည်းပြောရရင် ကျိုးကြောင်း ဆက်စပ် တွေးခေါ်တဲ့နည်းကို သုံးကြည့်ရုံ သက်သက်ပဲ၊ ကိုယ်တိုင်ကိုယ်ကျ လိုက်ပြီး စုံစမ်းချိန်ရမှာ မဟုတ်ဘူး။ ခု ခင်ဗျားက အဖြစ်အပျက်ကို ပြောပြတဲ့နေရာမှာ အဆုံးက စပြီးပြောနေတယ်။ ဒီတော့ ကျွန်တော် နားထောင်စေချင်ရင် အဖြစ်အပျက်တွေကို ပြည့်ပြည့်စုံစုံ ပြောပြပါ၊ ပြီးတော့မှ ခင်ဗျား စုံစမ်းထောက်လှမ်းတာတွေကို တစ်ဆင့်စီပြောပါ’

ဟန်းစလက်က ရှက်အမ်းအမ်းဖြင့်

‘ကောင်းပါပြီ ဆရာကြီး၊ ကျွန်တော်သိခဲ့ရတဲ့ ပထမအချက်ကတော့ ဖာကူဟာဆန် ဘယ်လို အသတ်ခံရတဲ့ အချက်ပါ။ ရုတ်တရက် ကြည့်လိုက်ရင်တော့ ခေါင်းကို ပုဆိန်လို လက်နက်တစ်ခုနဲ့ ရိုက်လိုက်လို့ သေသွားတယ်လို့ ထင်ရပါတယ်။ ခေါင်းရဲ့ လက်ယာဘက် ချိုစောင်းမှာ နှစ်လက်မလောက် ရှည်တဲ့ ဒဏ်ရာကြီးတစ်ခုတွေ့ပါတယ်။ ဒါပေမယ့် အလောင်းကို ခွဲကြည့်တော့ စစ်တပ်သုံး ရိုင်ဖယ်ကျည်ဆန်နဲ့ ပစ်လိုက်တယ်ဆိုတာကို တွေ့ရပါတယ်။ ကျည်ဆန်က အဲဒီကနေ ဖောက်ပြီး ဦးနှောက်ထဲကို ရောက်သွားတယ်ခင်ဗျ’

www.burmeseclassic.com

'အင်း လူသတ်မှုမှာ ရိုင်ဖယ်သေနတ်နဲ့ ပစ်သတ်တဲ့ အမှုမျိုးကတော့ ခပ်ရှားရှားပဲဗျ။ အလောင်းက တွဲထဲမှာ ဘယ်နေရာက တွေ့တာလဲ'

'လက်ယာဘက် ထောင့်ထဲမှာ ခင်ဗျ။ စက်ခေါင်းဘက်ကို မျက်နှာမူပြီး လဲကျနေတယ်။ ဒါပေမယ့် ဒီအချက်က ဒီလောက် အရေးမကြီးပါဘူး။ ဆရာကြီး နောက်တော့ တွေ့လာမှာပါ။ နောက်တစ်ဆင့်အနေနဲ့ ဖာကူဟာဆန်ဆိုတဲ့ လူအကြောင်းကို ကျွန်တော် စုံစမ်းကြည့်ဖို့ လိုလာပါတယ်။ သူ့ကို ဘယ်က ဘာကြောင့် သတ်သလဲပေါ့။ ဒီလိုအမှုမျိုးမှာ အမှုကျူးလွန်တဲ့ ရည်ရွယ်ချက်ကို ရှာဖို့ သိပ်အရေးကြီးပါတယ် ဆရာကြီး။ ဖာကူဟာဆန်ဟာ သမီးကလေး တစ်ယောက်နဲ့ စတင်းဖို့ဆိုတဲ့ ရပ်ကွက်မှာ အိမ်ကြီးတစ်လုံးနဲ့ အတူနေပါတယ်။

စတင်းဖို့ဆိုတာ တီးလ်ဗာရီနဲ့ ဆောက်အင်းကြားမှာ ဆိုပါတော့။ လွန်ခဲ့တဲ့ စနေနေ့ တုန်းကတော့ ဖာကူဟာဆန်ဟာ ဖရင့်ချက်လမ်း ဘူတာနားမှာရှိတဲ့ သူ့အလုပ်တိုက်ကနေပြီး နာရီပြန်တစ်ချက်လောက်မှာ ပြန်ပါတယ်။ အနီးမှာရှိတဲ့ ပျော်ပွဲစားရုံ တစ်ခုကိုဝင်ပြီး နေ့လယ်စာ စားပြီးတော့ နှစ်နာရီ ဆယ့်ငါးမိနစ် ရထားအမီ ဖရင့်ချက်လမ်းက ဘူတာရုံကို လာခဲ့ပါတယ်။ သူ့အလောင်းကို တွေ့တာလည်း အဲဒီရထားပေါ်မှာ ဖြစ်လေတော့ ဒီနေရာကို ဘယ်လိုလိုက်ပြီး စုံစမ်းတယ် ဆိုတာတွေကိုတော့ ကျွန်တော် အသေးစိတ် မပြောတော့ပါဘူး'

ပါမောက္ခ ပရက်စလေက ခေါင်းညိတ်လိုက်ပြီး

'ဟုတ်ပါပြီလေ၊ ခင်ဗျား ပြောတဲ့အတိုင်းပဲ ထားလိုက်ပါတော့'

'ဒီတော့ ရာဇဝတ်မှု ကျူးလွန်တဲ့ ရည်ရွယ်ချက် အကြောင်းကိုပဲ ကျွန်တော် ဆက်ပြောပါ့မယ်။ ဖာကူဟာဆန်ဟာ သူ့တူတစ်ယောက်နဲ့

www.burmeseclassic.com

www.burmeseclassic.com

စပ်ပြီး စီးပွားရေးလုပ်ငန်းတစ်ခု လုပ်နေတယ်ခင်ဗျ။ သူ့တူကလည်း ခပ်ရမ်းရမ်း ခပ်ကြမ်းကြမ်းရယ်၊ သူ့နာမည်က ရောဗတ်ဟာလီဒေးတဲ့၊ ကြည့်ရတာကတော့ ရောဗတ်ရဲ့အမေ ဖာကူဟာဆန်ရဲ့ နှစ်မဟာ လုပ်ငန်းထဲမှာ ငွေတော်တော် မြှုပ်နှံထားလေတော့ သူ့အစ်ကိုကြီး ဖာကူဟာဆန် သေသွားရင် ဒီငွေတွေကို သူ့သား သုံးဖြုန်းပစ်မှာကို တော်တော်စိုးရိမ်နေတယ်လို့ ယူဆရတယ်။ ဒီလိုနေတုန်း လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတော့ ရောဘတ်ရဲ့အမေ ဆုံးပါတယ်။ ကျန်ရစ်ခဲ့တဲ့ သေတမ်းစာကလည်း ခပ်ဆန်းဆန်းပဲခင်ဗျ။ သူမြှုပ်နှံထားတဲ့ ငွေတွေကို သားဖြစ်သူကို မပေးဘဲ လုပ်ငန်းထဲမှာပဲ ဆက်လက် ထားရှိဖို့နဲ့ သူ့အစ်ကို ဖာကူဟာဆန် သေသွားတဲ့ အခါကျမှ သူ့သားကို ပေးဖို့ ရေးထားခဲ့တယ်’

ဒေါက်တာ ပရက်စလေက လက်နှစ်ဖက်ကို ပွတ်ရင်း ခပ်လျောင်လျောင်ဖြင့်

‘ဒီလိုဆိုရင် အမှုကျူးလွန်တဲ့ ရည်ရွယ်ချက်ကို သိရောဆိုပါတော့၊ နောက်ထပ် အချက်အလက် ရှာစရာ မလိုတော့ဘူးပေါ့၊ ခင်ဗျား ကောက်ချက် အတိုင်းဆိုရင် လုပ်ငန်းထဲက ပိုက်ဆံတွေကို လိုချင်တဲ့အတွက် ရောဘတ်ဟာလီဒေးဟာ သူ့ဦးကြီးကို သတ်လိုက်တယ်ပေါ့၊ ရောဗတ်ဟာ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းလို့ ခင်ဗျား ပြောခဲ့ပေသကိုး၊ အရေးကြီးတာက သက်သေ အထောက်အထားဗျ။ သက်သေ အထောက်အထားမရှိရင် ဘာမှ လုပ်လို့မရဘူး’

ဟန်းစလက်က စိတ်ဆိုးဆိုးဖြင့်

‘ဆရာကြီးကတော့ ကျွန်တော့်ကို လှောင်မှာပေါ့၊ ဆရာကြီးက အမှုတော်တော် များများမှာ ကျွန်တော့်ကို ကူညီခဲ့တယ်ဆိုတာ

www.burmeseclassic.com

မှန်ပါတယ်။ ဒါပေမယ့် ခုကိစ္စမှာတော့ ကျွန်တော်တွေးတဲ့အတိုင်း မှုချ မှန်ရမယ်ခင်ဗျ။ ဘယ်နည်းနဲ့မှ မလွဲနိုင်ဘူး။ သူ့ဦးကြီးရဲ့ အလောင်း တွေ့တဲ့ တွဲထဲမှာပဲ ရောဗတ် လိုက်လာတယ်ဆိုရင် ဆရာကြီး ဘာ ပြောဦးမလဲ'

'အချက်အလက် တွေကိုတော့ အကုန်မသိသေးဘူးဗျာ၊ ဒါပေမယ့် ကျုပ်ပြောလိုက်မယ်၊ အဲဒီလို တစ်တွဲတည်း လိုက်လာတဲ့ အတွက်ကိုပဲ သူငယ် အပြစ်မရှိကြောင်းကို အထောက်အကူ ပေးသလို ဖြစ်နေ တယ်ဗျ'

ဟန်းစလက်က မျက်စိတစ်ဖက် မှိတ်ပြလိုက်ကာ

'ဒါလောက်တင် မကသေးဘူး ခင်ဗျ။ ရောဘတ်က နယ်ခြား စောင့်တပ်မှာ အမှုထမ်းနေတယ်။ အဲဒီနေ့က ယူနီဖောင်းဝတ်ပြီး လန်ဒန်ကနေ လိုက်လာတယ်။ သူ့လက်ထဲမှာလည်း ရိုင်ဖယ်သေနတ် တစ်လက် ပါလာတယ်။ မျက်စိ ကောင်းပေမယ့် လက်ကတော့ မဖြောင့်လှဘူး။ သူတို့တပ်ဖွဲ့က သေနတ်မဖြောင့်တဲ့ လူတွေကိုရွေးပြီး စနေနေ့တိုင်း ပါးဖလိမှာရှိတဲ့ သေနတ်ပစ်ကွင်းကို သွားပြီး သေနတ်ပစ် ကျင့်ရတယ်။ ပါးဖလိ ဆိုတာကတော့ လန်ဒန်နဲ့ တီးလ်ဗာရီ ကြားမှာရှိတဲ့ ဘူတာကလေး တစ်ခုခင်ဗျ။ ရောဗတ်ဟာ အဲဒီနေ့က ကျည်ဆန် တော်တော်များများနဲ့ လေ့ကျင့်ပြီး ညနေပိုင်း ကျတော့ လန်ဒန်ကို ပြန်လာတယ်'

'အင်း ...... ကျုပ်တော့ လူငယ်လေးကို သနားတယ်ဗျား ပထမ ကျူးလွန်တဲ့ ရည်ရွယ်ချက်ကို တွေ့ပြီ။ ဒုတိယ အမှုကျူးလွန်ဖို့ အခါအခွင့် ရတယ်ဆိုတာ ထင်ရှားပြီ။ ကြည့်လေ သူ့ဦးကြီးနဲ့ တစ်တွဲ တည်း ပါလာတယ်။ ခေါင်းကို သေနတ်နဲ့ ချိန်တယ်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းမှာ ဒဏ်ရာကြီးတွေ့တယ်။ ဒီတော့ ခင်ဗျား ကွင်းဆက်ကြီးထဲမှာ ဟာကွက်ရယ်လို့ ရှာလို့ မလွယ်ဘူးဖြစ်နေတယ်'

ဟန်းစလက်က အောင့်အည်းလျက်

'ဆရာကြီး ပြောသလောက်တော့လည်း မလွယ်သေးပါဘူးလေ။ သူ့ဦးကြီးနဲ့ တစ်တွဲတည်း ပါလာတာတော့လည်း မဟုတ်ပါဘူး။ အဲဒီနေ့မနက်က တူအရီးနှစ်ယောက် ပြင်းပြင်းထန်ထန် စကားများ ခဲ့ကြတော့ အတူတူ မလိုက်လာဘဲ တစ်တွဲစီ ခွဲလိုက်လာခဲ့ကြတယ် ခင်ဗျ။ ဖာကူဟာဆန်က ရှေးဆန်ဆန်ဆိုတော့ သူ့တူ နေပုံထိုင်ပုံ တွေကို သိပ်ပြီး သဘောမတွေ့လှဘူးပေါ့။ သူ့ဦးကြီးအပေါ်မှာ ဆိုးဆိုး ဝါးဝါး ဆက်ဆံတာရယ်လို့တော့ ရှာလို့ မတွေ့ပါဘူး။ ဒါပေမယ့် ခုခေတ်လူငယ်တွေက လူကြီးကို အရိုအသေတို့ ဘာတို့ မပေးတာ လောက်ပဲ ရှိပါတယ်။ သူ့ဦးကြီးကလည်း ဒါကို မကြိုက်နိုင်ဘဲ ဖြစ်နေတယ်။ သူ့ကို စစ်ကြည့်တော့ သူက တတိယတန်းတွဲထဲမှာ ပါလာတာတဲ့။ ဒီရထားမှာ သူ့ဦးကြီး ပါလာတာကို လုံးဝ မသိပါ ဘူးလို့ ကျမ်းကျိန်ထွက်တယ်'

'ဩော်.........ဒါဖြင့် ခင်ဗျား သူနဲ့ တွေ့ခဲ့ပြီပေါ့၊ ဟုတ်လား'

'တွေ့ခဲ့ပြီခင်ဗျ၊ သူ့အဆိုကတော့ သူရောက်သွားတော့ ရထား ထွက်ခါနီးနေပြီတဲ့။ ဒါနဲ့ သူလည်း ကမန်းကတန်း ပြေးလာပြီး မီရာတွဲ တစ်တွဲထဲကို ခုန်တက် လိုက်လာခဲ့တယ်တဲ့။ ဗားကင်း ဘူတာကို လွန်လာတော့ တွဲထဲမှာ သူတစ်ယောက်တည်းပဲ ကျန်တော့ တယ်တဲ့။ အဲဒါကတော့ သူ့ထွက်ချက်ပဲ၊ ဒါဂျင်ဟန်နဲ့ ရိမ်းဟမ်း ကြားကို ရထားလာတုန်းက ရထားခြေနင်းခုံပေါ် ထွက်ပြီး ဘေးက ရပ်လိုက်လာတာဟာ ဘာဖြစ်လို့ လိုက်လာတာလဲလို့ ကျွန်တော်က

www.burmeseclassic.com

မေးတယ်။ ဒီတော့ သူက ရထားပြတင်းက ခေါင်းပြူကြည့်လိုက်တော့ သူ့ရှေ့သုံးလေးတွဲအကွာ တွဲထဲမှာ သူတို့တပ်က ရဲဘော်ကိုမြင်တာနဲ့ သူ့ဆီကို ကူးမလို့ ထွက်ကြည့်တာတဲ့။ အဲဒီတွဲမှာပါတဲ့ သူ့ရဲဘော်ရဲ့ နာမည်ကိုလည်း ကျွန်တော့်ကို ပေးထားတယ်။ ဒါနဲ့ အဲဒီရဲဘော်ကို စစ်ဆေးကြည့်တော့ သူကလည်း ရောဗတ်ပြောတဲ့အချက်ကို အတည် ပြုတယ်'

'အင်း၊ အင်စပက်တော်ကြီးရဲ့ နည်းတွေကတော့ မှတ်သားလောက် ပါပေတယ်ဗျာ၊ နို့ နေစမ်းပါဦး၊ အဲဒီ ရောဗတ်ဆိုတဲ့ သူငယ်ကလေး ခြေနင်းခုံပေါ်မှာ တွယ်လိုက်လာတာကို ခင်ဗျား ဘယ့်နှယ်လုပ် သိသလဲ'

'ယူနီဖောင်းဝတ်ပြီး ရိုင်ဖယ်လွယ်ထားတဲ့ တပ်သား တစ်ယောက် ခြေနင်းခုံပေါ် တွယ်လိုက်သွားတာကို မီးရထား အလုပ်သမား တစ်ယောက်က မြင်လိုက်လို့ပါ'

'ဒီတော့ ဒီလူဟာ ရောဗတ်ဖြစ်ရမယ်လို့ ခင်ဗျား ကောက်ချက် ဆွဲလိုက်တယ်ပေါ့၊ အင်း.......တစ်ခါတစ်လေ ကျတော့လည်း ထင်ကြေးတွေက ဒက်ခနဲ မှန်တတ်တာတွေ ရှိတတ်ပါတယ်လေ။ ဒီတော့ အမှုကျူးလွန်ပုံနဲ့ ပတ်သက်လို့ ခင်ဗျားဘယ်လို ကောက်ချက် ချသလဲ'

'ရှင်းပါတယ် ဆရာကြီး၊ ရောဗတ်ဟာ သူ့ဦးကြီး ရထားတွဲပေါ် တက်သွားတာကို စောင့်ကြည့်နေတယ်။ ပြီးတော့ နီးရာတွဲ တစ်တွဲ ပေါ်ကို ခုန်တက် လိုက်သွားတယ်။ တစ်နေရာကျတော့ သူ့မှာ ကျည်အပြည့် ထိုးထားတဲ့ ရိုင်ဖယ်ကြီးလွယ်ပြီး သူ့ဦးကြီး လိုက်ပါ လာတဲ့ တွဲကို တွယ်တက်တယ်၊ ဦးကြီးရို ပြတင်းပေါက်ကနေ

www.burmeseclassic.com

www.burmeseclassic.com

ရိုင်ဖယ်နဲ့ ပစ်တယ်။ ပြီးတော့ သူ့အပေါ်မှာ သံသယကင်းအောင်ဆိုပြီး သူ့မိတ်ဆွေတွဲကို သွားနေတယ်၊ ဒီအချက်က လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားပါတယ်'

'အင်း .......ဖြစ်မယ်ဆိုရင် ဖြစ်နိုင်တာပါပဲ။ ဒီအမှုနဲ့ ပတ်သက်လို့ ခင်ဗျား ဘာလုပ်မယ် စိတ်ကူးသလဲ'

'ပုလိပ် စစ်ပြီးလို့ရှိရင် သူ့ကို ကောက်ဖမ်းလိုက်ရုံပေါ့'

အင်စပက်တော် ဟန်းစလက်က ကျေနပ်စွာ ပြောလိုက်၏။

ပါမောက္ခ ပရက်စလေသည် အတန်ကြာမျှ ငြိမ်သက်နေသည်။

'ခင်ဗျား တစ်ခုခုမလုပ်မီ ကျုပ်ကို တိုင်ပင်မယ် ဆိုရင်တော့ အားလုံးအတွက် ကောင်းမယ် ထင်တာပဲလေ'

ဟန်းစလက်၏ မျက်နှာပေါ်တွင် ဝေခွဲမရသော အမူအရာ ပေါ်လာ၏။

'အကျိုးရှိတယ် ဆိုရင်တော့ တိုင်ပင်ရမှာပေါ့ ခင်ဗျာ၊ ဒါပေမယ့် ဘယ်ရုံးကို တက်တက် တရားခံကတော့ ကွိခနဲနေတော့မှာပဲ ခင်ဗျ။ ဘယ်နည်းနဲ့မှ ပြေးလို့လွတ်တော့မှာ မဟုတ်ဘူး။ ကျွန်တော့်မှာ သက်သေ အထောက်အထား ခိုင်ခိုင်လုံလုံ ရှိနေပြီ'

ဒေါက်တာပရက်စလေက ခပ်သွက်သွက်ဖြင့်

'အဲဒါကြောင့်မို့ ခက်နေတာပေါ့ဗျ။ တချို့ ဂျူရီလူကြီးဆိုတာ ခင်ဗျားလောက်တောင် စဉ်းစားဉာဏ် ထက်ထက်မြက်မြက် ရှိတာ မဟုတ်ဘူး။ ကဲဗျာ ဘယ့်နှယ်လဲ၊ တစ်ခုခု မလုပ်ခင်မှာ ကျုပ်ကို တိုင်ပင်မယ်လို့ ကတိပေးနိုင်မလား'

'ရပါတယ်'

www.burmeseclassic.com

ဟု ခပ်တိုတိုပြောပြီးနောက် ဟန်းစလက်သည် အခြားအကြောင်း အရာများကို လှီးလွှဲပြောဆိုလျက်ရှိ၏။ ခဏကြာလျှင် နှုတ်ဆက်၍ ပြန်သွားသည်။

ကျွန်ုပ်တို့မှာလည်း ကိုယ့်အလုပ်နှင့်ကိုယ် ဖြစ်နေကြသဖြင့် မစ္စတာ ဖာကူဟာဆန် အသတ်ခံရသည့် ကိစ္စကို မေ့လုမေ့ခင် ဖြစ်နေကြ၏။ နောက်တစ်နေ့ ညနေတွင်မူ ကျွန်ုပ်တို့၏ အိမ်ဖော် အမျိုးသမီးကလေး မေရီ ဝင်လာကာ မစ္စ ဖာကူဟာဆန် ဆိုသည့် မိန်းမပျိုလေး တစ်ယောက် ရောက်လာပြီး ပါမောက္ခကြီးကို အရေး တကြီး တွေ့လိုကြောင်းဖြင့် လာရောက်ပြောဆို၏။ ထိုအခါတွင်မှ ကျွန်ုပ်သည် ထိုအမှု အကြောင်းကို သတိရတော့သည်။

ကျွန်ုပ်က

'မစ္စတာ ဖာကူဟာဆန်ရဲ့ သမီး မဟုတ်လား၊ သူ့မှာ သမီး တစ်ယောက် ရှိတယ်လို့ ဟန်းစလက် ပြောသွားတယ်ခင်ဗျ။ ဆရာကြီး သတိရသေးတယ် မဟုတ်လား'

'အင်း ဟန်စလက်ရဲ့ ကောက်ချက်ကို တည့်မတ်ပေးမယ့် ဖြစ်နိုင်ချက် တစ်ခုတော့ ပေါ်လာမှာပဲလို့ ငါတွက်ထားတာ။ ခုတော့ ထင်တဲ့အတိုင်း ပေါ်လာပြီဟေ့ ဟုတ်ပြီ၊ အဲဒီ သူငယ်မလေးကို လွှတ်လိုက်စမ်း မေရီ'

မစ္စဖာကူဟာဆန် ဝင်လာသည့်အခါတွင် ပါမောက္ခ ပရက်စလေ သည် ထုံးစံအတိုင်း ယဉ်ကျေးစွာ နှုတ်ဆက်၏။

'သူငယ်မ လာတဲ့ကိစ္စက ဘာကိစ္စများ ပါလိမ့်ဗျာ'

မစ္စဖာကူဟာဆန်သည် အတန်ကြာမျှ ဆုတ်ဆိုင်းဆိုင်း ဖြစ်နေ၏။ သူငယ်မကလေးမှာ အရပ်မြင့်မြင့် အသွေးအရေ ကြည်လင်၍

www.burmeseclassic.com

www.burmeseclassic.com

ဝမ်းနည်းသည့် အထိမ်းအမှတ် အဖြစ် အနက်ရောင် ဝတ်စုံကို ဝတ်ထားလေရာ ကပိုကရိုနှင့် လှသော အလှတစ်မျိုးကို ဆောင်နေ၏။ ပါမောက္ခကြီး မေးလိုက်သည့်အခါတွင် သူ့မျက်နှာပေါ်၌ ရှက်သွေးရောင် လွှမ်းသွားသည်ကို မြင်လိုက်ရုံမျှဖြင့်ပင် သူပြောမည့် စကားမှာ အမှန် ဖြစ်ကြောင်းကို ကျွန်ုပ်ခန့်မှန်းမိလိုက်လေပြီ။

'အလိုက်ကမ်းဆိုးမသိ လာတယ်လို့ မအောက်မေ့ပါနဲ့ ဆရာကြီးရယ်၊ ကိစ္စကတော့ ရောဗတ်၊ ရောဗတ်ဟာလီဒေးက ဆရာကြီးအကြောင်းကို ကြားဖူးလေတော့ ဆရာကြီးနဲ့ သွားတွေ့ပါလို့ လွှတ်လိုက်လို့ လာတာပါ'

ပါမောက္ခကြီးက မျက်မှောင်ကုတ်လိုက်၏။ မိမိစုံစမ်းထောက်လှမ်းနေသော အမှုများနှင့် ပတ်သက်၍ သူ့နာမည်ပါနေသည်ကို ပါမောက္ခကြီးက နှစ်သက်လေ့မရှိချေ။ သို့ရာတွင် ပါမောက္ခကြီးက မည်မျှဖုံးထားသည့်တိုင် လူအများစုကမူ ကြိုသိနေကြလေပြီ။ မစ္စဖာကူဟာဆန်က ပါမောက္ခကြီး မျက်မှောင်ကုတ်ထားခြင်းမှာ သူလာသည်ကို မနှစ်သက်သောကြောင့် မျက်မှောင်ကုတ်ခြင်း ဖြစ်သည်ဟု ထင်သွားကာ သူ့ကို တတွတ်တွတ် တောင်းပန်လျက်ရှိ၏။

'ဆရာကြီးကို နောက်ဆုံး အားကိုးရာ အနေနဲ့ လာတာပါ ဆရာကြီးရယ်၊ ကျွန်မလည်း ဘယ်လိုမှ မကြံတတ် မစည်တတ်အောင် ဖြစ်နေပါတယ်။ လွန်ခဲ့တဲ့ စနေနေ့က ကျွန်မအဖေဟာ တီးဒ်ဗာရီက ဘူတာရုံက ရထားတွဲပေါ်မှာ အသတ်ခံရတယ်ဆိုတာကို ဆရာကြီး သိပြီးဖြစ်လိမ့်မယ် ထင်ပါတယ်'

ပါမောက္ခကြီးက ခေါင်းညိတ်လိုက်ပြီး မလှုတ်မလွန်ဖြေ၏။

www.burmeseclassic.com

'အင်း အချက်အလက် တစ်ချို့ကိုတော့ သတိထားမိပါရဲ့။ သူငယ်မကို စိတ်မချမ်းမသာ ဖြစ်အောင် ဒီအချက်အလက်တွေကို ထပ်ပြီး အပြောခိုင်း မနေတော့ပါဘူးလေ။ ဒီတော့ ကျုပ်က ဘယ်လို နည်းနဲ့များ ကူညီနိုင်မလဲ ဆိုတာသာ ပြောပြပါ'

မိန်းမပျိုက တစ်ချက်ရှိုက်လိုက်ပြီး.......

'အဖြစ်ကတော့ တော်တော်ဆိုးပါတယ်ရှင်၊ ပုလိပ်က ဖေဖေ့ကို သတ်မှုနဲ့ ကျွန်မအစ်ကို ရောဗတ်ကို သံသယ ဖြစ်နေတယ်ရှင့်။ သူတို့ ပါးစပ်ကတော့ ထုတ်မပြောသေးဘူး ပေါ့လေ။ ဒါပေမယ့် ရောဗတ်ကို မေးခွန်း မေးနေပုံကတော့ ကြောက်စရာပဲရှင်၊ ပါမောက္ခကြီးကတော့ တစ်ခုခု လုပ်ပေးနိုင်မယ်ထင်ပြီး'

ပါမောက္ခကြီးက သူ့ကို စိုက်ကြည့်နေသဖြင့် မစ္စဖာကူဟာဆန်၏ အသံသည် တိမ်ဝင်သွား၏။

'ဒီမှာ သူငယ်မ၊ ကျုပ်က မျက်လှည့်ဆရာ မဟုတ်ဘူးဗျ။ ကျုပ် အင်စပက်တော် ဟန်းစလက်နှင့်တွေ့ပြီး စကားပြောကြည့်ပြီးပြီ။ သူ့မှာတော့ သူငယ်မရဲ့ အစ်ကိုကို စွဲဖို့ သူ့အထောက်အထားနဲ့သူ ခိုင်လုံနေတာပဲ'

'ဒါပေမယ့် သူပြောတာတွေကို ဆရာကြီး မယုံပါဘူးနော်၊ မယုံပါဘူး မဟုတ်လား ဆရာကြီး'

ဟု မစ္စဖာကူဟာဆန်က ကြားဖြတ်မေးလိုက်၏။

'ကျုပ်ကတော့ သူပြောသလောက်ပဲ သိရတာကိုး၊ ဒီထက် ဘာမှ ပိုသိတာမှ မဟုတ်တာ။ ဒီလိုဆိုရင် ကျုပ် မင်းကို မေးခွန်းနဲနဲ မေးချင်တယ်။ မင်း ဖြေနိုင်ပါ့မလား'

www.burmeseclassic.com

www.burmeseclassic.com

'မေးပါရှင်၊ မေးပါ ကျွန်မ သိသလောက်တော့ အကုန်ပြောနိုင်ပါတယ်'

ပါမောက္ခကြီးက ကျေးဇူးတင်သည့် အနေဖြင့် ခေါင်းကိုညိတ်ပြ၏။

'စနေနေ့ညနေဆိုရင် မင်းအဖေဟာ နှစ်နာရီ ဆယ့်ငါးမိနစ်ရထားနဲ့ ဖရင့်ချတ် ဘူတာရုံက ရထားစီးပြီး ပြန်လေ့ရှိသလား'

မစ္စဖာကူဟာဆန်က ပြတ်သားစွာဖြင့်

'မပြန်ပါဘူးရှင်၊ ရုံးမှာ အလုပ်များလို့ ခါတိုင်းထက် နောက်ကျမှသာ အဲဒီရထားနဲ့ ပြန်ပါတယ်။ အိမ်ရောက်မှပဲ နေ့လည်စာကိုစားလေ့ ရှိပါတယ်'

'ဟုတ်ပြီ မင်းအဖေနဲ့ မင်းအစ်ကိုတို့ ရန်ဖြစ်တာဟာ ဘာကြောင့်ဖြစ်ရတာလဲ၊ အဲဒါကိုကော ပြောနိုင်ပါ့မလာ'

မစ္စဖာကူဟာဆန်သည် တွေဝေ ဆုတ်ဆိုင်းသွား၏။

မျက်နှာကို ငုံ့ထားသဖြင့် မမြင်ရချေ။ အတန်ကြာမျှ တိတ်ဆိတ်နေ၏။ ထို့နောက်မှ ပြတ်သားစွာ ဆုံးဖြတ်ပြီးဟန်ဖြင့် ရုတ်တရက်ပြောလိုက်၏။

'ဆရာကြီးကို ပြောပြလို့တော့ ကျွန်မတို့မှာ ဘာမှအန္တရာယ်မှ မရှိပါဘူး၊ အမှန်ကို ပြောရမယ်ဆိုရင်တော့ ရောဗတ်နဲ့ ကျွန်မတို့နှစ်ယောက်ဟာ ရည်ငံနေကြပါတယ်ရှင်။ တော်တော်လေး ကြာပါပြီ။ အဲဒီ စနေနေ့ကတော့ ရောဗတ်က ဒီအကြောင်းကို ဖေဖေ့ကိုပြောမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ဖေဖေက အယူသည်းတဲ့ရှေးလူကြီးပါ၊ ဒီအထဲမှာ ရောဗတ်ကိုလည်း သိပ်သဘောမတွေ့ဘူး၊ ရမ်းရမ်းကားကား နေလို့တော့ မဟုတ်ပါဘူး။ ဒါပေမယ့် လူငယ်တွေ

www.burmeseclassic.com

www.burmeseclassic.com

သောက်သောက်စားစား ပျော်ပျော်ပါးပါးနေတာကို သူ လက်မခံပါဘူး။ ဒါနဲ့ စနေနေ့ကတော့ ရောဗတ်က ဖွင့်ပြောလိုက်တော့ ဖေဖေနဲ့ အကြီးအကျယ် စကားများကြတယ်။ ရောဗတ်ရဲ့ အနေအထိုင်တွေကို ပြုပြင်ပြောင်းလဲခြင်း မရှိသေးသမျှ ဒီအကြောင်းကို လာမပြော ပါနဲ့လို့လည်း ပြတ်ပြတ်သားသား ပြောလိုက်ပါတယ်။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ဖေဖေ့ကို သူ ဒီလိုမလုပ်တာကတော့ သေချာ ပါတယ်။ မဖြစ်နိုင်ပါဘူးရှင်။ သူ့ကို သိတဲ့လူတွေ ကတော့ ဒါကို ဘယ်နည်းနဲ့မှ လက်ခံကြမှာ မဟုတ်ပါဘူး။ ဆရာကြီးကော ယုံသလားရှင်၊ မယုံပါနဲ့နော်'

သူ့အသံမှာ တောင်းပန် တိုးလျှိုးသည့် အသံပေါက်နေသည်။ ပါမောက္ခကြီးက ခပ်ဖြည်းဖြည်းဖြင့်

'ဟုတ်ပါတယ်ကွယ်၊ ကျုပ်မယုံပါဘူး၊ မင်းတို့ စိတ်သက်သာ အောင် ပြောတာတော့ မဟုတ်ပါဘူး၊ ရှင်းရှင်း ပြောရရင်တော့ ကျုပ် အစကတည်းက မယုံခဲ့ပါဘူး၊ နေစမ်းပါဦး၊ ပုလိပ်စစ်ချက်က ဘယ်တော့ ယူမှာတဲ့လဲ'

မစ္စဖာကူဟာဆန်၏ မျက်နှာပေါ်တွင် ကျေးဇူးတင်သည့် အရိပ်အယောင်တို့ ယှက်သန်း၍သွား၏။

'ဆရာကြီးရယ် ကျေးဇူးတင်လိုက်တာ၊ ဝမ်းသာလွန်းလို့ ဘယ်လို ပြောရမှန်းတောင် မသိတော့ဘူး။ ပုလိပ်စစ်ချက်က လာမယ့် စနေနေ့ မနက်မှာ ယူမှာပါ။ ဆရာကြီးကော လာဦးမှာလားရှင်'

ပါမောက္ခကြီးက ခေါင်းယမ်းလိုက်ပြီး

'မလာနိုင်ဘူး ထင်တယ်ဗျ။ အဲဒါက ကျုပ်တို့အလုပ် မဟုတ်ဘူးလေ။ ဒါပေမယ့် အဲဒီနေ့မတိုင်ခင် ကျုပ်စုံစမ်းစရာ

www.burmeseclassic.com

ရှိတာတွေကို စုံစမ်း ကြည့်ပါဦးမယ်လေ။ မင်းကို မမှန်ကန်တဲ့ မျှော်လင့်ချက်တွေ မပေးချင်ပါဘူး၊ သို့သော်လည်း ဘယ်လိုပဲဖြစ်ဖြစ် ရောဗတ်အပေါ်မှာ ရှိနေတဲ့ သံသယတွေကိုတော့ ပျောက်အောင် လုပ်နိုင်ကောင်းပါရဲ့လို့ အောက်မေ့ရတာပဲ။ ခုလောလောဆယ်တော့ ကျုပ် ဒီလောက်ပဲ ပြောနိုင်မယ်ထင်တယ်ဗျ'

မစ္စဖာကူဟာဆန်မှာ ဝမ်းသာလွန်းသဖြင့် မျက်ရည်တွေ ဝဲလျက်ရှိ၏။

'ဝမ်းသာလိုက်တာရှင်၊ ဒီစကားလေးတစ်ခွန်းဟာ ကျွန်မတို့ နှစ်ယောက်အတွက် တန်ဖိုး မဖြတ်နိုင်ပါဘူး။ ရောဘတ်လည်း ဒီကိစ္စကြောင့် တော်တော်လေး စိတ်ဒုက္ခရောက်နေရပါတယ်။ အခြေနေကို ကြည့်လိုက်တော့ သူ့အတွက် မကောင်းဘူးဆိုတာ မြင်ရလေလေ စိတ်ဆင်းရဲလေလေပါပဲ၊ ပြီးတော့ ဖေဖေ့ကို ဘယ်သူသတ်သလဲဆိုတာကို သူလည်း စဉ်းစားလို့ မရနိုင်အောင် ဖြစ်နေပါတယ်။ ကျွန်မ သိသလောက် ပြောရမယ်ဆိုရင်တော့ ဖေဖေ့မှာ ရန်သူဆိုလို့ တစ်ယောက်မှ မရှိပါဘူး'

'သေချာရဲ့လား'

'သေချာပါတယ်ရှင်။ ဖေဖေ့အကြောင်းကို ကျွန်မ အကုန်သိပါတယ်။ ကျွန်မ ဖုံးကွယ်ထားတာဆိုလို့ တစ်ခုမှ မရှိပါဘူး'

မစ္စဖာကူဟာဆန်သည် ကျွန်ုပ်တို့နှင့် အတန်ကြာ စကားပြောဆိုပြီးနောက် ပြန်သွား၏။

ပါမောက္ခ ပရက်စလေမှာ သူထွက်သွားပြီး အတန်ကြာသည်အထိ စကားမပြောပဲ ထိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

'အင်း ကလေးမလေး သနားပါတယ်ကွာ၊ သူ့ခမျာမှာ ဖအေလည်း အသတ်ခံရ၊ ချစ်သူကလည်း လူသတ်မှုနဲ့ အစွဲခံရဆိုတော့ ဘယ်လောက် စိတ်သောကတွေ ရောက်လိုက်မလဲ မသိဘူး၊ ဟာရီးရေ လန်ဒန်နဲ့ တီးလ်ဗာရီ အကြားက တစ်လက်မစကေးနဲ့ ဆွဲထားတဲ့ မြေပုံနဲ့ မီးရထား အချိန်စာရင်းတွေ ပေးစမ်းကွာ'

ကျွန်ုပ်က သူလိုသည့် အရာများကို ရှာပေးရာ ပါမောက္ခ ပရက်စလေသည် မြေပုံကို ဖြန့်ကာ ပေတံတစ်ချောင်း၊ ကွန်ပါ တစ်လက်ဖြင့် အလုပ်များလျက် ရှိလေ၏။ ထို့နောက် ကျွန်ုပ်ကို ရုတ်တရက် မော့ကြည့်လိုက်လျက်

'အင်း၊ ငါထင်တာထက်တော့ စိတ်ဝင်စားစရာ ကောင်းနေပြီဟေ့၊ ထိုနေ့ တစ်နေ့လုံး ဒေါက်တာ ပရက်စလေသည် မြေပုံများနှင့် အလုပ်များလျက်ရှိပြီး ညနေပိုင်းကျမှ စကားပြောနိုင်တော့သည်။

'အမှုကတော့ တော်တော်လေး ဆန်းသဟေ့၊ မျက်စိလည်စရာ တွေချည်းပဲ၊ အဲဒီ ဘူတာနှစ်ခုကြားကို ငါသွားကြည့်ချင်တယ်ကွာ။ မနက်ဖြန် မနက်မှာ ပါဖလီကို ထွက်မယ့် ရထားတစ်စီးရှိတယ်'

ကျွန်ုပ်က စိတ်အားထက်သန်စွာဖြင့်

'ကောက်ချက် ဆွဲနိုင်ပြီလား ဆရာကြီး'

ဟု မေးလိုက်၏။ ကျွန်ုပ်၏ မျက်စိထဲတွင်မူ သနားစရာ ကောင်းသော မစ္စဖာကူဟာဆန်နှင့် သူ့အစ်ကို ရောဗတ်သည် အပြစ်မရှိဟူသော မိန်းမပျို၏ ယုံကြည်ချက်ကို အလေးပေး၍ စဉ်းစားမိလျက်သား ဖြစ်နေသည်။

ဒေါက်တာ ပရက်စလေက ကျွန်တော့်ကို မျက်မှောင်ကုတ်၍ ကြည့်လိုက်ရင်း........

www.burmeseclassic.com

www.burmeseclassic.com

'အချက်အလက်တွေဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ငါ့ခဏခဏ ပြောဖူးတယ် မဟုတ်လား။ မနက်ဖြန် သွားမယ့်ခရီးက အချက်အလက်တွေကို သေချာသွားအောင် ကြည့်မယ့်ခရီးကွ။ အချက်အလက် အားလုံးကို မသိပဲ ထင်ကြေး လျှောက်ပြောနေရင် အလကားပဲ။ ဘာမှ အကျိုးမများဘူး'

ဒေါက်တာ ပရက်စလေသည် ထိုအကြောင်းကို နောက်ထပ် မပြောတော့ချေ။ နောက်တစ်နေ့ မနက် ရထားပေါ်သို့ ကျွန်ုပ်တို့ ရောက်သည့် အခါကျမှပင် ထိုအကြောင်းကို ပြန်ကောက်၏။

ဒေါက်တာ ပရက်စလေသည် ပထမတန်းတွဲ တစ်တွဲကိုယူပြီး လက်ယာဘက်ရှိ ထောင့်တစ်ထောင့်မှ ထိုင်ခုံကို ရွေး၍ထိုင်၏။ ဘူတာမှ ရထားထွက်လာပြီး အရှိန် တော်တော်ကလေး ရလာသည့် အခါတွင်မှ ဒေါက်တာ ပရက်စလေက ကျွန်ုပ်ဘက်သို့ လှည့်၍

'မင်း သေနတ် လက်ဖြောင့်တယ် မဟုတ်လားဟေ့'

'အသင့်အတင့်တော့ ရပါတယ်ဆရာကြီး၊ ဒါပေမယ့် သေနတ် မကိုင်တာတော့ တော်တော်လေး ကြာပြီခင်ဗျ။ စစ်တပ်က ထွက်ကတည်းက ဆိုပါတော့'

'ဒီလိုဆို ငါ့တုတ်ကောက်ကို ယူပြီး သေနတ်ကိုင်သလို ကိုင်ကြည့်စမ်းကွာ၊ ပြီးတော့ ရထားတွဲ ထိပ်ကို သွားပြီး တံခါးကို မှီပြီးရပ်နေ၊ ဟုတ်ပြီ၊ တုတ်ချောင်းထိပ်ကို ငါ့မျက်လုံး တည့်တည့်ကို ချိန်ထား၊ ဟုတ်ပြီ၊ ငါ့ကို ပစ်မယ့် ပုံမျိုးပေါ့ကွာ၊ ဒီအတိုင်းရပ်နေ၊ ဟုတ်ပြီ၊ မလှုပ်နဲ့နော်'

ဒေါက်တာ ပရက်စလေသည် တစ်ဖက်သို့ လှည့်ပြီး သူယူလာသည့် အိတ်တစ်လုံးထဲမှ အဝေးကြည့်မှန်ပြောင်း တစ်လက်ကို

www.burmeseclassic.com

www.burmeseclassic.com

ထုတ်လိုက်၏။ ထို့နောက် ပြတင်းပေါက်တွင်ထိုင်ကာ ရှုခင်းများကို မှန်ပြောင်းဖြင့် ကြည့်နေသည်။

သို့ဖြင့် တစ်လမ်းလုံးကြည့်၍ လိုက်လာခဲ့ရာ ပါဖလီသို့ ရောက်သည့်အခါမှပင် မှန်ပြောင်းကို သိမ်းလိုက်၏။ ထို့နောက် ကျွန်ုပ်တို့သည် စကြီပေါ်သို့ ဆင်းလာခဲ့၏။

'ရာသီဥတု တော်တော် သာယာတယ်ဟေ့၊ လမ်းလျှောက်လို့ ကောင်းမယ်၊ ပါးဖလီက သေနတ်ပစ်ကွင်း တွေဘက်ကို အရင် သွားကြည့်မယ်ကွာ၊ သူငယ်ကလေးက သေနတ်ပစ်ကွင်းမှာလာပြီး သေနတ်ပစ် ကျင့်တာ မဟုတ်လား'

ကျွန်ုပ်တို့သည် သေနတ်ပစ်ကွင်းသို့ လာခဲ့ကြရာ ကံအား လျော်စွာပင် သေနတ်ပစ်ကွင်းမှူးကို အဆင်သင့်တွေ့ရ၏။

ဒေါက်တာ ပရက်စလေမှာ သူစိတ်ကူးရလျှင် တစ်ဖက်သားကို အားနာလောက်အောင် မျက်နှာချိုသွေးတတ်သူ ဖြစ်ရာ ခဏကြာလျှင် သူတို့ နှစ်ယောက်သည် မိတ်ရင်း ဆွေဟောင်းကြီးများပမာ စကား လက်ဆုံ ကျလျက်ရှိ၏။

'စကားမစပ် မေးရဦးမယ်၊ လွန်ခဲ့တဲ့ စနေနေ့တုန်းက နေ့လည် နှစ်နာရီခွဲနဲ့ သုံးနာရီကြား ဒီသေနတ်ပစ်ကွင်းမှာ သေနတ်ပစ် လေ့ကျင့် တဲ့လူတွေများ လာကြသေးလား'

သေနတ်ပစ်ကွင်းမှူးက ခေါင်းကုတ်၍ အတန်ကြာ စဉ်းစား နေသည်။

'ပြီးခဲ့တဲ့စနေနေ့လား၊ နေဦးခင်ဗျ၊ ကျွန်တော် စဉ်းစား ကြည့်ဦးမယ်၊ ဟုတ်တယ်ခင်ဗျ၊ နယ်ခြားစောင့်တပ်က တပ်စုကလေး တစ်စု သေနတ်ပစ် လာကျင့်တယ်။ ဒါပေမယ့် အဲဒီတပ်စုက သုံးနာရီ

www.burmeseclassic.com

www.burmeseclassic.com

ကျော်မှ ရောက်လာတယ်ဗျ။ သောက်ကျိုးနည်းခင်ဗျာ၊ အဲဒီတပ်ကလည်း ရိုင်ဖယ် အပစ်ညံ့လိုက်တာ လွန်ပါရော၊ ကိုက်သုံးရာအကွာကနေ ပစ်တာ သိပ်မမှန်ကြဘူး၊ ဒီတပ်က တပ်သားတွေကတော့ ဘယ့်နှယ်လုပ်မှ လက်ဖြောင့်တပ်သား မဖြစ်နိုင်ဘူး။ ဒီလောက် အကွာအဝေးလေးကိုတောင် မှန်အောင်မှ မပစ်နိုင်ကြတာ'

'သေနတ်ပစ် လက်မဖြောင့်တဲ့လူတွေကို ဒီကွင်းမှာလာပြီး သေနတ် ပစ်ခွင့်ပေးတာ အန္တရာယ် မများပေဘူးလား'

'ကိစ္စမရှိပါဘူး၊ စိတ်ချရပါတယ်။ ကျွန်တော်ဒီကွင်းမှာလာပြီး ကွင်းမှူးလုပ်ကတည်းက မတော်တဆ ထိခိုက်မိတာမျိုးဆိုလို့ တစ်ခုမှ မရှိပါဘူး။ သေနတ်ပစ် လေ့ကျင့်ချိန်ဆိုရင် ဒီနားတစ်ဝိုက်မှာလည်း ဖြတ်သန်း သွားလာခွင့်မှ မပေးတာ'

'အင်း..........တော်သေးတာပေါ့ဗျာ။ ဒီတပ်စုအပြင် တခြားလာပြီး လေ့ကျင့်တဲ့ လူများကော ရှိသေးသလား'

ကွင်းမှူးက ခေါင်းယမ်းလိုက်ရင်း

'မရှိပါဘူး၊ အဲဒီနေ့ကတော့ သူတို့တစ်သိုက်ပဲရှိပါတယ်'

'ဒါဖြင့် ကျည်ဆန်တွေ ဘာတွေကိုတော့ ခင်ဗျား ထုတ်ပေးရတာပေါ့'

'ထုံးစံအတိုင်း ဆိုရင်တော့ ကျွန်တော်ကပဲ ထုတ်ပေးရပါတယ်၊ ဒါပေမယ့် ဒီတပ်စုကတော့ သူတို့ ကိုယ်ပိုင် ကျည်ဆန်တွေ ယူလာပါတယ်'

ဒေါက်တာ ပရက်စလေသည် အတန်ကြာမျှ စကားပြောဆိုနေပြီး ပြန်ရန် ပြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'အင်း........ကျေးဇူးတင်ပါတယ်ဗျာ။ စကားမစပ် ဒီနားတစ်ဝိုက်မှာ တခြား သေနတ်ပစ်ကွင်းများ ရှိသေးသလား'

'ရှိတယ်ခင်ဗျ၊ ဟောဟို ပစ်မှတ်တွေရဲ့ တစ်ဖက်မှာ၊ ဒီသေနတ်ပစ်ကွင်းကိုတော့ ရိမ်းဟန် သေနတ်ပစ်ကွင်းလို့ ခေါ်ပါတယ်'

'ကွင်းထဲကနေ အဲဒီကို ဖြတ်သွားလို့ ရပါ့မလား'

'ရပါတယ်ခင်ဗျ။ ဒီနေ့ သေနတ်ပစ်လေ့ကျင့်တာ မရှိပါဘူး၊ အဲဒီပစ်မှတ်တွေရဲ့ ဘေးကသာ ကပ်လျှောက်သွား၊ အဲဒီကွင်းကို တန်းတန်းမတ်မတ် ရောက်သွားမှာပဲ'

ပါမောက္ခ ပရက်စလေနှင့် ကျွန်ုပ်တို့သည် တစ်ဖက်သေနတ်ပစ်ကွင်းဆီသို့ လျှောက်လာကြ၏။ ပါမောက္ခကြီးမှာ ကိုက်တစ်ရာခန့်သွားမိတိုင်း မှန်ဘီလူးကိုထုတ်၍ အနီးပတ်ဝန်းကျင်ကို လေ့လာကြည့်ရှုခြင်းပြုသည်။

တစ်ခါတစ်ခါတွင်လည်း မြေပုံများကို ပြန်ကြည့်နေတတ်၏။ မကြာမီ ကျွန်ုပ်တို့သည် ရိမ်းဟန် သေနတ်ပစ်ကွင်းသို့ ရောက်သွားကြရာ ပါမောက္ခကြီး၏ နှစ်လိုဖွယ်ကောင်းသည့် ဥပဒိရုပ်ကြောင့် ကွင်းမှူးမှာ ခပ်စောစောက ကွင်းမှူးကဲ့သို့ပင် ပါမောက္ခကြီးနှင့် ရင်းနှီးသွားပြီး အကျွမ်းတဝင် စကားပြောဆိုလျက်ရှိ၏။

'လွန်ခဲ့တဲ့ စနေနေ့ညနေ နှစ်နာရီခွဲနဲ့ သုံးနာရီကြားမှာလား ဆရာကြီး၊ ဟုတ်ကဲ့၊ သေနတ်ပစ်လေ့ကျင့်တဲ့ လူရယ်လို့တော့ မရှိပါဘူးခင်ဗျား၊ ဒါပေမယ့် ဂူးလ်ဝစ်ချ်က လူတစ်စုတော့ ရောက်လာတယ်ခင်ဗျ။ သူတို့မှာ စက်သေနတ် အမြောက်တစ်လက် ပါလာတယ်၊ ကျွန်တော့်အထင်တော့ လူးဝစ်ဂန်း ထင်တာပဲ။ သူတို့

www.burmeseclassic.com

လည်း သေနတ်ပစ်တော့ မကျင့်ကြပါဘူး၊ သေနတ် လာစမ်းရုံ သက်သက်ပါ'

'သေနတ်ပစ် ကျင့်တာနဲ့ သေနတ်စမ်းတာ ဘာများ ကွာခြားသလဲဗျာ'

'သေနတ်စမ်းတယ်ဆိုရင် သေနတ်ကို မလှုပ်နိုင်အောင် ဒေါက်တစ်ခုထဲမှာ ညှပ်ထားပေးရတယ် ခင်ဗျ။ သဘောကတော့ သေနတ်ကို ချိန်သားကိုက်အောင် ညှိပေးတဲ့ သဘောပေါ့။ လူလက်နဲ့ ကိုင်ထားသလို ဟိုရွှေ့ဒီရွှေ့ မဖြစ်အောင်ဆိုပါတော့။ အဲဒီလို စမ်းရင် ပစ်မှတ်က သီးသန့် ပစ်မှတ် လုပ်ထားရပါတယ်။ အားလုံး ပစ်ပြီးတဲ့ အခါ ကျတော့မှ ပစ်မှတ်ပေါ်မှာရှိတဲ့ ကျည်ဆန်ပေါက် တွေကို တစ်ပေါက်နဲ့ တစ်ပေါက် ဘယ်လောက် ဝေးသလဲဆိုတာ တိုင်းတာ ရတယ်ခင်ဗျ'

'ဟုတ်လား၊ အပန်းမကြီးဘူးဆိုရင် သူတို့ ဘယ်နေရာကနေ ပစ်သလဲ ဆိုတာကို ကြည့်ချင်တယ်ဗျာ'

'ရပါတယ်ခင်ဗျ၊ ဒီနားလေးတင်ပါ'

ဟုဆိုကာ ကွင်းမှူးသည် သေနတ်ပစ်သည့် နေရာသို့ခေါ်ကာ သေနတ်ငြိမ်ရန် ဒေါက်ထောင်သည့် နေရာကို ပြ၏။

'ဒီနေရာပဲခင်ဗျ၊ ဒီနေရာကနေပြီး ပစ်ကွင်းဟိုဘက် အဆုံးမှာရှိတဲ့ နံပါတ်၁၀ကို လှမ်းပစ်နေကြတာ။ ဒီကနေဆိုရင် ကိုက်တစ်ထောင် ကွာပါတယ်။ သေနတ်ကလည်း တော်တော်ကောင်းတဲ့ သေနတ်ခင်ဗျ။ ပစ်မှတ်ကို အစိတ်စိတ် အမြွာမြွာ ဖြစ်သွားတာပဲ'

ပါမောက္ခ ပရက်စလေသည် မည်သို့မျှ မပြောတော့ဘဲ မြေပုံကို ထုတ်၍ သေနတ်ပစ်သည့် နေရာနှင့် ပစ်မှတ်တို့ကို မျဉ်းကြောင်း

www.burmeseclassic.com

www.burmeseclassic.com

တစ်ကြောင်း ဆွဲလိုက်၏။ ပစ်မှတ်ကို ကျော်၍ မျဉ်းကြောင်းကို ဆက်ဆွဲလိုက် သည့်အခါတွင် မြစ်ကမ်းစပ် အနီးရှိ စိမ့်တောမြက်တော များအထိ ရောက်သွား၏။

ပါမောက္ခ ပရက်စလေက မကျေမနပ်ဖြင့်

'ဒီပစ်ကွင်းတွေ မှာလည်း ဘာမှ အန္တရာယ် မရှိနိုင်ပါဘူး၊ ပစ်မှတ်ကို လွဲသွားရင်တောင် ကျည်ဆန်ဟာ မြစ်ထဲကို ကျသွားမှာပဲ၊ အဲဒီနား တစ်ဝိုက်မှာဆိုရင် အသွားအလာတို့ ဘာတို့လည်း ဒီလောက် ရှိတာမဟုတ်ဘူး'

'ဟုတ်တယ်ခင်ဗျ၊ ဒါကြောင့်မို့ ဒီနေရာကို သေနတ်ပစ်ကွင်း လုပ်ထားတာပေါ့။ အဲဒီဘက်မှာ အိမ်တစ်အိမ် နှစ်အိမ်ကလွဲလို့ ရထားလမ်းတို့ မော်တော်ကားလမ်းတို့လည်း မရှိဘူး၊ မတော်တဆ ပစ်မှတ်နဲ့ လွဲသွားဦး။ အဲဒီဘက်ကျသွားလို့ ဘာမှ အန္တရာယ် မဖြစ်နိုင်ဘူး'

'ဟုတ်တယ်၊ ဘာမှ မဖြစ်နိုင်ဘူး၊ မြေပုံမှာတော့ ရိမ်းဟန်ဘူတာက သေနတ်ပစ်ကွင်းနဲ့ သိပ်မဝေးဘူးဗျ။ ပစ်မှတ်တွေရဲ့ ဟိုဘက်ကို သွားကြည့်လို့ရတယ်နော်'

'ရပါတယ်ခင်ဗျ၊ သေနတ်ပစ် လေ့ကျင့်တဲ့နေ့ မဟုတ်ရင် လုံးဝ စိုးရိမ်စရာ မရှိပါဘူး။ သွားသာသွားပါ'

ကျွန်ုပ်တို့သည် သေနတ်ပစ်ကွင်းဆီသို့ လာခဲ့ကြရာ ပါမောက္ခ ပရက်စလေမှာ တစ်စုံတစ်ရာကို ဝေခွဲမရသည့်နှယ် မျက်မှောင်ကြီး ကုတ်၍ လိုက်ပါလာလေ၏။ ကိုက်အနည်းငယ် သွားမိလျှင်းလည်း မှန်ပြောင်းဖြင့် ဘေးပတ်ဝန်းကျင်ကို လှမ်း၍ကြည့်၏။ တစ်ခါတစ်ရံတွင်လည်း မြေပုံကိုထုတ်ကာ စိတ်ပါဝင်စားစွာ ကြည့်နေတတ်သည်။ သို့ဖြင့် နှစ်ယောက်သား တိတ်ဆိတ်စွာ လာခဲ့ကြသည်တွင် ပစ်မှတ်

www.burmeseclassic.com

များအနီးသို့ ရောက်သွားကြ၏။ တောင်ကုန်းကလေး တစ်ခုထိပ်သို့ ရောက်သည့်အခါတွင် ပါမောက္ခ ပရက်စလေက ........

'ပြဿနာက နည်းနည်းလေးတော့ ရှုပ်နေသေးတယ်ကွ၊ ဒါပေမယ့် ဘယ်လောက်ပဲ ရှုပ်ရှုပ် အဖြေတော့ ရှိရမှာပေါ့ကွာ၊ အချက်အလက်တွေကို အမှီပြုပြီး သင်္ချာနည်းအရ ဆွဲထားတဲ့ ကောက်ချက်တစ်ခုဟာ ဘယ်တော့မှ မမှားနိုင်ပါဘူး။ အင်း ... အဖြေကိုတော့ မြန်မြန်တွေ့မှ ဖြစ်မယ်ဟေ့'

ထိုသို့ပြောရင်း ပါမောက္ခ ပရက်စလေသည်မှန်ပြောင်းဖြင့် အဝေးတစ်နေရာသို့ ကြည့်လျက်ရှိရာမှ သူ့အာရုံသည် ရှေ့တွင်ရှိသည့် အရာတစ်ခုပေါ်သို့ ရောက်သွား၏။ ထို့နောက် ကျွန်ုပ်ကို ဘာမှမပြောတော့ဘဲ ပစ်မှတ်ရှိရာ တောင်ကုန်းကလေးပေါ်မှ ဆင်းသွားကာ ကိုက်တစ်ရာခန့် အဝေးရှိ အလံတိုင်တစ်ခုသို့ ပြေးသွား၏။ အလံတိုင်ခြေရင်းသို့ ရောက်သည့်အခါတွင် ပရက်စလေသည် မြေပုံပေါ်တွင် မျဉ်းကြောင်းတစ်ကြောင်းကို ရေးဆွဲလိုက်ကာ အလံတိုင်ကို တစ်ဝက်မျှ ပတ်မိအောင် လျှောက်ပြီး မှန်ပြောင်းဖြင့် ကြည့်နေပြန်သည်။ ကျွန်ုပ်တို့ ရောက်သွားသည့် အခါတွင်မူ မှန်ပြောင်းကို အိတ်ထဲသို့ ပြန်ထည့်ကာ ခပ်ပြုံးပြုံးဖြင့်

'နောက်ရထားနဲ့ မြို့ထဲကို ပြန်နိုင်ပြီဟေ့၊ ငါသိချင်တာ သိရပြီ'

ပါမောက္ခကြီးသည် ဖရင့်ချက် ဘူတာသို့ ရထားဝင်လာသည့်တိုင် စကား တစ်ခွန်းမှ မပြောဘဲ လိုက်ပါလာ၏။ ကျွန်ုပ်ဘက်သို့ ရုတ်တရက် လှည့်လိုက်လျက်

www.burmeseclassic.com

www.burmeseclassic.com

'ငါ စစ်ရုံးကို သွားလိုက်ဦးမယ်ကွာ၊ မင်းက စကော့တလန်ယာဒ် ရုံးချုပ်ကိုသွား၊ ဟိုရောက်တော့ ငါ့အိမ်ကို အမြန်ဆုံး လာခဲ့ပါလို့ ဟန်းစလက်ကို ပြောခဲ့'

ကျွန်ုပ်သည် ဟန်းစလက်ကို ရှာဖွေပြီးနောက် ပါမောက္ခ ပရက်စလေ မှာလိုက်ကြောင်းကို ပြောပြ၏။

'ဖာကူဟာဆန် သတ်မှုနဲ့ ပတ်သက်တယ် ထင်တာပဲဗျ။ ဟုတ်ပြီလေ၊ သူက တွေ့ချင်တယ်ဆိုရင် ကျွန်တော်လာခဲ့မယ်၊ အမှုကတော့ ပြီးနေပါပြီ၊ သူ့အကူအညီ မလိုတော့ပါဘူး'

ဟန်းစလက်သည် ပေးထားသည့် ကတိအတိုင်း ရောက်လာ၏။ ပါမောက္ခ ပရက်စလေသည် သူ့ကို ပြုံးရွှင်စွာ ဆီးကြိုရင်း

'ခင်ဗျားလာလို့ ဝမ်းသာသဗျာ၊ မနက်ဖြန် မနက်မှာ အလုပ်တွေ တော်တော်များသလား'

ဟန်းစလက်က နားမလည်နိုင်ဟန်ဖြင့်

'သိပ်တော့ မများပါဘူး ဆရာကြီး၊ ကျွန်တော့်ကို ဘာခိုင်းစရာ ရှိလို့လဲ'

'ခင်ဗျားအချိန်ရရင် ဖာကူဟာဆန်ကို သတ်တဲ့ လူသတ်သမားနဲ့ တွေ့ပေးချင်လို့'

ဟန်းစလက်က ကုလားထိုင်တွင် မှီ၍ထိုင်နေရင်း ရယ်လိုက်လျက်

'ကျေးဇူးတင်ပါတယ် ဆရာကြီး၊ ဒါပေမယ့် လူသတ်သမား ကိုတော့ ကျွန်တော်တွေ့ပြီးပါပြီ။ ဆရာကြီး အချိန်ကုန်ရုံ ရှိမယ်ပေါ့'

'ကိစ္စမရှိပါဘူးလေ၊ ခင်ဗျား ကျွန်တော်နဲ့ လိုက်ရကျိုး နပ်ရပါစေ့မယ်၊ မနက်ဖြန်မနက် ဆယ်နာရီခွဲ ချယ်ရင့်ကရော့စ် ဘူတာရုံက စာအုပ်ဆိုင်နားက စောင့်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com

ဟန်းစလက်သည် အတန်ကြာမျှ စဉ်းစားနေ၏။ ပါမောက္ခ ပရက်စလေသည် အကျိုးမဲ့ အရာမထင်သော အလုပ်တစ်ခုခုကို လုပ်ရန် မိမိအား အဖော်ညှိနေပြီဟု ယူဆလိုက်သည်။ သို့ရာတွင် သူစိတ်ကျေနပ်စေအောင် လိုက်မည်ဟု ကတိပေးလိုက်သည်။

နောက်တစ်နေ့တွင် ကျွန်ုပ်တို့သည် ချယ်ရင်ကရော့စ် ဘူတာရုံတွင် တွေ့ကြသည်။ ပါမောက္ခကြီးသည် ဂူးလ်ဝစ်ချ် ဘူတာအထိ လက်မှတ်ယူထား၏။ ဂူးလ်ဝစ်ချ်ဘူတာသို့ ရောက်လျှင် ကျွန်ုပ်တို့သည် ခြေကျင်ဆင်း၍ လျှောက်ကာ လက်နက်တိုက်ဆီသို့ လာခဲ့ကြသည်။ ပါမောက္ခ ပရက်စလေသည် သက်ဆိုင်ရာမှ ထုတ်ပေးလိုက်သော အမိန့်စာကို အစောင့်အား ပြသလိုက်၏။ ခဏကြာလျှင် ရုံးခန်းကလေးတစ်ခုသို့ ရောက်သွားရာ ခပ်ငယ်ငယ် အရာရှိတစ်ယောက်က ကျွန်ုပ်တို့အား မတ်တပ်ရပ်၍ ခရီးဦးကြို ပြုလေ၏။

'မင်္ဂလာ မနက်ခင်းပါ ဆရာကြီး၊ ဆရာကြီးလာမယ်ဆိုတာ ဗိုလ်မှူးကြီး ဟွန်နင်ဟမ်က ကျွန်တော့်ကို အကြောင်းကြားထားပါတယ်၊ အော်တိုမက်တစ် ရိုင်ဖယ်တွေကို စမ်းတဲ့ဒေါက်ကို ကြည့်ချင်လို့ဆို၊ အောက်ထပ်မှာ အဆင်သင့်ရှိပါတယ်ခင်ဗျ။ ခုတော့ ပြင်ပြီးသွားပါပြီ'

'ဘာပြင်တာလဲဗျ၊ ဘာဖြစ်လို့ ပြင်ရတာလဲ'

'ဘာမှတော့ ကြီးကြီးကျယ်ကျယ် မဖြစ်ပါဘူးဆရာကြီး။ တစ်နေ့က ရိန်းဟမ်ကွင်းကို သွားစမ်းတော့ ဒေါက်ပြုတ်သွားလို့ပါ။ ကျွန်တော်တို့ ကျည်ကပ် တစ်ရာလောက် ပစ်တာကိုး ဆရာကြီးရဲ့။ ကိုးဆယ့်ကိုးကပ် ပစ်အပြီးမှာ သေနတ်ပြောင်းက ဒေါက်ကို ယမ်းသွားတယ်ခင်ဗျ။ ကျည်ကပ်က ဘာဖြစ်မှန်းမသိဘူး။ နောက်ဆုံးပစ်တဲ့

www.burmeseclassic.com

www.burmeseclassic.com

ကျည်ဆန်လည်း မြစ်ထဲကို ကျသွားတာပေါ့၊ နာလိုက်တာခင်ဗျ။ နောက်ဆုံး တစ်ချက်ကလေးကျမှ ကိုးရိုးကားယား ဖြစ်သွားတယ်။ ခုတော့ နောက်တစ်ခါ ပြန်စမ်းရဦးမှာပေါ့'

ပါမောက္ခ ပရက်စလေက ကျေနပ်သွားဟန်ဖြင့်

'ဟုတ်ပြီဗျ၊ အဖြေတော့ပေါ်ပြီ။ ကျုပ်သာဆိုရင် နံပါတ် ၁၀ ပစ်မှတ်ကို သုံးတော့မှာ မဟုတ်ဘူး။ နို့ အဲဒီဒေါက်ကိုကော မကြည့်ရဘူးလား'

'ကြည့်ရပါတယ်ခင်ဗျာ၊ ကြွပါ'

အရာရှိငယ်သည် ကျွန်ုပ်တို့အား ဆင်ထားသည့် သုံးချောင်းဒေါက် တစ်ခုရှိရာသို့ ခေါ်သွား၏။ ပါမောက္ခ ပရက်စလေသည် သုံးချောင်းဒေါက်ခုံကို သေချာစွာ ကြည့်ရှုကာ ဟန်းစလက်ဘက်သို့ လှည့်ပြီးလျှင်

'အဲဒါ မစ္စတာ ဖာကူဟာဆန်ကို သတ်တဲ့ လူသတ်သမားပဲဗျ'

ဟု ပြောလိုက်၏။

စစ်ဗိုလ် ကလေးနှင့်တကွ ကျွန်ုပ်ကရော ဟန်းစလက်ကပါ မေးခွန်းတွေ တသီကြီးမေးသော်လည်း ဒေါက်တာ ပရက်စလေသည် ကျွန်ုပ်တို့ မေးခွန်းကို တစ်လုံးမျှ ဖြေဆိုခြင်း အပြုတော့ချေ။ လန်ဒန်သို့ ပြန်ရောက်၍ သူ့အိမ်ဧည့်ခန်း တွင် ထိုင်မိကြသည့် အခါတွင်မှ မျက်နှာကြက်ကို မော့ကြည့်ကာ လက်ဖျားထိပ်လေးများကို တေ့ဆိုင်ထားလိုက်ရင်း

'မစ္စတာ ဖာကူဟာဆန်ကို သတ်တဲ့လူဟာ ရောဗတ်ဆိုတဲ့ သူငယ်လေး မဟုတ်ပါဘူးဆိုတဲ့ အကြောင်းကို ပြနိုင်တဲ့ အထောက်အထားတွေ အများကြီး ရှိပါတယ်။ ပထမအားဖြင့် ပစ်တဲ့လူက

www.burmeseclassic.com

ရောဇတ် ဆိုလို့ရှိရင် အနီးကပ် ပစ်မှုဖြစ်မယ်။ ရထားတွဲ ဟိုဘက် အစွန်းကဖြစ်စေ၊ ဒီဘက်အစွန်က ဖြစ်စေ ကပ်ပစ်တာမျိုးပဲ ဖြစ်နိုင်တယ်။ ရိုင်ဖယ်သေနတ်ဆိုတာ ဒီလောက် အနီးကပ်ပစ်ရင် ဒဏ်ရာက သိပ်ကြီးပြီး ကျည်ဆန်ဟာ ဦးနှောက်ထဲမှာ ရပ်မနေနိုင်ဘူး၊ ခုတော့ ကျည်ဆန်ဟာ အရှိန်သေပြီး သူ့ဦးနှောက်ထဲမှာ ရပ်သွားတယ်။ တကယ်လို့ ရောဇတ်ဟာ သူ့ဦးကြီးကို သေနတ်နဲ့ ပစ်တယ်ဆိုရင် ရထားတွဲရဲ့ လက်ဝဲဘက်ကပဲ ပစ်ရမယ်။ လက်ယာဘက်ကနေ ပစ်တယ်ဆိုရင် သေနတ်ပြောင်းဟာ သူ့ဦးကြီးရဲ့ ခေါင်းနားမှာ ကပ်နေတယ်၊ ဒီလိုဆိုရင် ဒဏ်ရာအနီးတစ်ဝိုက်မှာ မီးလောင်ရာတို့ ယမ်းခိုးရိုက်တာတို့ ရှိပြီး မဲနက်နေရမယ်။ ဒီအချက်ကို လက်ခံတယ် မဟုတ်လား အင်စပက်တော်ကြီး’

‘လက်ခံပါတယ်၊ ကျွန်တော့် အယူအဆကတော့ ရောဇတ်ဟာ ရထားရဲ့ လက်ဝဲဘက် ထောင့်ကနေပြီး ပစ်တာခင်ဗျ’

‘ကောင်းပြီ၊ ရောဇတ်ဟာ သေနတ်ပစ်ရာမှာ အင်မတန်ညံ့တယ်၊ လက်မဖြောင့်ဘူးဆိုတာ လူတိုင်းသိတယ်၊ ဒါကြောင့် ပါဖလိကို သွားပြီး သေနတ်ပစ် ကျင့်နေတာ မဟုတ်လား၊ မနေ့က ကျုပ်သွားစစ်တော့ ရထားခုတ်နေတုန်းမှာ ကျုပ်ယာဘက် မျက်လုံးကို သေနတ်နဲ့(တုတ်နဲ့) ချိန်ကြည့်ဖို့ ခိုင်းခဲ့တယ်၊ ဒီလူတစ်ယောက်ဟာ သေနတ်ပစ်လည်း မဖြောင့်ဘူး၊ ရထားခြေနင်း ခုံပေါ်မှာလည်း မတ်တပ်ရပ် လိုက်လာရတယ်၊ သေနတ်ကိုလည်း လက်တစ်ဖက်တည်းနဲ့ ချိန်ရတယ်ဆိုရင် ဘယ့်နှယ်နေမလဲ။ တခြား အစွန်းမှာရှိတဲ့ လူတစ်ယောက်ရဲ့ နားထင်ကို ဘယ့်နှယ်လုပ်မှ မှန်အောင်ပစ်နိုင်မှာ မဟုတ်ဘူးဗျ’

www.burmeseclassic.com

www.burmeseclassic.com

ပါမောက္ခ ပရက်စလေက ရပ်လိုက်၏။ ဟန်းစလက်သည် သူ့ကို သံသယဖြင့် ကြည့်နေသည်။

'ဆရာကြီးပြောတာ ယုတ္တိတော့ ကျပါရဲ့။ ဒါပေမယ့် ဒါ့ထက် ထင်ရှားတဲ့ သက်သေပြဦးခင်ဗျ။ ကျွန်တော်ကတော့ ကျွန်တော့် ကောက်ချက်ဟာ မှန်တယ်လို့ ထင်နေတုန်းပဲ'

'ဟုတ်ပါပြီလေ၊ ပြပါ့မယ်၊ ကျုပ်ကလည်း ကျုပ်ကောက်ချက် မှန်တယ်ဆိုတာ ပြရအောင် လိုအပ်တဲ့ စုံစမ်းမှုတွေကို လုပ်ခဲ့ပြီး သားပါ။ ခင်ဗျားပြောတဲ့ အတိုင်းဆိုရင် ခေါင်းက ဒဏ်ရာဟာ အရှိန် သေခါနီး ကျည်တစ်ခုကြောင့် ဦးနှောက်ကို ဖောက်မသွားနိုင်ဘဲ ဦးနှောက်ထဲမှာတင် အရှိန်သေပြီး ရပ်သွားတယ်လို့ ခင်ဗျား ပြောသွားတယ်။ ဒါကိုထောက်ရင် ဒီကျည်ဆန်ကို အနီးကပ်ပစ်တာ မဟုတ်ပဲ အဝေးက ပစ်တယ်ဆိုတာ ထင်ရှားနေတယ်။ ခု မြေပုံကို ကြည့်လိုက်တဲ့ အခါ ကျတော့ လန်ဒန်နဲ့ တီးလ်ဗာရီ ကြားထဲမှာ ရိုင်ဖယ်သေနတ် ပစ်ကွင်းနှစ်ကွင်း ရှိနေတယ်ဆိုတာကို တွေ့ရတယ်ဗျ။ ဒီတော့ သေသူရဲ့ ခေါင်းထဲကို ရောက်သွားတဲ့ ကျည်ဆန်ဟာ အဲဒီ သေနတ်ပစ်ကွင်း နှစ်ခုအနက် တစ်ခုခုဆီက လာတဲ့ ကျည်ဆန် ဖြစ်ရမယ်လို့ ကျုပ်တွက်လိုက်တယ်။ ဒါဟာ မဖြစ်နိုင်တဲ့အရာ မဟုတ်ဘူး။ ကျုပ်တို့ စုံစမ်းဖို့ ကောင်းတဲ့အချက်ဖြစ်တယ်'

'ဒီလို စုံစမ်းလိုက်တော့ အစမှာ ကျုပ်အဖို့ တော်တော်ကြီး အခက်အခဲ တစ်ရပ်နဲ့ သွားတွေ့ရတယ်။ အဲဒါက ဘာလဲဆိုတော့ သေနတ်ပစ်ကွင်း နှစ်ခုစလုံးက ပစ်လိုက်တဲ့ ကျည်ဆန်တွေဟာ မီးရထားလမ်းဘက်ကို မလာနိုင်ဘူးဆိုတဲ့ အချက်ပဲ။ မြေပုံကို ကြည့်လိုက်တော့လဲ ဒီအတိုင်းပဲ အဖြေထွက်နေတယ်။ ဒါနဲ့ လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

စုံစမ်းကြည့်လိုက်တဲ့ အခါကျတော့ သေနတ်ပစ်ကွင်းနား တစ်ဝိုက်မှာ ဖြတ်နေတုန်း ပစ်လိုက်တဲ့ ကျည်ကပ်တစ်ကပ်ဟာ လက်နက်ရုံက အစမ်းလေ့ကျင့် ပစ်တဲ့ ကျည်ကပ် ဖြစ်နေတယ်ဆိုတာ သွားတွေ့ ရတယ်ဗျ။ စမ်းသပ်တဲ့ အဖွဲ့က မတော်တဆ ပစ်မှတ်လွဲသွားမှာစိုးလို့ အထူးလက်ဖြောင့်တဲ့ သေချာတဲ့ ပစ္စည်းတစ်မျိုးကို ထွင်ထားခဲ့တယ်။ ဒီတော့ ကျုပ်စိတ်ထဲမှာ ဒီကျည်ဆန်ဟာ သေနတ်ပစ်ကွင်းဆီက လာတယ်လို့သာ ထင်နေပေမယ့် သက်သေမပြနိုင်ပဲ ဖြစ်နေတယ်။ ဒါပေမယ့် ကျုပ်စိတ်ထဲမှာတော့ နည်းနည်းလေးမှ မကျေနပ်သေးဘူး'

ပါမောက္ခ ပရက်စလေက ရပ်လိုက်၏။ ဟန်းစလက်က အရဲစွန့်၍

'ဆရာကြီးကတော့ သေနတ်ပစ်စင်က ဒေါက်တစ်ခု ချို့ယွင်းသွားလို့ ဖြစ်တာလို့ ပြောပေမယ့် ကျွန်တော်ကတော့ လက်ကို မခံနိုင်သေးဘူးခင်ဗျ။ သေနတ်က ရထားလမ်းဘက်ကို လှည့်ပစ်တာလည်း မဟုတ်ဘူး၊ ပြီးတော့ ဒေါက်ချွတ်ယွင်းသွားတာ မဟုတ်လား။ ဆရာကြီး မြေပုံအတိုင်းကိုပဲ ကြည့်စမ်းပါဦး။ သေနတ်က နောက်ဆုံး ပစ်လိုက်တဲ့ ကျည်ဆန်ဟာ မြစ်ထဲကို ကျသွားတာ မဟုတ်လား'

'ဟုတ်ပါတယ်၊ ဒါကို ကျုပ်လည်း သိပါတယ်။ ရုတ်တရက် ကြည့်ရင် ဖြစ်နိုင်တယ်လို့ မထင်ရဘူးပေါ့။ ဒါပေမယ့် ဘယ်လိုပဲ ဖြစ်ဖြစ် မစ္စတာ ဖာကူဟာဆန်ကို မှန်တဲ့ကျည်ဆန်ဟာ အဲဒီကျည်ဆန် ပဲဗျာ။ ခု လက်နက်တိုက်က သွားစမ်းတဲ့ သေနတ်ပစ်ကွင်းက သေနတ် တွေကို ကျုပ်ကြည့်ခဲ့ပြီးပြီ။ အဲ..........အဲဒီမှာတင် ကျုပ် သက်သေ အထောက်အထားကို တစ်ခါတည်း တန်းတွေ့လာခဲ့တာပဲ။ အဲဒီ ပစ်ကွင်းမှာ နံပါတ် ၁၀ ပစ်မှတ်ရဲ့ နောက်တည့်တည့်မှာ အလံတိုင်

www.burmeseclassic.com

www.burmeseclassic.com

တစ်ခု ရှိတယ်ဗျ။ သေသေချာချာ ကြည့်လိုက်တော့ အဲဒီအလံတိုင်က သံတိုင်ဖြစ်နေတယ်'

'မြေပုံကို သေသေချာချာ ကြည့်လိုက်တော့ အဲဒီတိုင်ကို ကျည်ဆန်မှန်ရင် ကျည်ဆန်ပြန်လာနိုင်တဲ့ နေရာကလေး တစ်နေရာ ရထားလမ်းပေါ်မှာ ရှိနေတယ်။ ဒါနဲ့ ကျုပ်အလံတိုင်ကို သေသေချာချာ ကြည့်လိုက်တော့ အလံတိုင် သဘော်ဆေး သုတ်ထားတဲ့ နေရာ တစ်နေရာမှာ လောလောလတ်လတ် ကွာနေတဲ့ နေရာကို သွားတွေ့ တယ်။ ဒီအရာကိုလည်း တွေ့လိုက်ရရော ကျုပ်စိတ်ထဲမှာ မစ္စတာ ဖာကူဟာဆန်ရဲ့ သတ်မှုကို ဖြေရှင်းပြီးပြီလို့ ယူဆလိုက် တော့တာပဲ'

ဟန်းစလက်က အသာလေချွန်လိုက်ရင်း

'ဟုတ်ပါပြီခင်ဗျာ၊ ဒီအတိုင်းဆိုရင် မစ္စတာ ဖာကူဟာဆန်ဟာ အလံတိုင်ကိုထိပြီး ပြန်လာတဲ့ ကျည်ဆန်ထိလို့ သေရတယ်ပေါ့'

'ဟုတ်တယ်ဗျ၊ မစ္စတာဖာကူဟာဆန်ဟာ ရထားတွဲ ယာဘက် ထောင့်မှာ စက်ခေါင်းဘက်ကို မျက်နှာမူပြီး ထိုင်နေတယ်။ အဲဒီမှာတင် ကျည်ဆန်က ယာဘက် ပြတင်းပေါက်ကနေ ဝင်လာပြီး သူ့ယာဘက် နားထင်ကို လာမှန်တာပဲ။ အဲဒီလို တစ်စုံတစ်ခုကို မှန်ပြီး ချော်ထွက် လာတဲ့ ကျည်ဆန်တစ်ခုဟာ တည့်တည့် မလာတော့ဘဲ လည်ပြီး လာတတ်တယ်ဗျ။ ဒါကြောင့် သူ့နားထင်က ဒဏ်ရာဟာ ဒီလောက် ကြီးသွားတာ၊ ခင်ဗျားဘာပြောဦးမလဲ'

ဟန်းစလက်က

'ခု လောလောဆယ်တော့ ဘာမှ ပြောစရာ မရှိသေးပါဘူး၊ အချက်အလက်တွေနဲ့ ကိုက်ညီခြင်း ရှိမရှိ ကြည့်ရဦးမှာပေါ့။ ကျည်ဆန်ကိုယူပြီး လက်နက်တိုက်က လူတွေဆီသွားပြီး သူတို့

www.burmeseclassic.com

စမ်းသပ်တဲ့ ကျည်ဆန်ဟာ ဒီကျည်ဆန် ဟုတ်မဟုတ် မေးကြည့်ရင် သိပါတယ်'

'ခင်ဗျားကြိုက်တဲ့နည်းနဲ့ စစ်ဆေးကြည့်ပါဗျာ။ အဲ စစ်ဆေးတဲ့ နေရာမှာ ထင်ကြေးတွေနောက်ကို မလိုက်ဘဲ အချက် အလက်တွေ နောက်ကို လိုက်ပါလို့တော့ သတိပေးလိုက်ပါပေရဲ့'

ဟန်းစလက်က

'ကောင်းပါပြီ ခင်ဗျာ'

ဟုဆိုကာ ကျွန်ုပ်ကို နှုတ်ဆက်ကာ ပြန်သွားသည်။

နှစ်ရက်လောက် ကြာသည့်အခါတွင် အိမ်ဖော်မကလေး မေရီသည် မစ္စတာ ဖာကူဟာဆန်နှင့် ရောဗတ်တို့ကို ကျွန်ုပ်တို့ဆီသို့ ခေါ်လာ၏။

ရောဗတ်သည် ပါမောက္ခကြီးဆီသို့ တန်းသွားကာ လက်ဆွဲ နှုတ်ဆက်လိုက်ပြီးလျှင်

'ဆရာကြီးရဲ့ ကျေးဇူး ဘယ်လောက် ကြီးတယ်ဆိုတာကို ကျွန်တော် မပြောတတ်အောင် ဖြစ်နေပြီခင်ဗျာ။ ကျွန်တော့်ဦးကြီး အမှုနဲ့ ပတ်သက်လို့ ကျွန်တော့်အပေါ်မှာ လုံးဝ သံသယ မရှိတော့ပါဘူးလို့ အင်စပက်တော် ဟန်းစလက်က ကျွန်တော့်ကို ပြောလိုက်ပါပြီ။ ဒါဟာ ဆရာကြီးရဲ့ ကျေးဇူးကြောင့်ပါ'

ပါမောက္ခ ပရက်စလေက မည်သို့မျှ မပြောရသေးမီ မစ္စ ဖာကူဟာဆန်သည် ပြေးလာကာ ဆရာကြီးကို တရှုပ်ရှုပ် နမ်းလျက် ရှိရာမှ

'ကျေးဇူးကြီးပါတယ် ဆရာကြီးရယ်၊ ဆရာကြီး ကျေးဇူးကို တစ်သက်လုံး ဆပ်လို့ကုန်တော့မှာ မဟုတ်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com

ဟု တဖွဖွ ပြောလျက်ရှိ၏။

ပါမောက္ခကြီးက

'အင်း မင်းတို့ကတော့ ငယ်ငယ်ရွယ်ရွယ် လက်ထပ်ကြတော့မှာ ပေါ့ကွယ် ဆရာကြီးမှာသာ............. '

ဟု ပြုံးပြုံးကြီး ပြောလိုက်လေသည်။

(အင်္ဂလိပ် စာရေးဆရာ John Rhode ၏ The Elusive Bullet ကို ပြန်သည်)

www.burmeseclassic.com

www.burmeseclassic.com

## ၅။ လည်သူ စားတမ်း

ဇာတ်ဆောင်စုံထောက် စိန့်
စတင်ပေါ်ပေါက်လာသည့်နှစ် ၁၉၃၂ခုနှစ်

(ယခု ဝတ္ထုတွင် ဖော်ပြမည့် ဇာတ်ဆောင်စုံထောက်မှာ အာစင်လူပင် ကဲ့သို့ပင် စုံထောက်မည်ကာ မတ္တမဟုတ်ဘဲ သူခိုးစုံထောက် ဖြစ်သည်။ ဝတ္ထုရေးသူမှာ စာရေးဆရာကြီး လက်စလေ ရှာတာရိစ် ဖြစ်သည်။ ရှာတာရိစ်သည် စိန့်ကို ဇာတ်ဆောင်ပြုသည့် စုံထောက် ဝတ္ထုရှည်များ အများအပြား ရေးသားခဲ့သည်။

အာစင်လူပင်ကို စာရေးဆရာကြီး မဟာဆွေက စောရသက်ပြင်း ဟူသော အမည်ဖြင့် မြန်မာမှု ပြုခဲ့ဖူးသကဲ့သို့ ယခု လက်စလေ ရှာတာလိစ်၏ ဇာတ်ဆောင်ဖြစ်သည့် စိန့်ကိုလည်း စာရေးဆရာကြီး ရွှေဥဒေါင်းက သူတော်စိန်အမည်ဖြင့် မြန်မာမှုပြုခဲ့ဖူးသည်)

ပေါင်ပေါ်တွင် ဖြန့်ထားသည့် သတင်းစာ မျက်နှာဖုံးမှ မိမိ၏ ဓါတ်ပုံကို ကြည့်ရင်း စိန့်ခေါ် ဆီမွန်တင်ပလာသည် အကြီးအကျယ် စိတ်ဓာတ်ကျသွား၏။

ထိုဓာတ်ပုံမှာ မကြာသေးမီ နှစ်များအတွင်းက ဓာတ်ပုံဆရာ အကျော်အမော်များ ရိုက်ခဲ့သည့် ဓာတ်ပုံဖြစ်၏။ ဓာတ်ပုံဆရာများသည် မိမိအား နာမည်ကျော်လူဆိုးကြီး ဖြစ်မည်ကို ကြိုတင်၍ သိမြင်နေကြ၍လောမသိ။ သူ့ဓာတ်ပုံကို ထောင့်အမျိုးမျိုးမှ လှည့်၍ ရိုက်ထား ခဲ့ကြခြင်းဖြစ်သည်။ ပမာမခန့်ဟန်၊ ထင်းထင်းကြီး ပေါ်နေသောမေးရိုး

www.burmeseclassic.com

www.burmeseclassic.com

ချောပြောင်မည်းနက်ကာ နောက်သို့လှန်ထားသည့်ဆံပင် လှောင်ပြုံးပြုံး တော့မည့် ဟန်ရှိနေသော နှုတ်ခမ်း စသည် တို့ သည် ပုံထဲတွင် အထင်းသားပေါ်နေကြ၏။ သူ့ကိုယ်ပိုင်ဟန်ဖြစ်၍ တစ်ဖက်သားကို လှောင်ပြောင်သည့်ဟန် ချီနေသော မျက်ခုံးများအောက်မှ ထိုမျက်လုံး များသည် သတင်းစာထဲမှနေ၍ သူ့ကို လှောင်ပြောင်နေသကဲ့သို့ ရှိ၏။

ဓာတ်ပုံအောက်တွင် ပါရှိသည့် သတင်းစာမှာ ရှေ့မျက်နှာစာတွင် နှစ်ကော်လံမျှရှိပြီး အတွင်းဘက်သို့ပင် ညွှန်းလိုက်သေးသည်။ သတင်း အရ ရုပ်ဖြောင့်၍ အရှောင်အတိမ်း ကောင်းသည့် လူကြီးလူကောင်း သူခိုးကြီး စိန့်သည် နောက်ထပ် ရာဇဝတ်မှုတစ်ခုကို ရဲတင်းစွာ ကျူးလွန်ပြီးနောက် အင်္ဂလိပ်တရားဥပဒေကို ရဲတင်းစွာ ရှောင်တိမ်း လျက်ရှိကြောင်း၊ ယခုဆိုလျှင် သူ့အမည်သည် သတင်းစာထဲတွင် စာလုံး မဲကြီးများဖြင့် ပါနေပြီဖြစ်ကြောင်း၊ အလယ်ခေတ် တုန်းက ပေါ်ပေါက်ခဲ့သည့် လူဆိုးကြီးများကဲ့သို့ တရားဥပဒေကို ရဲတင်းစွာ ချိုးဖောက်လျက်ရှိကြောင်း သူ့သတင်းသည် ပျင်းရိငြီးငွေ့ဖွယ် သတင်း များအကြားတွင် စိတ်ဝင်စားစရာ ကောင်းလျက်ရှိကြောင်းဖြင့် ရေးသား ကာ သူ့ကို 'ခေတ်သစ် ရော်ဗင်ဟုဒ်' ဟု အမည်ပေးထားကြသည်။

မိမိစားပွဲဘေးရှိ စားပွဲတစ်လုံးတွင်မူ ဆံပင်လှလှနှင့် အင်္ဂလိပ် အမျိုးသမီးကလေး တစ်ယောက်သည် စားပွဲထိုး တစ်ယောက်အား လက်ဖက်ရည် ဖျော်နည်းအကြောင်းကို ပြင်သစ်စကား မတတ် တတတ်ဖြင့် ရှင်းပြလျက်ရှိ၏။ ကာဖေးရှိုင်ရယ်ရှိ အခြားသော စားပွဲ များတွင်မူ စားသောက်သူ အသီးသီးသည် ညနေသတင်းစာကို ဖတ်သူဖတ်၊ ညစာမစားမီ အရက်ချို မြည်းသူမြည်း၊ စကား ပြောသူပြော၊ ငြင်းခုံသူကငြင်းခုံ၊ ပလက်ဖောင်းပေါ်တွင် ဥဒဟို

www.burmeseclassic.com

သွားလာနေသူများကို ငေးကြည့်သူက ကြည့်လျက်ရှိကြ၏။ လက်ထဲတွင် သတင်းစာများကို ပိုက်၍ထားသည့် သတင်းစာရောင်းသည့် လူငယ်ကလေးက

'ကဲ ညနေထုတ် ပါရီသတင်းစာတွေ စုံတယ်နော်၊ ညနေထုတ်တွေ'

ဟု အော်နေ၏။

မျက်နှာချင်းဆိုင် အဆောက်အအုံမှ နီယွန်ဆိုင်းဘုတ်ကြီးသည် လင်းလိုက် မှိန်လိုက် ဖြစ်လျက်ရှိ၏။

ပလက်ဖောင်းကို လွန်လျှင်ကား ပါရီမြို့ ရှောင်ဇလီဇေး လမ်းမကြီး၏ ဘီးတပ်ယာဉ် မျိုးစုံတို့သည် လှိုင်းလုံးကြီးများသဖွယ် ရွေ့လျားလျက်ရှိ၏။ ထိုရှုခင်းကား ပါရီ၏ ညနေခင်းတည်း။ အခြားသော မြို့ကြီးများတွင်လည်း ထိုနည်းနှင်နှင်ပင် ဖြစ်ပေလိမ့်မည်။

ဤသို့ အခြေအနေမျိုးတွင် မိမိ၏ ရုပ်ပုံနှင့်တကွ မိမိ၏ နောက်ဆုံး ပစ်မှုများကို ဖော်ပြထားသည့် သတင်းစာများ လူတိုင်း လက်ထဲတွင် ရောက်နေသည့်တိုင် ဣန္ဒြေမပျက် နေနိုင်သူမှာ စိန့်တစ်ယောက် သာလျှင် ရှိပေလိမ့်မည်။

ဆီမွန်တင်ပလာခေါ် စိန့်မှာ မည်သည့်အခါမျှ ဣန္ဒြေပျက်တတ်သူတစ်ယောက် မဟုတ်ချေ။ ထိုအချိန်၌ကား စိတ်တုန်လှုပ်ချောက်ချားလျက်ရှိသော ရေဒီယို သတင်းထောက် တစ်ယောက်သည် စကော့တလန်ယာဒ် စုံထောက်အဖွဲ့ အရာရှိများနှင့် ပန်းမားသို့ ထွက်သည့် ပင်လယ်ကူးသင်္ဘော တစ်စီးမှ ကပ္ပိတန်တစ်ယောက်ကို တွေ့ဆုံမေးမြန်းလျက် ရှိ၏။ နာမည်ကျော် လူဆိုးကြီးစိန့်အား မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ရသူ ခရီးသည်တစ်ယောက်အား ခေါ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com

လာခဲ့ကာ ရေဒီယို သတင်းထောက်နှင့် တွေ့ဆုံပေးလျက်ရှိ၏။ ခရီးသည်သည် စိန့်၏ ရုပ်လက္ခဏာတို့ကို ရှင်းလင်းစွာ ပြောပြနေ၏။ စိန့်သည် မိမိအား သင်္ဘောပေါ်တွင် အစီအစဉ်၊ ခရီးသည်များအတွက် အစီအမံ၊ နေရာထိုင်ခင်းက ညံ့ဖျင်းကြောင်း သက်သေပြနိုင်ရန် ခရီးသယ်ကို ပေါင်ငါးရာ စရိတ်ထုတ်ပေး၍ အသွားခိုင်းလိုက်ပြီး သူ့ထွက်ချက်အရ သင်္ဘောကုမ္ပဏီကို တရားစွဲ လျော်ကြေးတောင်း ထား၏။ ဤတွင် စကော့တလန်ယာဒ်ကလည်း ထိုကိစ္စနောက်ကွယ် တွင် စိန့်ပါနေကြောင်းကို အနံ့ရသွားကာ သူ့နောက်ကို လိုက်နေ၏။ နောက်ဆယ်ရက် အတွင်း၌ကား စိန့်မှာ စကော့တလန်ယာဒ် စုံထောက် တို့ လက်လှမ်းမမီရာသို့ ရောက်နေလေပြီ။ BURMESE CLASSIC .com

စိန့်သည် သတင်းစာကို ခေါက်လိုက်ပြီးနောက် စီးကရက် တစ်လိပ်ကို မီးညှိလိုက်၏။ သူ့ကို ကြည့်ရသည်မှာ ဣန္ဒြေတစ်ချက်မျှ မပျက်ချေ။ ထိုမျှမက အတိတ်က ရာဇဝတ်မှုကြီးများကို ကျူးလွန်ခဲ့သည့် လူဆိုးကြီးတစ်ယောက်နှင့် လားလားမျှမတူဘဲ ထင်ရှားသည့် နိုင်ငံရေးသမား တစ်ယောက်၏ ဟန်ပန်မျိုး ပေါက်လျက် ရှိ၏။ အမှန်အားဖြင့်လည်း သူ့အဖို့ ချောင်ကလေး တစ်ချောင်ထဲတွင် သွား၍ ပုန်းနေစရာ အကြောင်း ဘာမျှမရှိချေ။

တစ်ဖက် စားပွဲတွင်မူ အင်္ဂလိပ် အမျိုးသမီးမှာ ပြင်သစ်စကားဖြင့် လက်ဖက်ရည်ဖျော်နည်း အကြောင်းပြောရင်း လုံးချာလည်လျက် ရှိလေပြီ။ သူ့စကားကို နားထောင်နေရသည့် စားပွဲထိုး၏ မျက်နှာမှာ လည်း သုန်မှုန်သည်ထက် သုန်မှုန်၍ လာခဲ့လေပြီ။ မိန်းမပျိုသည် အကူအညီတောင်းသည့် အနေဖြင့် ပြာလဲ့သော မျက်လုံးများဖြင့် စိန့်ကို လှမ်းကြည့်လိုက်၏။ စိန့်ကလည်း သူ့ကို လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

'ကျွန်တော် ရှင်းပြလိုက်ရမလား ခင်ဗျာ'

ဟု စိန့်က မေးလိုက်၏။

သူ့အသံက လှိုင်းနေစဉ်တွင်ပင် လှိုင်းမှန်းမသိရသော သံမဏိဓား တစ်ချောင်းလို ထက်မြက်သလောက် နူးညံ့ ချိုသာ၏။ စားပွဲများကို မျက်လုံးဝေ့၍ ကြည့်နေသည့် စားပွဲထိုး၏ မျက်လုံးများသည် သံလိုက် အိမ်မြှောင် အပ်နှစ်ချောင်းကြားသို့ ရောက်လာသည့် သံလိုက်တုံးလို သူ့ဆီကို ရောက်လာကြသည်။

'ဒီက ညီမလေး ပြောနေတာက လက်ဖက်ရည် ကျိုခါနီးကျရင် အိုးကို မီးကင်းပူ တိုက်ပေးရမယ်တဲ့။ ပြီးတော့ လက်ဖက်ရည် အိုးထဲကို လက်ဖက်ခြောက် နှစ်ဇွန်းထဲ့ရမယ်တဲ့။ ပြီးတော့ ရေနွေးထဲ့ ရမယ်တဲ့၊ တပွက်ပွက် ဆူနေတဲ့ ရေနွေးကို ပြောတာနော်၊ သူ့အတွက် လက်ဖက်ရည်ပေးရင် အဲဒီလို လုပ်ပေးပါလို့ ပြောနေတာ၊ သွားလုပ်ချည် ပေတော့'

စားပွဲထိုးက မျက်နှာ ခပ်မှုန်မှုန်ဖြင့် ခေါင်းညိတ်လိုက်ပြီးနောက် ယောင်တီးယောင်ကန်းဖြင့် ထွက်သွားသည်။ သူ့အထင်တွင်မူ နိုင်ငံခြားသားများသည် သူတို့ပြင်သစ်စကားကို သူ့လောက် ကျွမ်းကျင်ခြင်း မရှိနိုင်ဟု ထင်နေပုံရ၏။ ထို့ပြင် သူ့ကိုဝင်၍ သြဇာပေးသဖြင့်လည်း မကျေမနပ် ဖြစ်သွားဟန်တူ၏။ စားပွဲထိုးသည် ခပ်လှမ်းလှမ်းကို လျှောက်သွားပြီး အခြားစားပွဲထိုး တစ်ယောက်နှင့် မျက်နှာချင်းဆိုင်မိသည်တွင် 'ဒီအမေရိကန် ကောင်တွေက တယ် ဂျီးများတယ်' ဟုဆိုကာ တံတွေးတစ်ချက် ထွေးလိုက်သည်။ အမှန်အားဖြင့် သူပြောသည့် စကားမှာ ကြားနိုင်မှုယ်မရှိ။ သို့ရာတွင်

www.burmeseclassic.com

www.burmeseclassic.com

စိန့်မှာ အလွန်နားပါးသူ ဖြစ်သဖြင့် ထိုစကားကို သဲကွဲစွာ ကြားလိုက်သည်။

စိန့်သည် ပြုံးလိုက်၏။ အေးမြသော နွေဦး၏ ဆည်းဆာသည် တဖြည်းဖြည်း လျှော့ကျ လာနေလေပြီ။ ပါရီ၏ ညရှုခင်းသည် ကြည်နူးစရာ၊ ပျော်စရာ၊ ဝမ်းနည်းစရာ တို့ဖြင့် အစပြုနေလေပြီ။ စိန့်အဖို့သော်မူ ကမ္ဘာ့မြို့တော်ကြီး တိုင်းသည် သူ့အတွက် ဥခွံကလေး တစ်ခုသာ ဖြစ်၏။ သူ့ အောင်နိုင်ရမည့် လောက တစ်ခုသာ ဖြစ်၏။ သူ့အဖို့ အရာရာသည် စွန့်စားခန်းများသာ ဖြစ်၏။ စားပွဲထိုး တစ်ယောက်ကို နှပ်လိုက်ရခြင်း၊ ဒုက္ခရောက်နေသည့် မိန်းမပျို ကလေး တစ်ယောက်ကို ကယ်ဆယ်လိုက်ရခြင်း စသည်တို့သည် ဘာမျှ အကြောင်းမဟုတ်၊ လက်ဖက်ရည်တစ်ခွက် သောက်လိုက်ရသလောက် မျှသာ ဖြစ်၏။

စိန့်သည် ကျေနပ်ရောင့်ရဲစွာဖြင့် စီးကရက်ကို ဖွာလိုက်၏။ ဒုတိယ လက်ဖက်ရည်တစ်အိုး ရောက်လာပြန်သည်။ မိန်းမပျိုသည် လက်ဖက်ရည်ကို ပန်းကန်ထဲသို့ လောင်းထည့်၍ မြည်းကြည့် လိုက်ပြီးနောက် စိတ်ပျက် လက်ပျက်ဖြင့် မျက်နှာကို ရှုံ့လိုက်သည်။ မိန်းမပျို၏ နှုတ်ခမ်းမှာ မဲ့လိုက်သည့်တိုင် လှပနေဆဲ ဖြစ်သည်ကို သူသတိပြုမိလိုက်၏။

'ကိုယ်ဆိုရင်တော့ ဒီလောက်ညံ့တဲ့ လက်ဖက်ရည် မသောက် တော့ဘူး။ မာတီနီကိုပဲ သောက်တော့မယ်'

ဟု မိန်းမပျိုကို ပြောလိုက်သည်။

စိန့်သည် ပြောပြောဆိုဆို မာတီနီ တစ်ခွက်ကို လှမ်းမှာ ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

မိန်းမပျိုက သူ့ကို အားကျသည့်ဟန် ကြည့်နေသည်။

'ကျွန်မလည်း ရှင့်လို ပြင်သစ်စကား တတ်ချင်လိုက်တာရှင်'

စိန့်က လေသံ ခပ်ရွှင်ရွှင်ဖြင့်

'ကိုယ်က တခြား ဂုဏ်သရေရှိ လူကြီးလူကောင်းတွေထက် ဒီကို မကြာခဏ ရောက်လေ့ရှိတာကိုး၊ ကိုယ်က အရက်အလွန် သောက်တတ်တဲ့ အနုပညာ ကျောင်းသားတွေကို ငှားတဲ့ ဒူးမားစ် လမ်းက အိမ်တစ်အိမ်မှာ အိမ်စောင့်လည်း လုပ်ခဲ့ဖူးတယ်။ ကိုယ်တို့ အားလုံး အက်ပ်ဆင်သီ အရက်ချိုကို သောက်ပြီး ကတ္တီပါအင်္ကျီတွေကို ဝတ်ကြရတယ်။ ပြီးနောက်တော့ အဲဒီထဲက တစ်ဝက်လောက်ဟာ စုံထောက်တွေ ဖြစ်နေတယ်ဆိုတာ သိတာနဲ့ အလုပ်က ထွက်လာတာ'

မျက်လုံးပြာ ကလေးက ရယ်လိုက်သည်။

'ဒီလိုဆိုရင် ရှင်က ပါရီမှာ တော်တော်နှံ့စပ် မှာပေါ့နော်'

'အင်း.........နှံ့စပ်တယ် ဆိုပါတော့၊ ဒီက ညီမလေး သွားချင် တယ်ဆိုရင် ပါရီဟာလည်း ညီမလေးရဲ့ ပါရီပါပဲ။ ဣန္ဒြေရရ ညကလပ်တွေလည်း ရှိတယ်။ မုတ်ဆိတ်နီနီနဲ့ အနုပညာသည် တွေလည်း ရှိတယ်။ အပက်ချီ လူရိုင်းတွေလို ဝတ်စားထားတဲ့ ရပ်ကွက် တွေလည်း ရှိတယ်'

စားသောက်ပြီးသည့် အခါ၌ အမျိုးသမီးက 'ကြက်ဥ အသားညှပ် ကြော်ထားပုံက တော်တော် ကောင်းတာပဲနော်၊ နည်းကောင်းတစ်ခု ရှိပုံရတယ်'

ဟု ပြောသည်။

'ရှိတာပေါ့၊ ချက်နည်း ပြုတ်နည်းကောင်း ဆိုတာဟာ လူ့ဘဝမှာ အမြင့်ဆုံးသော လျှို့ဝှက်ချက်ကြီး တစ်ရပ်ပေါ့။ အဲဒီလျှို့ဝှက်ချက်ကို

www.burmeseclassic.com

နှလုံးသား ဖြူစင်တဲ့သူတွေ၊ အခက်အခဲ တွေကို တွေ့ကြုံပြီး အကျပ် အတည်းတွေကို တွေ့ကြုံဖြတ်သန်းခဲ့သူတွေ မှသာ ရတတ်ကြတာ ကလား'

အမျိုးသမီးက သူထုတ်ပေးသည့် စီးကရက်တစ်လိပ်ကို ယူလိုက် ပြီးနောက် သူ့မီးချစ်မှ မီးတောက်ထဲသို့ ထိုးလိုက်၏။ သူ့မျက်လုံးပြာ တစ်စုံသည် စားပွဲပေါ်မှ ကျော်ကာ သူ့ကို ကြည့်နေသည်။ စားကောင်း သောက်ဖွယ်တို့ကို အတူတကွ စားသောက်ပြီးသည့်နောက်တွင် ဖြစ်ပေါ်လေ့ရှိသော ကြည်နူးမှု၊ ရင်းနှီးမှုမျိုးကို မျက်လုံးများက ဖော်ပြလျက် ရှိကြ၏။

'ဧည့်သည်တော်ကြီး နဲ့တွေ့ရတာ ကျွန်မ သိပ်ပျော်တာပဲရှင်။ ရှင်က အစစ အရာရာကိုလည်း တည်တည်ငြိမ်ငြိမ် ကြည့်တတ်တယ်၊ ပြီးတော့ စပ်စပ်စုစု မေးခွန်းတွေကိုလည်း မမေးဘူး'

သူ့ဘဝတွင် စိန့်သည် အရာတော်တော်များများကို အေးဆေး တည်ငြိမ်စွာ လက်ခံခဲ့ဖူး၏။ သို့ရာတွင် သူ့ကို ယခုလို ထုတ်ဖော် ချီးမွမ်းသံမျိုးကို တစ်ခါမျှ မကြားဖူးသေး။

'စပ်စပ်စုစု မေးခွန်းတွေကတော့ စောသေးလို့ မမေးသေး တာပါကွယ်၊ နောက်တော့ မေးမှာပါ။ အေးအေးဆေးဆေး တည်တည် ငြိမ်ငြိမ် ရှိတယ်ဆိုတာကလည်း သိပ်တော့ မဆန်းပါဘူး၊ ဒို့လို လူဆိုး သူခိုးဆိုတာ တော်တော်တန်တန် ကိစ္စမျိုးနဲ့ ပတ်သက်လို့ သိပ်ပြီး မတုန်လှုပ်တတ်ဘူး မဟုတ်လား'

အမျိုးသမီးက စီးကရက် မီးခိုးကလေးများကို မျက်နှာကျက်ဆီသို့ မှုတ်ထုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်မ ညော့်သည်ကြီးနဲ့ စကားလေး နည်းနည်း ပြောစရာ ရှိတယ်ရှင့်။ မိန်းကလေးဆိုတာ စကားကလည်း ခပ်များများ မဟုတ်လား၊ ဒီနေ့ ကျွန်မတို့နှစ်ယောက် တွေ့ပုံက တော်တော်အိမ်မက် ဆန်တယ်နော်။ ကျွန်မတို့ နှစ်ယောက်ဟာ အရင်တုန်းကလည်း တစ်ခါမှ မတွေ့ဖူးဘူး။ နောင်လည်း တွေ့ချင်မှ တွေ့ရမှာ။ ကျွန်မတို့ နှစ်ယောက် တွေ့ကြပုံဟာ တကယ့် ဇာတ်လမ်းတို ကလေးနော်။ နောင်ဆိုရင် ဒီဇာတ်လမ်းတိုကလေးကို မှတ်မိချင်မှ မှတ်မိ ကြတော့မှာ'

'အဲဒီ ဇာတ်လမ်းလေးထဲမှာ လူကြမ်းတော့ ပါမယ်မထင် ပါဘူးနော်'

'ပါတယ်ရှင့်၊ အဲဒီလူကြမ်းက မှူးမတ်ကြီးတစ်ဦး၊ အဲဒီ မှူးမတ်ကြီးရဲ့ နာမည်ကို ရှင်လည်း ကြားဖူးချင် ကြားဖူးမှာပေါ့။ သူ့နာမည်က အမတ်ကြီး နောဝိတ်တဲ့'

ထိုအမည်ကို စိန့်ကြားဖူးသည်။ စိန့်သည် အထက်တန်းစားထဲမှ မုန်းစရာကောင်းသူများ အကြောင်းကို အကုန်သိသူ ဖြစ်၏။ လွန်ခဲ့သည့် စစ်ပွဲကြီးအတွင်းက အမတ်ကြီး နောဝိတ်သည် ခေတ်ပျက် သူဌေးကြီးတစ်ဦး ဖြစ်လာခဲ့သည် မဟုတ်လော။ အညံ့စား ဖိနပ်ကြိုးများကို ထုတ်ကာ ဗြိတိသျှ စစ်တပ်သို့ ကန်ထရိုက် သွင်းခဲ့သဖြင့် ထိုလိုမျိုး တိုင်းချစ်ပြည်ချစ် အပြုအမူကြောင့် သူဌေးကြီး တစ်ဦး ဖြစ်လာခဲ့သည် မဟုတ်လော။

နောက်ပိုင်းတွင် အမတ်ကြီးနောဝတ်သည် ဖိနပ်ကြိုးများကို ထုတ်လုပ်သည့် လုပ်ငန်းသာမက တခြားသော လုပ်ငန်းများကိုပါ တိုးချဲ့ လုပ်ကိုင်လာခဲ့ကာ လက်ဝါးကြီးအုပ် လုပ်ငန်းရှင်ကြီး တစ်ဦး ဖြစ်လာခဲ့သည်။ မကြာမီကမူ အမတ်ကြီး နောဝိတ်သည် သူ့လုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com

ကိစ္စများကို သားသမီးများ လက်သို့ လွှဲပြောင်းပေးခဲ့ကာ ပါရီမြို့အနီးရှိ စံအိမ်ကြီး တစ်ဆောင်တွင် အေးဆေးစွာ နေထိုင်ခဲ့သည်။

'ဟုတ်တယ်၊ သူ့အကြောင်းကို ကိုယ်ကြားဖူးတယ်၊ တခြား လူတွေရဲ့ သွေးတွေကို စုပ်ယူခဲ့တဲ့ နေရာမှာ သက်သေထူပြနိုင်တဲ့ အထိမ်းအမှတ် ကျောက်တိုင်ကြီး တစ်တိုင်ဆိုပါတော့'

အမျိုးသမီးက မာတီနီဝိုင်ကို စုပ်လိုက်ရင်း သဘောကျသည့်နှယ် ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။ အမျိုးသမီးသည် တစ်စုံတစ်ရာကို စဉ်းစားနေဟန်တူ၏။ ထို့နောက် သူ့ဘက်သို့ ဆတ်ခနဲ လှည့်လိုက်ကာ

'ဒီမှာ ဧည့်သည်ကြီးရယ်၊ အင်မတန် ကြီးကျယ်တဲ့ ပျော်ပွဲရွှင်ပွဲ အခါကြီးမှာ မိန်းကလေးတစ်ယောက် ဘယ်ကိုများ သွားလို့ ကောင်းမယ် လို့ထင်သလဲ'

'ကိုယ်သာဆိုရင်တော့ အဲဒီမိန်းကလေးကို ဆိန်းမြစ်တစ်ဖက် ကမ်းက စိန့်မစ်ရှယ် ရပ်ကွက်မှာရှိတဲ့ ပျော်ပွဲစားရုံ တစ်ရုံကို ဖိတ်မှာပဲ၊ အဲဒီမှာ အေးအေးချမ်းချမ်းလည်း ရှိတယ်။ တိတ်လည်း တိတ်ဆိတ် တယ်။ ကမ္ဘာပေါ်မှာ အကောင်းဆုံးဆိုတဲ့ ကြက်ဥ အစာသွတ်ကြော် လည်းရနိုင်တယ်။ ပြီးတော့ ရထားစီးပြီး ကမ္ဘာပေါ်မှာ အကောင်းဆုံး ဆိုတဲ့ ကရိစာရီဒီလိုက်လားက ကော်ဖီကိုလည်း သွားသောက် နိုင်သေးတယ်။ ကော်ဖီ သောက်ပြီးရင်တော့ ကိုယ်ကြိုက်တဲ့ နေရာကို သွားရုံပေါ့'

'ဒီလိုဆိုရင် ကျွန်မ အဲဒီနေရာကို သွားချင်လိုက်တာရှင်'

စိန့်က ရာတန်တစ်ချပ်ကို ကျောက်ဖြူစားပွဲပေါ်တွင် ဖျတ်ခနဲ ထောင်ပြလိုက်ပြီး စားပွဲထိုးကို ခေါင်းညိတ် ခေါ်လိုက်၏။ စားပွဲထိုးက

www.burmeseclassic.com

သားရေအိတ် ဖောင်းဖောင်းကြီးထဲမှ အကြွေတွေကို ထုတ်၍ ပြန်အမ်းသည်။

'ကဲ သွားကြစို့'

အမျိုးသမီးက လက်အိတ်နှင့် လက်ကိုင်အိတ်ကို ကောက်ယူလိုက်၏။ စိန့်က စားပွဲကို ဘေးသို့ဖယ်လိုက်ပြီး သူ့အတွက် လမ်းရှင်းပေးလိုက်သည်။ စိန့်သည် စားပွဲထိုး၏ ခြေထောက်ကို တက်နင်းမိပြီး ရှေ့ကုလားထိုင်ပေါ်တွင် ထိုင်နေသည့် ခေါင်းပြောင်ပြောင်နှင့် လူကြီးတစ်ယောက် အပေါ်သို့ လဲကြတော့မည် ပြုသည်။ သို့သော် ချက်ချင်းကိုယ်ကို ပြန်မတ်နိုင်သဖြင့်သာ လဲကျမသွားခြင်း ဖြစ်၏။ ထိုအတောအတွင်း၌ကား စားပွဲထိုး၏ သားရေအိတ် ဖောင်းဖောင်းကြီးသည် စိန့်လက်ထဲသို့ ရောက်သွားခဲ့လေပြီ။

'ဆောရီးကွာ'

စိန့်က စားပွဲထိုး၏ ပခုံးကို ပုတ်ပြောခဲ့ပြီးနောက် ရှေ့မှ ထွက်သွားသော အမျိုးသမီး၏ နောက်သို့ လိုက်လာခဲ့သည်။

တက္ကစီတစ်စီး လျှောခနဲ ကပ်လာသဖြင့် သူတို့နှစ်ယောက်သည် တက္ကစီပေါ်သို့ တက်လိုက်ကြ၏။

'ဧည့်သည်ကြီးရေ၊ ကျွန်မ ဆယ့်နှစ်နာရီအထိ အားတယ်နော်'

ဟု အမျိုးသမီးက ပြောသည်။

အမျိုးသမီးသည် ကားထိုင်ဖုံကို မှီ၍ ကိုယ်ကို ဆန့်လိုက်ပြီးနောက် သေးသွယ်သည့် ခြေထောက်များကို ဆန့်ကာန်းကာ ခြေချောင်း ကလေးများကို ရှေ့ထိုင်ဖုံပေါ်သို့ မှေးတင်ထားလိုက်၏။ လမ်းဘေးမှ မီးရောင်များသည် သူ့မျက်နှာလေးပေါ်သို့ ရိပ်ခနဲ ရိပ်ခနဲ ထိုးကျသွားသဖြင့် မှုန်ရီရီ အလင်းရောင်ထဲတွင် သူ့မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com

ကလေးသည် တစ်မျိုးလှနေသည်။ ထို့နောက် သူ့မျက်နှာသည် မှောင်ပြုပြုထဲသို့ ပြန်ရောက်သွားပြန်၏။

'ဒါဖြင့် မင်းက ဆယ့်နှစ်နာရီ ဒေါင်ခနဲ ထိုးတာနဲ့တစ်ပြိုင်နက် အိမ်ကို ပြန်သွားမယ်ပေါ့၊ ကိုယ့်အတွက် အမှတ်တရ အဖြစ် ဖန်လွှာ ဖိနပ်ကလေး တစ်ဖက်ကိုပဲ ချန်ထားခဲ့တော့မယ်ပေါ့၊ ဟုတ်လား'

'အိမ်ကို မပြန်သေးဘူးရှင့်၊ ဒီနေ့ညမှာ ကျွန်မအိမ်တစ်အိမ်ကို ဖောက်ထွင်းစရာ ရှိသေးတယ်၊ သိပြီလား'

ပျော်ပွဲစားရုံသို့ ရောက်သည့်အခါတွင် နာမည်ကျော် အသားညှပ် ကြက်ဥကျော်ကို စားရသည်။ သူ့တစ်သက်တွင် သည်မျှကောင်းသော အသားညှပ် ကြက်ဥကျော်ကို မစားဖူးသေးပါဟု အမျိုးသမီးငယ်က ဆိုသည်။ ကြက်ဥကျော်က တကယ့် ပါးပါးလှပ်လှပ်ကလေး၊ ပင့်ကူအိမ်ကို ရက်ထားသည့်နှယ် နုရွနေသည်။ အတွင်းက အရောင် ကလည်း နီပြေပြေ ရွှေရောင်သန်းလျက်။ ကြက်ဥ မပျစ်တပျစ် ခေါက်ကြော်ထားခြင်း ဖြစ်၏။

'အမတ်ကြီး နောဝိတ်က ကျွန်မဦးလေး တော်တယ်ရှင့်၊ ကျွန်မ နာမည်က မော်လီပါ'

စိန့်သည် ထိုစကားကြောင့် ကြောင်အမ်းအမ်း မဖြစ်တော့။ နောဝိတ်အကြောင်း သူပြောလိုက်ပုံက များစွာ ယဉ်ကျေးခြင်း မရှိလှ သော်လည်း မတတ်နိုင်။

'ဒီလိုဆိုရင် မင်းဘက်မှာ တို့များ ရှိပါတယ်ကွယ်'

ဟု စိန့်က နှစ်သိမ့်သည့် လေသံဖြင့် ပြော၏။

'ကျွန်မ အဖေက အောက်စဖို့တက္ကသိုလ် အင်ဂျင်နီယာဌာနမှာ ပါမောက္ခပါ။ ကျွန်မအဖေ နာမည်တော့ ရှင်ကြားဖူးချင်မှ ကြားဖူး

www.burmeseclassic.com

www.burmeseclassic.com

မှာပါလေ။ ကျွန်မအဖေနဲ့ ကျွန်မဦးလေးဟာ ညီအစ်ကိုသာ ဆိုပေမယ့် စရိုက်ချင်း နည်းနည်းလေးမှ မတူကြဘူး။ ဦးလေး နောဝိတ်က ပိုက်ဆံလောက်ကိုပဲ ကြည့်တာ။ ဖေဖေကြတော့လည်း ပိုက်ဆံကို နည်းနည်းလေးမှ မမက်ဘူး။ သူ့ဘာသာသူ အေးအေးပဲ နေတာပဲ။ အလုပ်ခွင်က ထွက်လိုက်တာနဲ့ ဖေဖေဟာ ကလေးတစ်ယောက်လို ဖြစ်နေတယ်။ သူတို့ နှစ်ယောက်စလုံးဟာ အောက်ခြေက စတက် လာကြပြီး၊ သူတို့လိုချင်တဲ့ ရည်မှန်းချက်တွေကို ရသွားကြပါတယ်။ ဦးလေးနောဝိတ်ဟာ သူဌေးကြီးဖြစ်သွားပြီး ဖေဖေကတော့ စာကြိုးစားရင်း ရပ်စကင် စကောလားရှစ် ဆုရပြီး အောက်စဖို့ တက္ကသိုလ်ကို ရောက်သွားတယ်လေ။ ခုတော့ ပါမောက္ခကြီး ဖြစ်နေပြီ။ အဲ သူတို့နှစ်ယောက်ကြားမှာ ပြဿနာ ဖြစ်လာတာက မေမေပဲ။ ဦးလေးက မေမေ့ကို ကြိုက်တယ်၊ ဒါပေမယ့် မေမေက ဖေဖေ့ကို လက်ခံလိုက်တယ်’

စိန့်က ခေါင်းညိတ်လိုက်၏။

‘ဦးလေး နောဝိတ်ဟာ ဖေဖေ့အပေါ်မှာ သိပ်ပြီး အခဲမကျေလှဘူး။ အမှန်ကတော့ မေမေ့ကို သူတကယ်မချစ်လို့ပါ၊ တကယ်မချစ်လို့ ပိုက်ဆံနဲ့ ကျော်ကြားမှုနောက်ကို လိုက်သွားတာပေါ့၊ ဒါပေမယ့် သူ့ပိုက်ဆံနဲ့ ကျော်ကြားမှုဟာ မေမေ့အချစ်ကို ဝယ်ယူလို့မရဘူးလေ။ သူ့ပါးစပ်ကတော့ ထုတ်မပြောပါဘူး။ ဖေဖေ့ကိုဆိုရင် အရင်အတိုင်း ကလိုပဲ ပုံမပျက် ဆက်ဆံတာပါပဲ။ ဒါပေမယ့် ဖေဖေကတော့ သူ့ကို သတ်မယ့် လူသတ်သမားကိုတောင်မှ မေတ္တာရှေ့ထားနိုင်တဲ့ လူမျိုး ဆိုတော့ ဒါတွေကို ဘာမှ အမှတ်မထားပါဘူး။ ကျွန်မဦးလေး နောဝိတ်အခြေနေကို မြင်တော့ ဖေဖေ့ကို ပြောတယ်။ ဖေဖေက

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မစကားကို မယုံဘူး။ မယုံတဲ့အပြင် ဦးလေးနောဝိတ်ရဲ့ လုပ်ငန်းကို ကူညီလုပ်ကိုင်ပေးလို့ ဦးလေးနောဝိတ်မှာ ပိုပြီး ချမ်းသာသည်ထက် ချမ်းသာသွားသေးတယ်။ ဖေဖေက စက်ပစ္စည်းတို့ ဘာတို့ကို တီထွင်တာကိုလည်း ဝါသနာပါတယ်လေ။ စစ်ဖြစ်တုန်းက ဖေဖေက စက်ပစ္စည်းတစ်ခုကို တီထွင်ပေးလိုက်တယ်။ သူတီထွင်ပေးလိုက်တဲ့ ပစ္စည်းကြောင့် ဦးလေးနောဝိတ်မှာ ရလိုက်တဲ့ ပိုက်ဆံတွေ နည်းသလား၊ ဒါပေမယ့် ဖေဖေ့ကို ပေါင်ငါးဆယ်ပဲ ပေးတယ်။ ကျွန်မ ပြောတဲ့ အဖြစ်အပျက်ကို နားထောင်ရတာ စုံထောက်ဝတ္ထု တစ်ပုဒ်ကို ဖတ်နေရတာနဲ့ မတူဘူးလားဟင်'

'အင်း ..........နည်းနည်းတော့ တူလာပြီ။ ကိုယ်ကလည်း အဲဒီလို စုံတောက်ဝတ္ထုမျိုး ဆိုရင် ကြိုက်တယ်'

အမျိုးသမီးက ကြက်ဥအသားညှပ်ကြော်ကို စာယလိုက်ပြီးနောက် ခက်ရင်းကို ပန်းကန်ပြားပေါ်သို့ ချထား လိုက်သည်။

'အမယ်လေး ဒီလိုဆိုရင် သိပ်ကောင်းတာပေါ့၊ လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက် တုန်းကတော့ ဖေဖေဟာ ဂီယာအမျိုးမျိုး ထိုးလို့ရတဲ့ မော်တော်ကား အင်ဂျင်တစ်ခုကို တီထွင်နေတယ်ရှင့်။ အဲဒီကားက ဘရိတ်ဖမ်း ထားရင်လည်း မောင်းလို့ရတယ်ရှင့်။ အရှိန်ကို မလျှော့စေ ရဘူး ဆိုပါတော့၊ ထားပါတော့လေ။ ကျွန်မ ပြောနေတာတွေက သိပ်ပြီး အသေးစိတ် ကျနေမလားတော့ မသိဘူး။ ဒါတွေကို ဖေဖေ ပြောနေကျဖြစ်လို့ ကျွန်မလည်း နားရည်ဝနေလို့ ပြောနိုင်တာပါ။ ကျွန်မပြောချင်တာက ဖေဖေ့ရဲ့ တီထွင်မှုဟာ စက်မှုပညာဘက်မှာ အရင်တုန်းက ဘယ်သူမှ မလုပ်ခဲ့ဖူးသေးတဲ့ တီထွင်မှုလို့ ပြောချင် တာပါ။ သူ့တီထွင်ချက်ကြောင့် သန်းချီပြီး ချမ်းသာတဲ့သူမှာ ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com

နေပြီ။ ဒါပေမယ့် ဖေဖေ့မှာတော့ ဘာအကျိုးကျေးဇူးမှ ခံစားရတာ မဟုတ်ဘူး။ ဖေဖေကလည်း သူ့အင်ဂျင်စက်ကို အကောင်းဆုံး ဖြစ်အောင် လုပ်ချင်တယ်။ အထူးသဖြင့် ရေလည်ဆုံကို အကောင်းဆုံး ဖြစ်အောင် လုပ်ချင်တယ်။ အဲဒါတစ်ခုပဲ ကျန်တော့တဲ့အတွက် ဖေဖေလည်း တတ်နိုင်သမျှ ကြိုးစားနေတာပဲ။ လွန်ခဲ့တဲ့ သုံးလလောက် တုန်းကတော့ အဲဒီကိစ္စအတွက် စမ်းသပ်မှုတွေကို လုပ်လိုက်တာနဲ့ ရှိတဲ့ ပိုက်ဆံကလေးလည်း ကုန်သွားပြီ။ ဒါနဲ့ ဖေဖေလည်း ဦးလေး နောဝိတ်ဆီကို သွားပြီး အကူအညီတောင်းတယ်'

စိန့်၏ စိတ်သည် တစ်နေရာသို့ ရောက်သွားကာ တစ်စုံတစ်ရာကို တွေးနေဟန်ရှိ၏။ စိန့်သည် စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီးနောက် အမျိုးသမီးကို အကဲခတ်နေသည်။

'နောဝိတ်က သူ့ကို အကူအညီ ပေးမှာပေါ့'

'ဖေဖေ့ကို ပေါင်တစ်ထောင် ချေးပါတယ်။ အာမခံပေါ့လေ။ အဲ တရားဥပဒေ သဘောအရ ဖြစ်အောင်ဆိုပြီး နည်းနည်းပါးပါး စာချုပ် ရတာလေးတွေလည်း ရှိတာပေါ့။ ဒီလောက်ဆိုရင် ရှင်ရိပ်မိလိမ့်မယ် ထင်ပါတယ်'

'အင်း .........ရိပ်မိလိမ့်မယ် ထင်တာပဲ'

'အာမခံဆိုတာ တစ်ခြားတော့ မဟုတ်ပါဘူး။ ဖေဖေ့ရဲ့ စက်ပုံကြမ်းကို ဦးလေးနောဝိတ်က သူ့မီးခံသေတ္တာ ထဲမှာ ထည့်ထားလိုက်တယ်လေ။ အကျိုးခံစားခွင့် တွေကိုလည်း ဦးလေး နောဝိတ်ကို လွှဲပေးပါ့မယ်ဆိုတာ လက်မှတ်ထိုး ထားရတယ်။ အကြွေး ပြန်ဆပ်သည်အထိ ဦးလေးနောဝိတ်မှာ အကျိုးခံစားခွင့် ရှိနေတယ် ဆိုပါတော့။ ဒါကိုတော့ စာချုပ်ထဲမှာတော့ ရေးမထားပါဘူး။ နှုတ်နဲ့

www.burmeseclassic.com

www.burmeseclassic.com

အာမခံရတာပေါ့။ ဖေဖေကလည်း ဥပဒေ သဘောတွေ ဘာတွေကို သိပ်နားလည်တာ မဟုတ်တော့ အဲဒါတွေအားလုံးကို လက်မှတ်ထိုး ပေးလိုက်တယ်။ အဲဒီတုန်းက ကျွန်မကလည်း အိမ်မှာ မရှိဘူး။ ကျွန်မပြန်ရောက်တော့ လက်မှတ်ထိုးပြီးနေပြီ'

'ဒါဖြင့် ခုည မင်းဖောက်ထွင်းမယ်ဆိုတာ အဲဒီအိမ် ဆိုပါတော့'

အမျိုးသမီးက သူ့ကို လှမ်းကြည့်လိုက်သည်။ ပြာလဲ့ တောက်ပနေသည့် သူ့မျက်လုံးများက ပိုင်းဖြတ်မှုကို ဖော်ပြ နေကြသည်။

'ဒီမှာ မိတ်ဆွေကြီး၊ ကျွန်မတို့နှစ်ယောက် ဟန်ဆောင်တမ်း ကစား မနေကြပါနဲ့စို့။ ရှင်းရှင်းပဲ ပြောကြတာပေါ့။ ဒီလို ဟန်ဆောင်တမ်း မကစားချင်လို့ဘဲ ရှင့်ကို ကျွန်မ ဒီအကြောင်းတွေ ဖွင့်ပြောနေတာပေါ့။ ဟုတ်တယ်။ ဒီနေ့ည ကျွန်မ ဦးလေးနောဝိတ် အိမ်ကို ဖောက်မယ်။ ကျွန်မ သူ့အိမ်ကို ဖောက်ထွင်းပြီး သော့ကို ရှာမယ်။ ပြီးတော့ မီးခံသေတ္တာကို ဖွင့်မယ်။ ဖေဖေ လက်မှတ် ထိုးထားတဲ့ စာရွက်စာတမ်းတွေကို ပြန်ယူမယ်။ ခုဆိုရင် ဖေဖေဟာ သူ့ရေလည်ဆုံကို ပြီးအောင် မလုပ်ရသေးဘူး။ လုပ်ပြီးတယ် ဆိုရင် လည်း သူ့အကြွေးကို ပြန်ဆပ်နိုင်မှာ မဟုတ်ဘူး။ ဒါကို ဦးလေး နောဝိတ် သိတယ်။ အဲဒီကား အင်ဂျင်ပုံစံကို ပြင်သစ် မော်တော်ကား ကုမ္ပဏီတစ်ခုကို ရောင်းဖို့ စကားတောင် ကမ်းလှမ်း ထားပြီးပြီ။ ကျွန်မတို့ အနေနဲ့ သူ့ကို တရားဥပဒေအရ ဘာမှ မလုပ်နိုင်တော့ဘဲ ဒီအတိုင်း လက်ပိုက် ကြည့် နေရတော့မှာပဲ။ သူက လက်ရှိ ဖြစ်နေသေးတာကိုး။ တရားဥပဒေ သဘောနဲ့ ကြည့်ရင် လက်ရှိကပဲ နိုင်မှာပဲ။ စာချုပ်နဲ့ ပုံစံသာ ကျွန်မတို့လက်ထဲ ရောက်ဖို့ အရေး

www.burmeseclassic.com

www.burmeseclassic.com

ကြီးတယ်။ ကျွန်မတို့ လက်ထဲ ရောက်တယ်ဆိုရင် ဦးလေးနောဝိတ်လည်း တရားရုံးကို တက်ပြီး တရားစွဲရဲမှာ မဟုတ်ဘူး။ သူချုပ်ထားတဲ့ စာချုပ် စည်းကမ်းချက်တွေက တရားနည်းလမ်းမှ မကျတော့ တရားရုံးကို သူ ဘယ်တက်ရဲပါ့မလဲ။ ဒီလိုပြောတော့ ရှင်က ကျွန်မကို ရူးများရူးနေတယ် ထင်သလား မသိဘူး’

‘သိပ်တော့ မထင်ပါဘူး၊ နဲနဲပါးပါးပဲ ထင်တာပါ’

အမျိုးသမီးက ဝိုင်ကလပ်မှ လက်ကိုင်ပုဝါ ကလေးကို လက်ဖျား ကလေးများဖြင့် လှည့်ကာ ကစားလိုက်ရင်း

‘ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ၊ ဒါထက် နာမည်ကျော် သူခိုးကြီး စိန့်ဆိုတဲ့ လူအကြောင်းကို ရှင်များ ကြားဖူးမလား မသိဘူး’

စိန့်က မျက်နှာကို မဖော်ဘဲ ခေါင်းငုံ့လျက်

‘ခေတ်သစ် ရော်ဘင်ဟုလို့တော့ ပြောကြတာပဲ’

‘ဒီလိုကိစ္စမျိုးဆိုရင်တော့ သူ စိတ်ဝင်စားမှာပါ။ အလုပ်က တရားဥပဒေနဲ့ ဆန့်ကျင်ပေမယ့် တရားမျှတတဲ့ အလုပ်မဟုတ်လား၊ ခုနေ သူနဲ့ တွေ့ချင်လိုက်တာရှင်။ သူနဲ့များတွေ့ရရင် ဘယ်လောက် ကောင်းမလဲ မသိဘူး။ သူသာဆိုရင် ကျွန်မအခြေအနေကို သဘော ပေါက်မှာပါ။ ကျွန်မ ဒီလိုလုပ်တာကိုလည်း အားပေးမှာပဲ။ ဒီက ဧည့်သည်ကြီးလည်း ကျွန်မပြောတဲ့စကားကို စိတ်ရှည်ရှည် နားထောင်တယ် ဆိုကတည်းက ကျွန်မကို ကူညီတာနဲ့ အတူတူပါပဲ၊ ကဲပါရှင်၊ ကျွန်မ ပြောချင်တာတွေ ပြောပြီးပါပြီရှင်၊ ရှင်ပြောချင်တာ ကိုလည်း ပြောပါဦး။ ပြီးတော့ ရှင်ပြောတဲ့ ကော်ဖီဆိုင်ကို သွားပြီး ကော်ဖီသောက် ကြတာပေါ့။ ကျွန်မ ပြောတာတွေကို မေ့ပစ်လိုက် ပါတော့’

www.burmeseclassic.com

www.burmeseclassic.com

စိန့်က ပြုံးသည်။

စိန့်က နောက်ဆုံးကျန်သည့် ဝိုင်ကိုငှဲ့လိုက်ပြီး ဖန်ခွက်ကို မြှောက်လိုက်၏။ ဖန်ခွက် နှုတ်ခမ်းပေါ်မှ ကျော်၍ မိန်းမပျိုကို ရဲတင်းစွာ ခြေဆုံးခေါင်းဆုံး သိမ်းကျုံးကြည့်လိုက်သည်။ ရဲတင်းသည့် သူ့အကြည့်သည် ပမာမခန့်သော သူ့အပြုံး၊ လှောင်ပြောင် သရော်သည့် ဟန်ဖြင့် အထက်သို့ တက်နေသည့် သူ့မျက်ခုံးများနှင့် လိုက်ဖက်နေ၏။

'ကိုယ်ကတော့ မင်းပြောတာတွေကို သိပ်မမေ့ချင်ဘူးဗျ။ မင်းပြောတဲ့ သူခိုးကြီး စိန့်ဆိုတာ တခြားလူမဟုတ်ပါဘူး။ ကိုယ်ပဲ။ မင်းပြောတဲ့ မီးခံသေတ္တာဆိုတာ ကိုယ်ဖွင့်လို့မရအောင် လုပ်ထားတဲ့ မီးခံသေတ္တာ မဟုတ်ပါဘူး။ ကဲ....ပြောနေကြာတယ်ကွယ်။ မင်းဦးလေး နောဝိတ်အိမ်ကို သွားမယ်'

'ဒီအိမ်ပဲရှင့်'

အမျိုးသမီးက ပြောသည်။

စိန့်သည် ကားစက်ကို သတ်လိုက်ပြီးနောက် ခြံစည်းရိုး မှောင်ရိပ်တွင် ထိုးရပ်လိုက်၏။ ကားမှာ အမျိုးသမီး၏ ကားဖြစ်သည်။ အမျိုးသမီးသည် ထိုကိစ္စအတွက် ကားယူလာခြင်းဖြစ်သည်။

အမတ်ကြီး နောဝိတ်၏ အိမ်မှာ နပိုလီယံခေတ် ပုံစံအတိုင်း ဆောက်ထားသည့် ရှေးစံအိမ်ကြီး တစ်လုံးဖြစ်သည်။ ခြံဝင်းကျယ် ကြီးထဲရှိ တောင်ကုန်းထိပ် တစ်ခုပေါ်တွင် ဆောက်ထားပြီး ခပ်တစ်ရာ နှင့်လည်း တော်တော် အလှမ်းဝေးသည်။ စိန့်သည် ထိုင်ခုံပေါ်တွင် ထိုင်နေရာမှ အိမ်ကြီးကို လှမ်းကြည့်လိုက်သည်။ မိုင်ခွဲ၍ လေးထောင့် ကျသည့် အိမ်ကြီး အထက်ပိုင်းအား မီးရိုးရောင် မှိုင်းမှိုင်းသုတ်

www.burmeseclassic.com

www.burmeseclassic.com

ထားသည်ကို မြင်ရ၏။ စိန့်သည် ကော်ဖီဆိုင်ထဲတုန်းက အမျိုးသမီး ဆွဲပြသည့် အိမ်ပုံစံကို ကြည့်ခဲ့ရာ ယခုအိမ်ကြီးကို မြင်လိုက်သည့် အခါတွင်မူကား ထိုအိမ်ကြီးတွင် နှစ်ပေါင်းများစွာ ကျင်လည် ခဲ့ဖူးသည့်နှယ် အိမ်ထောင့်တိုင်း အခန်းတိုင်းကို ကောင်းစွာ သိနေလေပြီ။ ထိုညဥ့်မှာ လရောင်ကြယ်ရောင်တို့ ကင်းမဲ့သောညဥ့် ဖြစ်၏။ သို့ရာတွင် မှောင်ကြီးအတိ ကျနေသည့် ညဥ့်ကား မဟုတ်ချေ။ သူတို့နှစ်ယောက် အတွက်မူ အလုပ်လုပ်၍ အနေတော်ပင်ဖြစ်သည်။ စိန့်က စီးကရက် မီးညှိလိုက်သည့် အခါတွင် တဖွတ်ထိုးလုပ်မည့် ထင်ရှား ပြတ်သားသော သူ့မျက်နှာကို မြင်လိုက်ရသည်။

'ကျွန်မအတွက် ဘာဖြစ်လို့ ဒီလိုများ လိုက်လုပ်ပေးနေသလဲ ဆိုတာ ကျွန်မဖြင့် မစဉ်းစား တတ်အောင်ပဲ' ဟု အမျိုးသမီးက ပြောလိုက်၏။

'ဒါကတော့ ကိုယ့်ဝါသနာ မို့ပါကွယ်။ ကိုယ်က ဒီလို ကစားနည်းမျိုးကို ကစားရတာ ပျော်တယ်လေ။ ကိုယ့်စိတ်မှာလည်း နောဝိတ်လို ငှက်မျိုးကို ပစ်ချင်နေတာနဲ့ အတော်ပဲ။ ခုကိစ္စမျိုးကတော့ အင်မတန် ရှားပါးတဲ့ ကိစ္စမျိုးပဲ။ ဒီလို ဇာတ်လမ်းမျိုးကို ဘယ်သူမှ ထွင်ပြောနိုင်မှာ မဟုတ်ဘူး။ ဒီလို အလုပ်မျိုး လုပ်ရလို့ကတော့ မိုင်ပေါင်းများစွာက ပြေးလာဆိုလည်း ပြေးလာမှာပဲ'

'ဒီလိုဆိုရင် ကျွန်မအဖို့ ရှင်နဲ့ တွေ့ရတာ ကံကောင်းတာပေါ့နော်'

စိန့်က စီးကရက်ကို အဆုတ်ထဲ ရောက်အောင် ရှိုက်လိုက်သည်။ စီးကရက် မီးခိုးနှင့်အတူ မွှေးပျံ့သော သစ်ရွက်နံ့များကိုပါ ရလိုက်၏။

'ဒီလို ကိစ္စမျိုးက ကိုယ်ဝါသနာပါတဲ့ ကိစ္စမျိုး မဟုတ်လား၊ လက်တွေ့ကျမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com

'တကယ်လို့ ဦးလေးနောဝိတ် နိုးနေရင်ကော'

'ချက်ချင်း နှစ်နှစ်ချိုက်ချိုက် ပြန်အိပ်သွားအောင် အိပ်မွေ့ချရမှာပေါ့'

'တကယ်လို့ ရှင့်ကို အစေခံတွေက ဝိုင်းဖမ်းကြရင်ကော'

'သူတို့ကို သုံးယောက် တစ်တွဲစီ ကြိုးနဲ့တုပ်ပြီး ကိုယ်က အမှောင်ထဲ ထွက်ပြေးမှာပေါ့'

'တကယ်လို့ မိသွားတယ် ဆိုရင်ကော'

စိန့်က ရယ်လိုက်၏။

'ကိုယ့်ကို မိသွားတယ်ဆိုရင် ကမ္ဘာကြီး ပျက်စီးလုနီးပါးလိုပဲ ဖြစ်ရမှာပေါ့။ ဒီလောက်လည်း စိတ်မပူပါနဲ့လေ။ ကိုယ့်ကိုမိတယ်ဆိုရင် အထဲက ဆူဆူညံညံ အသံတွေတော့ မင်းကြားရမှာပေါ့။ ဆူဆူညံညံ ကြားရင် ကားကိုမောင်းပြီး လစ်ပေတော့၊ မင်းကိစ္စအတွက် လာတာလို့ မပြောပါဘူး။ စိတ်ချပါ။ ကိုယ့်ဘာသာကိုယ် အိမ်ဖောက်တာလို့ ပြောမှာပေါ့'

စိန့်သည် သပ်ရပ်လှပသည့် ဘောင်းဘီခြေထောက်ထဲမှ လှပသော ခြေတံ ရှည်ရှည်တစ်ဖက်ကို ဖော့ယမ်းလိုက်ပြီး မြေကြီးပေါ်သို့ ဆင်းလိုက်သည်။ ခဏကြာလျှင် စိန့်သည် အမှောင်ထဲတွင် ပျောက်ကွယ်သွားခဲ့လေပြီ။

စိန့်သည် မြက်တောထဲတွင် ကြောင်တစ်ကောင်၏ ယုံကြည် စိတ်ချခြင်းမျိုးဖြင့် ပေါ့ပါး လျင်မြန်စွာ လျှောက်လာခဲ့သည်။ အိမ်အနီးသို့ ရောက်သည့်အခါတွင် အိမ်ရှေ့ ပြတင်းပေါက်များမှ အလင်းရောင် ပြူထွက်လျက် ရှိသည်ကို မတွေ့ရ။ သို့ရာတွင် သေချာစေရန်အတွက် အိမ်ကြီးကို တစ်ပတ် ပတ်ကြည့်လိုက်သည်။ စိန့်၏မျက်လုံးများသည်

www.burmeseclassic.com

ကြာရှည်ကျင့်သားရပြီး ဖြစ်သည့်အလျောက် ခဏအကြာတွင် အမှောင်ထဲ၌ ကျင့်သားရသွား၏။ စိန့်သည် ခြေထောက်အောက်တွင် မြက်ပင်ကလေး တစ်ပင်ကိုမျှ မလှုပ်စေရဘဲ သွက်လက်ပေါ့ပါးစွာ လျှောက်လာခဲ့သည်။

အောက်ထပ်မှာ ပြတင်းပေါက် ရှည်ကြီးများ၊ မှန်ဦးကြီးများ တပ်ထားသည့် နံရံကြီးဖြစ်သည်။ အခန်းများတွင် ဝက်သစ်ချ တံခါးများကလည်း အထူကြီးတွေ ဖြစ်၏။ လူတစ်ယောက် ဖွင့်ဖို့ မပြောနှင့်။ လူအုပ်ကြီးနှင့် ချီပြီး တုံးကြီးနှင့် တိုက်ဖွင့်လျှင်ပင် တော်တော်နှင့် ပွင့်နိုင်မည်မဟုတ်။ သို့ရာတွင် ရှေ့ဘက်တွင် ခံတပ်ကြီးတစ်ခုလို အခိုင်အမာ ဆောက်ထားသည့် အိမ်ကြီးများသည် နောက်ဘက်တွင် 'အခွင့်မရှိ မဝင်ရ' ဟူသော ဆိုင်းဘုတ်ကလေးမှ အပ တစ်ခြားဘာမျှ အကာအကွယ် မရှိတတ်သည်ကို ဖောက်ထွင်းမှု အတွေ့အကြုံအရ စိန့်က သိပြီးဖြစ်၏။ စိန့်သည် ခပ်ဟဟ ဖြစ်နေသည့် ပြတင်းပေါက် ပေါင်ပေါ်သို့ အသာတက်လိုက်ပြီး အောက်သို့ လျှောချလိုက်၏။

ထို့နောက် မီးဖိုခန်းထဲသို့ ဝင်လာခဲ့သည်။ အိတ်ဆောင် လက်နှိပ်ဓာတ်မီး ကလေးတစ်လက်၏ အကူအညီဖြင့် ပင်မ ဓာတ်အားပေး ခလုတ်ကြီးကို လိုက်ရှာကာ အထဲမှ ဖျူးစ်ကို ဖြုတ်လိုက်သည်။ အကယ်၍ အရေးအကြောင်းရှိလျှင် အိမ်ရှိ အစောင့်များသည် မီးမရှိသဖြင့် အခက်အခဲ တွေ့ကြတော့မည်။ သူ့အဖို့သော်မူ အမှောင်ကို ကျင့်သားရပြီး ဖြစ်သည့်အတွက် ပူစရာမရှိ။ ထို့နောက် စိန့်သည် အလယ်ခန်းမ ဆောင်ကြီးအတိုင်း လျှောက်လာခဲ့ကာ ဝက်သစ်ချ တံခါးကြီးများကို မင်းတုပ်ဖြုတ်သည်။ အချို့ကို သံကြိုးဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com

အချို့ကို သော့ဖြင့် ဖွင့်လိုက်သည်။ ကျင့်သားရပြီး မျက်လုံးများဖြင့် အရေးရှိက အသင့်ဖွင့်နိုင်ရန် အပေါက်များကို လိုက်ကြည့်ပြီး နောက်ဆုံးတွင် စာကြည့်ခန်းရှိ ပြတင်းပေါက်များ အားလုံးကို ဖွင့်ထားလိုက်၏။ ထိုကိစ္စများပြီးမှ မီးခံသေတ္တာကို ရှာရမည်။

အမျိုးသမီးသည် မီးခံသေတ္တာရှိသည့် နေရာကို အတိအကျ ပြောလိုက်ပြီးဖြစ်၏။ မီးခံသေတ္တာမှာ နံရံထဲတွင် မြှပ်၍ ထည့်ထား၏။ မီးခံသေတ္တာရှေ့တွင် စာအုပ်စင်ကလေးတစ်ခု ကွယ်ထားပြီး ခလုတ်ကို နှိပ်လိုက်သည်နှင့် စာအုပ်စင်ကလေးသည် တံခါးတစ်ချပ်လို ဘေးသို့ ရွေ့သွားသည်။ စိန့်သည် လက်နှိပ်ဓာတ်မီးဖြင့် မီးခံသေတ္တာကို သုံးစက္ကန့်လောက် အကဲခတ်ကြည့်လိုက်သည်။ အခါတိုင်း မီးခံသေတ္တာများဆိုလျှင် ကောက်ထားသည့် ဆံထိုးကလေး တစ်ချောင်း၊ သို့မဟုတ် သံဘူးဖွင့်သည့် ပစ္စည်းကလေးကို သုံးလိုက်ခြင်းဖြင့် ကိစ္စပြီးနိုင်သည်။ ယခု မီးခံသေတ္တာကမူ ထိုပစ္စည်းများကို သုံး၍ ရမည်မထင်။

စိန့်သည် အလယ် ခန်းမကြီးဘက်သို့ ပြန်ထွက်လာကာ သွက်လက်ပေါ့ပါးသော ခြေလှမ်းများဖြင့် ကျယ်ပြန့်သည့် လှေကားကြီးအတိုင်း အပေါ်ထပ်သို့ တက်လာခဲ့၏။ သူ့တွင် အခါတိုင်း ဆောင်နေကျ ဖောက်ထွင်းကိရိယာများ ထည့်သည့် အိတ်ကလေး မပါလာခဲ့။ သို့သော် ကိစ္စမရှိပါ။ မီးခံသေတ္တာများမှာ အများအားဖြင့် သော့ရှိသည့် မီးခံသေတ္တာများ ဖြစ်ကြောင်း၊ ထိုသော့များသည်လည်း မီးခံသေတ္တာ ပိုင်ရှင်များထံတွင် လုံခြုံစွာ သိမ်းထားသော ကြောင်း၊ ထို့ကြောင့် ဖောက်ထွင်းသမားများအဖို့ မီးခံသေတ္တာဖွင့်ရန် နိုက်ထရိုဂလစ်စရင်းနှင့် အောက်ဇီအက်ဆယ်တလင်း ဓာတ်များကို မှုတ်၍

www.burmeseclassic.com

ဖွင့်ရသည့် ပိုက်ကလေးများ ယူဆောင်လာရလေ့ ရှိကြောင်းကို စိန့်သိပြီးဖြစ်၏။ ယခု သူ့တွင် ထိုပစ္စည်းများလည်း ပါမလာခဲ့ချေ။

အခန်းထဲသို့ ရောက်သည့်အခါတွင် အမတ်ကြီးနောဝိတ်သည် နှစ်ချိုက်စွာ အိပ်ပျော်လျက် ရှိသည်ကို တွေ့ရ၏။ အထူးသဖြင့် လည်ချောင်းဆီမှ မြည်နေသော ဟောက်သံကို သူသတိပြုလိုက်မိ၏။ နိုးလာသည့် တိုင်အောင်လည်း ထိုမျှပေါ့ပါး သွက်လက်သောလက်ဖြင့် သူ့အိမ်ခန်း တံခါးအား တွန်းဖွင့်လိုက်သည်ကို သူ သိနိုင်မည်မထင်။ ဗီရိုအံဆွဲထဲမှ သော့ကို ထုတ်ယူသည်ကိုလည်း သူသိမည်မဟုတ်။ ထိုမျှမက သူ့လည်ပင်းတွင် ချိတ်ဆွဲထားသည့် သော့တွဲထဲမှ သော့တစ်ချောင်းအား ဖြုတ်ယူသည့်တိုင် သိမည်မဟုတ်ဟု စိန့် တွက်ပြီးသား ဖြစ်သည်။

စိန့်သည် တစ္ဆေတစ်ကောင်လို လှစ်ကနဲ အောက်ထပ်သို့ ဆင်းလာခဲ့ပြန်သည်။ သော့တွဲထဲမှ သော့တစ်ချောင်းဖြင့် ဖွင့်ကြည့်လိုက်သည့် အခါတွင် လေးလံသော မီးခံသေတ္တာမှ သံမဏိ တံခါးကြီးသည် အသာကလေး ပွင့်သွားရာ သည်မျှ လွယ်ကူသည့်အတွက် သူကိုယ်တိုင်ပင် အံ့အားသင့်သွားသည်။ စိန့်သည် လက်နှိပ်ဓာတ်မီးကို ခလုတ်ဖွင့်ထားပြီး သေတ္တာတစ်နေရာတွင် ထောင်ထားလိုက်၏။ လက်နှိပ်ဓာတ်မီးမှ အရောင်ကြောင့် မီးခံသေတ္တာ တစ်ခုလုံးကို ကောင်းစွာမြင်နေရသည်။ စိန့်သည် လက်အိတ် စွပ်ထားသည့် လက်များဖြင့် လုပ်စရာရှိသည်ကို သွက်လက်စွာ လုပ်သည်။ တစ်ချီတွင် သူ့ခေါင်းအထက်ဆီမှ ကျီးအာ မည်သံကို ကြားလိုက်ရသဖြင့် သူ့ တစ်ကိုယ်လုံးသည် ကျောက်ရုပ်ကြီးလို အေးစက်ကာ မတုန်မလှုပ် ဖြစ်သွား၏။ သို့ရာတွင် သူ့ကြောင့်

www.burmeseclassic.com

အသံမြည်ခြင်း မဟုတ်။ တစ်နေရာက မြည်ခြင်းဖြစ်သည်။ ထို့ကြောင့် စိန့်သည် အလုပ်ကို ဆက်လုပ်၏။

အင်ဂျင်စက်ပုံစံ အကြမ်းများမှာ ဖူးလ်စကက်စာရွက်များပေါ်တွင် ရေးဆွဲထားပြီး ဖူးလ်စကက် စာရွက်များကို တိပ်ဖြင့်ကပ်ထား၏။ အညွှန်းများ ရေးထားသည့် စာရွက်များကိုမူ ရှည်လျားသည့် စာအိတ်ရှည်ကြီး တစ်ခုထဲတွင် ထည့်ထားပြီး စာအိတ်ပေါ်တွင် 'ပီဂေးဆပ်ဘက်စုံပြောင်းဂီယာ' ဟု ရေးထားသည်။ ထိုစာရွက်များ နှင့်အတူ ကြွေရောင်စက္ကူပေါ်တွင် ရိုက်ထားသည့် စာချုပ်တစ်ခုကိုလည်း တွေ့ရ၏။ ထို့ပြင် နာမည်ကျော် ပြင်သစ်မော်တော်ကား ကုမ္ပဏီမှ ပေးစာများကိုလည်း တွေ့ရသေးသည်။

စိန့်သည် နောက်ထပ် ဆယ်မိနစ်ခန့် အလုပ်များလျက်ရှိ၏။ သူ့ကိစ္စထဲတွင် စိတ်ဝင်စားလျက် ရှိခြင်းကြောင့် သာမန်ဆိုလျှင် သူအလွယ်တကူ ကြားနိုင်သော အသံသဲ့သဲ့များကို သူသတိမထားလိုက်မိချေ။ သူ့ကိစ္စအပြီးတွင် သူပထမဆုံး ကြားလိုက်ရသောအသံမှာ အပြင်ဘက်စင်္ကြံမှ ဖော့၍နင်းလိုက်လာသော ခြေသံများနှင့် တီးတိုးပြောသံများ ဖြစ်သည်။ ထို့ကြောင့် စိန့်သည် ခေါင်းကို ဆတ်ခနဲမော့၍ နားစွင့်လိုက်သည်။

ထို့နောက် သူ့မျက်လုံးများသည် ခပ်စောစောက သူပြန်ပိတ်ခဲ့သည့် မီးခံသေတ္တာဆီသို့ အလိုလိုရောက်သွားကြ၏။ ဤတွင် ခပ်စောစောက သူသတိမထားခဲ့မိသော အရာတစ်ခုကို သွားတွေ့၏။ ထိုအရာမှာ အခြားမဟုတ်။ ကြမ်းပြင်မှ တစ်လက်မ မရှိတရှိ ထိုးထွက်နေပြီး မီးခံသေတ္တာအောက် သမံတလင်း အပေါက်ထဲသို့ မြုပ်ဝင်နေသည့် ပိုက်လုံးတစ်လုံး ဖြစ်သည်။ မီးခံသေတ္တာကို ဖွင့်လျှင်

www.burmeseclassic.com

www.burmeseclassic.com

အချက်ပေးသည့် ဝါယာကြိုးထည့်ထားသော ပိုက်လုံးဖြစ်သည်။ အမျိုးသမီးကမူ အချက်ပေး ခလုတ်များမရှိဟု သူ့ကို ပြောလိုက်ပြီးဖြစ်သည်။ သို့ရာတွင် နောဝိတ်သည် ထိုအချက်ကိုမူ မည်သူ့အားမျှ အသိပေးဟန်မရှိ။ ထို့ကြောင့် အမျိုးသမီး မသိခြင်းဖြစ်သည်။ ယခုမူ စိန့် အလစ်တွင် ခံလိုက်ရလေပြီ။

ထိုစဉ် မှောင်ရိပ်ထဲမှ လက်နိပ်ဓာတ်မီးရောင် သေးသေးကလေး တစ်ခုသည် ပေါက်ကွဲမှုတစ်ခုလို ရုတ်တရက် ထွက်ပေါ်လာ၏။ စိန့်သည် အမှောင်ထဲတွင် ပြတင်းပေါက်ဆီသို့ လှမ်းခုန်လိုက်ပြီး ပြတင်းပေါက်ကိုပိတ်၍ မင်းတုပ်ချလိုက်သည်။ အခန်း အလယ်ကောင် သို့ ပြန်လာရင်း မျက်နှာအောက်ပိုင်းကို လက်ကိုင်ပဝါဖြင့် စည်း လိုက်၏။ အမှောင်ထဲတွင် တံခါးမကြီးဆီသို့ လာခဲ့ကာ တံခါး လက်ကိုင်ဘုကို ဖမ်းကိုင်ပြီး အသာလှည့်ကြည့်လိုက်၏။ အောက်သို့ တဖြည်းဖြည်းလျှော၍ စမ်းကြည့်လိုက်သည့် အခါတွင် သော့ပေါက် ထဲတွင် သော့ကိုမတွေ့ရချေ။ စိန့်ဦးနှောက်သည် လျင်မြန်စွာ အလုပ် လုပ်လျက်ရှိ၏။ သူ့ ဦးနှောက်သည် အကျပ်အတည်း ကြုံလာလျှင် ထက်မြက် လာတတ်သည် မဟုတ်လော။

စိန့်သည် တံခါးကို ရုတ်တရက် တွန်းဖွင့်လိုက်ပြီး အလယ် ခန်းမဆောင်ထဲသို့ လှမ်းဝင်လိုက်သည်။ သူ့ လက်ယာ ဘက် အိမ်နောက်ဖေးသို့ ထွက်သည့်လမ်းတွင် အရပ်မြင့်မြင့် ကိုယ်လုံး ကိုယ်ပေါက် တုတ်ခိုင်သည့် ဘဏ္ဍာစိုးကြီး ရပ်လျက်။ သူ့ကိုယ်တွင် ညဥ့်ဝတ်အင်္ကျီကို ဝတ်ထားပြီး တုတ်ကြီး တစ်ချောင်းကို ကိုင်ထားသည်။ သူ့လက်ဝဲဘက် အိမ်ရှေ့ပေါက်သို့ ထွက်သည့် လမ်းတွင် ဘောင်းဘီတို စွပ်ကျယ်အင်္ကျီတို့ကိုသာ ဝတ်ထားသည့်

www.burmeseclassic.com

www.burmeseclassic.com

လူငယ်တစ်ယောက်။ ရှေ့တည့်တည့် အပေါ်ထပ်မှဆင်းသည့် လှေကားရင်းတွင်မူ အိမ်ရှင် အမတ်ကြီး နောဝိတ်သည် လက်တစ်ဖက်တွင် ဖယောင်းတိုင်ကို ကိုင်ထားပြီး အခြား လက်တစ်ဖက်တွင် ခြောက်လုံးပြူးကို ကိုင်လျက်။ ပဝါစည်းထားသည့် အောက်မှ သူ့နှုတ်ခမ်းများပေါ်တွင် လှောင်ပြုံးကလေးတစ်ခု ပေါ်လာသည်။

'သြော် မိတ်ဆွေကြီးတို့လား။ ကျွန်တော့်ကိုတော့ မျှော်လင့်ထားကြပုံ မရဘူးထင်ပါရဲ့နော်။ ကျွန်တော်တို့ ဧည့်ခံကြတဲ့နေရာမှာ အဝတ်အစား အပြည့်အစုံဝတ်ပြီးမှ ဧည့်ခံကြတာ များပါတယ်ဗျာ။ ခုခင်ဗျား တို့မှာတော့ အဝတ်အစားတွေ ကိုးရိုးကားယားနဲ့ ကြည့်မကောင်းပါဘူး။ ဒီအဝတ်အစားအတိုင်း ဆိုရင်တော့ ကျွန်တော် ခင်ဗျားတို့ကို အတွေ့မခံနိုင်ပေဘူး ထင်တယ်ခင်ဗျ'

ဟု ယဉ်ကျေးစွာ ပြောလိုက်၏။

စိန့်သည် အထဲသို့ ပြန်ဝင်ပြီး တံခါးကို ပိတ်လိုက်သည်။ ဘဏ္ဍာစိုးနှင့် လူငယ်သည် ရုတ်တရက် ကြောင်ကြည့် နေကြသည်။ ခဏကြာမှ သတိပြန်ရလာကာ တံခါးဆီသို့ ပြေးလာခဲ့ကြ၏။ တံခါးကို အတင်းဖွင့်၍ လိုက်လာခဲ့ကြသည် တွင် အမတ်ကြီး နောဝိတ်သည် ဖယောင်းတိုင်ကို ကိုင်ထားရင်း နောက်မှ လိုက်လာသည်။ အခန်းထဲသို့ ရောက်သည့်အခါတွင် ဟာလာဟင်းလင်းဖြစ်နေသော စာကြည့်ခန်းကိုသာ တွေ့ရသည်။ သူတို့ သုံးယောက်သည် ကျီးကန်းတောင်းမှောက် မျက်လုံးများဖြင့် အခန်းပတ်ပတ်လည်ကို ကြည့်နေကြသည်။

နောက်ဆုံးတွင် ဘဏ္ဍာစိုးက သတိပြန်ရလာကာ စတင်လှုပ်ရှားလာ၏။ ဘဏ္ဍာစိုးသည် ခြေဖျားထောက်၍ ရှေ့သို့တိုးလာကာ

www.burmeseclassic.com

www.burmeseclassic.com

စာကြည့်ခန်းထောင့်တွင် ချထားသည့် ဆိုဖာကြီးတစ်လုံး နောက်ကွယ်သို့ ငုံ့ကြည့်လိုက်သည်။ လူငယ်သည်လည်း သူ့နမူနာကိုကြည့်ကာ ပြတင်းပေါက်ဆီသို့ ပြေးလာပြီး ခန်းဆီးကြီးကို ဘေးသို့ ဆွဲကြည့်လိုက်သည်။ အပြင်ဘက် မှန်တံခါးမှ သူတို့ကို ကြည့်နေသည့် အခြားအစေခံနှစ်ဦး၏ မျက်နှာကို တွေ့လိုက်ရသည်။ အစေခံနှစ်ယောက်သည် ငါးကန်ထဲမှ လန့်ဖျပ်သွားသော ငါးနှစ်ကောင်လို မျက်နှာကို နောက်သို့ ဆုတ်လိုက်ကြသည်။ အမတ်ကြီးနောဝိတ်မှာမူ မီးတောက်ယိမ်းထိုးလျက်ရှိသော ဖယောင်းတိုင်ကို မြှောက်ကိုင်ထားရင်း အခန်းထဲ၌ ရပ်နေလေ၏။

စိန့်သည် ကြီးမားသည့် စာအုပ်စင်ကြီး တစ်ခု၏ထိပ်တွင် လဲလျောင်းနေရာမှ ကျားသစ် တစ်ကောင်လို ဖျတ်လတ်ပေါ့ပါးစွာ အောက်သို့ ခုန်ဆင်းလိုက်ရာ နေဝိတ်၏ နောက်သို့ ရောက်သွား၏။ ထို့နောက် နောဝိတ်၏ ခေါင်းမှ ဆံပင်ကို အသာဆွဲကိုင်၍ ခေါင်းကို နှိမ့်ချလိုက်သည်တွင် အမတ်ကြီး နောဝိတ်မှာ အလန့်တကြား အော်လိုက်သည်။ စိန့်သည် နောဝိတ်ကို ခပ်ပြင်းပြင်း ရှေ့သို့ တွန်းချလိုက်ရာ နောဝိတ်သည် မှောက်လျက် လဲကျသွားပြီး ဖယောင်းတိုင် မီးတောက်လည်း ဟုတ်ခနဲ ငြိမ်းကာ တစ်ခန်းလုံး မှောင်မဲ သွားလေ၏။

အမှောင်ထဲတွင် ဂျိမ်းခနဲ တံခါးပိတ်လိုက်သံကို ကြားလိုက်ရသည်။

'ခုနေ မြို့ထဲပြန်သွားရင် ကပွဲရုံသွားပြီး တစ်ချီတစ်မောင်းလောက်တော့ အချိန်ရသေးတယ်'

ဟု စိန့်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

စိန့်သည် အမှောင်ထုကြီးထဲမှ ဘွားခနဲ ပေါ်လာကာ အမျိုးသမီးဘေးသို့ ရောက်လာ၏။ အမျိုးသမီးက အလန့်တကြားအော်လိုက်သည်။

'လန့်လိုက်တာရှင်၊ ကျွန်မကိုများ တမင်လန့်အောင် လုပ်နေသလားမသိဘူး'

ဟု အမျိုးသမီးက ပြောသည်။

စိန့်က ရယ်သည်။ နော့ဝိတ်၏ အိမ်ကြီးနားမှ ဖြတ်သန်းလာခဲ့သည့် အခါတွင် အိမ်ကြီးထဲမှ ပြောဆိုနေသံများ၊ အမိန့်ပေးနေသံများကို ကြားရလေရာ ထိုအသံများသည် မြေခွေးတစ်ကောင်ကို လိုက်နေသော အမဲလိုက်ခွေးများ၏ အသံကဲ့သို့ သူ့အဖို့ သာယာနာပျော်ဖွယ် ကောင်းနေသည်။ စိန့်သည် ကားထဲသို့ ဝင်ထိုင်လိုက်ပြီး စက်နှိုးလိုက်သည်။ အင်ဂျင်စက်က အလိုက်တသိ မြည်လာသည်။

'စက်ပူအောင်ဆိုပြီး ရှင်မရှိတုန်းမှာ ကျွန်မ တစ်ပတ်လျှောက်မောင်းထားတာ'

'လိမ္မာ လိုက်တဲ့မိန်းကလေးရယ်'

မော်တော်ကားသည် သူ့ကားရှေ့မှ မီးရောင်ထဲသို့ အတင်းတိုးဝင်ပြေးလျက်ရှိ၏။ စိန့်က စီးကရက်တစ်လိပ်ကို စမ်းထုတ်ကာ လက်တစ်ဖက်ဖြင့် ညှိလိုက်သည်။

'ဘယ့်နှယ်လဲ၊ အဆင်ပြေတယ် မဟုတ်လား'

'ကိုယ့်ဘဝမှာ မဖြစ်တာရယ်လို့ မရှိသေးဘူး ကလေးမရဲ့၊ ကိုယ်ပြောပြီးပြီ မဟုတ်လား'

'ဒါပေမယ့် အသံတွေကတော့'

www.burmeseclassic.com

www.burmeseclassic.com

'မီးခံသေတ္တာ တံခါးကိုဖွင့်လိုက်တော့ အချက်ပေးခေါင်းလောင်း သွားမြည်တယ်ထင်တယ်၊ မင်းက ကြိုတင် မပြောလိုက်ဘဲကိုး၊ ဒါပေမယ့် ဒါက သိပ်အရေးမကြီး ပါဘူးကွယ်၊ သူ့လူတွေက တော်တော်နဲ့ ရောက်မလာကြပါဘူး၊ သူတို့ ကိုယ်ခန္ဓာ ဝဝဖိုင့်ဖိုင့် ကြီးတွေကို မြင်လိုက်ရင် မင်းအံ့အားသင့်သွားမယ်'

အမျိုးသမီးက သူ့လက်မောင်းကို စိတ်လှုပ်ရှားစွာ လှမ်းဆုပ် လိုက်မိသည်။။

'တကယ်ပဲရှင်၊ ကျွန်မတော့ ယုံတောင်မယုံနိုင်ဘူး၊ အားလုံး အဆင်ပြေတယ်နော်၊ ကြည့်စမ်း လက်စသတ်တော့ ကျွန်မလည်း နာမည်ကျော် သူခိုးကြီး စိန့်နဲ့အတူ စွန့်စားခန်း ဖွင့်လာပြီပေါ့နော်၊ ရှင်ပင်ပန်းနေရင် ကျွန်မ မောင်းပေး ရမလားဟင်'

အမျိုးသမီးက သူ့အနားကို ကပ်လာကာ ဟွန်းကို နှိပ်လိုက်သည်။ ဟွန်းသံသည် ညအမှောင်ထဲတွင် အောင်မြင် ခန့်ညားစွာ ပေါ်ထွက် လာ၏။ စိန့်က ပြုံးလိုက်သည်။ ဟုတ်သည်။ ယနေ့ညတွင် သူတို့ နှစ်ယောက် အောင်ပွဲခံလာခဲ့ ကြသည်။ လိုချင်သည့် ပစ္စည်းကို ရလာခဲ့ကြပြီ။ သို့ရာတွင် လမ်းကိုမူ ရှင်းအောင် လုပ်ထားမှဖြစ်မည်။ အပေါ်ထပ်တွင် တယ်လီဖုန်းရှိသည်။ တယ်လီဖုန်းဖြင့် ရဲကို အကြောင်းကြားလျှင် လမ်းတွင် ရဲတို့ ဘာတို့ ရောက်ပြီးသား ဖြစ်နိုင်သည်။

အကွေ့တစ်ခုသို့ ရောက်ခါနီးတွင် အရှိန်ကို လျှော့လိုက်သည်။ လမ်းမကို ကန့်လန့်ဖြတ်၍ တားထားသော မီးနီတစ်ခုကို မြင်လိုက် ရသည်။ စိန့်သည် ဇဝေဇဝါဖြင့် ဘရိတ်ကို အသာနင်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

'အလာတုန်းက ဒီနေရာမှာ မီးနီ မရှိပါဘူး' ဟု စိန့်က ပြောလိုက်သည်။ အမျိုးသမီး၏ ခန္ဓာကိုယ်သည် တောင့်တင်းသွား၏။

'ဘာများလဲမသိဘူး' ဟု အမျိုးသမီးက တိုးတိုးပြောသည်။

စိန့်က ပခုံးကိုတွန့်လိုက်ပြီး ကားကို ရပ်လိုက်သည်။ ကားစက်ခေါင်းမှာ မီးနီနှင့် သုံးကိုက်လောက်သာ ဝေးတော့သည်။ ရှေ့တွင် ဝါးလုံးတန်းကြီး တန်းထားသည်ကိုလည်း မြင်လိုက်ရသည်။

ထို့နောက် သူ့နားထင်ကို အေးစက်မာကျောသော အရာတစ်ခု လာထောက်သည်ကို သိလိုက်သဖြင့် လှည့်ကြည့် လိုက်သည်။ ကားဘေးတွင် ကုတ်အင်္ကျီရှည်ကြီးနှင့် လူတစ်ယောက် ရပ်လျက်ရှိသည်ကို မြင်ရပြီး သူ့လက်ထဲတွင် သေနတ်ကို မြင်လိုက်ရ၏။

'ဖြည်းဖြည်းပေါ့ ကိုယ့်လူ'

ဟု ထိုလူက လေသံတင်းတင်းဖြင့်ပြောသည်။

သူ့ဘေးမှ လှုပ်ရှားသံကြားသဖြင့် စိန့်လှည့်ကြည့်လိုက်သည်။ အမျိုးသမီးက ကားပေါ်မှ ဆင်းသွားသည်။ အမျိုးသမီးသည် တံခါးကို ပိတ်လိုက်ပြီး ရွှံ့ကာပေါ်တွင် မတ်တပ်ရပ်နေလိုက်သည်။

'ကျွန်မ ဒီမှာတင်ပဲ ဆင်းနေရစ်ခဲ့တော့မယ်နော် ဧည့်သည်ကြီး'

'ကောင်းပါပြီဗျာ'

ဟု စိန့်က လေအေးအေးကလေးဖြင့် ပြောလိုက်သည်။

ဘေးတွင်ရပ်နေသည့် လူက သေနတ်ပြောင်းဝဖြင့် သူ့ကို ထိုးလိုက်ရင်း

'ဘယ်မှာလဲ ပုံစံစာရွက်တွေ'

စိန့်က သူ့အင်္ကျီအိတ်ထဲမှ စာရွက်များကို ထုတ်ပေးလိုက်သည်။ အမျိုးသမီးက လှမ်းယူလိုက်ပြီး ကားတွင်းမှ မီးကိုဖွင့်ကာ စာရွက်

www.burmeseclassic.com

www.burmeseclassic.com

စာတမ်းများကို စစ်ဆေးလိုက်၏။ သူ့ခေါင်းမှ ရွှေရောင်ဆံပင် ကလေးများသည် နဖူးပေါ်သို့ ဝဲကျနေသည်။

'အမတ်ကြီးနောဝိတ်မှာ အောက်စဖို့တက္ကသိုလ် ပါမောက္ခ လုပ်နေတဲ့ အစ်ကိုရယ်လို့ မရှိပါဘူးရှင်။ ကျွန်မကလည်း သူတို့နဲ့ ဘာမှ ဆွေမျိုးမတော်ပါဘူးရှင်။ ဒီနှစ်ချက်ကလွဲရင် ကျန်တဲ့ အချက်တွေက အားလုံးအမှန်တွေချည်းပါ၊ နောဝိတ်ဟာ ဒီစက် ပုံစံတွေကို ရူမေးနီးယား အင်ဂျင်နီယာ တစ်ယောက်ဆီက မတရား နည်းနဲ့ ယူခဲ့တာပါ။ ကျွန်မပြောခဲ့တဲ့အတိုင်း ခု ဒီစက်ပုံစံတွေကို ပြင်သစ် မော်တော်ကား ကုမ္ပဏီတစ်ခုကို ရောင်းတော့မလို့ရှင့်'

'ဒီတော့ မင်းက ဒါတွေကို ဘာလုပ်မလို့လဲ'

'စတူးဂတ်မြို့က မော်တော်ကား ကုမ္ပဏီ တစ်ခုကလည်း ဒီပုံစံတွေကို သိပ်လိုချင်နေတယ်လေ။ ခု ကျွန်မတို့ဆီကို နှုတ်နဲ့ အမှာစာ ပို့ထားလို့'

အမျိုးသမီးမှာ ကားပေါ်က ဆင်းသွားကာ မီးနီပြထားသည့် ဝါးလုံးတန်းကို ဖယ်ပေးလိုက်သည်။ ထို့နောက် ကားဆီသို့ ပြန်လာ၏။ ပြာလဲ့သော မျက်လုံးများသည် အရင်အတိုင်း ချစ်စရာ ကောင်းဆဲ။ သူ့ကို ဖော်ရွေရင်းနှီးစွာ ကြည့်နေဆဲ။

'ဒီပုံစံကိုယူဖို့ ကျွန်မတို့ ကြိုးစားနေတာ တစ်ပတ်လောက် ရှိပြီရှင့်၊ ဒီနေ့ညမှာ ကျွန်မတို့ကိုယ်တိုင် ဝင်ယူဖို့ပဲ။ ဒါပေမယ့် ရှင့်ဓာတ်ပုံကို သတင်းစာထဲမှာတွေ့လိုက်ပြီး ဒီနေ့ည ပျော်ပွဲစားရုံမှာ ရှင်နဲ့တွေ့လိုက်တော့ ကျွန်မတို့ အစီအစဉ်ကို ပြောင်းပစ်လိုက်တယ်။ ဒီအလုပ်မျိုးကို ရှင့်ထက်ကျွမ်းကျင်တဲ့လူ ဘယ်သူမှ မရှိနိုင်တော့ဘူး မဟုတ်လား။ ဒီတော့ ရှင့်ကိုပဲ ခိုင်းရတော့တာပေါ့'

www.burmeseclassic.com

'ဘယ်သတင်းစာထဲမှာ ကိုယ့်ပုံကို တွေ့လိုက်တာလဲ'

'ကွန်တီနင်တယ် ဒေလီမေလ် သတင်းစာထဲမှာပါ'

'အော် ကိုယ်ဝယ်လာတဲ့ သတင်းစာထဲမှာပေါ့ လန်ဒန်ကလာတဲ့ သတင်းစာကို ကိုယ်ဝယ်ခဲ့တာလေ'

အမျိုးသမီးက ခပ်ညင်းညင်းလေးရယ်လိုက်ပြီး .....

'ဝမ်းနည်းပါတယ် ဧည့်သည်ကြီးရယ် ရှင့်ကိုတော့ ကျွန်မကြိုက်သွားပြီ'

'ကိုယ်လည်း ဝမ်းနည်းပါတယ် ကလေးမရယ်'

အမျိုးသမီးသည် အတန်ကြာမျှ မလှုပ်မယှက် ရပ်နေ၏။ ထို့နောက် ငုံ့၍ သူ့နှုတ်ခမ်းကို ရွတ်ခနဲ နမ်းလိုက်သည်။

သေနတ်ပြောင်းဝက သူ့အသားထဲသို့ နစ်သွား၏။

'ကဲ မောင်းတော့ ကိုယ့်လူ ရပ်မယ်တော့မကြံနဲ့နော်၊ ဆက်မောင်း'

'မင်း ကားကို ပြန်မယူတော့ဘူးလား'

ဟု စိန့်က အမျိုးသမီးကို မေးလိုက်သည်။

ကုတ်အင်္ကျီရှည်ကြီး ဝတ်ထားသည့်လူက ခပ်လှောင်လှောင် ရယ်လိုက်၏။

'ကျွန်မတို့မှာ ကားပါတယ်လေ၊ ရှင် အပေါ်တက် နေတုန်းမှာ တစ်ခြား ကားတစ်စီးကို ကျွန်မ သွားယူလာခဲ့တာ၊ ကဲ မောင်းပေတော့'

စိန့်သည် ဂီယာကို ပြောင်းလိုက်ပြီး ကလပ်ကို နင်းလိုက်သည်။ မိန်းကလေးက ကားဘေးက ခုန်ဆင်းလိုက်၏။

'ကဲ ဧည့်သည်ကြီးရေ သွားတော့နော်'

ဟု အမျိုးသမီးက နှုတ်ဆက်သည်။ စိန့်က လက်တစ်ဖက်ကို မြှောက်ပြလိုက်သည်။ လှည့်၍ ကြည့်ခြင်းမပြု။

www.burmeseclassic.com

www.burmeseclassic.com

စိန့်သည် ကားကို အရှိန်ပြင်းစွာ မောင်းလာခဲ့သည်။ ထို မိန်းကလေးသည် မည်သူနည်း။ မည်သို့သော မိန်းကလေး နည်း။ သူ့အတွက် အကြောင်းမဟုတ်။ နောဝိတ်၏ တူမအရင်း ဂျူလီ မော်တော်ကားမှောက် သေဆုံးကြောင်းကို သူယူလာသည့် လန်ဒန် သတင်းစာထဲတွင် ဓာတ်ပုံနှင့်တကွ ပါပြီးသား။ ထို့ကြောင့် ထိုမိန်းကလေးသည် ဂျူလီ မဟုတ်ကြောင်းကို သူသိပြီးသားဖြစ်သည်။ မည်သို့ဆိုစေ နောဝိတ်၏ တူမ ဟန်ဆောင်လာသည့် မိန်းကလေးကမူ လှသည်အမှန်။ ချစ်စရာ ကောင်းသည်အမှန်။ အမတ်ကြီး နောဝိတ်၏ စာကြည့်ဆောင်ထဲတုန်းက စက်ပုံကြမ်းများနှင့် အညွှန်းများကို အတုလုပ်၍ ယခုစာအိတ်ထဲတွင် လဲထည့်လိုက်ပြီးဖြစ်သည်။ သူ့ထံမှ ယူသွားသည့် ထိုပုံစံများ အညွှန်းများ အတုဖြစ်နေကောင်းကိုတွေ့လျှင် သူတို့တစ်တွေ မည်မျှ ဒေါပွလိုက်မည်မသိ။ သို့ရာတွင် စိန့်သည် မော်တော်ကားကို အရှိန်ပြင်းစွာ မောင်းနေသည်။ သူ့ကို တစ်ပတ်ရိုက်ခဲ့သူများအား ယခုပြန်၍ နှပ်ပစ်ခဲ့ပြီ။ သူတို့ကို သနားနေ၍ မပြီး။ သူတို့ ကစားဝိုင်းတွင် တစ်ဖက်သားအား သနားညှာတာမှုတွေ ဘာတွေ ပြနေ၍မဖြစ်။ လည်သူစားတမ်း မဟုတ်လော။ ထို့ပြင် သူတို့ထက်အရင် စတုဂတ်ကို ဦးအောင်ရောက်ဖို့ အရေးကြီးသည် မဟုတ်လော။

စိန့်သည် ကားကို အရှိန်ပြင်းစွာ မောင်းနေသည်။

(စုံထောက်စာရေးဆရာ Lesli Charteris ၏ Paris Adventure ကို ပြန်သည်)

www.burmeseclassic.com

www.burmeseclassic.com

## ၆။စတုရန်းမယ်ဂျိန်း

| | |
|---|---|
| ဇာတ်ဆောင်လူဆိုးစုံထောက် | စတုရန်းမယ်ဂျိန်း |
| စတင်ပေါ်ပေါက်သည့်နှစ် | ၁၉.....ခုနှစ် |

(အင်္ဂလိပ်စုံထောက် စာရေးဆရာ အဂ္ဂါဝေါလေ့စ်၏ ဝတ္ထုတို တစ်ပုဒ် ဖြစ်သည်။ အဂ္ဂါဝေါလေ့စ်သည် စုံထောက်ဝတ္ထုတို၊ ဝတ္ထုရှည် များစွာကို ရေးခဲ့သည်။ သူ၏ထင်ရှားသော ဝတ္ထုများကို မိုးဝေအစ ရှိသည့် မြန်မာစာရေး ဆရာများက မြန်မာမှု ပြုခဲ့ကြပြီး ဖြစ်သည်။ ယခုဝတ္ထုတိုမှာ သူခိုးအမျိုးသမီး 'ဖိုးစကွဲယားဂျိမ်း' ခေါ် စတုရန်းမယ် ဂျိန်းကို ဇာတ်ဆောင်ပြုသည့် ဝတ္ထုတိုဖြစ်သည်။)

စကော့တလန်ယာဒ် စုံထောက်အဖွဲ့မှ အင်စပက်တော် ပီတာဒေါသည် ရာထူးနှင့်စာလျှင် အတော်အသက်ငယ် သည့် လူရွယ်တစ်ယောက် ဖြစ်သည်။ ပီတာသည် ရာဇဝတ်မှုတစ်ခုကို လိုက်မိပြီ ဆိုလျှင် အစမှအဆုံးတိုင် မဆုတ်မနစ် သော လုံ့လဖြင့် လိုက်တတ်သူဖြစ်သည်ဟု သူ့ဌာနက ဂုဏ်ပြုလေ့ရှိသည်။ ပီတာ ကိုယ်တိုင်ကမူ သူ့အောင်မြင်မှုများနှင့် ပတ်သက်၍ များစွာ ဂုဏ်ယူလေ့မရှိချေ။

ပီတာသည် မှတ်ဆိတ်တို့ကို စင်ကြယ်စွာ ရိတ်လေ့ရှိပြီး နုပျိုသည့် လူရွယ်တစ်ယောက် ဖြစ်၏။ သို့ရာတွင် နားထင် နှစ်ဖက်တွင်မူ ဆံပင်တို့သည် ငွေရောင်တောက်ပ ပြနေကြလေပြီ။ ပီတာသည် ရာဇဝတ်မှုများနှင့် ရာဇဝတ်ကောင်များကို တရား

www.burmeseclassic.com

www.burmeseclassic.com

သဘောနှင့် ကြည့်တတ်သူဖြစ်၏။ ရာဇဝတ်မှုကို ကြည့်မြင်ရာတွင် စက်ဆုပ်ကြောက်ရွံ့ ခြင်းလည်းမရှိ။ ရာဇဝတ်ကောင်တို့ အပေါ်တွင်လည်း မုန်းတီးစက်ဆုပ်ခြင်း မရှိ။ အရှိအတိုင်း ကြည့်တတ်သူ တစ်ယောက်ဖြစ်သည်။

ပီတာ စိတ်ဝင်စားသည်မှာ ကြီးကျယ်သည့် ရာဇဝတ်မှုမျိုးလောက်သာဖြစ်၏။ ပီတာသည် ထူးခြားသည့် ရာဇဝတ်မှုမျိုးဆိုလျှင် စိတ်ဝင်စားတတ်၏။ လန်ဒန်ပုလိပ်တို့ကို များစွာ ဒုက္ခပေးလျက်ရှိသည့် စတုရန်းမယ်ဂျိန်း(ခေါ်) မိန်းမလူစွမ်းကောင်း၏ အမှုများသူ့လက်ထဲသို့ ရောက်မလာသည့်အတွက် ပီတာ စိတ်မကောင်းဖြစ်၏။

အမတ်ကြီး ကလေးသော်ပီ၏ အမှုပြီးသည့်နောက်တွင်မှ စတုရန်းမယ်ဂျိန်း ဆိုသည့် အမျိုးသမီးရာဇဝတ်ကောင်၏ အမှုကို ကိုင်ခွင့်ကြုံလာသဖြင့် ပီတာ ဝမ်းအသာကြီးသာနေ၏။ စတုရန်းမယ်ဂျိန်း၏ ဖောက်ထွင်းမှု များနှင့်ပတ်သက်၍ လူများက တစ်ယောက်တစ်မျိုး ပြောဆိုလျက်ရှိကြရာ ထိုအချက်များကိုမူ ပီတာ ထည့်သွင်းစဉ်းစားခြင်း မပြုဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားတွေးခေါ်ခြင်း ပြု၏။

ပီတာသည် အမတ်ကြီး ကလေးသော်ပီ၏ အမှုကို စုံစမ်းပြီးနောက် စကော့တလန်ယာဒ် ရုံးချုပ်သို့ ပြန်လာခဲ့ကာ အခြေအနေကို စုံထောက်မင်းကြီးထံ အစီရင်ခံလိုက်၏။

'ကျွန်တော် သိခဲ့ရသလောက်တော့ ဒီအမျိုးသမီး လှုပ်ရှားနေတာဟာ တစ်နှစ်လောက်ရှိပြီလို့ သိရပါတယ်မင်းကြီး။ ဒီတစ်နှစ်အတွင်းမှာ သာမန်လူတွေရဲ့ အိမ်ကို မဖောက်ထွင်းဘဲ သူဌေးကြီးတွေရဲ့ အိမ်တွေကို ဖောက်ထွင်းတယ်လို့ သိရပါတယ်မင်းကြီး'

'ဖောက်ထွင်းလို့ရတဲ့ ပိုက်ဆံတွေကို ဘာလုပ်သတဲ့လဲ'

www.burmeseclassic.com

www.burmeseclassic.com

'သူလုပ်ပုံက တော်တော်ဆန်းလို့ အတွေးရခက်နေတာပေါ့ မင်းကြီး။ ကျွန်တော်တို့ စုံစမ်းလို့ ရသလောက်ကတော့ အဲဒီငွေတွေကို လှူဒါန်းပစ်တယ်ခင်ဗျ။ ဥပမာ လူဝီစတင်းအိမ်ကို ဖောက်ထွင်းမှုပြီးလို့ မကြာခင်မှာပဲ လန်ဒန်အရှေ့ပိုင်းက လူအိုရုံတစ်ခုကို အမည်မဖော်လိုသူ တစ်ယောက်က ပေါင်လေးထောင် လှူသွားတယ်။ အဲဒီနောက်မှာပဲ လန်ဒန်အနောက်ပိုင်းက ဆေးရုံတစ်ရုံ ကိုလည်း ပေါင်လေးထောင် လှူသွားတယ်။ တယ်လဘော့အိမ်ကို ဖောက်ထွင်းပြီး မကြာခင်မှာပဲ ပါသွားတဲ့ ငွေပေါင်သုံးထောင်လောက်ကို လန်ဒန်အနောက်ပိုင်း သားဖွားဆေးရုံတစ်ရုံကို လှူသွားတယ်ခင်ဗျ။ ကျွန်တော့်အထင်တော့ ဒီအမျိုးသမီးဟာ ဆေးရုံတို့ ဘာတို့နဲ့ ပတ်သက်တဲ့ အမျိုးသမီးပဲလို့ တွက်ပါတယ်မင်းကြီး။ ပြီးတော့ ကျူးလွန်တဲ့ ရာဇဝတ်မှုတွေရဲ့ နောက်ကွယ်မှာ လူချမ်းသာတွေရဲ့ ပစ္စည်းတွေကိုယူပြီး ဆင်းရဲသားတွေကို လှူဒါန်း ပေးကမ်းတယ်ဆိုတဲ့ ရည်ရွယ်ချက်ကိုလည်း မကြာခဏ တွေ့နေရပါတယ်မင်းကြီး'

ပုလိပ်မင်းကြီးက စိတ်မပါ့တပါဖြင့်

'သူလုပ်ပုံကတော့ လှပါရဲ့၊ ဒါပေမယ့် ဒို့အတွက်တော့ ဒါက အရေးမကြီးဘူးလေ။ သူခိုးဟာ သူခိုးပဲ။ ရာဇဝတ်ကောင်ဟာ ရာဇဝတ်ကောင်ပဲ'

ပီတာက

'သူခိုးဆိုပေမယ့် သာမန်သူခိုးတော့ မဟုတ်ဘူး မင်းကြီး၊ ကျွန်တော် စကော့တလန်ယာဒ် ရောက်ပြီးတဲ့နောက်မှာတော့ အဲဒီအမျိုးသမီးဟာ ဉာဏ်အများဆုံး၊ အကျွမ်းကျင်ဆုံး ရာဇဝတ်ကောင်ပဲခင်ဗျ။ ကျွန်တော်တို့ကလည်း အဲဒီလို လူဆိုးကို အကြောက်

www.burmeseclassic.com

ဆိုးပဲ။ ဦးနှောက်ရှိတဲ့ သူခိုးဆိုတော့ တစ်ပွဲတစ်လမ်းလောက်တော့လည်း တွေ့လိုက်ချင်ပါတယ် မင်းကြီး’

ပုလိပ်မင်းကြီးက အနည်းငယ် စိတ်ဝင်စားလာကာ

‘နေစမ်းပါဦးကွ၊ သူ့ကို မြင်ဖူးတဲ့လူကော ရှိလား’

‘မြင်ဖူးတယ်လို့လည်း ပြောလို့ရတယ်။ မမြင်ဖူးဘူးလို့လည်း ပြောလို့ ရပါတယ် မင်းကြီး၊ ကျွန်တော် ဆိုလိုတာက ဒီလိုပါ။ တွေ့တဲ့လူက တွေ့လိုက်တယ်ခင်ဗျ။ ဒါပေမယ့် နောက်တစ်ခါ ပြန်တွေ့တဲ့ အခါကျတော့ သူ့ကို မမှတ်မိတော့ဘူး။ ဥပမာအားဖြင့် သူ့ကို လူဝီစတိန်း မြင်ဖူးတယ်၊ ဒါပေမယ့် သူက မျက်နှာဖုံးထားတော့ ရုပ်ကို ကောင်းကောင်း မမှတ်မိဘူး ဖြစ်နေတယ်။ ခု ကျွန်တော့်အဖို့ အရေး အကြီးဆုံးကတော့ နောက်တစ်ကြိမ် သူဘယ်အိမ်ကို ဖောက်မလဲ ဆိုတာ သိထားဖို့ လိုပါတယ် မင်းကြီး၊ အင်မတန် ချမ်းသာတဲ့ လူတွေကိုပဲ ရွေးပြီးဖောက်ဦး၊ နောက်ထပ် လူလေးသောင်းလောက်ရဲ့ အိမ်ကို ဖောက်စရာ ရှိနေတယ်။ ဒီ လူ လေးသောင်းလောက်ကိုလည်း ကျွန်တော်တို့ ဘယ့်နှယ်လုပ် အကာအကွယ် ပေးနိုင်မလဲ။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ....’

ပီတာသည် စကားကို ဆက်မပြောနိုင်သေးဘဲ ရပ်နေ၏။

‘အင်း ........ပြောပါ’

‘သူ့ လုပ်ပုံလုပ်နည်း ကလေးတွေကို လေ့လာရင်တော့ ကျွန်တော်တို့အတွက် အနည်းနဲ့ အများဆိုသလို အကူအညီတော့ ရမှာပါ။ နောက်တစ်ခါ သူ ဘယ်သူ့အိမ်ကို ဖောက်မလဲဆိုတာကို ကျွန်တော် လိုက်စုံစမ်းနေတယ် မင်းကြီး၊ သူဖောက်ထွင်းမယ့် နောက်လူဟာ ကျိကျိတက် ချမ်းသာတဲ့လူ ဖြစ်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com

သူချမ်းသာတာကိုလည်း ကြွားတတ် ဝါတတ်တဲ့လူ ဖြစ်ရမယ်။ ဒီလိုလူတွေကို လိုက်ကြည့်လိုက်တော့ လူလေးယောက်ကို သွားတွေ့တယ်ခင်ဗျ။ ဂရိဂိုရီစမစ်ရယ်၊ ကားလ်ဆွေ့ရယ်၊ တောမတ်စ်စကော့ရယ်၊ ဂျွန်ထရက်ဇာရယ်၊ အဲဒီလေးယောက်ထဲက ကျွန်တော့်အထင်ကို ပြောရမယ်ဆိုရင်တော့ ဂျွန်ထရက်ဇာက တော်တော်လေး ချမ်းသာ သွားတယ်ခင်ဗျ။ ချမ်းသာသွားတယ် ဆိုပေမယ့် နည်းမှန် လမ်းမှန် ချမ်းသာသွားတာမျိုး မဟုတ်ဘူးမင်းကြီး၊ မတရားနည်းနဲ့ ချမ်းသာသွားတာပါ။ အခု အဲဒီငွေတွေကို အရင်း တည်ပြီး နောက်ထပ် မတရားတဲ့ နည်းတွေနဲ့လည်း စီးပွားရှာ ဦးမှာပဲခင်ဗျ။ မြို့စားကြီး ဟော့ဇာရဲ့အိမ်ကို ဝယ်လိုက်တာလည်း သူပဲခင်ဗျ။ ဒါတင်မကဘူး အလွန်ရှားပါးပြီး အဖိုးတန်တဲ့ ပန်းချီကား တွေကိုလည်း ဝယ်ထား လိုက်သေးတယ်။ ဒီ ပန်းချီကားတွေက ဘယ်လောက် အဖိုးတန်တယ် ဆိုတာတော့ မင်းကြီးလည်း ဆောင်းပါး တွေ စာတွေထဲမှာ တွေ့လိမ့်မယ် ထင်ပါတယ်'

မင်းကြီးက ခေါင်းညိတ်သည်။

'ရွှန်မနေ ရေးတဲ့ ပန်းချီကား တစ်ကားတောင် ရှိသေးတယ် မဟုတ်လား'

'အမျိုးသမီးဟာ ဒီကားကို ယူမယ်ထင်တယ် မင်းကြီး၊ ထရက်ဇာ ဆိုတဲ့လူက ပန်းချီကားအကြောင်း ဘာမှ သိတဲ့လူမှ မဟုတ်ဘာ။ ပန်းချီကားနဲ့ လေမီးဖိုကိုတောင် ခွဲသိတတ်မယ့် လူစားမျိုးမဟုတ်ဘူး။ ရွှန်မနေရဲ့ ပန်းချီကားတွေ ကောင်းတယ်လို့ သိတာကလည်း သူကိုယ်တိုင် နားလည်လို့ သိတာမဟုတ်ပါဘူး မင်းကြီး။ သူများ ပြောသံကြားလို့ သိတာပါ။ ပြီးတော့လည်း ဒီလူက အလှူအတန်း

www.burmeseclassic.com

www.burmeseclassic.com

တွေမှာ ဝါသနာ မပါဘူးဆိုတာ သတင်းထောက်တွေနဲ့ တွေ့ပြီး ပြောထားတာ ရှိပါတယ်။ အများပြည်သူနဲ့ ဆိုင်တဲ့ ဌာနတွေကို ငွေကြေးတို့ ဘာတို့ လှူဒါန်းတာကို သူဝါသနာ မပါဘူးတဲ့။ တစ်ပြားတန် ပစ္စည်းတစ်ခု ပြန်မရဘဲ သူ့အိတ်ထဲက ပိုက်ဆံ တစ်ပြားကို ဘယ်တော့မှ အလကား ထုတ်လေ့မရှိဘူးလို့လည်း သူက ပြောပါတယ်မင်းကြီး။ ဒီတော့ ဒီလိုလူတစ်ယောက်ရဲ့ အိမ်ကို ဂျိမ်း ဖောက်ထွင်းချင်မှာ အမှန်ပဲလို့ ကျွန်တော်ထင်ပါတယ်၊ ဒါတင်မကဘူး သူ့ဆီမှာရှိတဲ့ ရွှန်မနေရဲ့ ပန်းချီကား အနုပညာမြောက်ပုံနဲ့ ဒီ ပန်းချီကားကြီး ဘယ်လောက် အဖိုးတန်တယ် ဆိုတာကိုလည်း လူတိုင်းလိုလို သိပြီးသားဖြစ်လေတော့ ဒီကားကြီးကို ဂျိမ်းလိုချင်မှာ အမှန်ပဲလို့ ကျွန်တော် ထင်ပါတယ် မင်းကြီး’

မစ္စတာထရက်ဇာမှာ တွေ့ဖို့ အလွန်ခက်သည့် လူတစ်ယောက် ဖြစ်သည်။ လန်ဒန်မြို့လယ်ကောင်တွင် လုပ်ငန်းကိုင်ငန်း များစွာရှိသူ တစ်ယောက်ဖြစ်သည့် အလျောက် မနက်လင်းသည်နှင့် အိမ်မှ ထွက်သွားကာ ညမိုးချုပ်မှ အိမ်သို့ ပြန်ရောက်တတ်သူ ဖြစ်၏။ ပီတာသည် မစ္စတာ ထရက်ဇာကို လိုက်ရှာရာ နောက်ဆုံးတွင် ရဇ်ကာလ်တန် ဟိုတယ် ထမင်းစားခန်းတွင် အရပ်မြင့်မြင့်၊ ကိုယ်လုံး တုတ်တုတ်ခိုင်ခိုင်၊ ဆံပင်နီနီ၊ နှုတ်ခမ်းမွေးကို စင်ကြယ်စွာရိတ် ထားသည့် နှုတ်ခမ်း၊ အေးစက် ပြာလဲ့သော မျက်လုံးများရှိသည့် သန်းကြွယ် သူဌေးကြီး ထရက်ဇာကို သွားတွေ့ရသည်။

ပီတာက သူ့စုံထောက်ကတ်ပြားကို ထုတ်ပြလိုက်သဖြင့် သူ့ကို တွေ့ခွင့်ပေးလိုက်၏။

‘ထိုင်ပါ ထိုင်ပါ ဘာကိစ္စများပါလိမ့်’

www.burmeseclassic.com

www.burmeseclassic.com

ဟု ထရက်ဇာက ခပ်ပျာပျာ မေးလိုက်သည်။

ပီတာက လာရင်းကိစ္စကို ရှင်းပြသည့်အခါတွင် ထရက်ဇာသည် အလုပ်အကိုင် ကိစ္စတစ်ခုကို နားထောင်နေသကဲ့သို့ အေးတိအေးစက် ဖြင့် နားထောင်နေ၏။ နောက်ဆုံးတွင် မစ္စတာ ထရက်ဇာက ခပ်မြူးမြူးဖြင့် ....

'ဂျိမ်းအကြောင်းကို ကျွန်တော် ကြားဖူးပြီးသားပါ။ ဒါပေမယ့် ကျွန်တော့်ဆီ လာလို့ကတော့ တစ်ပြားမှ ရသွားမှာ မဟုတ်ဘူးခင်ဗျ။ ခင်ဗျား မယုံရင် စောင့်ကြည့်နေပေါ့။ အဲ ခင်ဗျားပြောတဲ့ ရွှန်မနေရဲ့ ပန်းချီကားကြီးနဲ့ ပတ်သက် လို့ တော့ စိတ်ချပါ'

'မစ္စတာ ထရက်ဇာက စုဆောင်းထားတဲ့ ပန်းချီကားတွေကို အများပြည်သူ ကြည့်နိုင်အောင် ပြပွဲတစ်ခု ဖွင့်မလို့ဆို'

'ဟုတ်တယ်လေ၊ ဒါပေမယ့် ကျွန်တော့်ပြပွဲကို လာကြည့်တဲ့ လူတိုင်းကို ဧည့်သည်စာအုပ်မှာ လက်မှတ်ထိုးပြီးမှ ဝင်ရမှာခင်ဗျ။ ပြီးတော့ ကျွန်တော့် ပန်းချီကားတွေ အတွက်လည်း လိုအပ်တဲ့ အကာ အကွယ်တွေ လုပ်ထားပြီးသားပါ'

'ဒါဖြင့် ညပိုင်းကျတော့ အဲဒီ ပန်းချီကားကြီးကို ဘယ်မှာထား သလဲ၊ ချိတ်လျက်ပဲ ထားသလား'

ဟု ပီတာက မေး၏။

မစ္စတာထရက်ဇာက ရယ်လိုက်သည်။

'ကျွန်တော့်ကို လူနုံလူအ တစ်ယောက်လို့များ အောက်မေ့ နေသလား၊ ဒီအတိုင်း ဘယ်ချိတ်ထားမလဲဗျ။ ကျွန်တော့်မှာ အလုံခန်း ရှိတယ်။ အဲဒီအထဲမှာ ထားတာပေါ့။ နယ်စားကြီးမှာလည်း အလုံခန်း ရှိပါတယ်။ တော်တော်တန်တန်နဲ့ ဖွင့်လို့မရပါဘူး'

www.burmeseclassic.com

ပီတာသည် သူတို့လို အလုံခန်းများကို များစွာ အယုံအကြည်ရှိသူ တစ်ယောက် မဟုတ်ချေ။ ဂျိမ်းသည် အနုသမား တစ်ယောက် ဖြစ်သလို အကြမ်းသမားတစ်ယောက် ဖြစ်သည်ကိုလည်း ပီတာ ကောင်းကောင်းသိ၏။ ဂျိမ်းသည် ပန်းချီကားများကို စိတ်ဝင်စားချင်မှ ဝင်စားပေလိမ့်မည်။ စိတ်ဝင်စားသည့် တိုင်အောင်လည်း ပန်းချီ ကားကြီးကို ခိုးထုတ်သွားဖို့ ဆိုသည်မှာ သိပ်မလွယ်လှ။ ညတွင် ခိုးဖို့ ဆိုတာကလည်း မဖြစ်နိုင်။

ပီတာသည် ဘာကလေ ပန်းခြံအနီးရှိ ဟေးလ်မီယာ ပြခန်းသို့ လာခဲ့သည်။ ထိုပြခန်းတွင် ပန်းချီပြပွဲ လုပ်နေသည်။ အပေါက်ဝတွင် သူ့နာမည်ကို ရေးထိုးပြီး သူ့စုံထောက်ကတ်ပြားကို အစောင့်စုံထောက် တစ်ဦး ဖြစ်ဟန်ရှိသူ တစ်ဦးအား ပြသပြီးနောက် အထဲသို့ ဝင်လာခဲ့ သည်။ ပြခန်းထဲတွင် နာမည်ကျော် ရွှန်မနေ ပန်းချီကားကြီးကို တွေ့ရ၏။

ပြခန်းထဲတွင် လူရှင်းလျက်ရှိ၏။ သို့ရာတွင် သူစိတ်ဝင်စားသည့် ပန်းချီကားကြီးအနီးတွင်မူ သူတစ်ယောက်တည်း မဟုတ်ချေ။ အရေးအကြောင်းရှိလျှင် ပန်းချီကားကြီးကို သယ်ထုတ်နိုင်ရန်အတွက် အခန်းအခြေအနေကို လေ့လာကြည့်လိုက်သည်။ အခန်းက ရှည်မျောမျော၊ တံခါးမကြီးဆို၍ သူဝင်လာသည့် တံခါးမကြီး တစ်ပေါက်သာရှိသည်။ ပြတင်းပေါက်များမှာ သံတိုင်များ တပ်ထားရုံမျှမက သံဆန်ခါ စိပ်စိပ်ကလေး တွေလည်း တပ်ထား လိုက်သေးသည်။ ပြတင်းပေါက်မှ ဝင်ဖို့ဆိုသည်မှာ နည်းနည်းကလေး မျှမလွယ်။ ပြတင်းပေါက်များမှာလည်း အခန်းလိုပင် ရှည်မျောမျော တွေဖြစ်သည်။ ပြတင်းပေါက်တွင် ပုန်းစရာ ခိုစရာ ခန်းဆီးတွေ

www.burmeseclassic.com

www.burmeseclassic.com

တပ်ထားခြင်းမရှိ။ နေ့လည်တွင် နေရောင်မဝင်နိုင်အောင် ကာထားသည့် ယင်းလိပ်များသာရှိသည်။

ပီတာသည် သူ့ကို စောင့်ကြည့် အကဲခတ်နေသည့် လူများရှေ့မှ ပြန်ထွက်လာခဲ့သည်။ ဂျိမ်းသည် ထရက်ဇာ၏ ပန်းချီကားများကို ခိုးယူလိုသည်ဆိုလျှင် တစ်စစီ ဖြတ်ထုတ်ခိုးမှဖြစ်မည်။ သို့မဟုတ်လျှင် ထိုပန်းချီကားကြီးများကို ဘယ်နည်းနှင့်မျှ အပြင်ရောက်အောင် ထုတ်ဖို့ မလွယ်။ ပီတာသည် စကော့တလန်ယာဒ် ရုံးချုပ်သို့ ပြန်လာခဲ့ကာ သူ့အခန်းတွင် ခဏမျှ အလုပ်ရှုပ်ပြီးနောက် နေ့လည်စာ စားရန် ထွက်လာခဲ့သည်။ ညနေသုံးနာရီတွင် ရုံးသို့ ပြန်လာခဲ့ကာ ဂျိမ်း၏ကိစ္စကိုခေါင်းထဲမှ ဖျောက်ပစ်လိုက်သည်။ ထိုစဉ် မင်းကြီးထံမှ ချက်ချင်းလာခဲ့ရန် အမိန့်ရောက်လာသည်။

'ပီတာရေ ငါ့အခန်းကို ခဏလာခဲ့စမ်းကွာ'

ဟု တယ်လီဖုန်းမှ အသံက ခေါ်သည်။ ပီတာသည် စင်္ကြံအတိုင်း ပြေးဆင်းလာကာ အောက်သို့ ဆင်းလာခဲ့သည်။

'ဟော့ကောင် ပီတာ သိပ်တော့ မစောင့်ရတော့ဘူးကွ'

'ဘာဆိုလိုတာပါလဲ မင်းကြီး'

'ရွှန်မနေရဲ့ ပန်းချီကားကြီးတော့ ပျောက်သွားပြီ'

ပီတာသည် စကားတစ်လုံးမျှ မပြောနိုင်တော့ဘဲ မျက်လုံးအကြောင်သားဖြင့် ကြည့်နေသည်။

'ဘယ်တုန်းက ပျောက်သွားတာလဲ မင်းကြီး'

'လွန်ခဲ့တဲ့ နာရီဝက်လောက်ကတင် ပျောက်သွားတာ၊ သွားကွာ ပြခန်းကိုသွားပြီး စုံစမ်းစရာရှိတာကို စုံစမ်းခဲ့'

www.burmeseclassic.com

www.burmeseclassic.com

နှစ်မိနစ်ခန့် ကြသည့်အခါ၌ ပီတာ၏ နှစ်ယောက်စီး မော်တော်ကားလေးသည် ယာဉ်များအကြားတွင် ဟိုကွေ့ သည်ရှောင် ဖြင့် ပြေးလာပြီးနောက် ဆယ်မိနစ် အကြာတွင်မူ ပြပွဲခန်းမသို့ ရောက်သွားသည်။ ပီတာသည် ပြပွဲမှ ကြော်ငြာကြော်လန့်လျက် ရှိသည့် အစောင့်များကို စစ်ဆေး မေးမြန်းလျက်ရှိ၏။ သူတို့ထံမှ မေးမြန်း ရသမျှမှာ ခပ်ရိုးရိုး ခပ်စင်းစင်းသာဖြစ်၏။

နာရီပြန်နှစ်ချက် ထိုးပြီး၍ ဆယ့်ငါးမိနစ် အကြာတွင် လောင်းကုတ်အင်္ကျီကြီးကို ကြယ်စေ့အပြည့် တပ်ထားသည့် အသက် ကြီးကြီးလူတစ်ယောက် ပြပွဲကိုရောက်လာပြီး ပြပွဲကို ဝင်ကြည့် ခွင့်တောင်းသည်။ သူ့နာမည်ကို တောမတ်စ်မစ်ဟု အမည်ပေး၏။ မိမိသည် ရွှန်မနေ ပန်းချီကားကြီးနှင့် ပတ်သက်၍ ကျွမ်းကျင်သူ တစ်ယောက် ဖြစ်ကြောင်း ပန်းချီဝေဖန်ရေးဆရာ တစ်ဦးလည်း ဖြစ်ကြောင်းဖြင့် အစောင့်များကို ရှည်လျားစွာ ပြောဆိုနေသည်။ အစောင့်များမှာ ထိုသို့ ဝါသနာအိုးများကို တွေ့နေကျ ဖြစ်သည့် အတွက် ရိုးနေကျပြီ။ သူတို့စကားများလွန်းသဖြင့် အမြဲရှောင် ပြေးကြရသည်။ ထို့ကြောင့် ထူးထူးထွေထွေ ပြောမနေတော့ဘဲ သကားကို တိုတိုဖြတ်ပြီး ပြပွဲဆောင်ထဲသို့ ဝင်ခွင့်ပြုလိုက်ကြသည်။

'အဲဒီတုန်းက ပြပွဲဆောင်ထဲမှာ သူတစ်ယောက်တည်းလား'

ဟု ပီတာက မေးသည်။

'ဟုတ်ပါတယ်'

'သူနဲ့ ဘယ်သူမှ လိုက်မသွားဘူးလား'

'လိုက်မသွားဘူး ခင်ဗျ'

ပီတာက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'အင်း စကားများတာက တမင်များတာထင်တယ်၊ ဒါမှ သူ့အနားမှာ အစောင့်တွေ မနေတော့ဘဲ တစ်ခြားကို ရှောင်ပြေးကြမှာကိုး၊ အင်း ဆက်ပါဦးလေ'

'အဖိုးကြီးလဲ ပြခန်းထဲကို ဝင်သွားပြီး ရွှန်မနေ ပန်းချီကားကြီးရှေ့မှာ အလွန်ပီတိ ဖြစ်နေတဲ့ပုံနဲ့ ရပ်ကြည့်နေတယ်ခင်ဗျ။ အဲဒီအချိန်တုန်းက ရွှန်မနေ ပန်းချီကားကြီးဟာ ပေါင်ထဲမှာ ခတ်ပြီးထားတယ်။ ချိတ်ထားတာကလည်း မျက်စိနဲ့ တည့်တည့်လောက်မှာ ချိတ်ထားတာ။ ဒီတော့ အပေါ်အောက်ဆိုရင် ကြမ်းပြင်နဲ့ ခုနစ်ပေလောက် မြင့်မှာပေါ့ ခင်ဗျ'

'အစောင့်တွေကို အဲဒီ ပန်းချီကားကြီး ဘယ်လောက်ကောင်းတဲ့ အကြောင်းကို တစ်ယောက်တည်း ပြောပြီး ထွက်သွားတယ်ခင်ဗျ။ သူထွက်သွားလို့ မကြာခင်မှာပဲ မိန်းကလေး တစ်ယောက်ရောက်လာပြီး ပန်းချီကားကြီးကို ကြည့်ပြန်တယ်။ သူ့နာမည်ကိုတော့ ဧည့်သည်မှတ်တမ်းစာအုပ်မှာ အယ်လင်ကိုးလို့ ပေးထားတယ်'

'အဲဒီမိန်းကလေးရဲ့ ပုံပန်းသဏ္ဍာန်က ဘယ်လိုနေသလဲ'

အစောင့်က ဇဝေဇဝါဖြင့် ..

'အို ကောင်မလေးပါခင်ဗျ။ တကယ့် ကလေးမကလေးပါ'

'အဘိုးကြီး ထွက်သွားကာနီးတွင် ကလေးမလေး အထဲသို့ ဝင်လာကြောင်း၊ ဤတွင် အဘိုးကြီးက ကလေးမလေးကို လှည့်ကြည့်ကြောင်း၊ ထို့နောက် ရှေ့ခန်းကိုဖြတ်ကာ တံခါးမကြီးမှ ထွက်သွားကြောင်း၊ တံခါးဝအနီးသို့ အရောက်၌ အိတ်ထဲမှ လက်ကိုင်ပဝါ တစ်ထည်ကို ဆွဲထုတ်လိုက်ပြီး ထိုသို့ဆွဲထုတ်လိုက်စဉ် အိတ်ထဲမှ ပိုက်ဆံများ ကျလာကြောင်း၊ ထိုပိုက်ဆံ အကြွေများမှာ ဆင်ဝင်ရှိ

www.burmeseclassic.com

www.burmeseclassic.com

ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲလျက် ရှိကြောင်း၊ ဤတွင် အစောင့်များက သူ့ပိုက်ဆံအကြွေများကို လိုက်ကောက်ပေးကြကြောင်း၊ အဘိုးကြီးက ကျေးဇူးတင်စကားပြောပြီး ပန်းချီကားကြီး ကောင်းကြောင်းကို တဖွဖွ ပြောပြီး ထွက်သွားကြောင်း။

ထိုသို့ အဘိုးကြီးထွက်သွားပြီး မကြာမီမှာပင် ကလေးမလေး ပြန်ထွက်လာကာ ရွှန်မနေ ပန်းချီကားမှာ မည်သည့် ပန်းချီကား ဖြစ်ကြောင်း လာရောက် မေးမြန်းကြောင်း၊ ဤတွင် အစောင့် များက အခန်းအလယ်တွင် ရှိကြောင်းကို ပြောဆိုလိုက်ကြကြောင်း၊ သို့ရာတွင် အရုပ်ကားကို မတွေ့ရဘဲ ပေါင်ကြီးကိုသာလျှင် တွေ့ရသည် ဟုပြောကြောင်း၊ ဤတွင် အစောင့်များလည်း အခန်းထဲသို့ ပြေးဝင် သွားကြကြောင်း၊ ပန်းချီကားကြီးမှာ တကယ်ပင် မရှိတော့ဘဲ ပေါင်ကြီး ကိုသာလျှင် တွေ့ရတော့ကြောင်း၊ ထိုပန်းချီကား နေရာရှိ နံရံပေါ်တွင် စတုရန်းမယ်ဂျိန်း ၏ အမှတ်အသားဖြစ်သော စတုရန်း ကွက် လေးကွက်ကိုသာ တွေ့ရတော့ကြောင်း၊ သို့ရာတွင် အစောင့် များသည် အားမလျှော့ဘဲ လိုက်ရှာကြကြောင်း၊ တစ်ယောက်ကလည်း တယ်လီဖုန်းဖြင့် အနီးဆုံးဌာနမှ ပုလိပ်တို့ကို လှမ်းအကြောင်း ကြားကြောင်း၊ တစ်ယောက်ကမူ ခပ်စောစောက ထွက်သွားသော အဘိုးကြီးကို လိုက်ရှာကြောင်း၊ သို့ရာတွင် သူတို့အားထုတ်မှုမှာ အချည်းနှီးသာ ဖြစ်ကြောင်း၊ ဘာကလေပန်းခြံထိပ်တွင် အစောင့် ကျနေသည့် ပုလိပ်ကမူ ထိုအဖိုးကြီး တက္ကစီ တစ်စီးပေါ်သို့ တက်သွား သည်ကို မြင်လိုက်သည်ဟုပြောကြောင်း၊ သို့ရာတွင် တက္ကစီ နံပါတ်ကိုမူ မမှတ်မိဟု ပြောလိုက်ကြောင်း . . . ။

'ဒါဖြင့် ကလေးမလေး ကကော'

www.burmeseclassic.com

www.burmeseclassic.com

'ကလေးမလေး ကလည်း ပြန်သွားတယ်ခင်ဗျ၊ ပြခန်းထဲမှာ ခဏ ကလေးနေပြီး ဘာမှ မကြာလိုက်ဘူး၊ သူ့လိပ်စာကတော့ ဧည့်သည် မှတ်တမ်း စာအုပ်ထဲမှာရှိတယ်။ ဒီကောင်မကလေးလည်း ဒီပန်းချီ ကားကြီးကို ဘယ်နှယ်လုပ်မှ မယူနိုင်ပါဘူးခင်ဗျ။ သေချာပါတယ် အင်္ကျီဝတ် ထားတာကလည်း ဂါဝန်တိုကလေးခင်ဗျ။ တစ်ခြား အဝတ် အစားတွေကလည်း နွေရာသီမှာ ဝတ်တဲ့ အဝတ်အစားတွေ။ ဒီလောက် ကြီးတဲ့ ရွက်ဖျင်ပန်းချီကားကြီးကို ဘယ်နည်းနဲ့မှ ယူမသွားနိုင်ဘူး'

ပီတာသည် အခန်းထဲသို့ ဝင်လာကာ ပန်းချီကားပေါင်ကို ကြည့်သည်။ ပန်းချီကားကြီးကို ပေါင်ပတ်ပတ်လည် အနားသားမှ ဖြတ်ယူသွားခြင်းဖြစ်၏။ ပီတာသည် အခန်း ပတ်ပတ်လည်ကို လျှောက်ကြည့်သည့်တိုင် ဘာမျှမတွေ့ရချေ။

ထူးထူးခြားခြားဆို၍ ပန်းချီကားပေါင်ရှေ့တွင် ကျနေသော အပ်ကလေး တစ်ချောင်းကိုသာ တွေ့ရသည်။ အပ်မှာ ဘဏ်တိုက် များတွင် ငွေစက္ကူထုပ်များကို တွယ်သည့်အပ်မျိုး ဖြစ်သည်။ ထိုမှ တစ်ပါး အခြားဘာမှ မတွေ့ရချေ။

မစ္စတာထရက်ဇာမှာ သူ့ပန်းချီကားကြီး ပျောက်ဆုံးသွားသည့်တိုင် များစွာ ဣန္ဒြေမပျက်လှ သေးချေ။ သတင်းစာများက ထိုပန်းချီကားကြီး အကြောင်းကို အကျယ်တဝင့် ရေးသားသည့် အခါတွင်မှ ပန်းချီကား၏ တန်ဖိုးကို သဘောပေါက်လာကာ ထိုပန်းချီကားကြီးကို ပြန်တွေ့လျှင် ထိုက်သင့်သည့် ဆုငွေပေးမည်ဟု ကြေငြာသည်။

ရွှန်မနေပန်းချီကားကြီး ပျောက်ဆုံးသည့် ကိစ္စသည် ကလပ်များ၊ ဧည့်ခံပွဲများတွင် ပြောစရာဖြစ်နေသည်။ သတင်းစာ ကော်လံများတွင် အမြဲပါနေ၏။ အပျော်တမ်း မှုခင်းစုံစမ်း ထောက်လှမ်းသူများ အသိုင်း

www.burmeseclassic.com

အပိုင်းတွင် စိတ်ကူးညဏ် ကွန့်မြူးစရာ ဖြစ်နေ၏။ မှခင်းဗေဒ ပါရဂူများသည် အချင်းဖြစ်ပွားသည့် နေရာသို့ ရောက်လာကြကာ အမျိုးမျိုး တွေးတောကြ၏။ ထင်မြင်ချက်ပေးကြ၏။

ပီတာသည် ဧည့်စာရင်းတွင် တွေ့သည့် လိပ်စာနှစ်ခုကို ကူးယူခဲ့ကာ သူတို့လိပ်စာများ အတိုင်း တစ်ညနေလုံး လိုက်ရှာသည်။ သို့ရာတွင် ထိုလိပ်စာများတွင် မစ္စတာစမစ်ကို သော်လည်းကောင်း၊ ကလေးမလေးကို သော်လည်းကောင်း မတွေ့ရချေ။

ပီတာသည် အချင်းဖြစ်ပွားပုံနှင့် ပတ်သက်၍ သူ့ထင်မြင်ချက် အပြည့်အစုံကို စုံထောက်ချုပ် ရုံးသို့ တင်ပြလိုက်သည်။

'အဘိုးကြီးက သက်သက်မဲ့ အယောင်ပြ လွှတ်လိုက်တာခင်ဗျ။ အစောင့်တွေက သူ့ကို သင်္ကာမကင်းဖြစ်ပြီး စောင့်ကြည့်နေအောင် တမင် လွှတ်လိုက်တာ၊ ဒီတွင် အဘိုးကြီးကလည်း သူ့အနားမှာ အစောင့်တွေ မလာရဲအောင် စကားကြောတွေရှည်ပြီး တမင်လျှောက် ပြောနေတာ။ အစောင့်တွေ ရှောင်ပြေးအောင် ပန်းချီပညာနဲ့ ပတ်သက် လို့ လေလျှောက်ရှည်နေတယ်။ ပြီးတော့ သူက လောင်းကုတ်ကြီးကို ဝတ်ထားတော့ သူ့ကို သင်္ကာမကင်းဖြစ်အောင် အခန်းထဲကို လျှောက် ဝင်ကြည့်ပြီး ထွက်လာတယ်ခင်ဗျ။ သူ့အထွက်မှာ ကောင်မလေးက ဝင်လာတယ်ခင်ဗျ။ လုလုပပ အချိန်ကိုက် လုပ်သွားတာ။ လုပ်ပုံကိုင်ပုံ လေးကတော့ တော်တော်လေးကို သေသပ်ပါ တယ်ခင်ဗျာ။

အစောင့်တွေက အဘိုးကြီးအပေါ် အာရုံစိုက်ပြီး အဘိုးကြီး အပြင်ထွက်သွားတာကို သတိထားကြည့်နေတုန်းမှာ ကလေးမ ကလေးက ပန်းချီကားကို ပေါင်အတိုင်း ဖြတ်ထုတ် သွား တယ်ခင်ဗျ။ ဘယ်မှာ ဝှက်ထားခဲ့သလဲ၊ ဒါမှမဟုတ် ပန်းချီကားကို ဘယ်လိုလုပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ယူသွားသလဲ ဆိုတာကတော့ ပြဿနာပေါ့ခင်ဗျာ။ သူ့ကိုယ်ပေါ်မှာတော့ ဘယ်နည်းနဲ့မှ ဝှက်ယူမသွားနိုင်ဘူးလို့ အစောင့်တွေက ယူဆကြတယ် ခင်ဗျ။ ဒီအရွယ်အစား လောက်ရှိတဲ့ ပန်းချီကားရွက်ဖျင်ကြီးကို တစ်ချပ်ကို ကိုင်ပြီး ကျွန်တော့်ကိုယ်ထဲမှာ ဝှက်စမ်းကြည့်ပြီးပြီ။ ဖောင်းပွပွကြီး ဖြစ်နေတယ်။ ဒီလောက် ဖောင်းပွနေတာကြီးကို အစောင့်တွေက ဘယ်နည်းနဲ့မှ သတိမထားမိဘဲ နေမှာမဟုတ်ဘူး'

'ဒါဖြင့် နေစမ်းပါဦး၊ အဲဒီကောင်မလေးက ဘယ်သူလဲ'

'စတုရန်းမယ် ဂျိမ်း ရယ်ခင်ဗျ'

'မဖြစ်နိုင်တာကွာ'

ပီတာက ပြုံး၏။

'မိန်းကလေး ခပ်ငယ်ငယ် တစ်ယောက်အဖို့ ဒီထက်ငယ်အောင် လုပ်ရတာ မခက်ပါဘူး မင်းကြီး၊ သိပ်လွယ်ပါတယ်။ ဂါဝန်တိုတိုကလေးဝတ်၊ ကျစ်ဆံမြီးလေး ကျစ်လိုက်ရင် ကလေးမကလေးတစ်ယောက်လိုပဲ ထင်မိကြမှာပေါ့။ စတုရန်းမယ် ဂျိမ်းဟာ အင်မတန်လျင်ပါတယ် မင်းကြီး'

'နေစမ်းပါဦးကွ၊ ဒီပန်းချီကားကြီးကို ဖြတ်ယူပြီး ပြတင်းပေါက်ကနေ တစ်ယောက်ယောက်ကို လှမ်းပေးလိုက်ရင်ကော မဖြစ်နိုင်ဘူးလား'

ပီတာက ခေါင်းရမ်းလိုက်၏။

'ကျွန်တော်လည်း စဉ်းစားကြည့်ပါတယ် မင်းကြီး၊ ပြတင်းပေါက်တွေက ပိတ်ထားတယ် ခင်ဗျ။ ပြီးတော့ သံဆန်ခါတွေလည်း တပ်ထားသေးတယ်။ ဘယ်နည်းနဲ့မှ ပြတင်းပေါက်က ထုတ်လို့ မဖြစ်နိုင်ဘူး

www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျ။ ကောင်မလေးဟာ ပန်းချီကားကို အစောင့်တွေ ရှေ့မှာတင် တစ်နည်းမဟုတ် တစ်နည်းနဲ့ ထုတ်သွားတာဖြစ်ရမယ်။ ပြီးတော့မှ သူ မသိသယောင်နဲ့ ရွှန်မနေ ပန်းချီကားကြီးဆိုတာ ဘယ်မှာလဲလို့ လာမေးတာ ဖြစ်ရမယ်။ ဒီတော့ အစောင့်တွေအားလုံး အခန်းထဲ ပြေးဝင်ကြမယ်။ အဲဒီတုန်းမှာ သူထုတ်သွားတာ ဖြစ်ရမယ်။ သုံးမိနစ်လောက်တော့ သူတို့ အလုပ်များသွား ကြတယ်ခင်ဗျ။ နောက်တော့မှ အဲဒီကောင်မလေးကို လိုက်ရှာကြတာ'

'ဒါဖြင့်ရင် အစောင့် တစ်ယောက်ယောက်နဲ့ ပူးပေါင်း ကြံစည်တာကော မဖြစ်နိုင်ဘူးလား'

'ဖြစ်တော့ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် အဲဒီမှာ တာဝန်ကျတဲ့ အစောင့်တိုင်းဟာ အကျင့်စာရိတ္တနဲ့ ပတ်သက်လို့ ဘာမှအစွန်းအထင်း မရှိဘူးခင်ဗျ။ သူတိုရအားလုံးဟာ သားနဲ့ မယားနဲ့ လူတွေချည်းပဲ၊ ပြီးတော့ သူတို့သခင် မစ္စတာ ထရက်ဇာ အပေါ်မှာလည်း သစ္စာရှိတဲ့ လူတွေချည်းပဲ'

'နို့ ဒါဖြင့်ရင် ဒီအမျိုးသမီးက ဒီပန်းချီကားကြီးကို ဘာလုပ်မှာ လဲကွ၊ ရောင်းလို့လည်း ဖြစ်မှာမဟုတ်ဘူး'

ပီတာက ပြုံးလိုက်ရင်း

'ဆုငွေယူမှာပေါ့ မင်းကြီး၊ ကျွန်တော်တော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး တော်တော်လေး ခေါင်းနောက်နေတယ် ခင်ဗျ။ ဒါပေမယ့် ဘယ်လိုပဲ ဖြစ်ဖြစ် မမိနိုင်တော့ဘူး လို့တော့ မထင်ချင်သေးဘူး။ ကျွန်တော် မျှော်လင့်ချက် ထားချင်ပါသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com

'အင်း….ဆုငွေက မြိုးမြိုးမြက်မြက် ဆိုတော့ ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ။ ဆုငွေတွေ ဘာတွေ လာထုတ်တော့မှ မင်းသူ့ကို အမိဖမ်းမယ်ပေါ့ ဟုတ်လား'

'ဟုတ်တယ်ခင်ဗျ။ ဟောဒီမှာ'

ဟုဆိုကာ ပီတာက အိတ်ထဲမှ ကြေးနန်းတစ်စောင်ကို ထုတ်၍ ပြလိုက်သည်။ ကြေးနန်းမှာ အောက်ပါအတိုင်း ပါရှိ၏။

*ဂရိတ်ပန်တန်လမ်းရှိ ကလေးဆေးရုံသို့ ပေါင်ငါးထောင် လှူဒါန်းမည်ဆိုလျှင် ပန်းချီကားကြီးကို ပြန်ပို့ပေးမည်။ သဘောတူ လက်မှတ်ရေးထိုးသည်နှင့် တစ်ပြိုင်နက် ပန်းချီကားကို အရောက် ပြန်ပို့ပေးမည်။*

*ဂျိမ်း*

'ဒီတော့ ထရက်ဇာက ဘာပြောသလဲ'

'သူကလည်း သဘောတူတယ်ခင်ဗျ။ ပေါင်ငါးထောင် လှူမယ် ဆိုတာ ဆေးရုံက ကော်မတီ အတွင်းရေးမှူးဆီကို အကြောင်းကြား လိုက်ပြီးပြီ။ သူသဘော တူကြောင်းကို သတင်းစာတွေထဲမှာ ကျယ်ကျယ် ပြန့်ပြန့် ကြေငြာပေးမယ်'

ညနေ သုံးနာရီတွင် ကြေးနန်းတစ်စောင် ထပ်ရောက်လာ ပြန်သည်။ ထိုကြေးနန်းမှာ ပီတာထံသို့ လိပ်မူထား၏။ ဂျိမ်းသည် ထိုအမှုနှင့် ပတ်သက်၍ ပီတာကိုင်နေကြောင်းကို ကောင်းစွာ သိရှိထား ပုံရ၏။

*'ယနေ့ည ရှစ်နာရီတွင် ပန်းချီကားကို ပြန်ထားမည်။ ပြခန်း ထဲတွင် အဆင်သင့် ရှိပါစေ။ လိုအပ်သည့် ပြင်ဆင်မှုများကို*

www.burmeseclassic.com

www.burmeseclassic.com

*လုပ်ထားပါ။ သည်တစ်ကြိမ်တွင် ကျွန်မကို လက်မလွှတ်ပါစေနှင့်။ မိအောင်ဖမ်းပါ'*

*စတုရန်းမယ် ဂျိမ်း*

ကြေးနန်းစာကို စာတိုက်ကြီးမှ တဆင့်ပေးပို့လိုက်ခြင်း ဖြစ်၏။

ပီတာသည် လိုအပ်မည့် ပြင်ဆင်မှုများကို ပြုလုပ်ထား၏။ စတုရန်းမယ်ဂျိမ်းကို မိလိမ့်မည် ဟူ၍ကား မျှော်လင့်ထားခြင်းမရှိ။ သို့ရာတွင် မမိလျှင်လည်း သူ့တာဝန် မရှိပြီ။

ပီတာတို့ လူသိုက်သည် ခပ်မှောင်မှောင် ဖြစ်နေသည့် မစ္စတာ ထရက်ဇာ အခန်းထဲတွင် စုမိကြသည်။ ၎င်းတို့မှာ ပီတာနှင့် စုံထောက်နှစ်ယောက်၊ မစ္စတာထရက်ဇာ တို့ဖြစ်သည်။ မစ္စတာ ထရက်ဇာသည် သူ့ထံရောက်လာသူတို့ကို များစွာ အရေးထား ဟန်မရှိဘဲ ဆေးပြင်းလိပ်ကြီး တစ်လိပ်ကို ဖွာနေသည်။ သူတို့အပြင် ပြခန်းအစောင့်များနှင့် ကလေးဆေးရုံ အုပ်ချုပ်ရေး ကော်မတီလူကြီး တစ်ဦးလည်း ရောက်ရှိနေကြသည်။

ထရက်ဇာက

'ဂျိမ်းဟာ သူကိုယ်တိုင် လာလိမ့်မယ်လို့ ထင်သလား။ ကျွန်တော် သူ့ကို တွေ့ဖူးချင်တယ်ဗျာ။ ကျွန်တော့်အပေါ်မှာတော့ အမှတ်တစ်မှတ် ယူသွားတာပဲ။ ဒါပေမယ့် သူ့ကို ကျွန်တော် အာဃာတ မထားပါဘူး'

ပီတာက

'ဒီနဲ့ မလှမ်းမကမ်းမှာ အထူး ပုလိပ်အဖွဲ့ တစ်ဖွဲ့ ခေါ်ထား ပါတယ်။ လမ်းတွေမှာလည်း စုံထောက်တွေ အစောင့်ချထားပါတယ်။ ဒါပေမယ့် မိလိမ့်မယ်လို့တော့ ကျွန်တော်လည်း သေချာပေါက် တာဝန်မခံဘူး ခင်ဗျ။ သူက အင်မတန် အဖမ်းခက်တာ'

www.burmeseclassic.com

www.burmeseclassic.com

'ဘာဖြစ်ဖြစ်ဗျာ။ လာပို့တဲ့ လူကိုတော့...'

ဟု ထရက်ဇာက ပြောသည်။

'လာပို့တဲ့ လူကလည်း စာတိုက်က ဖြစ်ချင်ဖြစ်မှာပေါ့၊ မသင်္ကာစရာတွေ့ရင် စုံထောက် ရုံးချုပ်ကို အကြောင်းကြားပါလို့ စာတိုက်တိုင်းကို အကြောင်းကြား ပြီးပြီခင်ဗျ။ အထူးသဖြင့် ပါဆယ်လာလုပ်တဲ့ လူထဲက မသင်္ကာစရာတွေ့ရင် အကြောင်းကြားပါလို့'

အနီးရှိ ဘုရားရှိခိုးကျောင်းမှ ရှစ်နာရီထိုးသံကို ကြားရသည်။ သို့ရာတွင် စတုရန်းမယ် ဂျိမ်းကိုမူ မမြင်ရသေး။ ငါးမိနစ် ကြာသည့် အခါတွင် တံခါးမှ ခေါင်းလောင်းသံကို ကြားရသည်။ ပီတာက တံခါးကို ဖွင့်ပေးလိုက်သည်။

ကြေးနန်းပို့သည့် လူငယ်လေးတစ်ယောက် ဖြစ်သည်။

ပီတာသည် ကြေးနန်းစာအိတ်ကို ယူ၍ ဖွင့်ဖတ်လိုက်သည်။ ထို့နောက် တစ်ချက်မျှ ရယ်လိုက်၏။ သူ့ရယ်သံမှာ မျှော်လင့်ချက်ကင်းမဲ့သည့် ရယ်သံ၊ အံ့ဩချီးမွမ်းသည့် ရယ်သံ။

'ပို့သွားပြီခင်ဗျ'

'ဘာ.....ဘာပြောတယ်'

ဟု ထရက်ဇာက မေးသည်။

'လာ ကျွန်တော် ပြမယ်'

အောက်ထပ် ပန်းချီပြခန်းထဲသို့ ခေါ်သွားသည်။ ပန်းချီကားနံရံပေါ်တွင် ဟာလာဟင်းလင်း ဖြစ်နေသော ပန်းချီကားဘောင်ကြီး။ ကားဘောင်ထဲတွင် တစ်ဝက်တစ်ပျက် ဖျက်ထားသည့် စတုရန်းမယ် ဂျိမ်း၏ အမှတ်အသား။

www.burmeseclassic.com

www.burmeseclassic.com

ပီတာသည် အခန်းအစွတ်ရှိ ပြတင်းပေါက် တစ်ပေါက်ဆီသို့ လျှောက်သွားကာ

'ဟောဒီမှာခင်ဗျ၊ ပန်းချီကားဟာ အစကတည်းက ဒီမှာရှိနေတာ'

ပီတာက လက်ကိုမြှောက်ကာ ယင်းလိပ်ကို အောက်သို့ ဆွဲချလိုက်သည်။ ယင်းလိပ်သည် အောက်သို့ တဖြည်းဖြည်း ကျလာ၏။

အားလုံး အာမေဋိတ်သံ ပြုလိုက်မိကြသည်။ ယင်းလိပ်ထဲတွင်မူ သေသပ်စွာ လိပ်ထားသည့် နာမည်ကျော် ရွက်ဖျင် ပန်းချီကားကြီး၊ အပ်ကလေး တစ်ချောင်းဖြင့် တွယ်ထားလျက်။

'ကားဘောင်ရှေ့မှာ အပ်ကို တွေ့လိုက်ကတည်းက ကျွန်တော်တွေးလိုက်မိဖို့ ကောင်းတာ။ ဒီလောက် အချိန်တိုတိုကလေး အတွင်းမှာ ဒီလောက်မြန်မြန် လုပ်နိုင်တာကတော့ အံ့ဩစရာပဲ။ ဒါပေမယ့် လုပ်မယ်ဆိုရင်တော့ ဖြစ်နိုင်ပါတယ်။ အမျိုးသမီးဟာ ပန်းချီကားကို အခန်းထိပ်ကို ယူသွားတယ်ခင်ဗျ။ ယင်းလိပ်ကို ဖြေချလိုက်တယ်။ ပြီးတော့ ယင်းလိပ်မှာ တွယ်အပ်နဲ့ ချိတ်ပြီး ယင်းလိပ်ကို ပြန်တင်လိုက်တယ်။ အေးလေ ... ဒီယင်းလိပ်ကို ဆွဲချလိမ့်မယ်လို့ ဘယ်သူထင်မလဲ'

(အင်္ဂလိပ်စာရေးဆရာ Edgar Wallace ၏ Four Square Jane ကို ပြန်သည်)

www.burmeseclassic.com

www.burmeseclassic.com

## ၇။ ဓာတ်လိုက်မင်းသား အရုပ်တော်ပုံ

**ဓာတ်ဆောင်စုံထောက်** **ဂွင်းလီ**
**စတင်ပေါ်ပေါက်သည့်နှစ်** **၁၉၃၄ ခုနှစ်**

(အမေရိကန် စာရေးဆရာ ဗွိုင်အိုလာဘာရားသားရှိုး၏ စုံထောက်ဝတ္ထု ဖြစ်သည်။ ရှိုး၏ စုံထောက်ဝတ္ထုဆို၍ ဤတစ်ပုဒ် တည်းသာ ရှိသည်။ သူ့ဇာတ်ကောင်၏ ထူးခြားချက်မှာ ဓာတ်ဆောင် စုံထောက်သည် အမျိုးသမီးစုံထောက် ဖြစ်နေခြင်း ဖြစ်သည်။ ဓာတ်လမ်း နောက်ခံမှာ ကျူးဘားနိုင်ငံ ဖြစ်သည်။ ထူးခြားသော ဓာတ်ဆောင်၊ ထူးခြားသောနောက်ခံနှင့် ထူးခြားသော ဓာတ်လမ်း ကြောင့် ဤဝတ္ထုကို ဖော်ပြလိုက်ပါသည်။)

ကျွန်တော့်ဇနီးက ခရီးသွားဖော် သွားဖက်များနှင့် ပတ်သက်၍ ညဉ်းညဉ်းညူညူ ပြောလိုက်သည့် အခါတွင် အိမ်ရှင် ကလဲရင့် စကော့က ရယ်လျက်

'ဒါဖြင့် ခရီးကို လာရတာ တော်တော်ငြီးငွေ့စရာ ကောင်းမှာပေါ့'

ဟု မေးလိုက်၏။

ကျွန်တော်တို့ ငါးယောက်သည် ဝရန်တာတွင် ထိုင်ကာ ဖရုတ် ပေးခေါ် ဗရန်ဒီကို သောက်နေကြ၏။ မစ္စက်ကော့မှာ အဲရစ်ရှရိုးဒါး အား သူစိုက်ပျိုးထားသည့် အပူပိုင်းဒေသ ပေါက်ပင်များကို လိုက်ပြ နေသည်။ ကော့တို့ ဇနီးမောင်နှံ၏ အိမ်မှာ ဟာဗနာ မြို့ပြင်တွင်ရှိပြီး၊ လှပခမ်းနားသည့် အိမ်ကြီးတစ်ဆောင် ဖြစ်၏။ သူတို့ဇနီးမောင်နှံ၏

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာရပ်ခံချက်အရ ညစာစားပွဲသို့ ဧည့်သည် သုံးယောက်ကို ခေါ်လာခဲ့သည်။ယင်းတို့မှာ သဘော်ဆရာဝန် ဒေါက်တာ ဝုက်တမိုး၊ စုံထောက် ရှုရိုးဒါးနှင့် သဘော်ပေါ်တွင် ရှုရိုးဒါးစိတ်ဝင်စားခဲ့သည့် မိန်းကလေး တစ်ယောက်ဖြစ်သော လင်နီတို့ဖြစ်သည်။ ရှုရိုးဒါးနှင့် ကျွန်တော့်ဇနီး ဂွင်းလီတို့မှအပ အခြား မည်သူမျှ မက္ကင်ဇီ၏ အမှုကို စိတ်ဝင်စားခြင်း မရှိကြချေ။

ကျွန်တော့်ဇနီးက

'ငြိမ်းငွေ့စရာ ကောင်းလိုက်တာကတော့ မပြောပါနဲ့တော့ရှင်။ နယူးယောက်ကလည်း ထွက်ရော လူတစ်ယောက် သဘော်ပေါ်က ခုန်ချပြီး ရေထဲဆင်း သေသွားတာ'

'ဘာလဲ စထွက်တဲ့ ပထမညမှာပဲလား၊ ဒါကတော့ မြန်လွန်းလှတယ်ဗျာ၊ မသကာ ပင်လယ်ထဲ ခရီးသွားလို့ တော်တော်ကြာတော့မှ ဆိုရင် ဟုတ်သေးရဲ့'

'ဟုတ်တယ်လေ၊ ကြာလာလို့ ဆိုရင်ထားပါတော့'

ဟု ကျွန်တော့်မိန်းမက အမှတ်တမဲ့ ပြောလိုက်၏။ ကျွန်တော်တို့ အိမ်ရှင်မှာ ဝတ်လုံတစ်ဦး ဖြစ်၏။

'တကယ် ပြောနေတာလား မမ၊ သဘော်ပေါ်က လူတစ်ယောက် ခုန်ချသွားတယ် ဟုတ်လား'

ဟု လင်နီက မေးလိုက်သည်။

'ဒေါက်တာကို မေးကြည့်လေ၊ ဘာမှ ပြောစရာ အကြောင်းမရှိဘူး မဟုတ်လား ဒေါက်တာ'

ဟု ဂွင်းက ပြောလိုက်၏။ ဒေါက်တာ ဝုက်တမိုးက ကျွန်တော့် ဇနီးကို ကြည့်လိုက်ရင်း

www.burmeseclassic.com

www.burmeseclassic.com

'ခင်ဗျား ဘယ့်နှယ်လုပ် သိသလဲ'

အိမ်ရှင်ဖြစ်သည့် မစ္စတာကော့က ရယ်လိုက်ရင်း

'သူပြောတာ မယုံမရှိနဲ့နော် ဒေါက်တာ၊ နာမည်ကျော် အမျိုးသမီးစုံထောက် ဂွင်းလီဆိုတာ သူပဲခင်ဗျ။ အဲ...သူ့ယောကျ်ား ကတော့ သူ့အဖို့ ဒေါက်တာဝပ်ဆင်ပေါ့'

ဒေါက်တာ ဝုပ်တမိုးသည် ကျွန်တော်ရေးသည့် ဟမ်းစဖို့ လူသတ်မှု အကြောင်း စာအုပ်ကို သတိရသွားဟန် တူ၏။ ဂွင်းက သူ တအံ့တဩ ဖြစ်နေသည်ကို ကြည့်၍ ရယ်လိုက်ကာ

'ကျွန်မ စုံစမ်းထောက်လှမ်းတယ်ဆိုတာ မဖြစ်စလောက်ပါရှင်၊ တချို့အမှုတွေက ကြက်ကန်းဆန်အိုး တိုးသွားတာတွေပါ။ မစ္စတာ ရှရိုးဒါးကမှ တကယ့်စုံထောက်ပါ'

လင်နီသည် ကုလားထိုင်မှ အလန့်တကြား ထလိုက်လျက်

'ဘာ .... ရှရိုးဒါးက စုံထောက် ဟုတ်လား၊ ကျွန်မကို ပြောတော့ မုဆိုးဆို'

အားလုံးက ရယ်လိုက်ကြ၏။ ဂွင်းက

'အမေရိကန် ပြည်ထောင်စုမှာတော့ သူ့လောက် ရာဇဝတ်မှုတွေကို စုံစမ်းပြီး ဖြေရှင်းပေးနိုင် တဲ့လူ တစ်ယောက်မှ မရှိသေးပါဘူး။ ဒါပေမယ့် သူ့မှာတော့ ကျွန်မလို စွန့်စားခန်းတွေကို ရေးပေးမယ့် ယောကျ်ားတော့ မရှိသေးဘူးပေါ့'

'သင်္ဘောပေါ်မှာ ကိုယ့်ကိုကိုယ် သတ်သေတဲ့ ကိစ္စဖြစ်တယ် လို့တော့ ကျွန်တော် မကြားမိသေးပါဘူး'

ဟု ကော့က ပြော၏။ သင်္ဘောဆရာဝန်က

www.burmeseclassic.com

www.burmeseclassic.com

'ဒါကတော့ လူတွေမသိအောင် ဖုံးဖုံးဖိဖိ လုပ်ထားတာကိုး။ တခြား ခရီးသည်တွေ စိတ်မကောင်း ဖြစ်ကုန်ကြမှာစိုးလို့ သင်္ဘော ကပ္ပတိန်က အုပ်အုပ်တိုင်းတိုင်း လုပ်ထားခဲ့တယ်လေ။ လူကတော့ မထင်မရှားထဲကပါ။ သင်္ဘောပေါ်မှာ ပါလာတဲ့ သူဌေးကြီး တစ်ယောက်ရဲ့ အတွင်းရေးမှူးတဲ့'

' မက္ကင်ဇီဟာ သူဌေးတစ်ယောက် ဖြစ်တယ်ဆိုတာ ဒေါက်တာ ဘယ့်နှယ်လုပ် သိသလဲ'

'အတွင်းရေးမှူးနဲ့ ဘာနဲ့ ခရီးသွားတယ်ဆိုတော့..........'

ဟု ဒေါက်တာက ဝေ့လည်လည် ဖြေ၏။

'ဩော် ........ဟုတ်လား'

ဟု ဝွင်းက မသိဟန်ဆောင်၍ မေး၏။ ကျွန်တော်က

'နေစမ်းပါဦး၊ မင်းကကော ဘာဖြစ်လို့ သူ့ကို မချမ်းသာဘူးလို့ ထင်ရတာလဲ'

'ပထမ အချက်က ကုန်းပတ်မှူးကို ဘောက်ဆူးတို့ ဘာတို့ မပေးဘူးရှင့်'

'ဒါကတော့ သူက စကော့လူမျိုးမို့ နှမြောလို့ ဖြစ်မှာပေါ့ကွ'

'ဒါပေမယ့်ရှင်၊ ပထမညမှာပဲ အရက်ခန်းထဲကို ရောက်လာတဲ့သူ မှန်သမျှ အတင်းဆွဲခေါ်ပြီး သူတို့ ကြိုက်သလောက် ဒကာခံခဲ့ သေးတာပဲ'

'ဒါကတော့ သူမူးနေလို့ ဖြစ်မှာပေါ့'

'ကဲပါ၊ အဲဒီ ရေထဲခုန်ချတဲ့ လူအကြောင်းကို ဆက်ပြောစမ်းပါဦး'

ဟု လင်နီကပြောသဖြင့် ဝွင်းက ဒေါက်တာကို အပြောခိုင်းသည်။

www.burmeseclassic.com

'ကျွန်တော် သိသလောက် ဆိုရင်တော့ ရှမစ်ဟာ ဗုဒ္ဓဟူးနေ့ညမှာ ရေထဲကို ခုန်ချသေသွား တယ်ခင်ဗျ။ ဘယ်လို ခုန်ချသလဲ၊ ဘာဖြစ်လို့လဲ ဆိုတာကိုတော့ ဘယ်သူမှ မသိဘူး'

'အမယ် ဒေါက်တာကလည်း ကွယ်ဝှက်မနေစမ်းပါနဲ့၊ အဲဒီညက ညစာစားပြီးတော့ ဒေါက်တာနဲ့ မက္ကင်ဇီတို့နှစ်ယောက် စကားလက်ဆုံကျနေသေးတယ် မဟုတ်လား'

'စကားလက်ဆုံ ကျနေကြတာ မဟုတ်ဘူးခင်ဗျ၊ သူ ကောင်းကောင်း နေမကောင်းဘူး ဆိုလို့ သူ့ကို သွားကြည့်နေတာ၊ သင်္ဘောစီးခါစမှာ ဒီလိုလည်း နေထိုင်မကောင်း ဖြစ်တတ်ပါတယ်လို့ ကျွန်တော်က ပြောတယ်။ ဒီတော့ သူက သူ့အတွင်းရေးမှူးလည်း ဒီလိုပဲ နေထိုင်မကောင်း ဖြစ်တယ်တဲ့။ သင်္ဘောထွက်ထွက်ချင်း အခန်းထဲ ဝင်အိပ်နေတယ်တဲ့၊ သူ့အတွင်းရေးမှူးကို ကုန်းပတ်ကို ခေါ်လာသေးတယ်တဲ့။ ဒါပေမယ့် သိပ်ပြီး နေထိုင်မကောင်း ဖြစ်နေတော့ သူ့အိပ်ခန်းကို ပြန်ပို့လိုက်ရတယ်တဲ့။ ဒါပေမယ့် မက္ကင်ဇီကတော့ သင်္ဘောနဲ့ အကြိမ်တစ်ဒါဇင် လောက် ပင်လယ်ခရီးသွားဖူးပြီး တစ်ခါမှ ဒီလို နေထိုင်မကောင်းတာ မဖြစ်ဖူးဘူးတဲ့။ ဒါနဲ့ ကျွန်တော်က သူ့ကို အဲဒီည၌က ဘာတွေစားသလဲလို့ မေးကြည့်တယ်။ အဲဒီညက ကျူးနာငါး အစိမ်းသုတ်ကို စားခဲ့တယ်ဆိုတော့ သူတို့နှစ်ယောက် အစာအဆိပ် ဖြစ်မှာပဲဆိုပြီး သူ့အတွင်းရေးမှူးကို ကြည့်ဖို့ ကျွန်တော်ကပြောတယ်။

ဒါပေမယ့် သူက မကြည့်တော့ဘူးတဲ့။ သူ့အတွင်းရေးမှူးက အိပ်သွားပြီတဲ့။ ဆရာဝန် သွားခေါ်မယ် ပြောတာတောင် မခေါ်ပါနဲ့လို့ ပြောသတဲ့။ သူက ခုခေတ် ဆေးဝါးတွေကို မယုံဘူးတဲ့။ ပရမတ်ကျမ်း

www.burmeseclassic.com

www.burmeseclassic.com

သမားတဲ့။ ဆေးပေးချင်းပေးရင် သူ့အတွက်ပဲ တောင်းတယ်ခင်ဗျ။ ကျွန်တော် သိသလောက်တော့ ဒါပဲ။ မက္ကင်ဇီ ကိုယ်တိုင်လည်း ပင်လယ်ခရီးကြောင့် တော်တော် လေး နေထိုင်မကောင်း ဖြစ်နေတယ်'

'ဒါဖြင့် နေစမ်းပါဦး၊ ရှမစ်က ဘာဖြစ်လို့ ကိုယ့်ကိုကိုယ် သတ်သေသွားတာလည်း'

'ဘယ်သူမှကို မသိဘဲဖြစ်နေတယ်။ မသိဆို သူနဲ့လည်း ဘယ်သူနဲ့မှ စကားမပြောဖူး ကြသေးဘူးလေ။ သူ့ဆရာ မက္ကင်ဇီတောင်မှ သူ့ကိုယ်ရေးကိုယ်တာ အားလုံးကို သိမှမသိတာ။ သူ့ဆီကို အတွင်းရေးမှူး ဝင်လုပ်တာကလည်း ရက်ပိုင်းပဲ ရှိသေးတယ်တဲ့'

'သူ့ကိုယ်သူ သတ်သေသွားတယ်လို့ ဘာကြောင့် ပြောနိုင်တာလဲ'

'သင်္ဘော တစ်စီးလုံးပေါ်မှာ ဘယ်မှာမှ မရှိတာ'

'သူ မရှိဘူးဆိုတာကိုကော၊ ဘယ်လိုလုပ် သိသလဲ'

'ကုန်းပတ် စခမ်းမှူးတွေဆီက သိတာပေါ့၊ မက္ကင်ဇီ နေထိုင်မကောင်းဖြစ်တော့ အေကုန်းပတ် က အခန်းတစ်ခန်းကို ပြောင်းလာတယ်။ သူ့အဝတ်အစား သေတ္တာကို ကုန်းပတ်စခန်းမှူးကို အယူခိုင်းလိုက်တော့ အခန်းထဲမှာ ရှမစ်အိပ်နေတယ်။ သူ့ကို အနှောင့်အယှက် မဖြစ်ပါစေနဲ့။ အသာပဲ ယူခဲ့ပါလို့ မှာလိုက်သတဲ့။ ကုန်းပတ်စခန်းမှူး ပြန်လာတော့ အခန်းထဲမှာ ရှမစ် မရှိဘူးလို့ ပြောသတဲ့။ နောက်တော့ စီကုန်းပတ် စခန်းမှူးကလည်း သူ့ကုန်းပတ်မှာလည်း မရှိဘူးလို့ ပြောသတဲ့။ ဒီတော့ သင်္ဘောတစ်စီးလုံးကို ရှာပြီး မတွေ့မှတော့ ဘာပြောစရာ ရှိတော့လို့လဲ'

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ပါပြီလေ၊ ဒါပဲ တွေးစရာ ရှိတော့တာပေါ့။ နို့ နေစမ်းပါဦး၊ စီကုန်းပတ်က ကုန်းပတ် စခန်းမှူးကကော နောက်ထပ် ဘာပြောသေးလဲ'

'သူကလည်း မက္ကင်ဇီပြောတဲ့ အတိုင်းပါပဲ၊ သင်္ဘောစထွက်တော့ တစ်ယောက်က အခန်းထဲ ဝင်အိပ်တယ်တဲ့။ နောက်တစ်ယောက်ကတော့ အဲဒါက မက္ကင်ဇီရယ်၊ ခေါင်းလောင်း ကြိုးဆွဲခေါ်ပြီး စီကုန်းပတ်ပေါ်ကို ကုလားထိုင်တစ်လုံး ယူခဲ့ပါလို့ ပြောသတဲ့၊ ကုလားထိုင်ရွှေ့ပြီးတော့ သူနဲ့ မက္ကင်ဇီက ရှမစ်ကို ကုန်းပတ်ပေါ်ကို တွဲခေါ်လာခဲ့ကြတယ်။ အဲဒီအချိန်မှာ ဟိုလူက တော်တော် နေထိုင်မကောင်း ဖြစ်နေသတဲ့။ ကုန်းပတ် စခန်းမှူးက အိပ်ရာကို ခင်းကျင်းပေး နေတုန်းမှာ ရှမစ်ဟာ လက်ရန်းပေါ် ခေါင်းတင်ပြီး ငိုက်ဆိုက်ကြီး ကျနေသတဲ့၊ သူ့မျက်နှာကို ကြည့်ရတာ ကလည်း ဖြူဖတ်ဖြူရော်နဲ့တဲ့။ ဒီတင် ကုန်းပတ်စခန်းမှူးက ကျွန်တော့်ကို ခေါ်ဖို့ အကြံပေးတယ်။ လူမမာက တော်တော်လေး အခြေအနေ ဆိုးနေတော့ မက္ကင်ဇီက သူ့နားကပ်ပြီး သူ့စကားကို နားထောင်သတဲ့။ သူက ဆရာဝန် မခေါ်ပါနဲ့လို့ ပြောသတဲ့'

'ညစာစားနေတုန်းမှာ ခေါင်းလောင်းတီးခေါ်တာနဲ့ ကုန်းပတ် စခန်းမှူးလည်း အခန်းနံပါတ် ၃၆၁ ကို သွားတယ်။ အခန်းလမ်းကြား ကလေးထဲမှာ မက္ကင်ဇီကို တွေ့ရသတဲ့၊ ရှမစ် တစ်ယောက်တော့ အိပ်ပျော်သွားပြီ၊ ဒါပေမယ့် နောက်နှစ်နာရီလောက်ကြာရင် သူ့အခြေ အနေ ဘယ်လိုရှိသလဲ ဆိုတာ သွားကြည့်ပါ၊ သူကတော့ မူးနေလို့ ကုန်းပတ်ပေါ် တက်လိုက်ဦးမယ်လို့ ပြောသတဲ့၊ သူ့ကို ကြည့်ရ

www.burmeseclassic.com

www.burmeseclassic.com

တာကလည်း တော်တော်မူးနေပုံရတယ်လို့ ကုန်းပတ်စခန်းမှူးက ပြောတယ်'

'ဟုတ်တယ်၊ တော်တော်လေး မူးနေပုံရတယ်၊ မူးသာမူးတယ်၊ အရက်ကိုတော့ တစ်ခွက်ပြီး တစ်ခွက် ဆက်သောက် နေတာပဲရှင့်၊ တော်တော်လေးမူးတော့ ကျွန်မ သူ့ကို ကုန်းပတ်ပေါ်ကို ခေါ်လာခဲ့တယ်။ ကုန်းပတ်ပေါ်ရောက်တော့ သူ အယ်လ်ဘာတာကနေ ဘယ်လိုထွက်လာခဲ့တဲ့ အကြောင်း၊ အမေရိကန် ပြည်ထောင်စုကို ခဏအလည်လာတဲ့ အကြောင်း၊ ရှမစ်က သူ့အကြောင်း ပြောပြလို့ သနားတာနဲ့ အလုပ်ခန့် လိုက်တဲ့အကြောင်း၊ ဒါပေမယ့် ရှမစ်ဟာ အလုပ်အကိုင် ကျွမ်းကျင်ခြင်း မရှိတဲ့အကြောင်း၊ မကျွမ်းကျင်တဲ့အတွက် အခန်းခပ်ညံ့ညံ့နဲ့ ကျူနာငါးစိမ်းသုတ် ကို မှာတာဖြစ်တဲ့အကြောင်း၊ ခု အဲဒီအခန်းမှာ နေလို့မဖြစ်တဲ့အကြောင်း ပြောပြတယ်။ ဒါနဲ့ ကျွန်မက ဒီလိုဆိုရင်လည်း ရှမစ်ကို အဲဒီအခန်းမှာ ထားပစ်ခဲ့ပြီး ကုန်းပတ်ပေါ်မှာ တစ်ခန်းယူပါလားလို့ ပြောလိုက်တယ်'

'မင်းကြည့်ရတာ မက္ကင်ဇီကိုများ သဘောကျနေသလားကွာ'

ဟု ကျွန်တော်က ယောက်ျားများထုံးစံ ကိုယ့်ဇနီးကို စလိုက်ပါသည်။

'မောင်ကလည်း မဟုတ်ကဟုတ်က ပြောရော့မယ်၊ ခင်စိတ်ဝင်စားတာက ကလေးလေးလို စိတ်ဝင်စားနေတာပါ။ သူ့ကို စိတ်ဝင်စားတာ မဟုတ်ဘူးရှင့်။ သူ့နာရီကို စိတ်ဝင်စားနေတာ'

'ဒါဖြင့် ဟိုတစ်မနက်က ငါလိုက်ရှာတော့ မတွေ့တာ သူ့အခန်းထဲ ရောက်နေလို့ပေါ့'

www.burmeseclassic.com

www.burmeseclassic.com

'အမယ်လေး သူကလည်း ခင့်ကို စိတ်ဝင်စားတာ မဟုတ်ပါဘူး၊ မပူပါနဲ့'

'ဘာလဲ၊ မင်းမယောင်မလည် သွားစုံစမ်းလာတာလား၊ ဘာတွေများ တွေ့ခဲ့သလဲ'

'ထူးခြားတာဆိုလို့ နှစ်ခုပဲ တွေ့တယ်၊ တစ်ခုက အန်ဆေးနဲ့၊ နောက်တစ်ခုကတော့ သဘော်ကြီးနဲ့အတူ လှုပ်ရမ်းနေတဲ့ မှန်တစ်ချပ်ရယ်'

'ဒီနှစ်ခုကိုတွေ့တော့ ဘာများသိခဲ့ရသလဲ စုံထောက်မကြီးရဲ့'

'မှန်ကိုကြည့်လိုက်တော့ ရုပ်ချောချော မစ္စတာမက္ကင်ဇီဟာ ကျွန်မလာတာကို မကြိုက်ဘူး ဆိုတာ သွားတွေ့ရတယ်၊ သူ့ကို ကြည့်ရတာ နည်းနည်း မလုံမလဲဖြစ်နေပုံရတယ်။ ပြီးတော့ အိုင်ပီကက် ဆေးနံ့ရှင့်၊ ကလေးတွေကို အန်စေချင်ရင် အဲဒီဆေးကို တိုက်ရတယ် မဟုတ်လား ဒေါက်တာ'

ရှရိုးဒါးနှင့်အတူ ဥယျာဉ်ထဲမှ ပြန်တက်လာသည့် အိမ်ရှင်၏ဇနီး ဟယ်လင်က

'ဟေး ဂွင်း၊ ဘာတွေများ ငြင်းခုံနေကြတာလည်း'

ရှရိုးဒါးသည် ပြာလဲ့သောမျက်လုံးများဖြင့် ကျွန်တော့်ဇနီးကို ကြည့်လိုက်၏။ သူ့ဆံပင်များမှာ ဖြူဖွေးလျက်ရှိပြီး နှာခေါင်းမှာ ကိုနင်ဒွိုင်၏ ဇာတ်လိုက်များကဲ့သို့ သိမ်းငှက်၏ နှာခေါင်းမျိုးဖြစ်၏။ လင်နီက ရှရိုးဒါးကို မျက်စောင်းထိုးလိုက်ကာ

'ကြည့်စမ်း၊ ရှရိုးဒါးတို့များ သဘော်ပေါ်မှာ ကိုယ့်ကိုကိုယ် သတ်သေတဲ့ အမှုဖြစ်တာကို လင်နီကို မပြောဘူး၊ ဟောဒီက ဂွင်းက ပြောပြပေလို့သာ'

www.burmeseclassic.com

www.burmeseclassic.com

'ဒါကလည်း ကျွန်မက မစ္စတာ မက္ကင်ဇီနဲ့ အခန်းချင်းကပ်လျက် သွားကျလို့ သိရတာပါ'

'သင်္ဘောအရာရှိ သူ့အခန်းထဲ ဝင်သွားတာကိုတော့ ငါလည်း သိပါတယ်ကွာ'

ဟု ကျွန်တော်က ပြောလိုက်၏။

'သင်္ဘောကပ္ပတိန်ရယ်၊ ပထမအရာရှိရယ် အခန်းထဲ ဝင်သွားတော့ ဒေါက်တာက ပြောနေတာ ကို ကျွန်မကြားလိုက်တယ်လေ။ မစ္စတာ မက္ကင်ဇီကတော့ တော်တော်ကြီး နေထိုင်မကောင်းလို့ ဘာမှကို ကောင်းကောင်းမေးလို့ မရတော့ဘူး၊ ရှမစ်အကြောင်းကို မေးနေတာပဲ ဖြစ်မှာပဲလို့ ထင်လိုက်မိတာပဲ။ အဲဒီတုန်းက အင်ဂျင်စက်သံ တွေကလည်း ဆူနေတော့ ဘာမှ ကောင်းကောင်း မကြားလိုက်ရဘူး။ ဒီတော့ ကျွန်မအနေနဲ့ ဘယ်လိုမှ ကံသေကံမ မပြောနိုင်ဘူးပေါ့။ မစ္စတာ ရှရိုးဒါးကတော့ ကပ္ပတိန်နဲ့အတူ လိုက်သွားတော့ အကြောင်း စုံကို သိခဲ့ရမှာပေါ့'

ရှရိုးဒါးက ပြုံးလိုက်လျက်

'ကျွန်တော် ရောက်သွားတယ် ဆိုတာလည်း တရားဝင်ရောက်သွား တာမဟုတ်ဘူး။ မစ္စတာ မက္ကဇီကို မေးမြန်းနေတုန်းမှာ ကပ္ပတိန်က လှမ်းခေါ်လိုက်လို့ ရောက်သွားတာပါ။ ဒါနဲ့ ကျွန်တော်လည်း ရှမစ်ရဲ့ အကြောင်းကို သိရအောင်ဆိုပြီး သူ့ပစ္စည်းတွေကို လျှောက်ရှာကြည့် တယ်ခင်ဗျ။ ဒါပေမယ့် သူ့အကြောင်းကိုသိဖို့ အထောက်အကူဖြစ်မယ့် စာရွက်ဆိုလို့ တစ်ပိုင်း တစ်စတောင် မတွေ့ရဘူး'

'အဲဒီ အကြောင်းကိုတော့ ကျွန်မတို့ တုန်းပတ်စခန်းမှူးက ကျွန်မကို ပြောမပြသေးဘူးရှင့်'

www.burmeseclassic.com

www.burmeseclassic.com

'ခင်ဗျားတို့ ကုန်းပတ်စခန်းမှူးက ဒီ့ပြင်ဘာတွေများ ပြောသေးလဲ'

'ရှမစ်ရဲအိတ်ထဲက လက်ကိုင်ပဝါတစ်ချို့နဲ့ ပီအက်စ်လို့ အတိုကောက်စာလုံး ထိုးထားတဲ့ ပစ္စည်းတွေ တွေ့ထားတယ်တဲ့၊ ပစ္စည်းတွေက အမျိုးကောင်းတွေတဲ့။ ဒါပေမယ့် အသစ်တော့ မဟုတ်ဘူး။ အဟောင်းတွေတဲ့။ ဒါကိုထောက်ရင် ရှမစ်ဟာ တစ်ခါတုန်းက ပိုက်ဆံတို့ဘာတို့ ရှိခဲ့ပုံရတာပဲ။ နောက်ပစ္စည်းတွေက အသစ်တွေတဲ့။ ဒါပေမယ့် အမျိုးအစားတွေကတော့ သိပ်မကောင်းဘူးတဲ့၊ အညံ့စားတွေတဲ့'

'ဟုတ်တယ်ခင်ဗျ။ ကိုယ့်ကိုကိုယ် သတ်သေတာဟာ ဒါကြောင့်များလား မဆိုနိုင်ဘူး၊ အရင်တုန်းကတော့ ချမ်းချမ်းသာသာ စည်းစိမ်နဲ့နေလာခဲ့ပြီး ခုမှမွဲသွားတော့ ဒဏ်မခံနိုင်ဘဲ စိတ်ညစ်ပြီး သတ်သေတာလားမှမသိတာ'

ဟု ရှရိုးဒါးက ပြော၏။

'မဖြစ်နိုင်တာဗျာ။ ခုသူ့မှာလဲအလုပ်နဲ့ အကိုင်နဲ့ဟာပဲ၊ အဲတစ်ခုတော့ ရှိတယ်ခင်ဗျ။ သူ့မှာ မှတ်ပုံတင်တို့ ဘာတို့ တစ်ခုမှ ပါမလာတာကတော့ နည်းနည်း ထူးဆန်းတယ်'

ကျွန်တော့်ဇနီးက

'တစ်ယောက်ယောက်က သူ့ပစ္စည်းတွေကို မွှေနှောက်ပြီး ခြေရာဖျောက်တဲ့ သဘောနဲ့'

'ဘာ ခင်ဗျား ဒီလိုထင်သလား'

ဟု ရှရိုးဒါးက အော်လိုက်သည်။

'ရှင်လည်း ဒီလိုပဲ ထင်နေတယ်မဟုတ်လား၊ မစ္စတာ မက္ကဇီဟာ သူ့အတွင်းရေးမှူးကို သတ်တယ်လို့ ရှင်ထင်နေတယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com

'ဟော့ ဝွင်း ဘာတွေလျှောက်ပြောနေတာလဲ'

ဟု ကျွန်တော်က လှမ်း၍ ဟန့်လိုက်သည်။ အခြားသူများကလည်း တအံ့အဩဖြင့် သူ့ကို ကြည့်နေ၏။ ဆရာဝန်မှာကား စိတ်ဆိုးနေလေပြီ၊ မက္ကဇီသည် လူကြီးလူကောင်း တစ်ယောက်ဖြစ်ကြောင်း၊ ရှမစ်သည် သူ့ကိုယ်သူ သတ်သေသွားခြင်း ဖြစ်နိုင်ကြောင်းဖြင့် ပြော၏။

'ဘာဖြစ်လို့ ဒီလို ထင်ရတာလဲ'

'ပင်လယ်လှိုင်းသိပ်မူးလာရင် လူတွေဟာ ဒီလိုစိတ်မျိုးပေါ်လာတတ်တယ်ခင်ဗျ။ ကြည့်ရတာကတော့ ရှမစ်ဟာ အာရုံကြောအားနည်းတဲ့ လူတစ်ယောက် ထင်တာပဲ'

ဝွင်းက

'ကျွန်မသိရသလောက် ပရမတ်သမားတွေဟာ ဘယ်တော့မှ အာရုံကြော အားနည်းလေ့ မရှိဘူး၊ ရှင့်ကို ပြောလိုက်တုန်းက မစ္စတာမက္ကဇီဟာ ဒီအချက်ကို သတိမေ့သွားတယ် ထင်တယ်'

ဆရာဝန်မှာ စိတ်တိုနေဟန်ရှိ၏။

'ကျွန်တော့်အထင်တော့ ပရမတ်ကျမ်း သမားတွေဟာ တစ်ခါတစ်ခါ စိတ်ရူးပေါက်တတ်တယ် ထင်တာပဲ၊ ကုန်းပတ်စခန်းမှူးက ပြောတော့ ရှမစ်ကို ကြည့်ရတာ တော်တော်ကို နေထိုင်မကောင်း ဖြစ်နေပုံရတယ်လို့ ပြောတာပဲ'

'သိပ်ဆိုးလို့ သူတို့နှစ်ယောက် ရှမစ်ကို ကုန်းပတ်ပေါ်ကို ခေါ်လာတာပဲ ဖြစ်မှာပေါ့'

ရှရိုးဒါးမှာ ကျွန်တော့်ဇနီးသည်၏ မျက်နှာကို ကြည့်၍ အကဲခတ်နေ၏။

www.burmeseclassic.com

'ကိုယ့်ကိုကိုယ် သတ်သေတာ မဟုတ်ဘူးလို့ မစ္စက်ဂွင်းက ဘာဖြစ်လို့ ထင်ရတာလဲ'

'တွေးကြည့်တာပါ'

'ပြီးတော့ကော'

'ပြီးတော့ ရှမစ်ရဲ့ အိတ်ထဲမှာ ပါလာဖို့ကောင်းတဲ့ ပစ္စည်းတစ်ခု ရှိတယ်ရှင့်၊ အခု အဲဒီပစ္စည်း ကိုလည်း ရှာလို့မတွေ့ဘူး'

'ဘာလဲဗျ'

'မစ္စက်အက်ဒီရေးတဲ့ စာအုပ်လေ၊ ပရမတ်ဆေးကျမ်းသမား တော်တော်များများဟာ ခရီးရှည် သွားလို့ရှိရင် အဲဒီစာအုပ်ကိုတော့ ဆောင်ကြတာပဲ'

ရှရိုးဒါးက အထင်သေးသည့်ဟန် ပြုံးလိုက်သဖြင့် သူ့မျက်လုံး သည် အနည်းငယ် မှေး၍ သွားကြ၏။

'ဒီအကြောင်းကို ကျွန်တော်လည်း ပြောပါတယ်ခင်ဗျာ။ ဒါပေမယ့် ကပ္ပတိန်က လက်မခံဘူး ခင်ဗျ။ ကျွန်တော်ကလည်း အပျော်ခရီး ထွက်လာတာဆိုတော့ သိပ် စပ်စပ်စုစု မေးမနေတော့ ပါဘူး။ ကိုယ့်အတွင်းရေးမှူးကို ပြန်သတ်ဖို့ အကြောင်းအချက်ကလည်း ရှာလို့မှ မရတာ'

'ရှမစ်ဟာ သူ့အတွင်းရေးမှူးဆိုတာ မက္ကင်ဇီ ပြောတာပဲ ရှိတာပဲ'

ဆရာဝန်က

'အေးလေ၊ သင်္ဘောစာရင်းမှာတော့ ဒီအတိုင်းပဲ စာရင်းသွင်း ထားတာကိုး၊ ဝီလျံအာရ် မက္ကင်ဇီနှင့် အတွင်းရေးမှူးတဲ့ခင်ဗျ'

'ဒီလိုဆိုရင်တော့ ကိုယ့်အတွင်းရေးမှူးက ကိုယ့်ဇနီးကို ကြာခိုလို့ သတ်တာကော'

www.burmeseclassic.com

www.burmeseclassic.com

ရှရိုးဒါးက

'မဖြစ်နိုင်ပါဘူးဗျာ၊ မက္ကင်ဇီဟာ လူငယ်၊ ရုပ်ကလည်းချောတယ်၊ ရှမစ်က အသက်လည်း သူ့ထက်ကြီးတယ်၊ ရုပ်ကလည်း ခပ်ဆိုးဆိုးလို့ ကုန်းပတ် စခန်းမှူးက ပြောတာပဲ'

'နေစမ်းပါဦးရှင်၊ ရှမစ်ဟာ မက္ကင်ဇီထက် ကိုယ်လုံးကိုယ်ပေါက် တောင့်သလား'

'ဘယ်ကလာ တောင့်ရမှာလဲ၊ ခပ်သေးသေး ခပ်ညှက်ညှက် ကလေးရယ်၊ ဘာဖြစ်လို့ မေးတာလဲ'

' မက္ကင်ဇီရဲ့ လက်ပတ်နာရီကို ရှင်သတိထားမိသလား'

'သားရေကြိုးတပ်ထားတဲ့ သာမန်ငွေရောင် လက်ပတ်နာရီပါဗျာ၊ ကနေဒါတုန်းက ကျွန်တော် တွေ့ခဲ့တယ်၊ တစ်လုံးမှ တစ်ပေါင်လောက် ပေးရတဲ့နာရီပါ'

'ဒီတော့ နည်းနည်း ဆန်းမနေဘူးလား'

'မဆန်းပါဘူး၊ တချို့သူဌေးတွေ ခရီးသွားရင် ဘယ်တော့မှ နာရီကောင်းကောင်း မပတ်ဘူး၊ အပေါစား နာရီတွေကို ဝယ်ပြီး ပတ်ကြတာပဲ။ ဒီအထဲမှာ သူက စကော့လူမျိုးဖြစ်နေလေတော့ ...'

'ကျွန်မပြောတာက သားရေကြိုးကို ပြောတာပါ'

'သားရေကြိုးကတော့ တော်တော်လေး ဟောင်းနေပြီခင်ဗျ'

'အဲဒီကြိုးမှာ ကြိုးပေါက်ကလေး တစ်ပေါက်က ဟောင်းနေပြီး တခြား ကြိုးပေါက်တွေ ကတော့ အသစ်တွေ ချည်းပဲဆိုရင် ဘယ်လို အဓိပ္ပါယ် ထွက်နေမလဲ'

'ဟောင်းနေတဲ့ ကြိုးပေါက်က သုံးပြီးသား ဖြစ်လို့ပေါ့'

www.burmeseclassic.com

www.burmeseclassic.com

'ခု မက္ကင်ဇီလက်မှာ ပတ်ထားတဲ့ ကြိုးပေါက်ကို ကြည့်လိုက်တော့ အဟောင်းမဟုတ်ဘူးရှင့်၊ ကြိုးပေါက်အသစ်ရယ်။ ခု ကြိုးပေါက်က အရင်ကြိုးပေါက်ရဲ့အောက် သုံးပေါက်လောက်မှာ ရောက်နေတယ်။ ဒီတော့ ဒီနာရီဟာ အရင်တုန်းက မစ္စတာ မက္ကင်ဇီထက် လက်မောင်း သေးတဲ့ လူတစ်ယောက် ပတ်ခဲ့တယ်ဆိုတာ ထင်ရှားတယ်။ ဒီတော့ ဒီနာရီကို မစ္စတာ မက္ကင်ဇီပတ်တာ မကြာသေးဘူးလို့ အဓိပ္ပါယ် ထွက်နေတယ်'

'တယ်လီဖုန်း ခဏလောက် သုံးချင်တယ်ခင်ဗျာ'

ဟု ရှရိုးဒါးက ပြောသဖြင့် အိမ်ရှင်ကော့က လိုက်ပြ၏။ ကျွန်တော်သည် နားကိုစွင့်၍ နားထောင် ကြည့်သော်လည်း စပိန် ဘာသာဖြင့် ပြောဆိုနေသဖြင့် ဘာတစ်လုံးမှ နားမလည်ချေ။

အိမ်ရှင်အမျိုးသမီး ဟယ်လင်က မျက်လုံးပြူး မျက်ဆံပြူးဖြင့် ကျွန်တော့်ဇနီးကို လှမ်းကြည့်လိုက်ရင်း .....

'ဂွင်း မင်း ဘာတွေများ သွားပြောလိုက်သလဲဟင်၊ ဟိုမှာ ပုလိပ် မင်းကြီးဆီ ဖုန်းဆက်နေပြီ'

'ကျွန်မ သိပါတယ်၊ နောက်ထပ် စစ်ဆေးဖို့ မစ္စတာ မက္ကင်ဇီကို အတားခိုင်းထားတာ ဖြစ်မှာပေါ့၊ နောက်ထပ်စစ်ဆေးဖို့ ဟာဗားနားက ဘယ်မှမသွားပါနဲ့ဦးလို့ တားရမယ်လေ။ ဒါပေမယ့် မက္ကင်ဇီက သင်္ဘောရောက်ကတည်းက သင်္ဘောခန်းထဲက အပြင်ကို ထွက်ကိုမထွက် တော့ဘူး'

'ရှင်တို့ ဒီအကြောင်းကို မနက်က ပြောနေကြသေးတယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်တယ်၊ ကျွန်မ မနက်က သူ့ကို အကြောင်းပြချက် တစ်ခုရှာပြီး သွားတွေ့မလို့ လုပ်နေတာ၊ သူ့အတွင်းရေးမှူးကို ဘယ်လိုငှားလာသလဲ ဆိုတာလေးကို ရုတ်တရက် မေးကြည့်လိုက် ချင်လို့ပါ၊ သူ ဘာဖြေမလဲ ဆိုတာသိချင်လို့'

ဂွင်း ကံကောင်းသူဖြစ်ပါသည်။ ကျွန်တော်တို့ တည်းခိုသည့် နေရှင်နယ်ဟိုတယ်သို့ ပြန်ရောက်သည့်အခါတွင် ကျွန်တော်တို့ နှစ်ယောက်ကို သူ့အားလာတွေ့ရန် ခေါ်ထားသည့် မက္ကင်ဇီ၏ စာကို တွေ့ရ၏။ ကျွန်တော်တို့သည် သူ့အခန်းသို့ လာခဲ့ကြ၏။ မက္ကင်ဇီမှာ အသက် နှစ်ဆယ့်ခြောက်နှစ်ထက် ကျော်သေးဟန် မတူပါ။ အားကစား သမား တစ်ယောက်၏ လုပ တောင့်တင်းသည့် ခန္ဓာကိုယ်၊ လှိုင်းတွန့်လို ကောက်သော ဆံပင်များနှင့် ပြာလဲ့သော မျက်လုံးတို့ ရှိပါသည်။ ကျွန်တော်တို့ ရောက်သွားသည့်အခါတွင် စိုးရိမ်သောက ရောက်နေသော အကြည့်ဖြင့်ကြည့်ကာ ကျွန်တော်တို့ကို အခန်းထဲသို့ ဖိတ်ခေါ်၏။

ပုလိပ်မင်းကြီး ရောက်လာပြီး သူ့ကို မေးခွန်းတွေ မေးနေသဖြင့် စိတ်ညစ်လျက် ရှိကြောင်း၊ သူ့အား ရှမစ်နှင့် ပတ်သက်သည့် မေးခွန်း များကို မေးသွားကြောင်းဖြင့် ပြောပြပါသည်။

'ကြည့်ရတာကတော့ ရှရိုးဒါးက ပြောတာနဲ့ ကျွန်တော့်ကို လာမေးတယ် ထင်တာပဲခင်ဗျ။ ရှရိုးဒါးဆိုတဲ့လူက တော်တော် လည်တဲ့လူ၊ ကျွန်တော်ကလည်း ဘာပြောစရာရှိမှာလဲ၊ အရင်တုန်းက ပြောပြီးသား အတိုင်းပဲ ထပ်ပြောရတာပေါ့'

'ဒီအတိုင်း အမှန်ဖြစ်တယ်ဆိုရင် ဒါကိုပဲ ပြောရမှာပေါ့'

'ဒါပေမယ့် အဲဒါတွေက အမှန်မဟုတ်ဘူးဗျ'

www.burmeseclassic.com

www.burmeseclassic.com

ဝွင်းက ကျွန်တော့်ကို တစ်ချက် လှမ်းကြည့် လိုက်သည်ကို မက္ကင်ဇီ မြင်လိုက်ဟန် မတူချေ။

'ခု ကျွန်တော်တို့ နှစ်ယောက် လာကြတော့ မက္ကင်ဇီနဲ့ အတွင်းရေးမှူး အနေနဲ့ လာခဲ့ကြတာ၊ ဒီတော့ ကျွန်တော့်အနေနဲ့ လူမသိစေချင်တဲ့ ကိစ္စတွေကို ဒီကိစ္စတွေကို ဆွဲမသွင်းချင်ဘူးဗျာ၊ ဒါပေမယ့် ရှရိုးဒါးဆိုတဲ့ ကျူးဘားစုံထောက်က ကျွန်တော့်ကို ကျွန်တော် မပြောချင်တဲ့ အကြောင်းတွေကို အတင်း ဖိမေးနေတယ်။ ဒီတော့ ကျွန်တော် တခြားကို ထွက်သွားချင်တယ်။ ဒီခရီးမှာ အသိအကျွမ်းဆိုလို့ ခင်ဗျားတို့ နှစ်ယောက်ပဲရှိတော့ ကျွန်တော့်ကို အကြံဉာဏ်လေး ဘာလေး ပေးကြစမ်းပါဦး'

ဤတစ်ကြိမ်တွင်မူ ကျွန်တော်သည် ကျွန်တော့်ဇနီးကို လှမ်းမကြည့် လိုက်တော့ပါ။ မက္ကင်ဇီက ...

'လွန်ခဲ့တဲ့ ကြာသပတေးနေ့က ကျွန်တော့် ဇနီးသည်နဲ့အတူ နယူးယောက်ကို ရောက်လာခဲ့တယ် ခင်ဗျ။ ဝင်ဒမ် ဟိုတယ်မှာ တည်းတယ်။ စနေနေ့ မနက် ဆယ်နာရီကျတော့ ကျွန်တော်က အလုပ်ကိစ္စလေး ရှိတာနဲ့ အပြင်ထွက်သွားပါတယ်။ ကျွန်တော် ပြန်ရောက်တဲ့ အခါကျတော့ အခန်းမှာ ကျွန်တော့်မိန်းမကို မတွေ့တော့ပါဘူး။ ဒါနဲ့ ကျွန်တော် ထမင်းစားခန်းတို့ ဘာတို့ကို လိုက်ရှာတယ်ဗျာ။ ဒါပေမယ့် ဟိုတယ်တစ်ခုလုံး နှံ့ရော၊ ဘယ်မှာမှ ရှာလို့မတွေ့ဘူး။ အခန်း ပြန်လာပြီး အဝတ်ဗီရိုတွေကို ဖွင့်ကြည့်တော့ ဗီရိုတွေမှာလည်း ဟောင်းလောင်း ဖြစ်နေတယ်။ ကျွန်တော့်မိန်းမရော သူ့ပိုင်ပစ္စည်း တွေကိုရော အရိပ်အယောင် တောင်မှ မတွေ့ရတော့ဘူး ခင်ဗျ။

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ ကျွန်တော့်မိန်းမ ဘာများဖြစ်သလဲလို့ ကျွန်တော် စဉ်းစား နေတုန်း တံခါးခေါက်သံ ပေါ်လာပြီး လူစိမ်းတစ်ယောက် ကျွန်တော့် အခန်းထဲကို ဝင်လာတယ်ခင်ဗျ။

သူက မစ္စတာမက္ကင်ဇီ၊ ကျွန်တော်က ဟိုတယ်စုံထောက် ရှမစ်ပါ။ အောက်ထပ်ကို ဆင်းလာ ပြီး ခင်ဗျားဇနီးအကြောင်းကို မေးနေတော့ ကျွန်တော်အနားမှာ ရှိနေပါတယ်လို့ ပြောပြီး ကျွန်တော့်ဇနီးဟာ အဝတ်အစားသေတ္တာ တွေကိုသယ်ပြီး မော်တော်ကား တစ်စီးနဲ့ ထွက်သွားတာကို မြင်လိုက်တဲ့အကြောင်း၊ ဒါပေမယ့် လူတွေသိကုန်ပြီး တစ်မျိုးတစ်မည် ထင်ကုန်မှာ စိုးတဲ့အတွက် ဘာမှ မပြောလိုက်တဲ့ အကြောင်း၊ သူနဲ့အတူ လူတစ်ယောက်လည်း ပါသွားတဲ့ အကြောင်း၊ အဲဒီလူမှာလည်း အဝတ်အစားသေတ္တာ ပါလာကြောင်း ပြောပြပါတယ်။

ကျွန်တော် ဘယ်လောက် စိတ်ပူမလဲဆိုတာ စဉ်းစားသာ ကြည့်ကြပါတော့ခင်ဗျာ။ ကျွန်တော်တို့ လင်မယား နှစ်ယောက်ရဲ့ ဆက်ဆံရေးကို ပြောပြရဦးမယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက် တုန်းက ကျွန်တော် ဟောလိဝုဒ်ကို ရောက်သွားပါတယ်။ အဲဒီတုန်းက သူက ဟိုမှာ ရုပ်ရှင်ကားတစ်ကား ရိုက်နေတယ်ခင်ဗျ။ ဟိုရောက်တော့ သူနဲ့ရင်းနှီးသွားကြပြီး ဆယ်ရက အတွင်းမှာ ကျွန်တော်တို့ လက်ထပ်လိုက် ကြပါတယ်။ အဲဒီအချိန်ကစပြီး ကျွန်တော်တို့ လင်မယား နှစ်ယောက်ဟာ တစ်နာရီတောင် ခွဲခွာပြီး မနေဖူးပါဘူး။ ခုတော့ ခင်ဗျားတို့ ကြားတဲ့ အတိုင်း လူတစ်ယောက်နဲ့ လိုက်သွားပြီ ဆိုတော့ ကျွန်တော် ဘယ်လောက် ခံစားရမလဲဆိုတာ ခင်ဗျားတို့ပဲ စဉ်းစားကြည့်ပါတော့။ ကျွန်တော်လည်း ခေါင်းငြိမ့်တောက်ပြီး အဲဒီ ရှမစ်ဆိုတဲ့ လူ့ရဲ့ အကူအညီကို လက်ခံလိုက်ပါတယ်။ ကျွန်တော်

www.burmeseclassic.com

တစ်ယောက်တည်းဆိုရင် ဘယ်လိုရှာရမှန်း ကျွန်တော် ဘယ်သိမလဲ ခင်ဗျာ။

ကျွန်တော် နယူးယောက်ကိုရောက်တာ နှစ်ရက်ပဲ ရှိသေးတော့ သူ့ကို ခေါ်သွားတဲ့လူ ဆိုတာလည်း ဘယ်သူလဲလို့ နည်းနည်းလေးမှ စဉ်းစားလို့ မရဘူး။ နယူးယောက်မှာလည်း သူ့မှာ အပေါင်းအသင်း ဆိုလို့ တစ်ယောက်မှ ရှိတယ်လို့ မကြားဖူးဘူး၊ ကျွန်တော်တို့ လင်မယား နေခဲ့ကြတာကလည်း ကျေးလက်အိမ် ဆိုတော့ အသိအကျွမ်းက နည်းပါဘိသနဲ့၊ ကျွန်တော်တို့ဆီကို လာတဲ့ ဧည့်သည် ဆိုတာကလည်း အဲဒီနားက သက်ကြီးရွယ်အိုတွေပဲ များပါတယ်။ ငယ်ငယ် ရွယ်ရွယ်ထဲကဆိုလို့ မရှိသလောက်ပါပဲ။ ဒီတော့ နောက်လူ တစ်ယောက်နဲ့ ဘယ်လိုလုပ်ပြီး ထွက်ပြေးသလဲ၊ ဘယ်သူလဲဆိုတာ နည်းနည်းလေးမှ စဉ်းစားလို့ မရနိုင်အောင် ဖြစ်နေတယ်။

ရှမစ်ကတော့ အပြင်ထွက်ပြီး စုံစမ်း ထောက်လှမ်းပေးပါတယ်။ ကျွန်တော်ကတော့ စဉ်းစားလေ ခေါင်းရှုပ်လေလေ ဖြစ်နေတာပေါ့။ ကျွန်တော်ဟာ မိန်းမနဲ့ပတ်သက်ရင် နည်းနည်းပါးပါး မနာလိုဝန်တိုစိတ် ရှိတယ်ဆိုတာ ကျွန်တော်ဝန်ခံပါတယ်။ ဒါကြောင့်မို့ ကိုယ့်မိန်းမကိုယ် စောင့်ကြည့်ခဲ့တာပါ။ ဒါပေမယ့် မသင်္ကာစရာဆိုလို့ ဘာမှ မတွေ့ခဲ့ပါဘူး။ ကျွန်တော်မပါဘဲ အပြင်ထွက်တာ မရှိဘူး။ စာတို့ ဘာတို့လည်း ဘယ်သူနဲ့မှ မဆက်သွယ်ဖူးဘူး။ မသင်္ကာစရာ တယ်လီဖုန်း အဆက်အသွယ်တို့ ဘာတို့လုပ်တာလည်း တစ်ခါမှ မရှိဖူးဘူး။ ရှမစ်အပြင်ထွက် သွားတာကိုစောင့်ရင်း ခေါက်တုန့် ခေါက်ပြန် လျှောက်စဉ်းစားပေမယ့် မသင်္ကာစရာဆိုလို့ တစ်ခုမှ စဉ်းစားလို့ မရဘူး’

www.burmeseclassic.com

www.burmeseclassic.com

'ရှင်က မသင်္ကာတတ်တဲ့ လူတစ်ယောက်ဆိုတော့ ရှမစ်ကိုကော သူ့ကိုယ်တိုင် အကြောင်းကို နည်းနည်းပါးပါး မေးမကြည့်မိဘူးလား'

'ဟင့်အင်း၊ ဒါတော့ မမေးမိဘူးခင်ဗျာ။ သူက ဟိုတယ် စုံထောက်လို့ ပြောတာကိုး။ ဘယ်မှာမေးမိတော့မလဲ။ ပြီးတော့လည်း ကိုယ့်ကိစ္စနဲ့ကိုယ် ဗျာများနေတော့ သူ့အကြောင်းကို လုံးဝ မစဉ်းစားမိဘူး ဖြစ်နေတယ်။ ခုလို ကိုယ်နဲ့လိုက်လာပြီး သင်္ဘောပေါ်က ခုန်ချမယ့်လူမျိုး မှန်းသိရင် ကျွန်တော်ကလည်း ဘယ်မှာခေါ်လာပါ့မလဲ ခင်ဗျာ။ ခုတော့ ကိုယ့်ကိစ္စကြောင့် ဒုက္ခရောက်နေရတဲ့အထဲ သူ့ကိစ္စက ပိုလာပြန်ပြီ'

'ဟုတ်တာပေါ့လေ၊ သူကကော ရှင့်ဆီက ပိုက်ဆံတို့ ဘာတို့ မတောင်းဘူးလား'

'ခုလောလောဆယ် သုံးဖို့စွဲဖို့ ဆိုပြီး သူ့ကို ပိုက်ဆံပေး ထားပါတယ်။ နောက်တော့ ကြေးနန်းဖိုးတို့ ခရီးစရိတ်တို့ ဟိုဟို သည်သည် ပေးဖို့ကမ်းဖို့ဆိုပြီး ပိုက်ဆံအများကြီး ပေးပါတယ်'

မက္ကင်ဇီက စိတ်ပျက်လက်ပျက် ပြော၏။

'ဒီလိုနဲ့ ဟိုတယ်ခန်းမှာ ကျွန်တော် စောင့်နေတုန်း ရှမစ် ပြန်လာတယ် ခင်ဗျ။ အောက်ထပ်က ပေါ်တာကို သွားစုံစမ်း ကြည့်တော့ ကျွန်တော့်မိန်းမ စီးသွားတဲ့ မော်တော်ကားက အဝါရစ် တက္ကစီကားတဲ့၊ တက္ကစီကားထဲမှာ လူတစ်ယောက်လည်း ပါတယ်တဲ့။ သူ့မျက်နှာကိုတော့ သေသေချာချာ မမြင်လိုက်ရဘူးတဲ့။ ဒါနဲ့ ဒီကိစ္စကို ဘယ်သူ့ကိုမှ မပြောပါနဲ့လို့ ကျွန်တော်က ပိတ်ထားလိုက်တယ်။ ဟိုတယ်မှာ ဒီလိုကိစ္စမျိုး ဖြစ်တယ်ဆိုတာ ဟိုတယ်မှာရှိတဲ့ တခြား လူတွေ မသိစေချင်ဘူးခင်ဗျာ။ ကျွန်တော်ရှက်တယ်။ သူကလည်း

www.burmeseclassic.com

ကျွန်တော် ပြောတာကို လက်ခံပါတယ်။ ဟိုတယ်စုံထောက် ဆိုတာ တခြားလူတွေ သိသွားရင် သူ့ကို မုန်းကြမှာဆိုတော့ သူကလည်း အသိမခံချင်ဘူး။ ပြီးတော့ သူကိုယ်တိုင်ကလည်း အဲဒီအလုပ်ကို ငြီးငွေ့နေပြီတဲ့။ ကိုယ်ပိုင်ရုံးခန်း ဖွင့်ပြီး အလွတ်စုံထောက် လုပ်တော့မယ်လို့ စိတ်ကူးနေတယ်တဲ့'

'နောက်ဆုံးတော့ ဒရိုင်ဘာတစ်ယောက်ကို သူရှာတွေ့လာတယ် ခင်ဗျ။ အဲဒီ တက္ကစီ ဒရိုင်ဘာက ဂလက်စတုန်း လက်ဆွဲအိတ်နဲ့ လူတစ်ယောက်က လှမ်းခေါ်ပြီး ကျွန်တော်တို့ တည်းတဲ့ဟိုတယ်ကို အမောင်းခိုင်းတယ်တဲ့။ မစ္စတာ မက္ကင်ဇီရဲ့ မိန်းမကို အခေါ်ခိုင်းတယ်တဲ့။ ပြီးတော့ သူတို့နှစ်ယောက်ကို ဟတ်လိုင်းသင်္ဘောဆိပ်ကို အပို့ခိုင်းတယ်တဲ့။ အဲဒီနေ့က စနေနေ့။ အိုရီဇာဗားသင်္ဘောဟာ အဲဒီကမ်းက ထွက်သွားတယ်ခင်ဗျ။ ဒါနဲ့ ရှမစ်လိုက်စုံစမ်းတော့ အရပ်မြင့်မြင့် ပါးသျှင်းသားမွေး ကော်လာတပ် အကျီအနက် ဝတ်ထားတဲ့ မိန်းမတစ်ယောက်နဲ့ ဂလက်စတုန်း လက်ဆွဲအိတ် ဆွဲထားတဲ့ လူတစ်ယောက် အဲဒီသင်္ဘောနဲ့ ပါသွားတယ်ဆိုတာ သိခဲ့ရတယ်။

ရှမစ်က မပူပါနဲ့ သူလိုက်ပေးပါ့မယ်လို့ ပြောပါတယ်။ ကျွန်တော်ကတော့ ဘာမှ မကြံတတ် မစည်တတ်အောင် ဖြစ်နေတော့ သူအကြံပေးတဲ့ ညွှန်ကြားတဲ့အတိုင်းပဲ လုပ်ရတာပေါ့လေ။ အဲဒါကတော့ ရှမစ်နဲ့ပတ်သက်လို့ ကျွန်တော်သိသလောက် ပြောပြတာပါပဲ။ ဒီတော့ ကျွန်တော့်ကို စစ်ဆေးမေးမြန်းတဲ့ အခါမှာ ဘာကြောင့်ဖြေဖို့ နှောင့်နှေးနေရသလဲဆိုတာ ခင်ဗျားတို့ သဘောပေါက်လောက်ပေါ့ဗျာ'

ဂွင်းက

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်တာပေါ့ရှင်၊ မစ္စတာ မက္ကင်ဇီကို ကြည့်ရတာ ကံဆိုး မိုးမှောင်ကျသလို ဖြစ်နေတာပေါ့။ လုလည်း ကိုယ့်မိန်းမ ပျောက်လို့ လိုက်ရှာမယ့် ဆဲဆဲမှာ ဒီမှာ အတားခံထားရတော့ ပိုဆိုးတာပေါ့၊ စုံစမ်းလို့ကော ပြီးပြီလား'

'ဘယ်မှာ စုံစမ်းနိုင်မလဲခင်ဗျာ၊ ကျွန်တော့်ကို စောင့်ကြည့် နေကြတော့ ကျွန်တော် ဘယ်မှကို သွားလို့မရဘဲ ဖြစ်နေတာပေါ့'

အိပ်ခန်းသို့ ပြန်ရောက်သည့်အခါတွင် ကျွန်တော်က ဂွင်းဘက်သို့ လှည့်ကာ

'ကဲ ဆိုစမ်းပါဦး၊ မင်းလိုက်မယ့် လူသတ်မှုကို မင်းဘယ်လို ထင်သလဲ'

ဟု မေးလိုက်ပါသည်။

'ခင်တော့ တစ်မျိုးလှည့် လိုက်ရလိမ့်မယ်လို့ ထင်တယ်။ မနက်ဖြန် မနက် ကျရင်တော့ ရှရိုးဒါးနဲ့ တွေ့မှဖြစ်မယ်၊ ဒါပေမယ့် ခက်တာက ရှမစ်ဟာ သူလိုချင်တဲ့ အလုပ်ကို ရပြီးခါမှ ရေထဲ ခုန်ဆင်း သေသွားတယ်ဆိုတာတော့ တစ်မျိုးပဲ၊ နည်းနည်း ဆန်းနေတယ်'

ဟု ဆိုကာ ဂွင်းသည် သီချင်းတစ်ပုဒ်ကို ညည်းနေသည်။

ကျွန်တော်က မီးကို ငြိမ်းလိုက်၏။

နောက်တစ်နေ့တွင် ကျွန်တော်တို့နှစ်ယောက်သည် ရှရိုးဒါး၏ ဟိုတယ်သို့ လာခဲ့ကြသည်။ ထိုအချိန်၌ ရှရိုးဒါးမှာ မက္ကင်ဇီကို တွေ့ပြီး လေပြီ။ ဂွင်း၏ အကြံပေးချက်အရ မက္ကင်ဇီသည် အဖြစ်အပျက် အလုံးစုံကို ရှရိုးဒါးအား ပြောပြပြီးဖြစ်၏။ အဖြစ်အပျက်အကုန်လုံးကို ကျွန်တော် တို့ကိုလည်း ပြောပြပြီးဖြစ်သည်ကို သိရသည့်အခါတွင် ရှရိုးဒါး အံ့အားသင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဘာမှ အံ့ဩစရာ မဟုတ်ပါဘူး ရှရိုးဒါးရယ်။ ကျွန်မရင်ဘတ်မှာ အမျိုးသမီး စကောက် တံဆိပ် တပ်ထားတာကိုး။ မက္ကင်ဇီဟာ ကျွန်မတို့ အကြံဉာဏ်ကိုပဲ လိုချင်တာလား၊ ပိုက်ဆံကို လိုချင်တာလား မပြောတတ်ဘူး။ ကျွန်မတို့ကိုပါ ကစားဝိုင်းထဲ ဆွဲသွင်းချင်နေဟန် တူတယ်'

'ဘာ ကစားဝိုင်းလဲ'

'ကစားဝိုင်းတစ်ခုခုပေါ့၊ လောင်းကစားမှာ ကျွန်မတို့ ညံ့တယ် ဆိုတာလည်းသိရော၊ ကျွန်မတို့ကိုလည်း ကစားဝိုင်းထဲ ဆွဲသွင်းပြီး အနိုင် ကစားသွားချင်နေပုံ ရတာပဲ'

ဂွင်းသည် လူတစ်ယောက်ကို မနှစ်သက်တော့ ဟုဆိုလျှင် ထိုလူ အပေါ်တွင် အမြဲတမ်း မသက်ာသော မျက်စိဖြင့်ကြည့်ကာ အမြဲ သတိဝိရိယ ထားတတ်သူဖြစ်ကြောင်းကို ကျွန်တော် ကောင်းကောင်း သိပါတယ်။

'မက္ကင်ဇီ ဆိုတဲ့လူကို ကျွန်တော် သိပ်မကြိုက်ချင်ဘူး။ သူပြောတဲ့ အကြောင်းကို ကျွန်တော် လိုက်စုံစမ်းပြီးပြီ။ မက္ကင်ဇီတို့ လင်မယားဟာ အက်ဒမွန်တန်ကလာပြီး ဝင်ဒန်ဟိုတယ်မှာ စာရင်း သွင်းထားတယ်။ မိန်းမက သူ့ထက် နှစ်ရက်စောပြီး ထွက်သွားတယ်။ ဒါပေမယ့် သူတစ်ယောက် တည်းလား၊ အဖော်နဲ့လားဆိုတာကို ဟိုတယ် ပေါ်တာလည်း ကောင်းကောင်းမမှတ်မိဘူး။ သူဘာမှ မသိဘူးတဲ့။ အဝါရစ် တက္ကစီနဲ့ ထွက်သွားတယ်လို့ ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ငြင်းနေတယ်။ အမှန်က ရှမစ်ဆိုတဲ့လူကို သိတဲ့လူဆိုလို့ တစ်ယောက်မှ မရှိဘူးခင်ဗျ။ သူတို့ဟိုတယ်မှာ ဟိုတယ်စုံထောက်တို့ ဘာတို့လည်း ငှားမထားပါဘူးတဲ့'

www.burmeseclassic.com

'ဒါဖြင့် ဒီအထဲမှာ ရှမစ် ဆိုတဲ့လူကလည်း ဝင်လိမ်နေပြန်ပြီပေါ့၊ သူတို့ဘာကို ကစားနေကြ သလဲဆိုတာကို ကျွန်တော်တော့ နားမလည်နိုင်အောင် ဖြစ်နေပြီခင်ဗျ။ ဒါပေမယ့် သူ့အကြောင်းကို ထားပါတော့လေ။ အက်ဒမွန်တန်ကို လှမ်းစုံစမ်းတော့ သူတို့မြို့မှာ ဝီလျံ မက္ကင်ဇီဆိုတဲ့ လူတစ်ယောက် ရှိတယ်တဲ့။ လွန်ခဲ့တဲ့အပတ်ထဲက သူ့ဇနီး နဲ့အတူ နယူးယောက်ကို ထွက်သွားတယ်တဲ့။ ဒီတော့ မက္ကင်ဇီကို ဘာမှ ဟန့်တားထားစရာ မလိုတော့ဘူး ထင်တယ်။ ခုလောက်ဆို ကျူးဘန်းပုလိပ်က သူ့ကို လွှတ်လိုက်ပြီ ထင်တာပဲ'

ဂွင်းက

'တစ်ခုတော့ အကြံပေးပါရစေရှင်။ ဟိုတယ်က သူမထွက်ခင်မှာ နယူးယောက်ကို ဘာကိစ္စ လာတာလဲလို့ မေးကြည့်စမ်းပါ။ ပြီးတော့ သူ့မိန်းမရဲ့ နာမည် ဘယ်သူလဲ ဆိုတာကိုလည်း သိချင်တယ်။ သူ့မိန်းမကို လိုက်ရှာပေး စေချင်တယ်ဆိုရင် သူ့မိန်းမရဲ့ ဓာတ်ပုံကို ထုတ်ပြမှာပဲ'

'ဘာဖြစ်လို့လဲ၊ ဘာစိတ်ကူးများ ရလို့လဲ'

'ဘာမှ မဖြစ်ပါဘူး။ မက္ကင်ဇီဆိုတဲ့ လူမျိုးနဲ့ ယူတဲ့မိန်းမဟာ ဘယ်လို မိန်းမမျိုးလဲဆိုတာ သိချင်လို့ပါ။ ဒီလောက် ကပ်စေးနဲတယ် လို့လည်း ပြောလို့မရပြန်ဘူး။ အရက်ဆိုင်ထဲမှာ လာသမျှ လူတွေကို အရက်တိုက်နေတာ နည်းတဲ့ပိုက်ဆံမှ မဟုတ်တာ။ နှမြောတဲ့ လူတစ်ယောက်က ဒီလောက် ငွေကြေး အကုန်အကျ ခံတယ်ဆိုတော့ အကြောင်း တစ်ခုခုတော့ ရှိလိမ့်မယ်ထင်တယ်။ ဘာကြောင့်မှန်း မသိရဘဲ ဖြစ်နေတယ်'

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ မနက်တွင် မက္ကင်ဇီသည် ကျွန်တော်တို့ အခန်းတံခါးကို လာခေါက်၏။ ပြီး ကျွန်တော်တို့ နှစ်ယောက်အား ဘက်ဂါမွန် အရက်ချိုသောက်ရန် လာ၍ဖိတ်သည်။ ကျွန်တော်တို့က မနက် အစောကြီးဖြစ်၍ ငြင်းလိုက်ကြသည်။ မက္ကင်ဇီက သူ့ကို ကျူးဘန်း ပုလိပ်က လွှတ်လိုက်ပြီဟုလည်း ပြောသည်။

'ဟုတ်တာပေါ့၊ ကောင်းတာပေါ့၊ ရှင့်မိန်းမကို မြန်မြန်လိုက်ရှာမှ ဖြစ်မှာပေါ့။ ကြာကြာ ဆိုင်းနေလို့ ဘယ်ဖြစ်ပါ့မလဲ။ ဘယ်လိုလုပ် ရှာမယ်လို့ကော စိတ်ကူးထားသလဲ'

ဂွင်းကမေးသည်။ မက္ကင်ဇီက ပုခုံးကို တွန့်ပြလိုက်ကာ

'ကျွန်တော်ဖြင့် ဘယ်ကစပြီး ရှာရမှန်းတောင် မသိအောင် ဖြစ်နေပြီ'

'ပုလိပ်မင်းကြီးကကော ရှာမပေးဘူးလား'

'ရှုရိုးဒါးကို အရှာခိုင်း ကြည့်ပါလား၊ ရှာနိုင်မယ် ဆိုရင်တော့ သူတစ်ယောက်ပဲ ရှိတယ်'

'ဒါပေမယ့် ခက်တာက သူက ပိုက်ဆံသိပ်တောင်းတယ် ခင်ဗျ။ နောက်တစ်ချက်က ကျွန်တော်ကလည်း သူ့ကို တယ်မကြိုက်လှဘူး ခင်ဗျ။ ကျွန်တော် နယူးယောက်ကို ဘာကိစ္စနဲ့ လာသလဲ ဟုတ်လား။ အမှန်ကတော့ ခင်ဗျားတို့နှစ်ယောက်ကို ပြောရတာ ကျွန်တော်ဘာမှ ဝန်မလေးပါဘူး။ ခင်ဗျားတို့က စာရေးဆရာတွေဆိုတော့ ခင်ဗျားတို့ ဇာတ်လမ်းသုံးချင်ရင် သုံးနိုင်ပါတယ်။ ဇာတ်လမ်းကတော့ တကယ့် ဇာတ်လမ်းခင်ဗျ'

ကျွန်တော်တို့ လင်မယား နှစ်ယောက် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်လိုက် မိကြသည်။ သူ့တိုင်းတွင် ဇာတ်လမ်း

ကောင်းတစ်ပုဒ်စီ ရှိကြသည် မဟုတ်လော။ စာရေးဆရာဆိုလျှင် လူတိုင်းက သူတို့ဇာတ်လမ်းကို ရက်ရောစွာ ပြောတတ်ကြသည် မဟုတ်ပါလော။

'ကျွန်တော် ကနေဒါမှာ တီထွင်မှုတစ်ခုကို လုပ်နေတယ်ခင်ဗျ။ ဘယ်လိုပစ္စည်းလဲ ဆိုတာတော့ ကျွန်တော် မပြောပါရစေနဲ့။ ရုပ်ရှင်နဲ့ ပတ်သက်တဲ့ ကိစ္စတစ်ခုလို့ပဲ ပြောပါတော့။ အဲဒီပစ္စည်းကို တီထွင်လို့ အောင်မြင်ရင်တော့ တကယ့်ကို သူဌေးဖြစ်မှာပဲ ခင်ဗျ။ ဒါပေမယ့် ရုပ်ရှင် ကုမ္ပဏီကြီးတွေနဲ့ ဆက်ဆံရတာ တော်တော် လက်ပေါက် ကပ်တယ် ခင်ဗျ။ သူတို့နဲ့ ဆက်ဆံရတဲ့ ကိစ္စကိုက တီထွင်မှု တစ်ခုလောက် ခက်ခဲနေတယ်။

တစ်နေ့တော့ ကျွန်တော့်ဆီကို ပေါစတုန်းဆိုတဲ့ လူတစ်ယောက် ဆီက စာတစ်စောင် ရောက်လာတယ်ခင်ဗျ။ စာကတော့ ကျွန်တော့် ပစ္စည်းကို မှတ်ပုံတင်ပြီး ဈေးကွက်မှာ တွင်ကျယ်အောင် လုပ်ဖို့နဲ့ ပတ်သက်လို့ အကြမ်းဖျင်းရေးထားတဲ့ စီမံကိန်းတစ်ခုပဲ၊ သူ့စီမံကိန်း ကလည်း ကျွန်တော် စိတ်ကူးထားတဲ့အတိုင်း ဖြစ်နေတယ်ခင်ဗျ။ အသေးစိတ် ကလေးတွေကအစ ကျွန်တော် ဖြစ်ချင်တာကလေးတွေ ပါနေတယ်။ ကျွန်တော်တီထွင်မှု တစ်ခုလုပ်နေတယ် ဆိုတာကို ဘယ်သူ့ကိုမှ ပြောတာမဟုတ်ဘူး။ သူကတော့ ဒီသတင်းကို ဘယ်လို အနံ့ရသွားသလဲ မဆိုနိုင်ဘူး။ ကျွန်တော့်မှာ ကိုယ်ပိုင်ဓာတ်ခွဲခန်း ရှိတယ်ခင်ဗျ။ ကျွန်တော့်မိန်းမက ကူညီလုပ်ကိုင် ပေးနေတော့ တခြား ဘယ်သူမှ သိတာမဟုတ်ဘူး။ ဒါနဲ့ ကျွန်တော်လည်း သူ့စီမံကိန်းကို သဘောကျတာနဲ့ ပေါစတုန်းဆီကို စာပြန်လိုက်တယ်။ ဒီတော့ သူက နယူးယောက်ကို လာခဲ့ပါလို့ ချိန်းတယ်။ ဒီရောက်မှ အေးအေး

www.burmeseclassic.com

www.burmeseclassic.com

ဆေးဆေး စကားပြော ကြတာပေါ့တဲ့။ လာလို့ ရှိရင်လည်း တစ်ယောက်တည်း လာခဲ့ပါတဲ့။ သွားခါနီးတော့ ကျွန်တော်လည်း တစ်ယောက်တည်း သွားတာမကောင်းဘူးလေ၊ မိန်းမကိုပါခေါ်ရင် ကောင်းမယ်ဆိုပြီး မိန်းမကိုပါ ခေါ်လာခဲ့ပါတယ်။ သူလည်း ခရီးမသွားတာ ကြာပြီကိုး'

'မိန်းမဆိုတာ တစ်ယောက်လည်း ထားခဲ့ရင်လည်း ပြဿနာ ဖြစ်တတ်တယ် မဟုတ်လား'

'ဒါလည်း ကျွန်တော် စဉ်းစားမိပါတယ်၊ ဒါနဲ့ သူ့ကိုပါ ခေါ်လာခဲ့တယ်'

'သူကလည်း ဝမ်းမြောက်ဝမ်းသာ လိုက်လာတယ် ဆိုပါတော့'

'ဟုတ်တယ်ခင်ဗျ။ သူက သူ့မှာ အဝတ်အစား ကောင်းကောင်းမွန်မွန် မရှိဘူးတဲ့။ ထားပါတော့လေ၊ ဒါနဲ့ ဟိုရောက် တော့ ပေါ့စတုန်း ဆိုတဲ့လူက ကျွန်တော့်အတွက် ဝင်ဒမ်ဟိုတယ်မှာ အခန်းတစ်ခန်း ယူထားပေးတယ်။ ဒါနဲ့ ကျွန်တော်တို့ ရောက်ရော ဆိုပါတော့။ ဟိုရောက်တော့ သူတခြားကို ခဏသွားတဲ့အကြောင်း ကြေးနန်းတစ်စောင် ရောက်နေတယ်။ စနေနေ့မှ ပြန်ရောက် လာမယ်တဲ့။ ဒါနဲ့ ကျွန်တော်တို့ လင်မယားလည်း မြို့ထဲကို လျှောက်ကြည့် ကြတာပေါ့လေ။ စနေနေ့မနက် ရောက်တော့ ပေါစတုန်းက ကျွန်တော့်ကို ဖုန်းဆက်ပြီး အယ်မာနက် ဟိုတယ်မှာ သူနဲ့ လာတွေ့ပါလို့ ချိန်းတယ်'

'ခုနှစ်ဆယ့် တစ်လမ်းထဲက ဟိုတယ်မဟုတ်လား'

'ဟုတ်တယ်ခင်ဗျ၊ ဒါနဲ့ ကျွန်တော်လိုက်သွားပြီး ဟိုတယ် ရောက်တော့ ပေါ်တာကို စာပေးခိုင်းလိုက်ပြီး ကျွန်တော်စောင့်တယ်။

www.burmeseclassic.com

www.burmeseclassic.com

အခန်းထဲမှာ သူရှိမရှိ မေးကြည့်တယ်။ အောက်ထပ် ဟိုတယ် မှတ်ပုံတင်စာရင်းထဲမှာ ပေါစတုန်းဆိုတဲ့ နာမည်နဲ့လူ တစ်ယောက်မှ မရှိဘူးတဲ့။ ကျွန်တော်လည်း ဘယ်လိုမှ မစဉ်းစားတတ်အောင် ဖြစ်နေတာပေါ့လေ။ ကျွန်တော် စာနဲ့ အဆက်အသွယ်လုပ်ရင် အဲဒီ ဟိုတယ်လိပ်စာနဲ့ တလျှောက်လုံး လုပ်ခဲ့တာ မဟုတ်လား။ ကျွန်တော့်ကို အဝေးကြီး လှမ်းချိန်းပြီး ကျွန်တော် ရောက်လာတော့ သူဒီလို ကတိပျက်မယ်လို့ ဘယ်ထင်ပါ့မလဲ၊ ဒါနဲ့ ကျွန်တော်လည်း ဟိုတယ်မှာ နာရီပြန်တစ်ချက်အထိ စောင့်နေတယ်။ မလာတော့ ဟိုတယ်ကို ပြန်လာခဲ့တယ်။ အဲဒီနောက် ကတည်းက ပေါစတုန်းဆိုတဲ့ လူဆီက ဘာအဆက်အသွယ်မှ မရတော့တာပါပဲ ခင်ဗျာ။ ခင်ဗျားတို့ ဘယ်လို ယူဆသလဲ'

'ကျွန်မအထင် ပြောရမယ်ဆိုရင်တော့ ပေါစတုန်းဟာ မစ္စက် မက္ကင်ဇီကို ဝင်ဒမ်ဟိုတယ်က ခေါ်ထုတ်ချင်တာနဲ့ ရှင့်ကို အပြင် ခေါ်ထုတ်တာ ထင်တယ်။ ပေါစတုန်းက ရှင့်ကို ချိန်းတယ် ဆိုတာလည်း မစ္စက်မက္ကင်ဇီရဲ့ စနက်ပါနိုင်တယ်။ ဒီတော့ ရှင့်စာတွေကို လက်ခံဖို့အတွက် ဟိုတယ်က ခဝါသည် တာဝန်ကျတဲ့ အမျိုးသမီး တစ်ယောက်ကို ပိုက်ဆံပေးပြီး ခိုင်းနိုင်တယ်။ သူက ခေါ်တုန်းကတော့ ရှင့်တစ်ယောက်တည်း ခေါ်တာ။ ဒါပေမယ့် ရှင့်ဇနီးပါလာတော့ စီမံကိန်းက တစ်မျိုးဖြစ်သွားတယ်။ တကယ်လို့သာ ရှင်တစ်ယောက် တည်း လာခဲ့တယ်ဆိုရင် ရှင့်ဆီကို ဘာမှ ဖုန်းဆက်နေမှာ မဟုတ်ဘူး။ မစ္စက်မက္ကင်ဇီကိုလည်း အိမ်မှာ တွေ့ရတော့မှာ မဟုတ်ဘူး'

မက္ကင်ဇီသည် ကြက်သေ သေလျက်ရှိ၏။ ထို့နောက် ရှုံ့ရှုံ့ ရှားရှား ဖြစ်လာကာ

www.burmeseclassic.com

www.burmeseclassic.com

'ကြည့်စမ်းခင်ဗျ၊ ကျွန်တော် ဆိုတဲ့ကောင် တော်တော်နုံတဲ့ကောင်ပါလား၊ တော်ပြီဗျာ၊ သူတို့နောက်ကို ရှရိုးဒါးကို ခေါ်ပြီး အလိုက်ခိုင်းမယ်။ ပိုက်ဆံ ဘယ်လောက်ကုန်ကုန် ကုန်စမ်းပါစေ။ ခု ရှရိုးဒါး ဘယ်မှာလဲ၊ ကျွန်တော် သူနဲ့ တွေ့ချင်တယ်'

ကျွန်တော်တို့က ရှရိုးဒါးနေသည့် ဟိုတယ်သို့ လိုက်ပို့သည်။ အထွက်တွင် အောက်ထပ် မန်နေဂျာ အခန်းသို့ဝင်၍ ကျွန်တော်တို့ စာများ ရောက်မရောက် မေးကြည့်၏။ မက္ကင်ဇီအတွက် စာတစ်စောင် ရောက်နေသည်။ မက္ကင်ဇီသည် စာကို ဖွင့်ဖတ်လိုက်၏။ သူ့မျက်ခုံး နှစ်ဖက် တွန့်သွားကြသည်။

'ဘယ်လိုသဘောရသလဲ'

ဟုဆိုကာ စာကို ကျွန်တော့်ထံ လှမ်းပေးလိုက်၏။

'ချစ်တဲ့မောင်'

ဟု စာတွင် အစချီထား၏။

'ဘယ်သူ့ဆီကို ပေးတဲ့စာလဲ၊ ရှမစ်ဆီကိုလား'

ဟု ကျွန်တော်က မေးလိုက်သည်။ သူက စာအိတ်ကို လှမ်းပေး၏။ စာမှာ ဖိလစ်ရှမစ်၊ ဝီလျံမက္ကင်ဇီမှ တဆင့်၊ ဟိုတယ်နေရှင်နယ်ဟု လိပ်တပ်ထား၏။ တံဆိပ်ခေါင်းက ကျူးဘား တံဆိပ်ခေါင်း။

'အမှန်ကတော့ ကျွန်တော် ဖောက်မဖတ်သင့်ဘူးဗျ။ ဒါပေမယ့် အေးလေ ခင်ဗျားတို့ နားလည်ပါတယ်။ မတတ်နိုင်ဘူး'

'မနေ့ညက သဘော်ကို သံကြိုးလှမ်းရိုက်လိုက်တော့ သူက အကျိုးအကြောင်းရှင်းပြပြီး မောင်နဲ့ နောက်ထပ် မတွေ့တော့ဘူးဆိုတဲ့ စိတ်ကူးနဲ့ လုပ်လိုက်တာပဲ။ ဒါပေမယ့် မနေ့ည ကျပြန်တော့လည်း

www.burmeseclassic.com

www.burmeseclassic.com

သူမူးပြန်ပြီ မောင်ရယ်၊ မူးတာမှ နည်းနည်းမူးတာ မဟုတ်ဘူး။ ဒီတစ်ခါတော့ ခင်ဆုံးဖြတ် ပြီးပြီမောင်ရယ်၊ မောင်နဲ့ တစ်ခါတည်း လိုက်တော့မယ်။ ချက်ချင်းလာခေါ်ပါ။ ခင့်အဖို့ မောင်လိုတယ်။ အချစ်များစွာဖြင့်...........စီ’

အဖြစ်အပျက်က ရှင်းသည်။ ရှမစ်သည် ဟာဗားနားသို့ တကယ် သွားချင်နေသည်။ လမ်းတွင် မစ္စက်မက္ကင်ဇီ ထွက်ပြေးကြောင်းကို ကြားသွားသည်။ ဤတွင် မက္ကင်ဇီ၏ ယုံကြည်မှုကို အလွဲသုံးစားပြုကာ သူ့ကိုပါ ခေါ်လာခဲ့သည်။ သဘော်ပေါ်သို့ အရောက်တွင် အမျိုးသမီး ထံမှ စာကိုရသည်။ ဤတွင် ရှမစ်ပျောက်သွားသည်။

ကျွန်တော်သည် မက္ကင်ဇီကို ပြောင်ပြောင်ဖွင့်ပြော လိုက်ရ သည့်အတွက် ဝမ်းသာနေသည်။ ကျွန်တော့်စကားကို ကြားရသဖြင့် သူ စိတ်ပျက်ကောင်း ပျက်မည်။ သို့ရာတွင် ကိစ္စမရှိ။ သူ့အတွက် ကျွန်တော် စေတနာဖြင့် ပြောခြင်းဖြစ်သည် မဟုတ်ပါလော။ ခပ် စောစောတုန်းက သူ့တွင် မျှော်လင့်ချက်တွေ တစ်ပုံတစ်ပင်။ သို့ရာတွင် သူ့မျှော်လင့်ချက်တို့သည် ပြိုကွဲပျက်စီး သွားကြပြီ။ ရှရိုးဒါးနှင့် တွေ့၍လည်း ဘာမှ အကြောင်းထူးမည် မဟုတ်။ သူ့အတွက် ဘာမျှ မျှော်လင့်ချက် မရှိတော့။

ကျွန်တော်တို့ စကားကြောင့် မက္ကင်ဇီသည် မူးမေ့လဲကျ သွားတော့မည်လောဟု ထင်ရသည်။ မက္ကင်ဇီသည် ကျွန်တော်တို့ နှစ်ယောက်ကို အားကိုးတကြီးဖြင့် ဖက်တွယ်ထား၏။ ညပိုင်းတွင် ဂွင်း ခေါင်းကိုက်နေသဖြင့် ကျွန်တော်တစ်ယောက်တည်း သူ့အခန်းသို့ ကူးသွားကာ ဖဲကစားကြသည်။ နောက်တစ်နေ့ မနက်တွင်လည်း ဂွင်းမှာ ခေါင်းကိုက်နေဆဲ ဖြစ်သဖြင့် ကျွန်တော်တို့ နှစ်ယောက်တည်း

www.burmeseclassic.com

မိုရိုရဲတိုက်သို့ လာခဲ့၏။ သူ့ကို ကြည့်ရသည်မှာ အကြီးအကျယ် စိတ်သောကရောက်ကာ မျက်လုံးတို့ကလည်း အဖျားတက်နေသူ တစ်ယောက်လို တောက်ပလျက် ရှိ၏။ ယခု ပြန်စဉ်းစား ကြည့်လိုက်သည့်အခါ မက္ကင်ဇီ၏ အပြုအမူများသည် ထူးခြား သည်ထက် ထူးခြားလာသည်ကို ကျွန်တော် အမှတ်ရလာသည်။ သူ့တွင် ပနားမား ဦးထုပ်ပြားကြီး ပါလာပြီး နေက ကျဲကျဲတောက် ပူနေသည့်တိုင် ဦးထုပ်ဆောင်းခြင်းမပြု။ အဖိုးထိုက် အဖိုးတန် ပစ္စည်းများ ပါလာသည့်နှယ် အထုပ်တစ်ထုပ်ကိုလည်း ချိုင်းကြားတွင် အမြဲပိုက်ထားသည်။ ကျွန်တော်တို့ မသွားခင် ဂွင်းက သူ့အထုပ်ကို တစ်နေရာသို့ ရွှေ့ထားလိုက်သည့် အခါတွင် မက္ကင်ဇီသည် အလန့် တကြားထခုန်ကာ အထုပ်ကို သူ့ပေါင်ပေါ်သို့ တင်ထား၏။ အခန်းမှ ကျွန်တော်တို့ ထွက်လာသည်အထိ အထုပ်ကို ပေါင်ပေါ်မှ မချတော့ချေ။

အိမ်ရှင်က ကျွန်တော်တို့ နှစ်ယောက်အတွက် လမ်းပြအဖြစ် ရဲအရာရှိတစ်ယောက်ကို ထည့်ပေးလိုက်သည်။ ရဲတိုက်ပတ်ပတ်လည် လျှောက်ကြည့်သည့် အခါတွင် မက္ကင်ဇီသည် ဤပင်လယ်ကွေ့ တစ်ဝိုက်တွင် ငါးမန်းများ ရှိမရှိကို တတွတ်တွတ် မေးနေသည်။ ရဲအရာရှိ ကလည်း ငါးမန်းဘယ်လိုပေါကြောင်း၊ လူဘယ်နှစ်ယောက် ငါးမန်းအကိုက်ခံရကြောင်း၊ မြိန်ရေ ရှက်ရေ ပြောပြ၏။ မက္ကင်ဇီမှာ ကြောက်လန့်လျက် ရှိလေပြီ။ မက္ကင်ဇီသည် ရေပြင်ကို ငုံ့ကြည့် လျက်ရှိပြီး ငါးမန်းကြီးများကို မြင်လိုက်ရသည်ဟု မကြာခဏ ပြောနေသည်။ မက္ကင်ဇီသည် ထိုရဲတိုက်ကြီးနားတွင် တဝဲလည်လည် ဖြစ်နေပြီး ရှုမစ်ခုန်ချသည့် နေရာတစ်ဝိုက်တွင် ငါးမန်းပေါမပေါ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ကို မေးသည်။ ကျွန်တော်က ထိုနေရာ တစ်ဝိုက်တွင် ငါးမန်းမရှိကြောင်း ပြောသည့်အခါမှ စိတ်အေးသွားပုံရ၏။

'ကျွန်တော် မတွေးရဲဘူးဗျာ။ အမှန်ကတော့ အဲဒီနေရာ တစ်ဝိုက်မှာလည်း ငါးမန်းတွေ ရှိမှာပေါ့ဗျာ။ ခင်ဗျားက ကျွန်တော် စိတ်ကျေနပ်အောင် ပြောတာဖြစ်မှာပါ'

ဟု ဆိုကာ မျက်လုံးများမှိတ်ရင်း ဒယီးဒယိုင် ဖြစ်နေသည်။ ကျွန်တော်က နေပူမိသဖြင့် နေထိုင်မကောင်း ဖြစ်သည်ဟုထင်၍ ဦးထုပ်ဆောင်းရန် ပြော၏။ မက္ကင်ဇီသည် ဦးထုပ် မဆောင်းဘဲ ငါးမန်းများရှိသည့် နေရာများကို လိုက်ကြည့်ကာ ရှမစ်အကြောင်းကို တဖွဖွ ပြောနေ၏။

'အင်း. . . .ကျွန်တော်သူ့ကို နားလည်ပါတယ်ဗျာ။ သူသတ်သေတာကို အပြစ် မပြောချင်ပါဘူး။ ကိုယ်လိုချင်တဲ့အရာကို မရတော့တဲ့နောက် လောကကြီးမှာ အသက်ရှင်နေလို့လည်း ဘာထူးတော့မှာလဲ။ ခုလို ဒီနားတစ်ဝိုက် ခါးမန်းတွေ ရှိတယ်ဆိုတာ သိခဲ့ရင်တော့'

သူ့စကားက နောင်တရသံ ပါသလိုလို။ သိခဲ့ရင်တော့ ဆိုသည့် စကားက တစ်မျိုးဖြစ် နေသည်။

ထို့နောက် ကျွန်တော်တို့ကို လမ်းပြလိုက်လာသည့် ရဲအရာရှိက ရှေးဘုရင်များ လက်ထက်က သည်နေရာ တစ်ဝိုက်တွင် အကျဉ်းထောင်ကြီးတစ်ခုနှင့် လူသတ်ကုန်း ရှိခဲ့သည့် အကြောင်းကို ပြောပြန်သည်။ ထိုအခါတွင်လည်း မက္ကင်ဇီမှာ ထိတ်လန့်ကာ မျက်နှာပျက်နေသည်။

'ဒီလောက် စိတ်မကောင်း ဖြစ်နေရင်လည်း အဲဒီ လူသတ်ကုန်းတို့ ထောင်တို့ကို သွားကြည့် မနေနဲ့တော့ဗျာ'

www.burmeseclassic.com

www.burmeseclassic.com

ဟု ကျွန်တော်က ပြော၏။

'အို . . .သွားတော့ ကြည့်ချင်သေးတယ်ဗျာ'

ဟု ဇွတ်ပြောနေသည်။

ကျွန်တော်ကမူ ပြန်ချင်လှပြီ။

ဤတွင် ကျွန်တော် စိတ်ကူးတစ်ခု လက်ကနဲ ဝင်လာသည်။ မက္ကင်ဇီသည် ခပ်စောစောက ရှမစ်၏စာကို ဖောက်ဖတ်ခဲ့သည်။ သို့ဖြစ်လျှင် သင်္ဘောပေါ်တုန်းကလည်း ရှမစ်ထံ ရိုက်သည့် ကြေးနန်းကို သူမဖတ်ခဲ့ဟု မပြောနိုင်။ သို့ဖြစ်လျှင် သူ့မယားနှင့် ဖောက်ပြားသည့် ရှမစ်ကို ဒေါသထွက်ကာ သင်္ဘောပေါ်တွင် သတ်ပြီး ရေထဲပစ်ချခဲ့ခြင်း မဖြစ်နိုင်သလော။ ထိုအကြောင်းကို ဂွင်းအား ပြောပြရဦးမည်။

ကျွန်တော်တို့သည် ရေးအကျဉ်းထောင်ကြီးထဲသို့ ဝင်ကြည့်ကြသည်။ ကျွန်တော်တို့ ကြည့်နေကြစဉ် မက္ကင်ဇီ ပျောက်သွား၏။ တော်တော်နှင့် ပေါ်မလာ။ ထို့ကြောင့် လိုက်ရှာကြ၏။ ဘယ်မှာမှ မတွေ့။ နောက်ဆုံး အပြင်ထွက်၍ ရှာကြသည့် အခါတွင် ထောင်နောက်ဖေး ကမ်းစပ် ကျောက်ဆောင်ကြီးပေါ်တွင် ဖြူဖြူအရာ တစ်ခုကို သွားတွေ့သည်။ သွားကြည့်သည့်အခါတွင် ဒဗလျူအမ် (ဝီလျံမက္ကင်ဇီ) ဟု အတိုကောက် ရေးထိုးထားသည့် သားရေအိတ် ကလေး တစ်လုံးကို သွားတွေ့ရသည်။ ကျကျန်ရစ်ခဲ့ခြင်း မဟုတ်။ ကျောက်ဆောင်ကြားတွင် အသေအချာ ညှပ်ထားခဲ့ခြင်း ဖြစ်၏။

ကျွန်တော်သည် ပြာမှောင်နေသည့် ရေပြင်ကို ငုံ့ကြည့်လိုက်သည်။ လှိုင်းလုံးပေါ်တွင် မျောပါနေသော ပနားမား ဦးထုပ်တစ်လုံးကို

www.burmeseclassic.com

www.burmeseclassic.com

တွေ့ရသည်။ ထို့နောက် ထိုအရာသည် လှိုင်းလုံးကြားထဲတွင် မြုပ်သွား၏။

သတင်းစာများက မင်္ကုင်ဇီ၏ သတင်းကို အကျယ်တဝင့် ရေးသားကြသည်။ မိုရိုရဲတိုက်ကြီး အနီး ပင်လယ်ပြင်၌ ကနေဒီယန် သန်းကြွယ်သူဌေးကြီး အဆုံးစီရင်သွားကြောင်း၊ ပနားမား ဦးထုပ်ကြီး ဆောင်းထားသည့် မင်္ကုင်ဇီကို ငါးမန်းများ စားသွားသည်ကို ကိုယ်တွေ့ မြင်ခဲ့ရသူများ ထံမှ ကြားသိရကြောင်း၊ မစ္စတာ မင်္ကုင်ဇီ၏ ဇနီးမှာ ပျောက်သွားသဖြင့် ယခုလို ကိုယ့်ကိုကိုယ် အဆုံးစီရင်သွားသည်ဟု ယူဆရကြောင်း၊ ထို့ပြင် ခရီးသွား ချက်လက်မှတ်များနှင့် မစ္စက် မင်္ကုင်ဇီ ထံသို့ ရေးခဲ့သည့် စာတစ်စောင်တို့ ပါရှိသည့် သားရေအိတ်ကို တွေ့ရကြောင်း စသဖြင့် အကျယ်တဝင့် ရေးကြ၏။

'အင်း . . . ဖြစ်ပုံကတော့ ဂွင်းပြောတဲ့အတိုင်းပဲ ဖြစ်နေပြီ ထင်တယ်ဗျို့။ မင်္ကုင်ဇီဟာ ရှမစ်ကိုသတ် ရေထဲကို ပစ်ချပြီးမှ အရက်ခန်းထဲလာ အရက်ထိုင်သောက်ပြီး လူတွေကို အရက်တိုက် နေပုံရတယ်'

ဟု ရှရိုးဒါးက ပြောသည်။

'အရက်ခန်းထဲ မလာခင် ပဝေသဏီ ကတည်းက ရှမစ်ကို သတ်ပစ်ခဲ့တာရှင့်။ ကြည့်ရတာတော့ မင်္ကုင်ဇီဟာ ရှမစ်ကို ကုန်းပတ်ပေါ်ကို တွဲခေါ်လာမယ်။ သံလက်ရန်းမှာ ခေါင်းငိုက်စိုက် ကျနေတုန်း နောက်ကနေ ခေါင်းကို တအားရိုက်လိုက်မိမှာပဲ။ အဲဒီတုန်းက ရှမစ်ဟာ လှိုင်းသိပ်မူးနေလို့ ခေါင်းငိုက်စိုက်ကျနေပြီး သံလက်ရန်းကို မှီနေတယ်လို့ သင်္ဘော ကုန်းပတ်မှူးက ပြောတယ် မဟုတ်လား။ ရှမစ်ကို ကုန်းပတ်ပေါ်က တွန်းချပြီးတော့ ရှမစ်အခန်း

www.burmeseclassic.com

ကိုပြန်။ အိပ်ရာကို ရှမစ်နေမကောင်းလို့ အိပ်နေတယ်ထင်အောင် လုပ်ထား။ လမ်းကြားကလေး ထဲမှာ ကုန်းပတ်စခန်းမှူးနဲ့ တွေ့တော့ သူ့ကို မခေါ်ပါနဲ့တော့ အိပ်နေတယ်လို့ပြော။ အဲဒီနောက်တော့ အရက်ခန်းထဲသွား၊ အရက်ကို မူးအောင်သောက်ပြီး တွေ့သမျှ လူတွေကို အရက်တိုက် အချိန်ဖြုန်းပစ်လိုက်တယ်။ ရှမစ်ကိုလည်း ရှာချိန်မရအောင် လုပ်ပစ်လိုက်တာ ဖြစ်ရမယ်'

နယူးယောက်သို့ ပြန်ရောက်ပြီး မကြာမီတွင် ရှရိုးဒါးထံမှ တယ်လီဖုန်းလာသည်။ အမှုကြီး တစ်ခုကို လိုက်နေသဖြင့် ဝွင်းထံ အကူအညီတောင်းခြင်း ဖြစ်၏။ သူ့အခန်းသို့ ရောက်သည့် အခါတွင် အကြောင်းတိုက်ဆိုင်သဖြင့် မကွာင်ဇီ၏ အကြောင်းကို ပြန်ကောက် မိကြသည်။

'မကွာင်ဇီရဲ့ အမှုအကြောင်းကို မဂ္ဂဇင်းတွေထဲမှာ ဝတ္ထုဇာတ်လမ်း အဖြစ် ရေးရရင် တော်တော် ကောင်းမှာနော်'

'ဇာတ်လမ်းက နိဂုံးမှ မချုပ်တာ၊ ဘယ့်နှယ်လုပ် ရေးမလဲ'

'ဒါတော့ ကိုယ့်စိတ်ကူးနဲ့ကိုယ် ရေးရမှာပေါ့'

'ဒါထက် မနေ့က သတင်းစာထဲမှာ သတင်းကလေး တစ်ပုဒ် ကိုကော တွေ့ပြီးပြီလား'

'ဟင့်အင်း၊ ဘာသတင်းလဲ'

'ဟောလိဝုဒ်က သတင်း'

'ဟောလိဝုဒ်နဲ့ ဘာဆိုင်လို့လဲ'

'ထားလိုက်ပါဦးလေ၊ ကျွန်မ ဇာတ်လမ်းကို နောက်ကျရင် ပြောပြမယ်။ အဲဒီ ဇာတ်လမ်း အဆက်က ဘယ်လိုတဲ့လဲ'

www.burmeseclassic.com

www.burmeseclassic.com

'မက္ကင်ဇီဟာ သန်းကြွယ်သူဌေးကြီး တစ်ယောက် မဟုတ်ဘူး ခင်ဗျ။ သူ့မှာ တီထွင်မှုလေး တစ်ခု လုပ်ထားတယ်။ အောင်မြင်ရင် သူဌေးဖြစ်မယ်ပေါ့။ ဒါပေမယ့် သူ့တီထွင်မှုကလည်း ဘာမှ အကျိုး အမြတ်ခံစားရမယ့် တီထွင်မှုမျိုး မဟုတ်ပါဘူး။ ဂျင်နရယ် အီလက်ထရစ် ကုမ္ပဏီက လူကြီးတစ်ဦးက ပြောလိုက်တယ်။ သူတို့ တီထွင်ထားတာက သူ့ထက်အရင် စောနေပြီတဲ့။ ပြီးတော့ တီထွင်ချက် က အညံ့စားလောက်ပါပဲတဲ့'

'ဟုတ်လား၊ ဒါထက် ဒီအပတ်မှာ ပါရာမောင့် ကုမ္ပဏီက ရိုက်တဲ့ လင်းယုန်ရိုင်းဆိုတဲ့ ရုပ်ရှင်ကား ရှင်ကြည့်ပြီးပြီလား'

'ရုပ်ရှင်ကို အသာထားပါဦး၊ မက္ကင်ဇီရဲ့ အကြောင်းကိုပဲ ပြောပြ စမ်းပါဦး'

'အဲဒါ မက္ကင်ဇီရဲ့ ဇာတ်လမ်းပေါ့'

'ဘာ . . .သူ့ ဇာတ်လမ်း၊ မဆိုင်တာဗျာ။ ပြောစမ်းပါဦး။ သူနဲ့ ဘယ်လို ပတ်သက်နေလို့လဲ'

'ခု ညနေ တစ်ခေါက် သွားကြည့်မယ်လေ၊ အဲဒီတော့ ကျွန်မ ပြောပြမယ်'

ကျွန်တော်တို့ သုံးယောက်သား ရုပ်ရှင် သွားကြည့်ကြသည်။ ဇာတ်ကား အပိုင်းနှစ်ပိုင်း ပြီးသွားသည်အထိ ဘာမျှ မထူးခြားသေး။ ရှရိုးဒါးမှာ ပျင်းနေလေပြီ။ ကျွန်တော်လည်း သည်းမခံနိုင်တော့။ ထိုစဉ် ရုပ်ရှင်ပိတ်ကားပေါ်တွင် မြင်းစီးနေသည့် မက္ကင်ဇီ၏ ပုံပေါ်လာသည်။

အိမ်သို့ ပြန်ရောက်သည့် အခါ ရှရိုးဒါးက

'တကယ်ပဲဗျာ၊ ရုပ်ရှင်ပိတ်ကားပေါ်မှာ သူ့ပုံကိုတွေ့လိုက်တော့ ကျွန်တော် ကြောင်နေတယ်'

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်မကတော့ သူ့ကို ထပ်ကြည့်ချင်သေးလို့ သွားတာရှင့်။ ကောင်းပြီလေ၊ ကျွန်မ ပြောပြမယ်။ မောင် တစ်ညတုန်းက အပြင်သွားမယ်ဆိုပြီး တစ်ယောက်တည်း ထွက်သွားတာကို မှတ်မိသေးလား'

ကျွန်တော်က မှတ်မိကြောင်းပြောသည်။

'အဲဒီညတုန်းက ဂွင်း ဝင်ဒမ်ဟိုတယ်ကို တစ်ညသွားတည်းတယ်။ မကွ္ကင်ဇီတို့ လင်မယား တည်းနေတဲ့အထပ်နဲ့ တစ်ထပ်တည်းပဲ။ အဲဒီမှာ အခန်းရှင်းတဲ့ ဟယ်လင်ဆိုတဲ့ သူငယ်မလေးကို အကျိုးအကြောင်း မေးကြည့်တယ်။ သူက မစ္စက်မကွ္ကင်ဇီဟာ ရုပ်ချောချော၊ အရုပ်မြင့်မြင့် ရယ်တဲ့။ သူ့ယောက်ျား မကွ္ကင်ဇီကတော့ ပိုက်ဆံရှိပြီး သိပ်နှမြော တတ်တယ်တဲ့။ သူ့မိန်းမကို တောက ယာတောမှာပဲထားပြီး ချုပ်ချယ် ထားတယ်တဲ့။ ဘယ်ကိုမှ မလွှတ်ဘူးတဲ့။ သူ့အပေါ်မှာ သစ္စာရှိရင် သူ့ရှိသမျှ အမွေတွေကို ဆက်ခံဖို့ သေတမ်းစာ ရေးပေးခဲ့မယ်။ ဒီလိုမှ မဟုတ်ဘဲ သူနဲ့ ကွာရှင်းပြတ်စဲသွားတယ်၊ ဒါမှမဟုတ် သူ့ကို ပစ်သွားပြီး နောက်ယောက်ျား တစ်ယောက်ကို ယူတယ်ဆိုရင်တော့ တစ်ပြားမှ မပေးဘူးလို့ သေတမ်းစာ ရေးထားတယ်တဲ့။ ကိုယ့်မှ မချစ်တာ ဘာလုပ်မလဲကွယ်။ ပိုက်ဆံဆိုတာ အရေးမကြီးပါဘူးလို့ မစ္စက်မကွ္ကင်ဇီက ဟယ်လင့်ကို ပြောဘူးသတဲ့'

'ဒီလောက်တောင် ချုပ်ချယ်ထားတဲ့ ကြားထဲက မစ္စက်မကွ္ကင်ဇီဟာ နောက်လူတစ်ယောက်နဲ့ ဘယ်လိုလုပ်တွေ့ပြီး ဘယ်လိုဖြစ်ကြတာလဲ'

'ဟိုတယ်မှာ သူတို့အခန်းစုံရဲ့ ရေချိုးခန်းနဲ့ တခြားအခန်းစုံရဲ့ ရေချိုးခန်း ကပ်နေတယ်။ မစ္စက်မကွ္ကင်ဇီဟာ အခန်းတံခါးပိတ် ရေချိုးရင်း တစ်ဖက်ခန်းကလူနဲ့ တွေ့ကြတာပေါ့။ အဲဒီ တစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com

ခန်းက လူဆိုတာလည်း တခြားလူ မဟုတ်ဘူးရှင့်။ ရှင်တို့ စောစောက ပိတ်ကားပေါ်မှာ မြင်လိုက်ရတဲ့လူ'

'ဟင် သူက မက္ကင်ဇီ မဟုတ်ဘူးလား'

'သူ့နာမည်က ဇာတ်လိုက်မင်းသား ပက်ဆော်လ်ဗယ်ရီ ရယ်'

ကျွန်တော်က

' မက္ကင်ဇီဟာ ဆော်လ်ဗယ်ရီ အမည်ကို ယူထားတာလား'

'မဟုတ်ဘူးရှင့်၊ ဆော်လ်ဗယ်ရီက မက္ကင်ဇီအမည်ကို ယူထားတာ။ ဆော်လ်ဗယ်ရီက မက္ကင်ဇီကို သင်္ဘောပေါ်က ပစ်ချပြီး မက္ကင်ဇီယောင် ဆောင်နေတာ'

ရှရိုးဒါးက ရုတ်တရက် ထိုင်ရာမှ ထလိုက်ရင်း

'မဖြစ်နိုင်တာဗျာ။ ကျွန်တော်ဖြင့် ပြောလို့သာ ယုံရတယ်။ ခင်ဗျား ပြောတာတွေ ...'

'နားထောင်ပါဦးလေ၊ နောက်တော့ရှင်းသွားမှာပေါ့၊ ကျွန်မ တစ်ဆင့်စီ ပြောသွားမယ်။ ပြောဆို လွန်ခဲ့တဲ့ သုံးနှစ်လောက်ကစပြီး ပြောရမယ်။ အဲဒီတုန်းက မစ္စက်မက္ကင်ဇီ ဖြစ်မယ့် အမျိုးသမီးက တင်ပယ်တဲ့။ တင်ပယ်နဲ့ ဆော်လ်ဗယ်ရီက နှစ်ယောက်လုံးက ဇာတ်လိုက်တွေ။ အဲဒီတုန်းမှာ မက္ကင်ဇီက သန်းကြွယ်သူဌေးကြီး ဟန်ဆောင်ပြီး ဟောလိဝုဒ်ကို ရောက်လာတယ်။ တင်ပယ်အတွက် အမွေတွေပေးမယ်ဆိုပြီး သေတမ်းစာ တစ်စောင် ရေးပေးခဲ့သေးသတဲ့။ သူ့ကိုယ်သူလည်း တစ်နေ့တော့ သန်းကြွယ်သူဌေးကြီး တစ်ယောက် တစ်ကယ်ဖြစ်မယ်လို့ ထင်ထားဟန် တူပါရဲ့။ ဒါနဲ့ သူတို့နှစ်ယောက် လက်ထပ်လိုက်ကြတယ်။ လက်ထပ်ပြီးတဲ့နောက်မှာ တင်ပယ်ကို ကနေဒါကို ခေါ်သွားပြီး ယာတော တစ်ခုမှာ ထားတယ်။ သူကတော့

www.burmeseclassic.com

www.burmeseclassic.com

သူ့တီထွင်မှုမှာ စမ်းသပ်နေတာပေါ့လေ။ တင်ပယ်ခမျာလည်း ရုပ်ရှင်လုပ်ငန်းက နည်းနည်းကျနေတော့ ဒီလောက်နေရရင် မဆိုးဘူးဆိုပြီး အောင့်အည်းနေခဲ့တာပေါ့။ နောက်ဆုံး သူလည်း ငြီးငွေ့လွန်းမက ငြီးငွေ့လာတော့ သည်းမခံနိုင်တော့ပဲ သူ့အဆက်ဟောင်း ဆော်လ်ဗယ်ရီနဲ့ ပြန်ဆက်တယ်။ သူတို့နှစ်ယောက် ထွက်ပြေးဖို့ စီစဉ်ကြတယ်။ ဒါပေမယ့် မက္ကင်ဇီက အမြဲစောင့်ကြည့်နေတော့ မလစ်ဘူးပေါ့။ ဒါနဲ့ နယူးယောက်မှာ ရောက်နေတဲ့ ဆော်လ်ဗယ်ရီက မက္ကင်ဇီကြိုက်လုံး စာတစ်စောင် ရေးလိုက်တယ်။ သူ့စာမှာ မက္ကင်ဇီ တီထွင်ထားတဲ့ လုပ်ငန်းကို ဈေးကွက်ရအောင် ဘယ်လိုရှာမယ် ဆိုတာတွေပါတယ်။ အောက်မှာတော့ ပေါ်စတုန်းဆိုပြီး လက်မှတ်ရေးထိုးလိုက်တယ်။ အဲဒီကိစ္စကိုပြောဖို့ နယူးယောက် ကို လာပါလို့လည်း စာရေးလိုက်တယ်။ ဒီတင် မက္ကင်ဇီလည်း နယူးယောက်ကို လိုက်လာခဲ့တယ်။ တင်ပယ်ကိုလည်း စိတ်မချတာနဲ့ သူ့ကိုပါ ခေါ်လာခဲ့တာပေါ့။

ဆော်လ်ဗယ်ရီက ဝင်ဒမ်ဟိုတယ်မှာ တည်းနေပြီး၊ ပေါ်စတုန်းလို့ အမည်တပ်ထားတဲ့ သူ့စာကိုတော့ အမာနက်ဟိုတယ်ကို လိပ်စာပေးထားတယ်။ ပြီးတော့ သူတို့အခန်းနဲ့ ကပ်လျက် အခန်းမှာ တည်းနေတယ်။ ဒီလိုနဲ့ ပေါ်စတုန်း အမည်ခံတဲ့ ဆောလ်ဗယ်ရီနဲ့ တင်ပယ်တို့ဟာ ရေချိုးခန်းမှာ မကြာခဏ ချိန်းတွေ့နေကြတယ်။ ပြီးတော့ ပေါ်စတုန်းက သူနဲ့တွေ့ဖို့ အမာနက် ဟိုတယ်ကို လာပါလို့ ချိန်းလိုက်တယ်။ ဒီနောက် တင်ပယ်ကို ခိုးပြေးပြီး ဟိုတယ်တစ်ခုမှာ ဝှက်ထားတယ်။ သူကိုယ်တိုင်ကတော့ ဟိုတယ်စုံထောက် ဖိလစ်ရှမစ် အမည်နဲ့ မက္ကင်ဇီဆီသွားပြီး အမှုလိုက်ခတောင်း တောင်းလိုက်သေးတယ်။

www.burmeseclassic.com

www.burmeseclassic.com

မက္ကင်ဇီလည်း မိန်းမ ပျောက်သွားတော့ စိတ်ညစ်ညစ်နဲ့ ဟာဗားနားကို ခရီးထွက်သွားတယ်။ ဒီလို ခရီးထွက်မယ် လုပ်တုန်းမှာ ရှမစ်အမည်ခံ ဆောလ်ဗယ်ရီဟာ မက္ကင်ဇီဆီကို သွားပြီး အတွင်းရေးမှူး လျှောက်တယ်။ အတွင်းရေးမှူး ခန့်လိုက်တော့ သူတို့ ဆရာတပည့် နှစ်ယောက် အခန်းတစ်ခန်းယူပြီး ခရီးထွက်ခဲ့ကြတယ်။ ရှမစ်ခေါ် ဆော်လ်ဗယ်ရီဟာ သင်္ဘောထွက်တဲ့နေ့မှာပဲ သူ့အကြံအစည်ကို အကောင်အထည် ဖော်တယ်။ သင်္ဘော စထွက်တဲ့နေ့ဆိုတော့ ခရီးသည် အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ကောင်းကောင်း မသိကြသေးဘူး မဟုတ်လား။ ဒီတင် မက္ကင်ဇီကို ရေထဲတွန်းချလိုက်ပြီး သူ့ကိုယ်သူ မက္ကင်ဇီဟန် ဆောင်လိုက်တယ်။ ရေထဲကျသွားတဲ့ လူကတော့ ရှမစ်ပေါ့လေ။ သင်္ဘောကုန်းပတ် စခန်းမှူးကလည်း သူတို့အခန်းမှာနေတဲ့ လူနှစ်ယောက်ဟာ တစ်ယောက်က မက္ကင်ဇီ၊ တစ်ယောက်က ရှမစ် ဆိုတာလောက်ပဲ သိသေးတာ ပေါ့။ လူနဲ့နာမည် ဘယ်တွဲသိဦးမလဲ။ ပြီးတော့ မက္ကင်ဇီ ရေထဲကျသွားတယ်ဆိုရင် သန်းကြွယ် သူဌေးကြီးတစ်ယောက် ဆိုတော့ အုတ်အော်သောင်းနင်း ဖြစ်မယ်။ အတွင်းရေးမှူးဆိုတော့ ဘယ်သူက သိပ်ဂရုစိုက်မှာလဲ။ ကိုယ့် အတွင်းရေးမှူးကိုယ် ဘယ်သူက ပြန်သတ်မလဲဗျာလို့ ရှင် ကိုယ်တိုင်တောင် ပြောခဲ့သေးတယ် မဟုတ်လား။

သင်္ဘောစ ထွက်တာနဲ့ ရှမစ်ခေါ် ပေါ်စတုန်ခေါ် ဆော်လ်ဗယ်ရီဟာ မက္ကင်ဇီကို အန်ဆေးတွေ တိုက်ပြီး အိပ်ရာထဲ ပို့ထားလိုက်တယ်။ သူက ပရမတ်ဆေးကျမ်းသမား ဖြစ်တဲ့အတွက် ဆရာဝန် ကုတာကိုလည်း လက်ခံမှာ မဟုတ်ဘူးလို့ သင်္ဘောအရာရှိကို ပြောထားတယ်။ နောက်တော့ မက္ကင်ဇီကို ကုန်းပတ်ပေါ်ခေါ်လာပြီး

www.burmeseclassic.com

www.burmeseclassic.com

တွန်းချလိုက်တယ်။ မက္ကင်ဇီကို သတ်လိုက်ပြီး သူ့ကိုယ်သူ မက္ကင်ဇီဟန် ဆောင်လိုက်တယ်။ လူတိုင်းကလည်း သူ့ကို မက္ကင်ဇီလို့ပဲ လက်ခံထားလိုက်ကြ တယ်။ ဒါပေမယ့် ဆော်လ်ဗယ်ရီ ကံဆိုးချင်တော့ သင်္ဘောပေါ်မှာ စပ်စုတတ်တဲ့ စုံထောက် တစ်ယောက်နဲ့ စပ်စုတတ်တဲ့ မိန်းမတစ်ယောက် ပါလာတယ်။ သူတို့နှစ်ယောက် ရှမစ်ဘာဖြစ်လို့ ကိုယ့်ကိုကိုယ် သတ်သေသွားသလဲဆိုတဲ့ အကြောင်းရင်းကို မရမက လိုက်ရှာနေကြတယ်။ ဒီတင် ဆော်လ်ဗယ်ရီဟာ ဟာဗားနားက မိန်းမတစ်ယောက်နဲ့ ရှမစ်နဲ့ တစ်ခုခု ဖြစ်နေသလိုလို၊ ဒါကြောင့်ပဲ စိတ်ညစ်ပြီး သတ်သေသွားသလိုလို လီဆယ်ရေးထားတဲ့ စာတစ်စောင် ဖန်တီးလိုက်တယ်။

သူတို့နှစ်ယောက် အကြံကတော့ အောင်မြင် သင့်သလောက် အောင်မြင်နေပြီ။ ဒါပေမယ့် မက္ကင်ဇီရဲ့ ငွေတွေကို ထုတ်ဖို့က ခက်နေတယ်။ သေတမ်းစာ အရဆိုရင် မက္ကင်ဇီသေမှ ဒီငွေတွေကို ရမှာကိုး။ ဒီတွင် မက္ကင်ဇီ ဟန်ဆောင်ထားတဲ့ ဆော်လ်ဗယ်ရီဟာ ငါးမန်းတွေပေါတဲ့ ကမ်းခြေမှာ ရေထဲခုန်ချ သေချင်ယောင်ဆောင် လိုက်တယ်။ မက္ကင်ဇီ ဟန်ဆောင်ထားတဲ့ ဆော်လ်ဗယ်ရီဟာ ပနားမား ဦးထုပ် မဆောင်းဘူးလေ။ ဘယ်ဆောင်းပါ့မလဲ။ မက္ကင်ဇီအစစ်ရဲ့ ခေါင်းကဦးထုပ် ဆိုတော့ သူ့ခေါင်းနဲ့ တော်မှမတော်တာ။ ဒီဦးထုပ်ကို သူယူလာတာက ရေထဲပစ်ချဖို့ ယူလာတာ။

ဒါပေမယ့် ကျွန်မစိတ်ထဲမှာ သံသယဖြစ်နေတာ တစ်ခုရှိတယ်။ မက္ကင်ဇီ အတုဖြစ်တဲ့ ဆော်လ်ဗယ်ရီဟာ ဟာဗားနားမှာတုန်းက အထုပ်တစ်ခုကို အမြဲကိုင်ထားတယ်။ ကျွန်မ ကိုယ်မယ်လုပ်တဲ့ အခါ

www.burmeseclassic.com

www.burmeseclassic.com

မှာတောင် အကိုင်မခံဘူးလေ။ ဒီတော့ ဒီအထုပ်ဟာ ဘာအထုပ် ဖြစ်နိုင်သလဲ ဆိုတာကို စဉ်းစားလို့ မရသေးဘူး’

‘ခင်ဗျား ဘယ်အချိန်မှာ သူ့ကို စပြီး မသင်္ကာဖြစ်တာလဲ’

‘ဟာဗားနားရောက်တော့ သူစကားပြောတာကို ကျွန်မနားထောင် ကြည့်တယ်လေ။ သူက သူ့ကိုယ်သူ မက္ကင်ဇီတဲ့။ အမေရိကန်ပြည်ကို နှစ်ခါပဲ ရောက်ဖူးသေးတယ်တဲ့။ ဒါပေမယ့် ပြောလိုက်တဲ့ စကားတိုင်းမှာ အမေရိကန် ဗန်းစကားတွေချည်းပဲ။ ဒီတင် ကျွန်မ သူ့ကို စပြီး သံသယဖြစ်တာပဲ။ ပြီးတော့ ဝင်ဒမ်ဟိုတယ်ကို လှမ်းပြီး စုံစမ်းလိုက်တော့ မက္ကင်ဇီဟာ လူလတ်ပိုင်း အသားညိုညို။ သူတို့ လင်မယားက အခန်းနံပါတ် (၈၀၅) မှာတည်းတယ်။ အခန်း နံပါတ် (၈၀၆)မှာတည်းနေတဲ့လူကို စုံစမ်းကြည့်တော့ ဟောလိဝုဒ်က ရုပ်ရှင် မင်းသားတဲ့။ ဆော်လ်ဗယ်ရီတဲ့။ ပြီးတော့ သူ့နာမည်အတုကို လိုက်ပြီး စစ်ကြည့်တော့ ပေါစတုန်းတဲ့၊ ဖိလစ်ရှမစ်တဲ့။ အားလုံး ပီအက်စ် အတိုကောက်တွေချည်းပဲ’

‘ဒီတင် ကျွန်မ ဟောလိဝုဒ်ကို လှမ်းပြီး စုံစမ်းကြည့်တော့ မက္ကင်ဇီနဲ့ တင်ပယ်တို့ဟာ ၁၉၃၀ပြည့်နှစ် ဇွန်လထဲမှာ လက်ထပ် ခဲ့ကြတယ်၊ အဲဒီတုန်းက တင်ပယ်က နှစ်ဆယ်ရာစုမြေခွေး ကုမ္ပဏီက ရိုက်တဲ့ကားမှာ ဇာတ်ရန်ရယ်။ ဆော်လ်ဗယ်ရီကလည်း ဇာတ်ရန်ပ ရှိသေးတယ်။ နောက်ဆုံး သူရိုက်ခဲ့တဲ့ ဇာတ်ကားက လင်းယုန်ရိုင်း ဆိုတဲ့ ဇာတ်ကား၊ စုံစမ်း ကြည့်လိုက်တော့ နယူးယောက်မှာတဲ့။ ကြည့်ရတာ ကတော့ တင်ပယ်နဲ့ ချိန်းဖို့ လိုက်သွားတာ ဖြစ်မှာပေါ့’

www.burmeseclassic.com

www.burmeseclassic.com

'တော်တော် အကြံကြီးတဲ့ လူနော်။ ဒါဖြင့် သူတို့ ဟောလိဝုဒ်ကို ပြန်သွားပြီး မက္ကင်ဇီရဲ့ သေတမ်းစာအတိုင်း အမွေတွေကို ယူကြတယ်ပေါ့'

'ဟုတ်တယ်လေ၊ တကယ်ကတော့ မက္ကင်ဇီမှာလည်း တစ်ပြားမှ ရှိတာမဟုတ်ဘူး။ နောက်ဆုံးတော့ သူတစ်ပါးကို မကောင်းကြံတဲ့ လူဟာ ကိုယ့်မှာလဲ ပြန်ထိတာပေါ့။ ဟောဒီမှာ သတင်းစာထဲက ဖြတ်ပိုင်းကလေး ဖတ်ကြည့်'

**ဓာတ်လိုက်မင်းသားနဲ့ ဇနီးသေဆုံး**

*ထိုပန်ဂါတောင်ကြားတွင် ကားမှောက်သဖြင့် ဓာတ်လိုက်မင်းသား ဆော်လ်ဗယ်ရီနှင့် ဇနီးတို့ ပွဲချင်းပြီး သေဆုံးသွားကြ၏။ ကားမှာ ငှားလာသော ကားဖြစ်ကြောင်း သိရ၏။ ဆော်လ်ဗယ်ရီမှာ လင်းယုန်ရိုင်းဓာတ်ကားတွင် နောက်ဆုံးပါဝင် ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး ဇနီးမှာလည်း တစ်ခါက ဟောလိဝုဒ် မင်းသမီးဖြစ်သည့် တင်ပယ်ဖြစ်ကြောင်း သိရ၏။ ၎င်းတို့နှစ်ယောက်မှာ ဟောလိဝုဒ်သို့ ပြန်လည်ရောက်ရှိပြီး နောက်တွင် အလုပ်အကိုင်မရှိပဲ ဖြစ်နေကြသည်ဟု သိရ၏။ ဆိုင်ရာရဲတို့က စုံစမ်းလျက်ရှိသည်ဟု ကြားရ၏။ လင်မယားနှစ်ယောက်စလုံး သတ်သေသွားခြင်း ဖြစ်သည်ဟုလည်း အချို့က ဝေဖန်ပြောဆိုလျက်ရှိကြ၏။*

( အမေရိကန် စာရေးဆရာ Viola Brother Shore ၏ The Mackenzie Case ကို ပြန်သည် )

www.burmeseclassic.com

www.burmeseclassic.com

## ၈။ အရိပ်မသိ အရောင်မသိ

**ဇာတ်ဆောင်စုံထောက်** — **ဗိုလ်မှူးကြီး မတ်**

**စတင်ပေါ်ပေါက်သည့်နှစ်** — **၁၉၄၀ ပြည့်နှစ်**

( အမေရိကန် စုံထောက်စာရေးဆရာ ကားတားဒစ်ကဆင်၏ စုံထောက်ဝတ္ထုတို တစ်ပုဒ် ဖြစ်သည်။ ဇာတ်ဆောင်စုံထောက်မှာ ဗိုလ်မှူးကြီး မတ်ဖြစ်သည်။ ယခု သူ့ဝတ္ထုတို တစ်ပုဒ်ကို ဘာသာပြန် ဖော်ပြလိုက်ပါသည် )

သူ့ မျက်စိထဲတွင် အလင်းရောင်တွေ ပြိုးပြက်နေသည်။ သူ့နားထဲတွင် တူရိယာသံများကို ကြားနေသည်။ မစ္စတာ ရော်နယ် ဒင်ဟန်သည် ရိဂျင်စီကလပ်မှ ထွက်လာကာ သူ့ကို တက္ကစီ လှမ်းခေါ် ပေးသည့် ကားစောင့်ကို လှမ်း၍ပြုံးပြသည်။ စလိုနီလမ်းရှိအိမ်သို့ ပြန်ရောက်လာသည့် အခါတွင် သူ့ကို ဆီးကြိုနှုတ်ဆက်သည့် ညစောင့် ကိုလည်း ပြုံးပြသည်။ ထိုနေ့ညတွင် ရော်နယ် သည် ငွေစက္ကူတွေ ဖြန့်ကြဲကာ မြင်မြင်သမျှကို အလှူကြီး ပေးလိုက်ချင်သည်။

အရက်သောက် လာခဲ့သည် မှန်သော်လည်း သူမမူး။ သင့်ရုံ လောက်သာ သောက်ခဲ့ခြင်း ဖြစ်သည်။ ယနေ့ညတွင် ဂျင်မီ၏ 'ဘက်ချလာပါတီ' ခေါ် လူပျိုစင် နောက်ဆုံးည နှုတ်ဆက်ပွဲ ရှိသည်။ ရော်နယ်သည် အကျင့်စာရိတ္တနှင့် ပတ်သက်၍ အလွန်ဂရုစိုက်သူ ဖြစ်၏။ ထို့ကြောင့်ပင်လျှင် သူများတကာတွေ အရက်သောက်၍ ကောင်းတုန်း သူထ၍ ပြန်ခဲ့သည် မဟုတ်လော။

www.burmeseclassic.com

နောင် တစ်လလောက် ဆိုလျှင် သူကိုယ်တိုင် သည်လည်း အင်နီတာနှင့် လက်ထပ်တော့မည် မဟုတ်လော။ အင်နီတာမှာ သူနှင့် တိုက်တန်းလျား တစ်ခုတည်းတွင် နေသူဖြစ်သည်။ နောင် တစ်လ လောက်ရှိလျှင် သူတို့နှစ်ဦး အတူနေရတော့မည့် အရေးကိုတွေးမိကာ တစ်လမ်းလုံး အူမြူး လာခဲ့ခြင်းဖြစ်သည်။ အခြားသူများကဲ့သို့ပင် ရော်နယ်သည်လည်း အိပ်ယာထဲတွင် အိပ်နေသည့် လူများကိုနှိုးကာ သူ့သတင်းကောင်းကို ပြောပြချင်သည်။ အင်နီတာကိုပင် သွား၍ နှိုးပြောလိုက် ချင်သေးသည်။ သို့ရာတွင် သူသည် လူသစ်ဖြစ်ပြီ။ အရင်တုန်းကလို ရမ်းရမ်းကားကား နေ၍ မဖြစ်တော့ပြီ။ သူတော်ကောင်း ဖြစ်နေပြီ။ ထို့ကြောင့် သူ့ကို အချိန်မတော် သွား၍ မနှိုးသင့်ဟု သူသတိရလိုက်သည်။ အင်နီတာကိုသာမက သူနှင့်အတူ နေသည့် အီဗန်ကိုပင် နှိုး၍မသင့်။ အီဗန်မှာ အလုပ်ကြိုးစားသည့် လူငယ်လုပ်ငန်းရှင် တစ်ယောက်ဖြစ်ရာ ရုံးခန်းတွင် ညပိုင်းအထိ အလုပ်လုပ်နေတတ်ပြီး ညဉ့်နက်မှ အိမ်သို့ပြန်လာတတ်သည်။ တစ်ခါ တစ်ရံတွင် သူပြန်ရောက် သည်အထိ အီဗန်ရုံးခန်းမှ ပြန်မလာ တတ်သေး။

ရော်နယ်အိမ်သို့ ပြန်လာသည့်အခါတွင် သန်းခေါင်တိုင်ခါ နီးနေလေပြီ။ ရော်နယ်သည် တိုက်အောက်ဆုံးထပ်ရှိ ဓာတ်လှေကား ဆီသို့ လာခဲ့သည်။ ညစောင့် ပီယာဆန်က သူ့ကို အော်တိုမစ်တစ် ဓာတ်လှေကားဝသို့ လိုက်ပို့သည်။

'ဘယ်လိုလဲ ဆရာလေး၊ အဆင်ပြေရဲ့လား'

ဟု အစောင့် ပီယာဆန်က လေသံတိုးတိုးဖြင့်မေးသည်။ ရော်နယ်က အားလုံးအဆင်ပြေ ကြောင်းဖြင့် ပြန်ပြောသည်။

www.burmeseclassic.com

'ဆရာလေးကို ကြည့်ရတာ တော်တော် ပျော်လာပုံရတယ်။ သီချင်းကလေး ဘာလေး မဆို တော့ဘူးလား'

သူပြောမှပင် ထိုအချက်ကို သူသတိရသည်။

အင်း အမှန်ကတော့ ဆိုချင်တယ်ဗျ။ ခင်ဗျားစိတ်ကူး ကောင်းတယ်ဗျို့။ မဆိုးဘူး။ ဒါပေမယ့် တောရမ်းမယ်ဖွဲ့ သီချင်းတွေ မဆိုချင်ဘူးဗျ။ ဆိုရင်လည်း ဣန္ဒြေရရ သီချင်းဆို ချင်တယ်'

'ဟုတ်တယ် ဆရာလေး၊ ပြီးတော့ အပေါ်ထပ်မှာ အဖိုးကြီးရှိတော့ ကျွန်တော့် အနေနဲ့တော့ ဆိုလို့မကောင်းဘူး။ ဒီနေ့ညနေက မန်ချက်စတာကို တစ်ပတ်လောက် ခရီးထွက်ဦးမယ်လို့ အဘိုးကြီး ပြောထားတာ၊ ဒါပေမယ့် ဘာစိတ်ပြောင်း သွားလို့လည်း မသိဘူး၊ မသွားတော့ဘူးတဲ့'

အဘိုးကြီးဆိုသူမှာ အခြားသူမဟုတ်။ သည်နားတစ်ဝိုက်က တိုက်တန်းလျားပိုင်ရှင် ဆာရူးဖတ် အာမင်ဒေးလ် ဖြစ်သည်။ ဆာရူးဖတ်သည် အဆောက်အအုံ အများအပြားကိုလည်း ပိုင်သည်။ လန်ဒန်မြို့ပေါ်တွင် အဆောက်အအုံများကို ဆောက်လုပ်ပေးသည့် ကန်ထရိုက်တာကြီး တစ်ဦးလည်းဖြစ်သည်။ ထိုမှျမက ပရိဘောဂ အပြည့်အစုံဖြင့် တိုက်အိမ်များကို ဈေးချိုချိုဖြင့် ငှားရမ်းသူလည်း ဖြစ်သည်။ ဆာရူးဖတ်သည် သူဆောက်သည့် အဆောက်အအုံများတွင် ကိုယ်တိုင် နေပြခြင်းဖြင့် သူ့အလုပ်ကိုသူ ဂုဏ်ယူလေ့ရှိသည်။

'ကျုပ်အဖို့ သီးသန့်တိုက်အိမ်တွေ ဘာတွေနဲ့ နေဖို့မလိုပါဘူးဗျ။ ဆာရေးနယ်မှာ ရဲတိုက်ကြီး နဲ့လည်း နေစရာမလိုဘူး။ ပတ်လိမ်းမှာ တိုက်ကြီးနဲ့လည်း နေစရာမလိုဘူး။ အများသူငါ နေသလိုနေတာပဲ ကောင်းပါတယ်။ ကျုပ်ဆောက်ထားတဲ့ တိုက်တန်းလျားတွေ

www.burmeseclassic.com

www.burmeseclassic.com

အခန်းစုံတွေက နေရထိုင်ရတာ သက်တောင့်သက်သာ လည်းရှိတယ်။ အဖိုးလည်းနည်းတယ်။ ဒီတော့ ကျုပ်ငှားစားတဲ့ တိုက်ခန်းမျိုးတွေမှာပဲ နေမယ်'

ဟု ဆာရူးဖတ် မကြာခဏ ပြောတတ်သည်။ ဆာရူးဖတ် ငှားရမ်းသည့် တိုက်ခန်းများမှာ သပ်ရပ်၍ အဖိုးနည်းသဖြင့် စည်းကမ်းကလနားတွေ များသည့်တိုင် ငှားသူများကလည်း သဘောကျကြသည်။ တိုက်ခန်းများတွင် ပေးထားသည့် ပရိဘောဂများကလည်း တစ်ခန်းနှင့်တစ်ခန်း အတူတူလိုပင်ဖြစ်သဖြင့် ဂုဏ်တုဂုဏ်ပြိုင်တွေ လုပ်စရာအကြောင်းမရှိတော့။ အခန်းများမှာ အားလုံး ဆင်တူများဖြစ်ပြီး တစ်ခန်းနှင့်တစ်ခန်း ကွဲပြားမှုဟူ၍ရှိလျှင် စားပွဲများ ပေါ်မှ အပြင်အဆင်နှင့် အခန်းများတွင် ချိတ်ထားသည့် ပန်းချီကားများသာ ဖြစ်သည်။

ဆာရူးဖတ်၏ အိမ်ငှားများသည် သူ့ပန်းချီကား များကို သိပ်မကြိုက်ကြ။ သို့ရာတွင် ဆာရူးဖတ်မှာ ပန်းချီကား အစုအဆောင်း ဝါသနာပါသူတစ်ဦး ဖြစ်သည့်အတိုင်း သူ့အိမ်ခန်း များတွင် သူ့စိတ်ကြိုက် ပန်းချီကားများကို ချိတ်ဆွဲထားရာ ထိုပန်းချီကားများကို ဖြုတ်ခွင့်မပြု။ သူပေးထားသည့် စည်းကမ်းများကို ကြိုက်လျှင်ငှား၊ မကြိုက်လျှင် မငှားနှင့်။ ကိစ္စမရှိ။ ဆာရူးဖတ်ကား ဤသို့သော အိမ်ရှင်မျိုးဖြစ်သည်။

သူသာ သည်လိုလူမျိုး မဟုတ်ခဲ့လျှင်လည်း ရော်နယ်အဖို့ စွန့်စားခန်းကို တွေ့နိုင်မည် မဟုတ်။ လူပျိုပါတီမှပြန်လာ၍ အိမ်သို့ရောက်သည်နှင့် ရော်နယ်သည် ပီယာဆန်၏ အကြံပေးချက်အတိုင်း သီချင်းလေး တအေးအေးဖြင့် အော်တိုမက်တစ်

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်လှေကားဖြင့် ဒုတိယအထပ်သို့ တက်လာခဲ့သည်။ ထို့နောက် ရှမ်ပိန်ကလေး ခပ်ထွေထွေဖြင့် အခန်းတစ်ခန်းကို သူ့အခန်းမှတ်ပြီး ဝင်လာခဲ့သည်။

ဓာတ်လှေကားကို ဒုတိယအထပ်တွင် ရပ်လိုက်သည်မှာမူ သေချာ၏။ ဒုတိယအထပ်သို့ ရောက်သည်နှင့် လှေကားဝမှ မီးခလုတ်ကို ဖွင့်လိုက်သည်။ သို့ရာတွင် မှောင်နေသဖြင့် ဘာကိုမှ ကောင်းကောင်းမမြင်ရ။ ထို့နောက် တစ်ခါးတစ်ခုကို ဖွင့်လိုက်သည်။ သူ့သော့နှင့် ကိုက်နေ၍လော၊ သို့မဟုတ် အခန်းတံခါးက အလိုလိုပွင့်နေ သောကြောင့်လောမသိ၊ တံခါးက အသာပွင့်သွားသည်။ သူ့အခန်းကို ချောချောမောမော ပြန်ရောက်သဖြင့် ရော်နယ် ကျေနပ်သွားသည်။

သူ့ခေါင်းထဲတွင်မူ ရီတီတီ။ ကြည့်လိုက်သည့် အခါတွင် မီးမှိန်မှိန်လေး လင်းနေသည့် ဧည့်ခန်းလေးတစ်ခု။ အတန်ကြာသည့် အခါတွင် ထို့ထက် အတန်ငယ်ကျယ်သည့် ဧည့်ခန်း ကလေးတစ်ခု ထဲသို့ ဝင်လာခဲ့ပြီးနောက် ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင် လိုက်သည်။ ဧည့်ခန်းက သူ့အိမ်ဧည့်ခန်းနှင့် အတူတူပင်။ လက်တင် ကုလားထိုင်ကလည်း တစ်ပုံစံတည်း။ မီးတိုင်မှ အုပ်ဆောင်းကလည်း အတူတူ။ အုပ်ဆောင်းပေါ်တွင် နဂါးရုပ်လိုလို ဘာလိုလိုနှင့် သူ့စိတ်ထဲမှာ ဝိုးတိုးဝါးတား။

သို့ရာတွင် သူ့စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွား၏။ အကြောင်းမူးသဖြင့် စားပွဲတင်မီးတိုင်မှ အုပ်ဆောင်းကို သူမသင်္ကာချင်။ သူနှင့် အီဗန်တို့ နေသည့် အိမ်ခန်းက စားပွဲတင်မီးတိုင်တွင် သည်လို အုပ်ဆောင်းမျိုး

www.burmeseclassic.com

www.burmeseclassic.com

မရှိ။ ထို့ပြင် သူတို့အခန်းထဲတွင် ကြေးနီပြားဖြင့် လုပ်ထားသည့် စာအုပ်စင်ဒေါက်လည်း မရှိ။ ပြတင်းပေါက် ခန်းဆီးတွေကလည်း ...

ကြည့်လိုက်သည့် အခါတွင် သူတို့အခန်း မဟုတ်ကြောင်းမှာ သေချာနေပြီ။ သူ့မျက်လုံးသည် မှုန်ရီလာကြ၏။

'ဟာ ဆောရီးဗျာ'

ဟု ပါးစပ်မှ ခပ်ကျယ်ကျယ် ပြောလိုက်မိသည်။

အိမ်ထဲမှ ဘာသံမှ မကြားရ။ အခန်းမှား ဝင်မိပြီကို သိလိုက်သည့် အတွက် မူးသမျှကလေးပင် ပျောက်သွားသည်။ သူ ဘယ်အခန်းသို့ ရောက်နေသနည်း။ ဒုတိယအထပ်တွင် အခန်းစုံ သုံးခန်းသာ ရှိတော့သည်။ တစ်ခန်းမှာ အင်နီတာ၏ အခန်း။ တစ်ခန်းမှာမူ ရုပ်ပြာပြာ သတင်းစာဆရာ လူငယ်တစ်ဦး ဖြစ်သည့် ကွန်းယား၏ အခန်း။ နောက်တစ်ခန်းမှာ အိမ်ရှင် ဆာရူးဖတ်၏ အခန်း။

ရော်နယ်သည် လန့်သွား၏။ အိမ်ရှင်နိုးလာကာ သူ့ကို သူခိုးယိုး တော့မည်။ သို့မဟုတ်လျှင်လည်း သူများအိမ်သို့ အခမ့်တက်သည်ဟု စွပ်စွဲတော့မည်။ ရော်နယ်သည် ပြန်ထွက်ရန် တံခါးဆီသို့ လှည့် လိုက်သည်။ ထိုစဉ် သူ့လိုပင် အခန်းထဲသို့ ရောက်နေသည့် ဧည့်သည် တစ်ယောက်ကို တွေ့ရ၏။

ဧည့်သည်သည် တံခါးပေါက်ကြီး အနီးရှိ ကုလားထိုင် မြင့်မြင့်ကြီး တစ်လုံးပေါ်တွင် ထိုင်လျက်ရှိ၏။ အဝတ်အစား သပ်သပ် ရပ်ရပ်။ မျက်မှန်ထူထူ။ တစ်စုံတစ်ရာကို လေးလေး နက်နက် စဉ်းစား နေဟန်ဖြင့် ခေါင်းက ငိုက်စိုက်ကျလျက်။ ခေါင်းပေါ်တွင် ဦးထုပ် ပျော့လေး တစ်လုံးကို ဆောင်းထားပြီး ကိုယ်ပေါ်တွင် အစိမ်းနုရောင် မိုးကာအင်္ကျီ လှလှကလေးကို ဝတ်ထားသည်။ သူ့လို ဣန္ဒြေရရ

www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်နှင့် သိပ်မလိုက်ချင်။ အရောင်က နုလွန်းသည်။ မီးရောင် ထိုးကျနေသဖြင့် မိုးကာအင်္ကျီသည် ပြောင်လက်နေ၏။

'ကျွန်တော့်ကို ခွင့်လွှတ်. . .'

သူ့စကား မဆုံးမီမှာပင် ထိုလူမှာ မလှုပ်မယှက် ငြိမ်ချက်သား ကောင်းနေသည်ကို ရော်နယ် သတိပြုလိုက်မိသည်။

ရော်နယ်သည် လက်ကို ကမ်းပေးလိုက်၏။ မိုးကာအင်္ကျီမှာ ချုပ်ရိုးမပါသည့် မိုးကာ၊ အမေရိကန် မိုးကာအင်္ကျီ အကောင်းစား ဖြစ်သည်။ အပေါ်က အဝါရောင်ဖြစ်ပြီး အတွင်းက အစိမ်းနုရောင် ဖြစ်၍ နှစ်ဖက်လှ အင်္ကျီဖြစ်သည်။ ဘာကြောင့်မှန်းမသိ၊ ထိုလူသည် မိုးကာအင်္ကျီကို ပြောင်းပြန်လှန်၍ ဝတ်ထားသည်။ ရော်နယ်သည် သူ့ကိုဆက်၍ စကားပြောမည်ပြုစဉ် ထိုလူ၏ ခေါင်းသည် ရှေ့သို့ ငိုက်ကျသွားကာ မိုးကာအင်္ကျီမှာ လက်ခနဲ ဖြစ်သွား၏။ ကြည့်လိုက်သောအခါတွင် ထိုလူမှာ အသက်ပျောက်နေလေပြီ။

အီဗန်သည် နာရီပြန်တစ်ချက် မထိုးမီ ဆယ့်ငါးမိနစ် အလိုတွင် အိမ်သို့ပြန်လာခဲ့သည်။ ဓာတ်လှေကားမှ ထွက်လာပြီး သူတို့အထပ်သို့ ရောက်သည့် အခါတွင် အိမ်ဦးခန်းတွင် မှောင်မည်းလျက်ရှိသည်ကို တွေ့ရ၏။ ဓာတ်လှေကား အထွက်၌ရှိသည့် မီးခလုတ်ကို ဖွင့်လိုက် ပြီးနောက် ကျိန်ဆဲလိုက်မိသည်။

အီဗန်က ပိန်ပိန် အသားညိုညို နက်မှောင်သည့် မျက်ခုံးမွေး နှစ်ဖက်သည် ဆက်လုမတတ် ဖြစ်နေပြီး သူ့မျက်မှောင်ပေါ်တွင် တန်းနေသည်။ သူ့ရုပ်မှာ ပြဇာတ်ထဲမှ မင်းသားကြီး ရုပ်မျိုးဖြစ်သည်။ သွားလေရာတွင် သားရေအိတ်ကြီးဆွဲပြီး မျက်နှာထား တင်းနေသဖြင့် သူ့ကိုကြည့်ရသည်မှာ လုပ်ငန်း၌ စိတ်ပါဝင်စားနေသည့် လုပ်ငန်းရှင်

www.burmeseclassic.com

တစ်ယောက်ပုံ ပေါ်နေသည်။ ယခု ဒုတိယအထပ်မှ ရှုခင်းကို မြင်လိုက်ရသည့်အခါတွင် အလုပ်ကိစ္စတွေ ခေါင်းထဲမှ ပျောက်သွားသည်။ လှမ်းကြည့်လိုက် သောအခါ အင်နီတာ၏ အခန်းစုံရှေ့ ဝက်သစ်ချ သားခုံတန်း ပေါ်တွင် မှောက်လျက်ကြီး လဲနေသော ရော်နယ်ကို မြင်လိုက်ရသည်။ ရော်နယ်၏ နောက်စေ့မှာ ဖူးရောင်လျက် ရှိ၏။ အသက်ရှူသံကလည်း မမှန်တော့။

အီဗန်သည် ရော်နယ်ကို သူတို့အခန်းသို့ တွဲခေါ်လာခဲ့ကာ သတိရအောင် ကျောကို ထုပေးသည်။ အတန်ကြာမှ ရော်နယ် သတိရလာသည်။ ရော်နယ်သည် ခေါင်းထဲတွင် တစစ်စစ် ကိုက်ခဲနေရာမှ မော်ကြည့်လိုက်၏။ အသားညိုညို မျက်နှာ သွယ်သွယ် နှာခေါင်း ကောက်ကောက် နှင့် အီဗန်၏ မျက်နှာကို မြင်လိုက်ရသည်။ အီဗန်က သူ့ကို မာန်သည်။

'အရက်သောက်ရင်လည်း နည်းနည်းပါးပါး သောက်ပေါ့ဗျာ။ ခုတော့ ခင်ဗျားဟာက လွန်လွန်းတယ်။ ပြောစမ်းပါဦး၊ ဘယ်လိုဖြစ်တာလဲ'

'မိုးကာအင်္ကျီကို ပြောင်းပြန်လှန် ဝတ်ထားတယ်ဗျ'

ဟူသော စကားလုံးများသည် ရော်နယ်ပါးစပ်မှ အလိုလို ထွက်လာကြသည်။ ခေါင်းတစစ်စစ် ကိုက်နေသည့်တိုင် ထိုရှုခင်းကို တရေးရေး ပြန်မြင်လာသည်။

'ဟုတ်တယ်ဗျ။ ဘယ်အခန်းမှန်းတော့ မသိဘူး။ လူတစ်ယောက် ငုတ်တုတ်ကြီး သေနေတယ်။ ဘယ်သူ သတ်သွားမှန်း မသိဘူး။ ကျွန်တော် မမူးပါဘူး။ တကယ်ကို ပြောတာပါ။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

ရောက်သွားလို့ ကြည့်နေတုန်း ကျွန်တော့်ကို နောက်က တစ်ယောက်က ထွက်ရိုက် လိုက်တာဗျ။ ဒီတင် ကျွန်တော်လည်း သတိမေ့သွားတာ'

'ဒါဖြင့် ဒီနေရာကို ခင်ဗျား ဘယ့်နှယ်လုပ် ရောက်လာတာလည်း'

'မသိဘူးလေဗျာ။ ကျွန်တော့်ကို ရိုက်လိုက်တော့ သတိမေ့သွားတာ၊ ဘယ့်နှယ်လုပ် သိပါ့မလဲ၊ ကျွန်တော့်ကိုသာ ထူပေး စမ်းပါဗျာ။ ကြည့်ရတာကတော့ ကျွန်တော့်ကို အခန်းအပြင်ကို တရွတ်တိုက် ဆွဲခေါ်လာပြီး ထားပစ်ခဲ့တာ ဖြစ်မှာပေါ့။ မယုံရင် ကျွန်တော့် နောက်စေ့ကို စမ်းကြည့်ဗျာ။ ဘာနဲ့ ရိုက်သွားမှန်းမသိဘူး။ ရောင်နေတယ်'

အီဗန်သည် အတန်ကြာမျှ စဉ်းစားနေသည်။ သူက လက်တွေ့ သမား။ ရော်နယ်၏ခေါင်းကို စမ်းကြည့်လိုက်သည့် အခါတွင် ဖူးဖူး ရောင်နေပြီး ပေါက်နေသည်။ အီဗန်သည် အခန်း ပတ်ပတ်လည်ကို လှမ်းကြည့်လိုက်၏။

'ဒါဖြင့် သေသူက ဘယ်သူလဲ၊ သူရောက်နေတာကကော ဘယ်သူ့ အခန်းလဲ'

'မသိဘူးလေ၊ လူကတော့ အသက်ခပ်ကြီးကြီး၊ မျက်မှန်ထူထူနဲ့ မိုးကာအင်္ကျီ အစိမ်းရောင်ကို ဝတ်လို့၊ အရင်ကလည်း ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး။ ကြည့်ရတာတော့ အမေမရိကန်နဲ့ တူတာပဲ'

'ကြံကြီးစီရာဗျာ၊ အစိမ်းရောင် မိုးကာအင်္ကျီကြီးကို ဘယ်သူက ဝတ်ပါ့မလဲ'

'ဟုတ်တယ်ဗျ၊ မိုးကာအင်္ကျီကို ပြောင်းပြန်လှန်ဝတ်ထားတာ။ တော်ပြီဗျာ၊ မယုံရင်လည်း နောက်ထပ် မမေးနဲ့တော့။ ခင်ဗျားမေးရင် ကျွန်တော် စိတ်ညစ်ပြီး နံရံကို ခေါင်းနဲ့ ပစ်ဆောင့် မိလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com

ရော်နယ်သည် တကယ်ပင် နံရံကို ခေါင်းနဲ့ပစ်တိုက် လိုက်ချင်သည်။ သူ့ကိုယ်သူ ကောင်းကောင်း မထိန်းနိုင်တော့။ မျက်စိထဲတွင် မှုန်ဝါးဝါးဖြစ်နေပြီ။ ခေါင်းထဲကလည်း စာပုံနှိပ်စက်ကြီး တစ်လုံးလည်သလို တဂျိုင်းဂျိုင်း မြည်နေသည်ဟု ထင်ရသည်။

'ဘယ်သူ့အခန်းလဲဆိုတာ သေသေချာချာ သွားကြည့်ပေးစမ်းပါဗျာ။ အခန်းအနေအထားကို ကျွန်တော် ပြောပြပါ့မယ်၊ ပြီးတော့ . . . '

ရော်နယ်သည် စကားကို ဆုံးအောင်မပြောနိုင်။ လှမ်းကြည့်လိုက်သည့် အခါတွင် အခန်းနှစ်ခုမှ တံခါးပွင့်လာသည်ကို မြင်လိုက်ရသောကြောင့်ဖြစ်သည်။ အပြင်ဘက်မှ ဆူဆူညံညံ အသံများကို ကြားသဖြင့် ဆာရူးဖတ်နှင့် အင်နီတာတို့သည် ဒေါသကိုယ်စီဖြင့် ထွက်လာကြသည်။

အီဗန်သည် စိတ်ပညာ ပါရဂူတစ်ဦးသာ ဖြစ်ခဲ့လျှင် သူတို့အခြေအနေကို ချက်ချင်းရိပ်မိ လိုက်မည်ဖြစ်၏။ သို့ရာတွင် ယခုမူ အီဗန်သည် သူတို့နှစ်ယောက်ကို ကြောင်၍ကြည့်နေမိသည်။ ထို့ပြင် သူသည် ဆာရူးဖတ်၏ အိမ်ငှား မန်နေဂျာတစ်ဦး ဖြစ်နေပြန်သည့်အတွက် ဘာမျှမပြောဘဲ အသာကြည့်နေသည်။

အင်နီတာသည် သူတို့အခြေအနေကို အကဲခတ်လိုက်မိပုံရ၏။ အင်နီတာမှာ အသားညိုညို ခပ်ဝဝ ဆံပင်ကောက်ကောက်နှင့် ဖြစ်သည်။ ညဝတ်အင်္ကျီ ပါးပါးလေးကို ဝတ်ထားပြီး စီးကရက်တစ်လိပ်ကို ခဲထား၏။ အခြားသုံးယောက်ကို မြင်လိုက်သည့်အခါတွင် စီးကရက်ကို ခဲထားရာမှ ချွတ်လိုက်ပြီး ပြုံးပြလိုက်သည်။ ဆာရူးဖတ်မှာ ရှိုးမတင်းလှဘဲ ပျာယီးပျာယာ ဖြစ်နေသည်။ သူ့မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com

မှာ ခွေးဘီလူးငယ်ကလေး တစ်ကောင်ကဲ့သို့ ခွန်အားရှိသော မျက်နှာမျိုးဖြစ်သည်။ အအေးမိမည် စိုးသည့်အတွက် ညဝတ် အင်္ကျီကြီးကို လည်ပင်းရောက်အောင် စည်းချည်ထားပုံမှာ လုပ်ငန်းပိုင်ရှင် သူဌေးကြီး တစ်ယောက်နှင့် မတူဘဲ အရပ်ထဲက သာမန်အိမ်ငှား တစ်ယောက်နှင့် တူနေသည်။

ဆာရှူးဖတ်သည် အသက်ရှူ၍ အားမရသည့်နှယ် ပင့်သက်တစ်ချက်ကို ရှိုက်လိုက်၏။ သို့ရာတွင် သူ့ရှေ့တွင် အောက်လက်ငယ်သား တစ်ယောက်ကို မြင်လိုက်သည့် အခါတွင်မူကား သူ့ကိုယ်သူ ပြန်၍ ယုံကြည်မှု ရရှိသွားပုံရသည်။

'ဟော့ အီဗန် ဘာဖြစ်တာလဲကွ'

'ပြ...ပြဿနာ ပေါ်နေလို့ ခင်ဗျ။ ဟောဒီက ရော်နယ်က ဒီအထပ်က အခန်းတစ်ခန်း ထဲမှာ လူတစ်ယောက်သေနေတာကို တွေ့လို့'

'ဟင် . . .ဟုတ်လား၊ ရော်နယ်'

ဟု အင်နီတာက အော်လိုက်သည်။ ဆာရှူးဖတ်ကမူ အံ့အားသင့်ဟန် မရှိဘဲ'

'ဘာ . . .လူတစ်ယောက် သေနေတယ်၊ ဟုတ်လား။ ဘယ်အခန်းမှာလဲ'

'ဒီအထပ်က အခန်းစုံ တစ်ခုထဲမှာပဲ ခင်ဗျ။ ဘယ် အခန်းရယ်လို့တော့ မပြောတတ်ဘူးတဲ့'

'ဘယ်အခန်းမှန်း ဘာဖြစ်လို့ မသိရမှာလဲကွ'

အင်နီတာက ရော်နယ်ကို လှမ်းကြည့်လိုက်ကာ

'ဟင် နောက်စေ့မှာလည်း ဖူးရောင်လို့ပါလား၊ ကိစ္စမရှိပါဘူး အီဗန်။ သူနည်းနည်း မူးလာလို့ ဖြစ်မှာပါ'

www.burmeseclassic.com

www.burmeseclassic.com

'ကိုယ်မမူးဘူး အင်နီတာ၊ စာလုံးတစ်လုံးကို အရေးခိုင်းတောင် စာလုံးပေါင်းတွေ သတ်ပုံတွေ မမှားအောင် ရေးနိုင်ပါတယ်။ တကယ်ပါ။ ကိုယ်မမူးပါဘူး။ အင်း...ခေါင်းထဲက မူးလိုက်တာ။ ခေါင်းသာမမူးရင် ဘယ်အခန်းကလဲဆိုတာ ကျွန်တော် ကောင်းကောင်း ပြောနိုင်ပါတယ်'

ရော်နယ်က အဖြစ်အပျက်ကို ပြောပြ၏။ အတန်ကြာ တိတ်ဆိတ်နေကြသည်။ အင်နီတာမှာ မျက်လုံးတချက်ဖျတ် တောက်လာကာ လက်တွင်ကိုင်ထားသည့် စီးကရက်ကို သစ်သားကြမ်းပြင် ပေါ်သို့ လွှတ်ချလိုက်ပြီး ခြေထောက်ဖြင့် နင်းခြေပစ်လိုက်သည်။ အိမ်ရှင်သူဌေးကြီး ဆာရှူးဖတ် သည် သတင်းကို စိတ်ဝင်စားနေသည့်အတွက် ထိုအချက်ကို မမြင်လိုက်မိ။

အင်နီတာသည် ရော်နယ်အနီးသို့ လျှောက်လာကာ ဒူးထောက်ထိုင်လိုက်ပြီးနောက်. . .

'ရော်နယ် . .ရှင်ပြောတာကို ကျွန်မ ယုံပါတယ်ရှင်။ ဒါပေမယ့် ဒီအခန်းဟာ ကျွန်မအခန်း တော့ မဟုတ်ပါဘူးနော်'

သူတို့အားလုံးသည် ဆာရှူးဖတ်၏ စိတ်နေစိတ်ထားကို သိပြီးဖြစ်ကြ၏။ ထို့ကြောင့် ဆာရှူးဖတ်တစ်ယောက် မျက်နှာကြီးမည်းကာ ဣန္ဒြေပျက်နေခြင်းကို သိလိုက်ကြသည်။

'နံရံပေါ်မှာ ပန်းချီကားတစ်ချပ် မြင်တယ်ဆို၊ အဲဒီကားဟာ ဘာကားလဲ ဆိုတာကို ပြောပြစမ်းပါ'

'ဟုတ်တယ်ခင်ဗျ။ ကျွန်တော် မြင်လိုက်တယ် ထင်တာပဲ။ ပန်းချီကားက ကောင်မလေး တစ်ယောက် ပန်းပွင့်တွေကို ကြည့်နေတဲ့ ပုံခင်ဗျ။ နှင်းဆီပန်းလား ဘာလားတော့ ကျွန်တော် ကောင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com

မခွဲတတ်ဘူး။ အရောင်က ညိုတိုတိုအရောင်နဲ့ ဆွဲထားတာ။ ဆီပီယာ အရောင် ဆိုပါတော့ ခင်ဗျာ'

ဆာရူးဖတ်သည် သူ့ကို စိုက်ကြည့်လိုက်ရင်း

'ဒီလိုဆိုရင် ငါ့အခန်းတော့ မဟုတ်ဘူးကွ။ ငါ့အခန်းထဲမှာ ဆီပီယာနဲ့ ဆွဲထားတဲ့ပန်းချီကား ဆိုလို့ တစ်ခုမှ မရှိဘူး။ မင်းပြောတဲ့ အတိုင်းသာမှန်ရင် တစ်ခန်းပဲ ကျန်တော့တယ်။ ဒီတော့ အဲဒီအခန်းကို ငါကိုယ်တိုင် တာဝန်ယူပြီး သွားနှိုးကြည့်မယ်။ ဘယ့်နှယ်လဲ'

ဆာရူးဖတ်၏ မျက်လုံးများသည် ဒေးလီးရက်ကော့ သတင်းစာ တိုက်မှ သတင်းစာဆရာ ကွန်းယားရ်၏ အခန်းတံခါးဆီသို့ ရောက်သွား ကြသည်။ အခန်းတံခါးကိုပင် ခေါက်စရာမလိုတော့။ အခန်းတံခါး သည် တွန်းလိုက်ရုံနှင့် အသာကလေး ပွင့်သွား၏။ သူတို့သုံးယောက် ကို အခန်းထဲမှ တစ်စုံတစ်ယောက်က ချောင်းမြောင်းကြည့်နေသလော ဟုပင်ထင်ရသည်။ ချက်ချင်းဆိုသလိုပင် ကွန်းယားသည် အခန်းထဲမှ ခပ်သုတ်သုတ် ထွက်လာသည်။ သူ့ကို ကြည့်ရသည်မှာ ခပ်ကုပ်ကုပ်။ ဆံပင်ကျိုးတိုးကျဲတဲဖြင့် သတင်းစာဆရာရုပ်နှင့် တည်းတည်းမှမတူ။ သားသားနားနားဆို၍ ဝတ်ထားသည့် ကုတ်အင်္ကျီနှင့် လည်စီးတို့သာ ရှိသည်။ ရုပ်ကမူ နည်းနည်းမျှ သားသားနားနားမရှိ။ အခြားသူများနှင့် ဆက်ဆံသည့် အခါတွင်လည်း အောက်ကျို့သည့်ဟန်။ သူ့ကို ကြည့်ရသည်မှာ ဧည့်ခန်းဆောင်မှ တိုင်ကပ်နာရီလို အလုပ်များ နေသည်။ တစ်ဖက်သား ခင်အောင်မင်အောင် လုပ်တတ်သည့် အရည် အချင်း ရှိကြောင်း သိသာ၏။

ကွန်းယားသည် အခန်းအပြင်သို့ ထွက်လာကာ ကုတ်အင်္ကျီကို ဆွဲဆန့်လိုက်ပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com

'ဝမ်းနည်းပါတယ် ခင်ဗျာ၊ ဒီက ဦးတို့တစ်တွေပြောတာကို ကျွန်တော် ကြားလိုက်ပြီးပါပြီ။ ကျွန်တော့် အခန်းကလည်း မဟုတ်ဘူး ခင်ဗျ။ ကျွန်တော့်အခန်းက စားပွဲပေါ်မှာ ဆေးလိပ်တိုတွေ ပြည့်နေတဲ့ ဆေးလိပ်ခွက်တွေရယ်။ နို့ပုလင်း တစ်ပုလင်းရယ်ပဲ ရှိတယ်ခင်ဗျ။ မယုံရင် ဦးတို့ လိုက်ကြည့်ကြပါ'

သူတို့အားလုံး တိတ်ဆိတ်နေကြသည်။ ကွန်းယား၏ အမူအယာမှာ စိုးရိမ်သည့် အမူအရာ။ ဆာရူးဖတ်က လေးနက်တင်းမာသည့် လေသံဖြင့်

'ဒါပေမယ့် တစ်ယောက်ယောက် အခန်းတော့ ဖြစ်ရမှာပေါ့။ ဒီအခန်း လေးခန်းအပြင် ဘယ်သူ့အခန်း ဖြစ်နိုင်မှာလဲ။ ဧည့်ခန်းကြီး တစ်ခုလုံးတော့ ဘယ့်နှယ်လုပ်ပြီး ပျောက်သွား နိုင်မှာလဲ။ နေစမ်းပါဦး၊ ငါပြောပါဦးမယ်။ တကယ်လို့ ဟောဒီက ရော်နယ်က အထင်မမှားဘူး ဆိုရင်ပေါ့လေ'

'ကျွန်တော်များ မှားသလားတော့ မပြောတတ်ဘူးပေါ့ ခင်ဗျာ'

ဆာရူးဖတ်က

'မဟုတ်ဘူးလေ၊ ဒီလိုတော့ လွယ်လွယ် ဝန်မခံပါနဲ့၊ အမှန်ပြောရမယ် ဆိုရင်တော့ မင်းပြောတဲ့ ပန်းချီကားနဲ့ ခပ်ဆင်ဆင် ပန်းချီကား တစ်ခုတော့ ငါ့အခန်းမှာ ရှိတယ်။ ကားက ရှုဗယ်ဆွဲတဲ့ မိန်းမပျိုနဲ့ ပန်းပွင့်များဆိုတဲ့ ပန်ချီကားပဲ၊ ဒါပေမယ့် ငါ့ပန်းချီကားက ဆီဆေးနဲ့ ဆွဲထားတဲ့ ပန်းချီကား။ နေစမ်းပါဦးကွာ။ သေသေချာချာ မေးပါရစေဦး။ လူတစ်ယောက် သေနေတာကို တွေ့ခဲ့တယ် ဆိုတာကော ဟုတ်မှ ဟုတ်ရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com

ရော်နယ်က ဟုတ်မှန်ကြောင်း ပြောဆိုနေစဉ် အပေါ်ထပ်မှ ခေါက်လေ့ခါး ဆင်းလာသံကို ကြားလိုက်ရ၏။ သို့ရာတွင် သူတို့ ရှေ့တွင်ရှိသည့် သူတို့အထပ်သုံး ခေါက်လေ့ခါး မဟုတ်။ တိုက်တန်းလျား အစွန်တွင်ရှိသည့် အများသုံး ခေါက်လေ့ခါးကြီး ဖြစ်သည်။ တံခါးသည် ပွင့်လာကာ အစောင့်သည် ထိတ်လန့်တုန်လှုပ် သော မျက်နှာဖြင့် ထွက်လာ၏။

'ဆရာကြီးခင်ဗျာ၊ ဆရာကြီးကို အဆင်သင့်တွေ့ရလို့ ကျွန်တော် ဝမ်းသာလိုက်တာ။ တကယ်လို့ တိုက်ခန်းမှာ အကြောင်းကိစ္စ ကြီးငယ် ရှိရင် ငါ့ကို အကြောင်းကြားလို့ ဆရာကြီး ပြောထားပါတယ်။ အမှန် ကတော့ တော်တော် အရေးကြီးပါတယ် ခင်ဗျာ။ ခေါက်လေ့ခါးထဲမှာ ပစ္စည်းတစ်ခု တွေ့လို့ခင်ဗျ'

'အမှန်ကတော့'

ဆိုသည့်စကားကို ကြားလိုက်ရသည့်အခါတွင် သူတို့အားလုံး သည် တစ္ဆေခြောက်ခံလိုက် ရသလို လန့်နေကြလေပြီ။ သူတို့အားလုံး သည် 'အမှန်ကတော့' ဆိုသည့်စကားလုံးကို မကြာခဏ သုံးစွဲ သွားကြသည်။ ဤတွင် တစ်ခါက သူကြည့်ခဲ့ဖူးသော ပြဇာတ်တစ်ခုကို ရော်နယ်သွားသတိ ရသည်။ ထိုပြဇာတ်ထဲတွင် လူတိုင်းသည် မဟုတ် မမှန်သော စကားကို ပြောတော့မည်ဆိုလျှင် 'အမှန်ကတော့' ဆိုသည့် စကားဖြင့် အစချီတတ်ကြောင်းဖြင့် သရုပ်ဆောင်ပြသွားသော ပြဇာတ် ဖြစ်၏။ သို့ရာတွင် ထိုအကြောင်းကို ကြာကြာစဉ်းစားမနေနိုင်။ ယခု သူတို့တစ်တွေသည် သေနေသည့် လူတစ်ယောက်ကို ဟိုနေရာတွေ့ သည်နေရာတွေ့ ဖြစ်နေပြီမဟုတ်လော။

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်လှေကားထဲတွင် အမည်မသိလူတစ်ယောက် သေနေသည်ကို တွေ့ရပြန်လေပြီ။ အလင်းရောင်သည် ထိုလူ၏ အပြာရောင် သက္ကလတ် ဦးထုပ်ပေါ်သို့ လည်းကောင်း၊ ထူထဲသော မျက်မှန်စွန်း ပေါ်သို့လည်းကောင်း၊ မိုးကာအင်္ကျီ ပေါ်သို့လည်းကောင်း ထိုးကျလျက် ရှိ၏။ သို့ရာတွင် မိုးကာအင်္ကျီမှာ အစိမ်းရောင် မဟုတ်တော့ချေ။ အတည့် ပြန်ဝတ်ပြီးသား ဖြစ်နေလေပြီ။

ရော်နယ်၏ဘေးတွင် ကပ်၍ လိုက်ပါလာသည့် အင်နီတာသည် ရော်နယ်၏ လက်မောင်းကို ဖျစ်ညှစ်ဆုပ်ကိုင် လိုက်မိသည်။ အီဗန်က ကုန်း၍ ကြည့်မည်အပြုတွင် ညစောင့် ပီယာဆန်က သူ့ကို လှမ်းဆွဲ ထားသည်။

'သွားမကိုင်နဲ့လေ ဆရာလေး၊ ဟိုမှာ သွေးတွေနဲ့'

'ဘယ်မှာလဲ'

ဟု အီဗန်က မေးသည်။

ပီယာဆန်က မီးခိုးရောင် ရာဘာကြမ်းခင်းပေါ်ရှိ သွေးကွက်ကို ပြလိုက်၏။

'ကျွန်တော့်အထင် ပြောရမယ်ဆိုရင်တော့ ရင်ဝကို ဓားထိုး ခံရတယ် ထင်တာပဲ။ ဓားကိုတော့ မတွေ့ရတော့ဘူးပေါ့ ခင်ဗျာ'

'မင်းတွေ့ခဲ့တဲ့ လူသေအလောင်းဆိုတာ အဲဒါလား'

ဟု ဆာရူးဖတ်က ရော်နယ်ကို မေးသည်။

ရော်နယ်သည် ခေါင်းညိတ်ပြလိုက်သည်။ ဆာရူးဖတ်သည် အတန်ကြာမျှ စဉ်းစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com

'အဲ ...တစ်ခုတော့ ရှိတယ်ခင်ဗျ။ ကျွန်တော် တွေ့တုန်းက သူ့ မိုးကာအင်္ကျီက ပြောင်းပြန်လုပ် ဝတ်ထားတယ်။ခု ဘာဖြစ်လို့ အတည့် ဖြစ်နေသလဲ မသိဘူး'

အင်နီတာက နားကိုပိတ်ထားလိုက်ရင်း

'မိုးကာအင်္ကျီက အရေးမကြီးပါဘူး ရော်နယ်၊ ရှင်ဒီလူကို သိသလား ဟင်။ ရှင်နဲ့ လုံးလုံး မသိဘူးနော်'

ရော်နယ် လန့်သွားသည်။ သူမေးလိုက်ပုံက ခပ်တိုးတိုး ရိုးရိုး မေးခြင်း ဖြစ်သည့်တိုင် သူ့မျက်လုံးများကမူ အရေးတကြီး မေးနေ သည့်ဟန် ပေါ်နေသည်။ အင်နီတာသည် မေးရင်းလည်း သူ့ လက်မောင်းကို လှုပ်နေသည်။ ခေါင်းထဲက တစစ်စစ် ကိုက်ခဲ နေသည့်တိုင် ရော်နယ်သည် ခပ်ရေးရေး မှတ်မိသလို ရှိလာသည်။ ရော်နယ်သည် စဉ်းစားနေသည်။

'ဟင့်အင်း၊ ကိုယ်မသိပါဘူး။ ကိုယ်နဲ့ ဘယ်လိုလုပ်သိမှာလဲ။ ဘာဖြစ်လို့ မေးတာလဲ'

'ဟင့်အင်း ဘာမှမဖြစ်ပါဘူး'

'ကျွန်တော်သိတယ်'

ဟု ကွန်းယားက ပြော၏။

ကွန်းယားသည် ဓာတ်လှေကား အနီးတွင်ထိုင်ကာ အလောင်းကို ငုံ့ကြည့်နေသည်။ သို့ရာတွင် လက်ဖြင့်မထိ။ ခဏကြာလျှင် ကွန်းယားသည် သူ့ကိုယ်သူပင် ကောင်းစွာမထိန်းနိုင်။ သူ့မျက်လုံးများ သည် တဖျပ်ဖျပ်တောက်နေသည်။

'လွန်ခဲ့တဲ့ သုံးလေးရက်ကပဲ ကျွန်တော် သူနဲ့တွေ့ဆုံမေးမြန်းခန်း လုပ်ခဲ့သေးတယ်။ ဦးကတော့ သူ့ကို ကောင်းကောင်းသိမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com

ဟု ဆာရှူးဖတ်ကို လှမ်းမေးလိုက်သည်။

'အလိုဗျာ။ ကျုပ်မသိပါဘူး။ ဘယ့်နှယ်လုပ် သိမလဲ'

'အိမ်ပွဲစားကြီး ရန်းဒေါ့ရယ် ခင်ဗျ။ အမေရိကန်လူမျိုး၊ ခင်ဗျားတို့ အားလုံး ကြားဖူးကြမယ် ထင်တာပဲ၊ မြေတို့ အိမ်တို့ကို ကြိုက်ပြီဆိုရင် ငွေလက်ငင်းပေး ဝယ်တတ်တဲ့လူ။ သန်းချီတန်ဦး။ သူကြိုက်ပြီဆိုရင် ငွေကို လက်ငင်း ပေးချေသွားတာပဲ။ သူ့မျက်မှန်ကို ကျွန်တော် ကောင်းကောင်း မှတ်မိတာပေါ့။ မျက်စိမှုန်လိုက်တာကလည်း ဇီးကွက် ကျနေတာပဲ။ ကျွန်တော် ကြားတဲ့အတိုင်း ဆိုရင် ဆာရှူးဖတ်နဲ့ အရောင်းအဝယ် ကိစ္စတစ်ခုလုပ်ဖို့ အင်္ဂလန်ကို ရောက်လာတယ်လို့ ကြားတယ်ခင်ဗျ။ ဟုတ်ပါသလား ဦး'

ဆာရှူးဖတ်က ပြုံးလိုက်ရင်း

'မောင်ရင်ကြားတဲ့ သတင်းက မှားနေတယ်ခင်ဗျ။ မင်းပြောတဲ့ အတိုင်း ရန်းဒေါ့ဆိုတာ ဟုတ်ပါတယ်။ သူ အင်္ဂလန်ကို ရောက်နေ တယ်ဆိုတာလည်း ကျုပ်ကြားပါတယ်။ ဒါပေမယ့် ကျုပ်နဲ့ ဘာမှ အရောင်းအဝယ် လုပ်ငန်း မရှိဘူး ခင်ဗျ'

'ခု မရှိသေးဘူးဆိုရင်လည်း ဦးနဲ့ အရောင်းအဝယ် ကိစ္စလုပ်ဖို့ လာတာခင်ဗျ'

ဆာရှူးဖတ်က ကလေးငယ်တစ်ယောက်ကို လူကြီးတစ်ယောက်က ပြောနေသည့် ဟန်မျိုးဖြင့်

'မပြောတတ်ဘူးလေ။ ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ ကဲ ပီယာဆန်၊ သူ့အလောင်းကို ခတ်လှေကားထဲမှာ မင်းတွေ့တယ်လို့ ပြောခဲ့တယ်နော်၊ ပြောစမ်းပါဦး။ ဘယ်လို တွေ့တာလဲ'

www.burmeseclassic.com

www.burmeseclassic.com

'အဲဒီတုန်းက ဓာတ်လှေကားက အောက်ဆုံးထပ်မှာဗျ။ ဒါနဲ့ ကျွန်တော်က ဓာတ်လှေကားမှန်ပေါက်ကနေ အထဲကို လှမ်းကြည့်လိုက်တော့ ဓာတ်လှေကားထဲမှာ လဲနေတာကို တွေ့တာပဲ။ ဒါနဲ့ ဆရာကြီးဆီကို လာပြောမယ်ဆိုပြီး ဓာတ်လှေကားကို အပေါ်ကို မောင်းလာခဲ့တာပဲ။ ဒီကို ရောက်နေတာကတော့'

ပီယာဆန်သည် အပြင်ဘက်ရှိ ဓာတ်လှေကား ခေါ်သည့် ခလုတ်ကို ညွှန်ပြလိုက်ကာ

'ကျွန်တော့် အထပ်မှာရှိတဲ့ တစ်ယောက်ယောက်က သူ့ကို ဒီအထပ်ကို ဓာတ်လှေကားနဲ့ တင်လွှတ်လိုက်တယ် ထင်တာပဲ။ အောက်ထပ်က လာတာမဟုတ်ဘူး။ အပေါ်ထပ်က လာတာပဲ ဖြစ်ရမယ်။ ဒီနေ့ ညနေပိုင်းတုန်းက သူအဆောက်အအုံထဲ လာတာကိုလည်း ကျွန်တော်မြင်လိုက်တယ်'

'ဟုတ်လား၊ ဘယ်အချိန်လောက်ကလဲ'

ဟု ကွန်းယားက မေးလိုက်သည်။

'ဆယ့်တစ်နာရီ လောက်တုန်းက ထင်တာပဲ'

'ဘယ်သူ့ကို လာတွေ့တာလဲ'

ပီယာဆန်က ခေါင်းကို ယမ်းလိုက်ရင်း စိတ်ရှုပ်ရှုပ်ဖြင့်

'ဒီတိုက်ခန်းတွေက လူတိုင်းနေနိုင်တဲ့ တိုက်ခန်းတွေ မဟုတ်ဘူး ခင်ဗျ။ လူသန်ပသန့်တွေကို ငှားထားတာ။ ဘုံနေတဲ့ တိုက်ခန်းဆိုရင်တော့ ဧည့်သည်လာရင် သူတွေ့ချင်တဲ့ အိမ်ရှင်ကို တယ်လီဖုန်း ဆက်ပေးရတယ်။ ဒါပေမယ့် ဒီမှာတော့ ဧည့်သည်တွေကို မေးလို့ မကောင်းတဲ့အတွက် ကျွန်တော်တို့ကလည်း ဘာမှ မမေးတော့ဘူး။ သူတို့က အကူအညီတောင်းမှပဲ ကျွန်တော်တို့ သက်ဆိုင်တဲ့သူဆီကို

www.burmeseclassic.com

www.burmeseclassic.com

တယ်လီဖုန်း ဆက်ပေးတာတို့ လိုက်ပြပေးတာတို့ လုပ်တော့တယ်။ ဒါမှ မဟုတ်ရင်လည်း အလုပ်ကိစ္စ သက်သက်လာတဲ့ လူစိမ်းဧည့်သည်တွေ ဘာတွေကိုပဲ လိုက်ပြပေးတော့တယ်။ ဒီတော့ သူဘယ်သူ့ဆီကို လာသလဲ ဆိုတာတော့ ကျွန်တော်လည်း ကောင်းကောင်း မပြောတတ်ဘူး။ အလယ်ခန်းက တက်တဲ့ ဓာတ်လှေကားကြီးထဲကို ဝင်သွားတာကိုပဲ ကျွန်တော်သိလိုက်တယ်'

'ဒါဖြင့် ဘယ်အထပ်ကို သွားတာတဲ့လဲ'

'မသိဘူးခင်ဗျ။ မေးပါရစေဦးခင်ဗျာ။ ဘာဖြစ်လို့လဲ'

ရော်နယ်က စိတ်အားထက်သန်စွာဖြင့်

'ဘာဖြစ်လို့ဆို ကျွန်တော်တို့မှာ အခန်းပျောက်နေကြတယ် ခင်ဗျ။ ခင်ဗျားတော့ သိမလား မဆိုနိုင်ဘူး။ ဒီတိုက်ခန်းမှာ ခင်ဗျားအလုပ်လုပ်လာတာ တော်တော်ကြာပြီနော်၊ အဲဒီအခန်းတွေ ထဲကိုလည်း ရောက်ဖူးတယ်မဟုတ်လား။ ဥပမာ ဧည့်ခန်းတွေထဲကို ဆိုပါတော့'

'ကျွန်တော့်အထင် ပြောရမယ်ဆိုရင်တော့ အခန်းတိုင်း လိုလိုကို ရောက်ဖူးတယ် ထင်တာပဲခင်ဗျ'

'ကောင်းပြီ၊ ဒီလိုဆိုရင် ကျွန်တော်တို့ ဟောဒီလို အခန်းတစ်ခန်းကို လိုက်ရှာနေကြတာဗျ'

ဟုဆိုကာ ရော်နယ်သည် သူတွေ့ခဲ့သည့် အခန်းပုံစံကို တတိယအကြိမ် ပြောပြနေသည်။ ပီယာဆန်၏ မျက်နှာသည် ပျားစွာ စိတ်ထိခိုက်သည့် အသွင်ကို ဆောင်လျက်ရှိလေ၏။ ရော်နယ်၏ စကားဆုံးသည့် အခါတွင် ပီယာဆန်သည် ခေါင်းကိုယမ်းလိုက်ရင်း

www.burmeseclassic.com

www.burmeseclassic.com

'ဒီလိုဆိုရင်တော့ ဒီအခန်းဟာ ဘယ်သူ့အခန်းမှ မဟုတ်နိုင်ဘူး ခင်ဗျ။ ဆရာလေးပြောတဲ့ အခန်းပုံစံမျိုးက ဒီတိုက်ထဲမှာ တစ်ခန်းမှ မရှိဘူး'

မနက်လင်းအားကြီး သုံးနာရီခန့်တွင် မသာယာသော မျက်နှာကို ဆောင်ထားသည့် လူတစ်စုသည် ဆာရှူးဖတ်၏ အခန်းထဲတွင် ထိုင်လျက်ရှိကြ၏။ တစ်ယောက်မျက်နှာကိုလည်း တစ်ယောက်မကြည့်ကြချေ။ အမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာ ပုလိပ်တို့ကလည်း စုံစမ်းစစ်ဆေးပြီးလေပြီ။ ပုလိပ်စာသင် တစ်ယောက်၊ ဓာတ်ပုံဆရာ တစ်ယောက်၊ ဦးထုပ် မြင့်မြင့်ကြီးကို ဆောင်းထားသည့် ကိုယ်လုံးကိုယ်ပေါက်ကြီးကြီး၊ မျက်နှာချိုချို လူတစ်ယောက်တို့ကို ခေါင်းဆောင်လာသည့် ခပ်သွက်သွက် စုံထောက်အင်စပက်တော် တစ်ယောက်သည် သူတို့အားလုံးထံမှ စစ်ချက်အားလုံးကို ယူပြီးလေပြီ။ သို့ရာတွင် သူတို့စစ်ဆေးချက်များမှာလည်း ဘာမျှ ထူးထူးခြားခြား မပါချေ။

ရော်နယ်မှာမူ နောက်တစ်ကြိမ် စိတ်ဆင်းရဲ ရပြန်သည်။ ဆာရှူးဖတ်၏ အခန်းထဲသို့ ဝင်လာသည့်အခါတွင် သူရောက်ခဲ့သည့် အခန်းပင် ဖြစ်သည်ဟု ထင်လိုက်၏။ သားရေဖြင့် အုပ်ထားသည့် ကုလားထိုင်များ၊ မှန်အုပ်ထားသည့် စားပွဲ၊ ပန်းပုရုပ်များ စသည်တို့သည် သူမြင်မက်နေကျ ခြောက်အိမ်မက်ထဲမှ အရာများနှင့် တူနေသည်။ ဗီရိုပေါ်တွင်မူ ပန်းချီကားတစ်ကား ချိတ်ထားသည်။ ထိုပန်းချီကားမှာ ပန်းပွင့်များကို ငေးကြည့်နေသည့် သူငယ်မလေး တစ်ဦး၏ ပုံဖြစ်သည်။

'ဒီပန်းချီကား မဟုတ်ဘူးလား'

ဟု အင်နီတာက မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ပုံကတော့ ပန်းပွင့်တွေကို ငေးကြည့်နေတဲ့ ကောင်မလေးရဲ့ ပုံပဲ။ အတူတူပဲ။ ဒါပေမယ့် ဒီအနေအထားမျိုး မဟုတ်ဘူး။ ပြီးတော့ ဒီပုံက ဆီဆေးနဲ့ ရေးထားတဲ့ပုံ'

အင်နီတာက သမင်လည်ပြန် လှည့်၍ ကြည့်လိုက်သည်။ ပုလိပ်တို့ ရောက်မလာခင် အဝတ်အစားများ လဲပြီးလေပြီ။ မိတ်ကပ်ကိုလည်း လိုသည်ထက်ပို၍ ခပ်ထူထူ လိမ်းထားသည်ဟု ရော်နယ် ထင်လိုက်သည်။

'ကဲပါ ရော်နယ်ရယ်။ ဒို့ပြင်လူတွေ မလာခင် အင်နီတာ့ကို ရှင်းရှင်းလင်းလင်း ပြောစမ်းပါ။ ရော်နယ် ပြောနေတာတွေဟာ အမှန်တွေ ပဲလားဟင်'

'အမှန်တွေပေါ့၊ ဘာလဲ၊ ကိုယ်ပြောတာကို. . .'

'အို . . .အင်နီတာ ဘာသိတာမှတ်လို့၊ အင်နီတာကိုသာ မှန်ရာကို ပြောစမ်းပါ။ အဲဒီလူကို ရော်နယ်များ သတ်ခဲ့သလားဟင်'

ရော်နယ်က တစ်စုံတစ်ရာ ပြန်မပြောမီ အင်နီတာက သူ့ကို လှမ်းဟန့်လိုက်သည်။ ဆာရှူးဖတ်၊ ကွန်းယားနှင့် အီဗန်တို့သည် အိမ်ဦးခန်းမှ ဝင်လာကြသောကြောင့် ဖြစ်သည်။ သူတို့နှင့်အတူ စုံထောက် အင်စပက်တော်နှင့် လိုက်ပါလာသည့် ကိုယ်လုံး ခပ်တုတ်တုတ် လူလည်း ပါလာသည်။ ထိုလူအမည်မှာ ဗိုလ်မှူးကြီး မတ် ဖြစ်မည်ထင်၏။ သူက လက်ကို ဝှေ့ယမ်းပြရင်း

'ဒီကို တရားဝင်. . .'

'ကျွန်တော်ဒီကို တရားဝင်လာတာ မဟုတ်ပါဘူး။ ဓာတ်ပွဲက အပြန်မှာ စုံထောက်အင်စပက်တော် ဒေးဗစ်ဆန်နဲ့ စကားပြောရအောင်လို့ ဝင်လာတာပါ။ သူက လိုက်ခဲ့ပါဗျာ ဆိုတာနဲ့ လိုက်လာတာ။

www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ ကျွန်တော် မေးခွန်းမေးတာကို မကြိုက်လို့ရှိရင် ရှင်းရှင်း ပြောပါ။ ဒါပေမယ့် ကျွန်တော်ကတော့ စကော့တလန်ယာဒ်မှာ အမှုထမ်း နေတဲ့လူပါ’

ကွန်းယားက ကောက်ကျစ်စွာ ပြုံးလိုက်ရင်း

‘ဗိုလ်မှူးကြီးကို ကျွန်တော်သိပါတယ်ဗျာ။ ဗိုလ်မှူးကြီးက ဒီ ၃က မဟုတ်လား’

ဗိုလ်မှူးကြီးမတ်က ခေါင်းကို လေးနက်စွာ ညိတ်ပြလိုက်သည်။ အနက်ရောင် ကုတ်အင်္ကျီရှည်ကြီးကို ဝတ်ထားပြီး ဦးထုပ်မြင့်မြင့်ကြီး တစ်လုံးကို နောက်သို့ ခပ်လန်လန် ဆောင်းထား၏။ ဆံပင် ခပ်ကြမ်းကြမ်း မျက်နှာဖောင်းဖောင်း ချိုသာနူးညံ့သည့် မျက်လုံးပြာပြာ တို့ရှိသဖြင့် သူ့ကို ကြည့်ရသည်မှာ ရုပ်ပြောင်စာအုပ်ထဲမှ ဗိုလ်မှူးကြီး တစ်ယောက်နှင့် တူနေသည်။ ဗိုလ်မှူးကြီးသည် အိုးကြီးကြီး ဆေးတံကို ဖွာရှိုက်လျက် ရှိလေရာ သူဆေးတံ သောက်နေပုံမှာ ဆေးငွေ့များကို ပါးစပ်မှ ရှူရှိုက်နေခြင်း မဟုတ်ဘဲ အူထဲမှ ရှူရှိုက်နေ သည့်ပုံစံမျိုးဖြစ်၏။ ဗိုလ်မှူးကြီးကို ကြည့်ရသည်မှာ အေးအေး ဆေးဆေးပင်။

‘ကြုံတုန်း ကြုံခိုက်မို့ မေးတာပါဗျာ။ ပြီးတော့ ခင်ဗျားတို့ အဖြစ်က ခပ်ဆန်းဆန်းဆိုတော့ ယုတ္တိယုတ္တာ ဘယ်လောက် ရှိမရှိ ဆိုတာ စဉ်းစားကြည့်ရတာပေါ့။ အကယ်၍ ရွာတစ်ရွာကို ဝက်တွေ ဝင်ပြီး သောင်းကျန်းနေတယ်လို့ သတင်းရရင် အဲဒီသတင်းဟာ ရူးသွပ်နေတဲ့ လူတစ်ယောက်က ပြောတဲ့သတင်းလား မတော်တဆ မှားယွင်းပြီး ပြောတဲ့သတင်းလား။ လိမ်လွှင့်လိုက်တဲ့ သတင်းလား၊ ဒါမှမဟုတ် တကယ့်အဖြစ်လားဆိုတာ ကျွန်တော်တို့အနေနဲ့ စိစစ်ယူ

www.burmeseclassic.com

www.burmeseclassic.com

ရတာပေါ့။ ဒီလို မစိစစ်ရင် ဘေးလူတွေမှာ အလကား အချိန်ကုန်တာပေါ့။ တစ်ခါတစ်လေမှာ ဒီလို မဟုတ်မမှန် သတင်းတွေကို ကျွန်တော်တို့ မကြာခဏ ရတတ်တယ် မဟုတ်လား။ ခုတော့ ခင်ဗျားတို့ အားလုံးက တညီတညွတ်တည်း ထွက်နေကြတော့ ဒီအဖြစ်ဟာ နည်းနည်း ထူးဆန်းတယ်လို့ ကျွန်တော်ထင်တယ်လေ။ ကျွန်တော်တင် မဟုတ်ပါဘူးလေ။ စုံထောက် အင်စပက်တော်ကြီး ကလည်း ဒီအတိုင်းပဲ ယူဆနေတာပဲ။ ဒီတော့ ခင်ဗျားတို့ကို မေးခွန်း ကလေး နည်းနည်း’

ဆာရူးဖတ်က

‘မေးပါဗျာ၊ ကြိုက်သလောက် မေးပါ။ မေးလိုက်တော့ အမှုကို ဖြေရှင်းရေးမှာ ပိုပြီးလွယ်တာပေါ့။ ဒေးဗစ်ဆန် ဆိုတဲ့လူကလည်း လူတော်တစ်ယောက်ပါ’

‘အမှန် ပြောရမယ်ဆိုရင်တော့ အင်စပက်တော် ဒေးဗစ်ဆန်အနေနဲ့တော့ ပြဿနာက ရှင်းပြီးသား ဖြစ်သွားပြီခင်ဗျ’

ဗိုလ်မှူးကြီးမတ်က မျက်မှောင်ကုတ်၍ ပြောလိုက်၏။ အားလုံး တိတ်ဆိတ်နေကြသည်။ ဗိုလ်မှူးကြီးမတ်၏ အမြဲတမ်း ချိုသာနူးညံ့နေသော အသံထဲတွင် တင်းမာသယောင် ဖြစ်သွား၏။ မည်သူမျှ မမေးရဲကြ။

‘ခင်ဗျား၊ ဘာဖြစ်တယ်၊ ဖြေရှင်းပြီး ဖြစ်နေပြီ ဟုတ်လား’

ကွန်းယားက မေးလိုက်သည်။

ဗိုလ်မှူးကြီးမတ်က ယဉ်ကျေးသိမ်မွေ့စွာဖြင့်

‘ဆာရူးဖတ်က စပြီး ပြောရတော့မှာပေါ့လေ။ ဆာရူးဖတ်ဟာ သေသူ ရမ်းဒေါ့ကို မသိဘူးလို့ အင်စပက်တော်ကြီးကို ပြောပြီးပြီနော်။

www.burmeseclassic.com

www.burmeseclassic.com

အမှန်ကတော့ ရမ်းဒေါ့ အင်္ဂလန်ကို ရောက်လာတာဟာ ဆာရှူးဖတ်နဲ့ တွေ့ဖို့လာတာပဲ ခင်ဗျ။ ဒါကို လူတိုင်းသိတယ်'

ဆာရှူးဖတ် တုံ့ဆိုင်းသွားသည်။

'သူဘာကြောင့် လာတယ်ဆိုတာကိုတော့ ကျွန်တော်မသိဘူး ခင်ဗျ။ ဒီပြင်ကိစ္စတွေလည်း ပါချင်ပါမှာပေါ့။ သူ့မှာ ကျွန်တော်တို့နဲ့ တွေ့ဖို့အပြင် တခြား ကိစ္စကလေးတွေလည်း ရှိလို့ အင်္ဂလန်ကို လာမယ်လို့ အမေရိက ကနေပြီး စာရေးလိုက်တယ်ခင်ဗျ။ ခုအထိတော့ ကျွန်တော် မတွေ့ရသေးဘူး။ ကျွန်တော်လည်း သူ့ကိုတွေ့ဖို့ မကြိုးစား သေးဘူး။ ကိစ္စက သိပ်တော့ မကောင်းလှဘူး'

'ဘာကိစ္စပါလိမ့်ဗျာ'

'တစ်နေရာရာမှာ ရှိတဲ့ ကျွန်တော့် မြေတစ်ကွက်ကို ဝယ်ချင်လို့ ခင်ဗျ။ ဘယ်နေရာဆိုတာ အရေးမကြီးပါဘူး။ တကယ်လို့ ခင်ဗျား သိပ်သိချင်နေတယ် ဆိုရင်တော့ ကျွန်တော် နှစ်ယောက်ချင်း ပြောပါ့မယ်'

'အရောင်းအဝယ်လုပ်မယ့် ကိစ္စက တန်ဖိုးတော်တော် များသလား'

ဆာရှူးဖတ်သည် အနိုင်နိုင် ကြိုးစားလျက်

'ဟုတ်ကဲ့၊ လေးထောင်လောက်တော့ တန်မယ်ခင်ဗျ'

'ဒါဖြင့် သိပ်တော့ ကြီးကျယ်တဲ့ အရောင်းအဝယ် လုပ်ငန်း မဟုတ်ပါဘူး။ ဆာရှူးဖတ်ကရော ရောင်းမယ်လို့ စိတ်ကူးသလား'

'ရောင်းမယ်လို့ စိတ်ကူးပါတယ်'

ဗိုလ်မှူးကြီးမတ်၏ ခပ်ငေးငေး မျက်လုံးများသည် ဗီရိုပေါ်ရှိ ပန်းချီကားဆီသို့ ရောက်သွားကာ

www.burmeseclassic.com

'ဟောဒီက မိန်းမပျိုနှင့် ပန်းပွင့်များဆိုတဲ့ပုံဟာ မက်ထရိုပိုလီတန် ရုပ်စုံမဂ္ဂဇင်းကနေ သူ့ဆိုက်အတိုင်း ကူးဆွဲထားတာ မဟုတ်လား ဆရာရူးဖတ်'

'ဟုတ်ပါတယ်၊ စီပီယာနဲ့ ဆွဲထားတာပါ'

ထိုအခါကျမှပင် သတိထားမိသည့်နှယ် အားလုံး သူ့ကို ကြည့်နေကြသည်။ သူ့စကားက စကားထာ ဝှက်သည့်နှယ်။ သူဘာကြောင့် ထိုစကားကို ပြောကြောင်း မည်သူမျှ နားမလည်ကြ။

'ဟုတ်ကဲ့။ နောက်ထပ် မေးခွန်း တစ်ခုနှစ်ခုလောက် မေးပါရစေဦး၊ ခန်းစုံနှစ်ခုမှာ မီးတို့ ဘာတို့ အရေးပေါ်ကိစ္စ ဖြစ်လို့ရှိရင် အတူတူ ထွက်လို့ရတဲ့ ထွက်ပေါက်တစ်ခု ရှိတယ်မဟုတ်လား။ အဲဒီက ဆင်းသွားရင် နောက်ဖေးဘက် ပန်းခြံကို ရောက်တယ်လေ'

'ဟုတ်ပါတယ်။ ဘာဖြစ်လို့လဲ'

'ဒီတော့ အဲဒီ အခန်းစုံနှစ်ခုရဲ့ ရှေ့တံခါးမတွေက သော့အတူတူပဲ မဟုတ်လား'

'မဟုတ်ပါဘူး။ သော့ပေါက်တွေက တစ်မျိုးစီပါ'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ ကဲ မစ္စတာ ကွန်းယားကို မေးပါရစေ။ ခင်ဗျားက အိမ်ထောင်နဲ့လား'

ခပ်စောစောပိုင်းအထိ ကွန်းယားသည် သူ့ကို မျှော်လင့်တကြီး စောင့်ကြည့်လျက်ရှိ၏။ ပြတင်းပေါက်မှန်ကို ခဲနှင့်ပစ်ပြီး ပြေးရန် ချောင်းနေသည့် လမ်းမမှ ကလေးငယ် တစ်ယောက်ကို သူက အလစ် ချောင်းနေခြင်း ဖြစ်သည်။ ယခုမူ ကွန်းယားသည် မျက်မှောင် ကုတ်လိုက်၏။

'ဗျာ မရှိသေးဘူး'

www.burmeseclassic.com

www.burmeseclassic.com

'ခင်ဗျားမှာ ဘဏ္ဍာစိုးတို့ ဘာတို့ကော ထားသလား'

'ဒီမေးခွန်းကတော့ တော်တော်လေးကို ရယ်စရာ ကောင်းသွားပြီ ခင်ဗျ။ အမှန်ပြောရရင်တော့ ဗိုလ်မှူးကြီးရဲ့ လေသံတွေ မေးပုံတွေက သိပ်မကောင်းဘူးဗျာ။ ကျွန်တော်တို့ တိုက်က မှုခင်းသတင်းထောက် ဗကစတန်က ဗိုလ်မှူးကြီးကို ကောင်းကောင်းသိပါတယ်။ သင်္ဂန်မီ အမှုနဲ့ ပတ်သက်လို့ သတင်းစာထဲမှာ သတင်းအစအန ပါသွားရင် ခင်ဗျားအရေးကို ဆုတ်ပစ်မယ်လို့ ခင်ဗျားကြိမ်းခဲ့တာယ် မဟုတ်လား။ ဒီတော့ ကျွန်တော်ကပဲ ပြန်မေးပါရစေ။ ကျွန်တော့်မှာ ဘဏ္ဍာစိုး ထားတာ မထားတာ၊ အိမ်ထောင်ရှိတာ မရှိတာနဲ့ ခုကိစ္စနဲ့ ဘာဆိုင်လို့လဲ'

ဗိုလ်မှူးကြီးမတ်က လေးနက်စွာဖြင့်

'သိပ်ဆိုင်တာပေါ့ဗျာ။ အဲ ဒီက မစ္စအင်နီကာ ကကော ဆိုစမ်းပါဦး။ ခင်ဗျား အလုပ်အကိုင်က ဘာလဲ'

'အိမ်ခန်း အလှပြင်တဲ့ အလုပ်ပါ'

အင်နီတာက ရယ်လိုက်၏။ သူရယ်ပုံက စိတ်ဖောက်ပြန် သွားသည့်နှယ် ဟက်ဟက်ပက်ပက်။ အင်နီတာသည် ကုလာထိုင် တစ်လုံးတွင် ထိုင်ကာ မျက်ရည်ထွက်အောင် ရယ်လျက်ရှိ၏။

အတန်ကြာမှ လက်ကိုင်ပုဝါကို ထုတ်၍ မျက်ရည်များကိုသုတ် လျက်

'ဝမ်းနည်းပါတယ်ရှင်။ ကျွန်မလို အိမ်ခန်းတွေကို လိုက်ပြင်တဲ့ မိန်းကလေး စ်ယောက်က လူသတ်မှုတစ်မှုကို ကျူးလွန်နိုင်မလားလို့ တွေးမိလို့ ရယ်မိတာပါ'

www.burmeseclassic.com

www.burmeseclassic.com

ဆာရှူးဖတ်က တစ်စုံတစ်ရာ ပြောမည်အပြုတွင် ဗိုလ်မှူးကြီး မတ်က ဝင်၍ဟန့်လိုက်ပြီး

'သူပြောပါစေဦး'

ဟု ပြောလိုက်သည်။

'ကျွန်မ သိသလောက်ဆိုရင် ခု အချင်းဖြစ်ပွားတဲ့ အခန်းဟာ ဘယ်ကိုမှ ပျောက်မသွားနိုင်ပါဘူး။ ဧည့်ခန်းတစ်ချို့ကိုတော့ ကျွန်မ ကိုယ်တိုင်ပဲ ပြန်ပြီး အလှပြင်ထားပါတယ်။ အခန်းတိုင်းမှာ အဆင် အပြင် ကုလားထိုင်၊ ဗီရိုတွေ ထားတာလည်း တစ်ပုံစံတည်းပါ။ အခန်း တစ်ခုနဲ့ တစ်ခု ခွဲနိုင်တာဆိုလို့ ပန်းချီကားနဲ့ မီးအုပ်ဆောင်းတို့၊ စာအုပ်စင်ဒေါက်တို့ စတဲ့ အသေးအဖွဲ ပစ္စည်းလေးတွေ လောက်ပဲ ကွာပါတယ်။ ဒီပစ္စည်းလေးတွေ ကိုတော့ တစ်မိနစ်၊ နှစ်မိနစ်အတွင်း ပြောင်းရွှေ့လို့ ရပါတယ်'

'ရော်နယ်ဟာ လူသတ်သမားက အဲဒီလူကို သတ်ပြီးစ အချိန်လေး မှာပဲ အဲဒီအခန်းကို ရောက်သွားပါတယ်။ ဒီတော့ လူသတ်သမား ကလည်း ဘာလုပ်ရမှန်းမသိ ဖြစ်နေတာပေါ့။ သူ့အခန်းထဲ အလောင်းကြီးနဲ့ တန်းလန်းမိနေတယ်ဆိုတော့ ရော်နယ်ကလည်း သူ့အခန်းကို ကောင်းကောင်း မှတ်မိမှာပေါ့။ ဒါပေမယ့် လူသတ်သမားဟာ ရော်နယ်ကိုရိုက်ပြီး အပြင်ခန်းမှာ ဆွဲထုတ်ချထား လိုက်တယ်။ အလောင်းကိုတော့ ဓာတ်လှေကားနဲ့ အောက်ထပ်ကို သယ်သွားတယ်။ ပြီးတော့ သူ့အခန်းကိုပြန်ပြီး သူ့အခန်း အဆင်အပြင် တွေကို ချက်ချင်း ပြောင်းပစ်လိုက်တယ်။ ဒီနောက်တော့ သူ့အခန်းဟာ အလောင်းတွေ့တဲ့အခန်း မဟုတ်ဘူးဆိုတဲ့ ပုံစံမျိုးနဲ့ အေးအေး ဆေးဆေး ထိုင်နေလိုက်တာပါ'

www.burmeseclassic.com

အင်နီတာ၏ မျက်နှာသည် နီရဲလျက်ရှိ၏။ ဗိုလ်မှူးကြီးမတ်က

'အင်း.........ဟန်ကျတယ်ဗျာ။ ဒါကြောင့်မို့ ဒီကိစ္စကို ခင်ဗျား ပြောနိုင်မလားလို့ ကျုပ်စဉ်းစားနေတာပေါ့

'ရှင်ပြောတာကို ကျွန်မ နားမလည်ဘူးရှင်'

'ခင်ဗျားပြောသလို လူသတ်သမားဟာ အခန်းကိုပြန်ပြီး ပြင်ထားတယ်ဆိုတာ မဖြစ်နိုင်ဘူးဗျ။ ခင်ဗျားပြောတဲ့ အတိုင်းဆိုရင် ပြင်ထားတဲ့ အခန်းတွေထဲကို ဘယ်သူမှ မရောက်ဖူးသလို ဖြစ်နေတယ်။ ပြီးတော့ လူသတ်သမားဟာ ညကြီးမင်းကြီးမှာ မီးအုပ်ဆောင်း အသစ်တွေ၊ စာအုပ်စင် ဒေါက်တွေ၊ ပန်းချီကားတွေကို လိုက်ရှာရဦးမလို ဖြစ်နေတယ်။ ဒါတော့ ဘယ့်နှယ်ဖြစ်နိုင်မလဲ'

'မဖြစ်နိုင်ဘူး ဟုတ်လား'

ဗိုလ်မှူးကြီးမတ်က မျက်နှာထား တည်တည်ဖြင့်

'လူသတ်သမားဟာ အခန်းတုတစ်ခန်းကို လုပ်ထားရမယ်ဗျ။ အဲဒီအခန်းထဲမှာ မီးအုပ်ဆောင်းအသစ်၊ စာအုပ်စင်ဒေါက်အသစ်၊ နာမည်ကျော် ပန်းချီကားပုံတူနဲ့ ကန့်လန့်ကာ အသစ်တွေကိုလည်း ပြင်ထားတယ်ခင်ဗျ။ လူသတ်သမားဟာ ရန်းဒေါ့ကို အဲဒီအခန်းအသစ်ထဲမှာ လက်ခံတွေ့ဆုံတယ်။ အဲဒီအခန်းမှာပဲ ရန်းဒေါ့ကို သတ်ပစ်လိုက်တယ်။ ဒီနောက်မှာ အဲဒီပစ္စည်းတွေကို တခြားမှာ ဖျောက်ဖျက်ပစ်လိုက်တယ်။ ရော်နယ် ရောက်သွားတယ် ဆိုတဲ့အခန်းဟာ သူ ပြင်ဆင်ထားတဲ့ အခန်းတုပဲဗျ။ ဒါကြောင့် ဘယ်အခန်းရယ်လို့ ကောင်းကောင်း မမှတ်မိဘဲ ဇဝေဇဝါ ဖြစ်နေတာပေါ့'

'ဘာကို မမှတ်မိတာလဲ'

ဟု ရော်နယ်က မေးသည်။ ဗိုလ်မှူးကြီးမတ်က တည်ငြိမ်စွာဖြင့်

www.burmeseclassic.com

www.burmeseclassic.com

'ခင်ဗျားညွှန့်ခန်းကို ခင်ဗျားမမှတ်မိဘဲ ဖြစ်နေတာပေါ့။ အရက်မမူးဘူး ဆိုရင်လည်း ခင်ဗျားဟာ အခန်းမှား ဝင်မိကောင်း ဝင်မိမှာပဲ။ ဒါပေမယ့် ခင်ဗျားက ရှန်ပိန်တွေ သောက်ထားလို့ မူးနေတော့ ကိုယ့်ပကတိဉာဏ်ရဲ့ စေ့ဆော်ချက်အရ ကိုယ့်အခန်းကို တန်းတန်းမတ်မတ် ပြန်လာခဲ့တယ်ဗျ'

အခန်းထဲတွင် တံခါးမကြီး နှစ်ပေါက်ရှိသည့်အနက် တစ်ပေါက်စီမှ ယူနီဖောင်းဝတ် ပုလိပ်တစ်ယောက်စီ ဝင်လာကြ၏။ ဗိုလ်မှူးကြီးမတ်က အချက်ပြလိုက်သည်တွင် အင်စပက်တော် ဒေးဗစ်ဆန်သည် ရှေ့သို့ တိုးလာ၏။ ထို့နောက်

'ကဲ မစ္စတာအီဗန်၊ မစ္စတာရန်းဒေါ့ကို သတ်မှုနဲ့ ခင်ဗျားကို ဖမ်းရလိမ့်မယ်။ ခင်ဗျားပြောတဲ့ စကားတွေကို ရေးမှတ်ထားပြီး ရုံးတော်မှာ သက်သေခံအဖြစ် တင်မယ်ဆိုတာကိုလည်း ခင်ဗျားကို ကျွန်တော် သတိပေးလိုက်မယ်'

နောက်တစ်နေ့တွင် ဆာရူးဖတ်၏ အခန်းသို့ ရောက်လာသည့် အခါ၌ ဗိုလ်မှူးကြီးမတ်က

'အမှုက ရှင်းပါတယ်ဗျာ။ ဈေးထဲမှာ လိမ္မော်သီးခိုးတဲ့ ကလေးကို ဖမ်းရတာကမှ ဒီထက် ခက်ချင်ခက်ဦးမယ်။ အဖြစ်အပျက်က ဒီလိုလေဗျာ။ အီဗန်ဟာ ဆာရူးဖတ်ရဲ့ လူယုံတော်ဆိုတော့ ဆာရူးဖတ်ရဲ့ အလုပ်ကိစ္စနဲ့ ပတ်သက်တာတွေကို အကုန်သိနေတယ်။ ဒီတော့ အီဗန်ဟာ လိမ်လည်မှုတစ်ခုကို လုပ်ဖို့ကြိုးစားတယ်။ လိမ်လည်မှုနော်။ ဒါကို ခင်ဗျားတို့ သတိထားပါ။

ဟောဒီက ဆာရူးဖတ်ဟာ မနေ့က မန်ချက်စတာကို သွားဖို့ ရှိတယ်ဗျ။ အဲဒီမှာ တစ်ပတ်လောက်နေဖို့ အစီအစဉ်ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီအကြောင်းကို ရော်နယ်တောင် သိသေးတယ် မဟုတ်လား။ အဘိုးကြီး မရှိဘူး။ သီချင်းဆိုချင် ဆိုပါလို့တောင် ခင်ဗျားကို ညစောင့်က ပြောသေးတယ်လေ။ ဒီတော့ ဆာရူးဖတ်ရဲ့အခန်းဟာ အားနေတယ်။ ဒီတင် အီဗန်က ခင်ဗျား ဟန်ဆောင်ပြီး ရန်ဒေါ့ကို ခင်ဗျားအခန်း ချိန်းတယ်။ ဒီညဆယ့်တစ်နာရီ အခန်းကိုလာခဲ့ပါ။ အလုပ်ကိစ္စ စကားပြောရအောင်လို့ မှာတယ်။ ပြီးတော့ ဒီညနေမှာ မန်ချက်စတာကို သွားစရာရှိတယ်။ တကယ်လို့ သွားဖြစ်ရင် သူ့အတွင်းရေးမှူးက လိုအပ်တဲ့ စာချုပ်စာတမ်းတွေကို ပြင်ဆင်ထား လိမ့်မယ်လို့လည်း ရန်ဒေါ့ကို ပြောလိုက်တယ်'

'ဒီနောက်တော့ လွယ်ပါတယ်။ အီဗန်ဟာ စောစောကပြောတဲ့ အရေးပေါ် တံခါးပေါက်ကနေပြီး ခင်ဗျားအခန်းထဲကို ဝင်လာတယ်။ သူက ခင်ဗျားအတွင်းရေမှူး တစ်ယောက်အနေနဲ့ စကားပြောမယ်။ ရန်ဒေါ့ဆိုတဲ့ လူကလည်း အရောင်းအဝယ် ကိစ္စဖြစ်ရင် သန်းနဲ့ချီလုပ်ရတဲ့ လုပ်ငန်းပဲဖြစ်စေ ငွေလက်ငင်းချေမယ်။ ဒီတော့ အီဗန်ဟာ အရောင်းအဝယ် စာချုပ်အတုကိုပေးပြီး ငွေကိုယူထားလိုက်မယ်။ ရန်ဒေါ့ အနေနဲ့ကလည်း ဘာမှ သင်္ကာမကင်းဖြစ်စရာ မရှိတော့ဘူးလေ။ ဆာရူးဖတ်ဟာ ဒီအခန်းမှာနေတယ် ဆိုတာကိုသိပြီးသား။ ပြီးတော့ ပန်းချီကားနဲ့ တွဲလျက်ရိုက်ထားတဲ့ ဆာရူးဖတ်ရဲ့ပုံကို မကြာခဏ မြင်ဖူးပြီးသား မဟုတ်လား။ ညစောင့်ကို မေးရင်လည်း အဲဒီအခန်းကို တန်းပြီး လိုက်ပို့မှာပဲ။ ညစောင့်က ဆာရူးဖတ်မရှိဘူး။ မန်ချက်စတာကို သွားတယ်လို့ ဆိုရင်တောင် သူ့အတွင်းရေးမှူး ရှိသလား၊ သူနဲ့ စကားပြောမယ်ဆိုပြီး အပို့ခိုင်းမှာ အမှန်ပဲ။ ဒါပေမယ့် ဆာရူးဖတ်က မန်ချက်စတာကို မသွားဖြစ်တဲ့ အခါကျတော့

www.burmeseclassic.com

www.burmeseclassic.com

အီဗန်အဖို့ ခွကျသွားတယ်။ သူက ညနေပိုင်းကျမှ မသွားဖြစ်ဘူးဆိုပြီး စိတ်ပြောင်းသွားတာကိုး။ ဒီတော့ အီဗန်အဖို့ သူ့စီမံကိန်းကို အကောင်အထည်ဖော်ဖို့ ခက်နေတယ်။ ရန်းဒေါ့ကလည်း ညဆိုရင် လာတော့မယ်။ ဒါပေမယ့် သူ့မှာကလည်း ပိုက်ဆံသိပ်အသုံးလိုနေတယ်။ ဒါကို မရလို့ မဖြစ်ဘူး'

'ဒီတင် အီဗန်ဟာ စီမံကိန်းကို တစ်မျိုးပြောင်းလိုက်တယ်။ ဆာရူးဖတ်က သူ့အခန်းမှာ ရှိနေမှာဆိုတော့ သူ့အခန်းကို သုံးလို့ မရတော့ဘူး။ ဒါပေမယ့် အခန်းတွင်း အပြင်အဆင် အပလောက် ကလွဲပြီး ကျန်တာတွေအားလုံး တူနေတော့ ဆာရူးဖတ်ရဲ့ အခန်းနဲ့ တူအောင် အခန်းတစ်ခန်းကို အတုလုပ်ထား လိုက်တယ်။ ရန်းဒေါ့ကို အဲဒီအခန်းကို ရောက်အောင်ခေါ်နိုင်ရင် ကျန်တာက ဘာမှ ပြဿနာ မရှိတော့ဘူး။ ဆာရူးဖတ်ရဲ့ အခန်းပုံမျိုးဖြစ်အောင် အတွင်းက အပြင်အဆင်တွေကို ပြောင်းလိုက်ရုံပဲ။ ရန်းဒေါ့က ညဆယ့်တစ်နာရီမှာ ရောက်လာမှာဆိုတော့ အီဗန်ဟာ သူနေတဲ့အခန်းတံခါးကို အသာပဲ ဖွင့်ထားလိုက်တယ်။ ပြီးတော့ ဆာရူးဖတ်ရဲ့ အခန်းနဲ့တူအောင် ပြင်ထားတဲ့ သူ့အခန်းထဲကို ခေါ်သွားတယ်။ အခန်းရှေ့က နံပါတ်ကလေးတွေက ခပ်သေးသေးကလေးတွေ။ ရန်းဒေါ့ဆိုတဲ့လူက ခင်ဗျားတို့ သိတဲ့အတိုင်း မျက်စိက ခပ်မွဲမွဲမဟုတ်လား။ ပြီးတော့ အီဗန်ဟာ သူနဲ့ရော်နယ်တို့ ငှားနေတဲ့ အခန်းထဲကို ရန်းဒေါ့ကို ခေါ်သွားတယ် ခင်ဗျ'

အင်နီတာက.........

'ဟုတ်တာပေါ့။ အဲဒီညက ရော်နယ်ကလည်း လူပျိုပါတီကို ရောက်သွားတယ် မဟုတ်လား။ ထုံးစံအတိုင်းဆိုရင် နာရီပြန် နှစ်ချက်

www.burmeseclassic.com

သုံးချက် လောက်ကျမှ ပြန်လာမှာဆိုတော့ သူ့အဖို့ အခွင့်ကောင်းရသွားတာပေါ့။ ဒါပေမယ့် ရော်နယ်က ခါတိုင်းလို မှူးအောင်မသောက်ဘဲ စောစောပြန်လာတော့ ဒီမှာတင် သူနဲ့ ပက်ပင်းတိုးနေတာ ဖြစ်မှာပေါ့'

ရော်နယ်က ညည်းသံဖြင့်

'ဒုက္ခပါပဲဗျာ။ အီဗန်ဟာ လူသတ်သမားပေါ့၊ ဟုတ်လား၊ ကျွန်တော်ဖြင့် ဘယ့်နှယ်လုပ်မှ မယုံနိုင်ဘူးဗျာ'

ဗိုလ်မှူးကြီးမတ်က

'အစတုန်းကတော့ သတ်ဖို့ မရည်ရွယ်ပါဘူး။ ငွေလိမ်ရုံလောက်ပါပဲ။ ဒါပေမယ့် ရန်းဒေါ့က တစ်ခုခုကို သင်္ကာမကင်း ဖြစ်သွားတယ်လေ။ သူ သင်္ကာမကင်း ဖြစ်တယ်ဆိုတာလည်း ပြောင်ပြောင်ပြောတယ်။ ဒီတင် အီဗန်ဟာ ရန်းဒေါ့ကို သတ်ပစ်လိုက်တယ်။ ရန်းဒေါ့က ဘာကိုကြည့်ပြီး သင်္ကာမကင်း ဖြစ်တာလဲ သိရဲ့လား'

'ဆိုစမ်းပါဦး'

'အီဗန် မျက်စိဟာ အရောင်ကန်းနေတဲ့ မျက်စိဗျ။ အရောင်တွေကို မှန်မှန်ကန်ကန် မခွဲတတ်ဘူး။ ခုကျူးလွန်တဲ့ ရာဇဝတ်မှုဟာ အစကတည်းက ကိုက အရောင်ကန်းတဲ့ လူတစ်ယောက် ကြံစည်တဲ့ ရာဇဝတ်မှုဆိုတာ ထင်ရှားနေတယ်။ ဒီပြင်ကို မကြည့်နဲ့လေ။ ဟောဒီက မစ္စတာကွန်းယား ဝတ်စားထားပုံကိုကြည့်။ ရှပ်အင်္ကျီတို့ ဘောင်းဘီတို့ လည်စီးတို့ အရောင်ရွေးပုံက ဘာမှ ပြောစရာမရှိပါဘူး။ အားလုံးအဆင်ပြေတယ်။ သူ့မှာ အိမ်ထောင်မရှိဘဲနဲ့ ဒီလိုအဆင်ပြေအောင် ရွေးနိုင်တယ်ဆိုတာ အရောင်ကို မှန်မှန်ကန်ကန် ရွေးတတ်တဲ့ မျက်စိရှိလို့ ရွေးနိုင်တာဗျ'

www.burmeseclassic.com

www.burmeseclassic.com

'ဒါပေမယ့် အီဗန်ကျတော့ အရောင်ကို လုံးလုံးမခွဲနိုင်ဘူး။ အလောင်းကြီးကို ဓာတ်လှေကားနဲ့ တင်ပေးလိုက်လို့ အပေါ်ရောက်လာတော့ အီဗန်က အလောင်းနားကို ကပ်ကြည့်တယ်။ ဒီတော့ ညစောင့် ပီယာဆန်က အလောင်းနားကို မကပ်နဲ့။ သွေးတွေလို့ ပြောလိုက်တော့ အီဗန်က သွေးကွက်ကို မမြင်ဘူး။ ဘယ်မှာလဲလို့ မေးလိုက်တာကို ခင်ဗျားတို့ သတိထားလိုက်မိတယ် မဟုတ်လား။ မေးလို့သာမေးတယ် အပြာရောင် ရာဘာကြမ်းခင်းပေါ်မှာ သွေးကွက်ကြီးက ရဲလို့ဗျ။ အရောင်ကန်းတဲ့ လူတွေဟာ အနီရောင်ကို အစိမ်းနဲ့ အဝါအောက်ခံပေါ်က လွဲရင် ကျန်တဲ့အရောင်ပေါ်မှာ မခွဲတတ်ဘူးဗျ။ ဒါကြောင့်မို့ ရန်းဒေါ့ရဲ့ မိုးကာအင်္ကျီကို သူပြောင်းပြန် ဝတ်ပေးလိုက်မိတာပေါ့။ ရန်းဒေါ့ဟာ အခန်းထဲရောက်တာနဲ့ မိုးကာအင်္ကျီနဲ့ ဦးထုပ်ကို ချွတ်တယ်။ အီဗန်က ရန်းဒေါ့ကို မောင်းချဓားနဲ့ ထိုးသတ်ပြီး မိုးကာအင်္ကျီ ပြန်ဝတ်ပေးလိုက်တယ်။ မိုးကာအင်္ကျီက ချုပ်ရိုးမပါတဲ့ အင်္ကျီဆိုတော့ အတွင်းက အစိမ်းရောင်နဲ့ အပေါ်က အဝါရောင်ကို သူမခွဲနိုင်ဘူး'

'ဟောဒီက ရော်နယ်က သူ့အခန်းသော့ကို ဖွင့်ပြီးဝင်လာတယ်။ ဒါကြောင့် ကျွန်တော်တို့ အချင်းဖြစ်တဲ့ အခန်းကို ရှာလို့မတွေ့ ဖြစ်နေတာပေါ့။ သော့များ ဘယ်လောက်တူတူ သော့တူဆိုတာ ဘယ်တော့မှ မရှိနိုင်ဘူးဗျ။ ဒီမှာ ဟောဒီက အင်နီတာကလည်း အဲဒီအခန်းထဲကို ရန်းဒေါ့ ဝင်သွားတာကို မြင်လိုက်တယ်။ ဒါပေမယ့် ဒီကိစ္စမှာ ရော်နယ်များ ဖြစ်လေမလားဆိုပြီး သူကလည်း ဘယ်အခန်းမှန်း မသိသလိုလို လုပ်နေတယ်'

'ဟုတ်ပါတယ်ရှင်'

www.burmeseclassic.com

www.burmeseclassic.com

ဟု အင်နီတာက ပြော၏။

'ရော်နယ်က ကုတ်အင်္ကျီကို ပြောင်းပြန် လှန်ဝတ်ထားတယ် ဆိုတာကို ပြောတာကြားတဲ့ အခါကျတော့မှ အီဗန်ဟာ မိုးကာအင်္ကျီကို အတည့်ပြန်ဝတ် ပေးလိုက်တယ်။ အမှန်ကတော့ အီဗန်ဟာ ခင်ဗျားကို ဒဏ်ရာအနာတရ ဖြစ်အောင် လုပ်ချင်တဲ့ ရည်ရွယ်ချက်မရှိဘူး။ ဒါပေမယ့် မတတ်နိုင်ဘူးလေ။ ခင်ဗျားက မျက်မြင်သက်သေ ဖြစ်နေတော့ ခင်ဗျားကို ရိုက်လိုက်ရတာပေါ့။ ပြီးတော့ မလွယ်ပေါက်ကနေပြီး နောက်ဖေးပန်းခြံထဲကို ဆင်းသွားတယ်။ အဲဒီမှာ သူ စောစောက ဆာရှူးဖတ်အခန်းနဲ့ တူအောင်လုပ်ထားတဲ့ ပစ္စည်းတွေကို ဖျောက်ဖျက်ပစ်လိုက်တယ်။ ဒါပေမယ့် သူမှားသွားတာက ပိုက်ဆံတွေနဲ့ မောင်းချထားကို ချက်ချင်း မဖျောက်ဖျက်လိုက်တဲ့ ကိစ္စခင်ဗျ။ ကျွန်တော်တို့ လူတွေကို ရှာကြည့်တော့ သူ့ကိုယ်ပေါ်မှာ အဲဒီပစ္စည်းတွေကို သွားတွေ့ရတယ်။ ပန်းခြံထဲက ပြန်တက်လာတော့ အလုပ်က ပြန်လာသလိုလို လုပ်ပြီး ဗဟို ဓာတ်လှေကားကြီးက နေပြီး တက်လာခဲ့တယ်။ အခန်းထဲမှာ ခင်ဗျား သတိမေ့နေတော့ သူ တော်တော်လေး စိုးရိမ်သွားတယ်'

အားလုံး တိတ်ဆိတ်နေကြသည်။ ဆာရှူးဖတ်က

'နေစမ်းပါဦးဗျ။ အရောင်ကန်းတာနဲ့ ဒီအမှုနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ။ လူသတ်သမားဟာ အရောင်ကန်းတယ် ဆိုတာ ခင်ဗျား ဘယ့်နှယ်လုပ်ပြီး သိသလဲ'

ဗိုလ်မှူးကြီးမတ်က သူ့ကို စိုက်ကြည့်လိုက်ပြီး ခေါင်းကို ယမ်းလိုက်ကာ

www.burmeseclassic.com

www.burmeseclassic.com

'ခုထက်ထိ မရှင်းသေးဘူးလား။ အဲဒီ အရောင်ကန်းတာကြောင့် ရန်းဒေါ့ကလည်း သူ့ကို သင်္ကာမကင်း ဖြစ်သွားတာဗျ။ ကျွန်တော်တို့ ကလည်း အဲဒါကြောင့် သူမှန်းသိတာ။ ရန်းဒေါ့ဟာ ပန်းချီတို့ ဘာတို့ကို ဝါသနာပါတဲ့ လူတစ်ယောက် မဟုတ်ဘူး။ ဒီတော့ အီဗန်ကသာ မိန်းမပျိုနဲ့ ပန်းပွင့်များဆိုတဲ့ ပန်းချီကားကို အရောင်နဲ့ သာ ချိတ်ထားရင် အတုလား အစစ်လားဆိုတာကို ရန်းဒေါ့ ခွဲခြားသိမှာ မဟုတ်ဘူး။ ခုတော့ အီဗန်က ဆီပီယာနဲ့ ရိုက်ထားတဲ့ ပန်းချီကားကြီးကို မဂ္ဂဇင်းက ဆုတ်ပြီး ချိတ်ထားလိုက်တယ်ဗျ။ ဒါဟာ အီဗန်ရဲ့ အမှားပဲ။ ရန်းဒေါ့ဟာ မျက်စိသာ မှုန်ပေမယ့် အရောင်ကိုတော့ ခွဲခြားသိတယ်။ ဒါပေမယ့် အီဗန်ဟာ မျက်စိမှုန်တဲ့လူတောင် ခွဲခြား သိသာနိုင်တဲ့ အမှားတစ်ခုကို လုပ်တယ်ဗျ။ အဲဒါကတော့ အရောင်ကိစ္စပဲ။ အီဗန်ဟာ အရောင်ကန်းတဲ့လူ ဆိုတော့ ဆီဆေး ပန်းချီကားကို မဂ္ဂဇင်းထဲက ဆုတ်ပြီး ချိတ်ထား လိုက်တယ်ဗျ။ အဲဒါဟာ သူ့အမှားပဲ'

( အမေရိကန်စာရေးဆရာ Carter Dickson ၏ The Crime in Nobody's Room ကို ပြန်သည်။ )

www.burmeseclassic.com

www.burmeseclassic.com















www.burmeseclassic.com